www.burmeseclassic.com

မောင်ထင်

# မြန်မာ့နိုင်ငံရေး ဝင် သုခမိန်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မောင်ထင် (၁၉၀၉ - ၂၀၀၆)

၁၉၀၉၊ မတ် ၂၁ တွင် ရောဝတီတိုင်း၊ လပွတ္တာမြို့၌ မွေးဖွားသည်။ အဖ ဦးတာရောင်၊ အမိဒေါ်စိန်ပွင့်။ အမည်ရင်း ဦးထင်ဖတ်။

လပွတ္တာမြို့ ဦးခန္တီကျောင်းနှင့် ဦးဘိုးထွန်းကျောင်းများတွင် စတင်ပညာသင်သည်။ ရန်ကုန်မြို့မအထက်တန်းကျောင်းမှ ဟိုက်စကူး ဖိုင်နယ်အောင်သည်။ ၁၉၃၃ တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ရသည်။

အထက်တန်းပြဆရာ၊ မြို့ပိုင်၊ မြို့အုပ်၊ ပြန်ကြားရေးဌာန အတွင်းဝန်၊ အသံလွှင့်ဌာနညွှန်ကြားရေးဝန်၊ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်၊ သတင်းစာဆရာ၊ အယ်ဒီတာ၊ မြန်မာနိုင်ငံ စာရေးဆရာ အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ၊ မြန်မာ့စွယ်စုံ ကျမ်းပြုစုရေးအတိုင်ပင်ခံ၊ မြန်မာစာအဖွဲ့နှင့် သမိုင်းကော်မရှင်အဖွဲ့ အဖွဲ့ဝင် စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။

၁၉၃၃ မှစ၍ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် စာရေး သည်။ ကိုဒေါင်း၊ ငဘ၊ မြို့အုပ်ပုံပြင်၊ ကမ္ဘာ့ဝတ္ထုတိုပေါင်းချုပ်၊ မြန်မာ့နိုင်ငံရေး သုခမိန်၊ မိုပါဆွန်းဝတ္ထုတိုများ၊ မောင်ထင်၏ဝတ္ထုတို များ၊ ကမ္ဘာ့စာပေ အညွန်း၊ ဂါလီဗာ၏ခရီးစဉ်၊ မိုးပေါ်သို့ လိမ့်ကျခြင်း စာအုပ်များသည် ထင်ရှားသည်။

၁၉၈၁ တွင် ဂါလီဗာ၏ခရီးစဉ်စာအုပ်ဖြင့် အမျိုးသားစာပေ (ဘာသာပြန်ဆု)၊ ၁၉၉၄ တွင် ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆု၊ ၁၉၉၆ တွင် မြတ်မိခင်စာပေဆိုင်ရာ ဂုဏ်ထူးဆောင်ဆုဖြစ်သည့် မိဘ မေတ္တာစာပေဂုဏ်ရည်ဆု၊ ၂၀၀၃ ခုနှစ် အမျိုး သားစာပေ တစ်သက်တာ စာပေဆု (ဝိဇ္ဇာဘာသာရပ်) ဆုများ ရရှိခဲ့သည်။

ဆရာသည် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၆ တွင် ကွယ်လွန် ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀

မောင်ထင်

# မြန်မာ့နိုင်ငံရေးသုခမိန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လောကသစ် စာအုပ်အမှတ် ၅၂

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၁၀၁၁၅၁၀၀၉ |
| အဖုံးခွင့်ပြုချက်အမှတ် | ၃၁၀၁၃၀၁၁၂၀၉ |
| ထုတ်ဝေသူ | ဒေါ်ဝေဝေမြင့် (မြ ၀၃၉၀၉) အမှတ် (၇)၊ သုဝဏ္ဏလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အဖုံးနှင့်အတွင်း | ဦးမြတ်ကျော် (၀၅၅၅) |
| ပုံနှိပ်သူ | စာလုပ်ငန်းပုံနှိပ်တိုက် ၁၉၄၊ ၃၃ လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံး | လင်းဝဏ္ဏ |
| ဖလင် | Perfect |
| စာအုပ်ချုပ် | ဦးမြင့် |
| တန်ဖိုး | ၂၀၀၀ ကျပ် |
| ထုတ်ဝေခြင်း | ဒုတိယအကြိမ်၊ ၂၀၁၀ ခု၊ ဧပြီလ အုပ်ရေ ၇၀၀။ |

**လောကသစ်စာပေ** အမှတ် (၇)၊ သုဝဏ္ဏလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၂၅၀ ၁၆၉၊ ၇၀၆၄၄၈

၉၅၉. ၁

မောင်ထင်

မြန်မာနိုင်ငံရေးသုခမိန် / မောင်ထင်။ - ရန်ကုန်၊ လောကသစ်စာပေ၊ ၂၀၀၉။

၂၇၆ - စာ၊ ၂၆. ၆၇ × ၁၈. ၄၂ စင်တီ။

(၁) မြန်မာနိုင်ငံရေးသုခမိန်

# မာတိကာ


| | | |
|---|---|---|
| ၁။ | မျိုးချစ်စိတ်၏အစ | ၁၃ |
| ၂။ | မြန်မာ့အောင်ဆန်း (ပထမပိုင်း) | ၃၇ |
| ၃။ | မြန်မာ့အောင်ဆန်း (ဒုတိယပိုင်း) | ၆၁ |
| ၄။ | မြန်မာ့အောင်ဆန်း (တတိယပိုင်း) | ၈၂ |
| ၅။ | ဗိုလ်ချုပ် ဘာကို တိုက်ခဲ့သနည်း | ၁၂၂ |
| ၆။ | ထသောသူ ထိုင်ရသည် | ၁၂၉ |
| ၇။ | နောက်ဆုံးည | ၁၄၂ |
| ၈။ | အတိတ်ကို ဆောင်ရသော် | ၁၇၃ |
| ၉။ | တော်လှန်ရေး | ၁၉၅ |
| ၁၀။ | မြန်မာ့နိုင်ငံရေးသုခမိန် | ၂၀၂ |
| ၁၁။ | မြန်မာ့လူမှုတော်လှန်ရေးသို့ | ၂၁၇ |
| ၁၂။ | အနာဂါတ်မြန်မာ့နိုင်ငံရေး | ၂၂၆ |
| ၁၃။ | လူငယ်တို့၏ ရှေ့ဆောင်ပုဂ္ဂိုလ် | ၂၃၇ |
| ၁၄။ | မိုးပြိုသောနေ့ | ၂၄၃ |
| ၁၅။ | အာရှနှင့်အောင်ဆန်း | ၂၅၅ |
| ၁၆။ | ဗိုလ်ချုပ်၏ စိတ်ကူးနှင့် လက်တွေ့ | ၂၆၄ |


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ စကားချီး

စာရေးသူသည် ၁၉၄၈ခုနှစ်မှ ၁၉၆၀ ခုနှစ်အတွင်း၊ မဂ္ဂဇင်းအသီးသီးတို့တွင် ရေးသားခဲ့သောဆောင်းပါး တို့ကို စုစည်း၍၊ ၁၉၆၅ ခုနှစ် အောက်တိုဘာလတွင် "ဗမာ့နိုင်ငံရေးသုခမိန်" ဟူသော အမည်ဖြင့် နှလုံးလှစာပေတိုက်မှ တစ်ဆင့်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ထိုစဉ်က စာရေးသူသည် စာအုပ်ထုတ်ဝေခြင်း အင်္ဂါနှင့်အညီ စကားချီးကို ရေးပေးခဲ့ပါ၏။ သို့သော် ပုံနှိပ်ခြင်းဆိုင်ရာတို့က အချိန်မမီဟုဆို၍ စကားချီးကို ချန်လှပ်ပြီး၊ ဆောင်းပါးချည်းသက်သက် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ယေဘုယျအားဖြင့် စကားချီးဆိုသည်မှာ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းနှင့် ဆိုင်သော မှတ်တမ်းဖြစ်လေရာ၊ သူ မပါလည်းပြီးနိုင်ပါသည်။ သို့ရာတွင် စာအုပ်တစ်အုပ်ကို အကြိမ်ကြိမ်ပြန်၍ ရိုက်နှိပ်ရန် အကြောင်းဆုံလာလျှင်၊ ထိုစကားချီးသည် ထုတ်ဝေသူတို့အတွက်သာမက၊ စာဖတ်သူတို့အတွက်လည်း ဗဟုသုတ ဖြစ်နိုင်ဖွယ်ရှိပါသည်။



ယခင်က စာအုပ်အမည်ကို "ဗမာ့နိုင်ငံရေးသုခမိန်" ဟုပေးခဲ့ပါ၏။ သို့သော် ယခုရောက်ဆဲခေတ်၌ နှုတ်ပြော "ဗမာ" ဟူသော ဝေါဟာရနှင့် အရေးအသား "မြန်မာ" ဟူသော ဝေါဟာရတို့ကို စနစ်တကျ ကတ္တားခြား၍ရေးသားလျက်ရှိနေကြသည်။ မြန်မာနိုင်ငံတွင်း၌ မှီတင်းနေထိုင်သော လူများစုတို့ကို ရည်ညွှန်းပြောဆိုရာ၌ "ဗမာ" ဟု နှုတ်ပြောအတိုင်းပြောလည်းပြော၏၊ ရေးလည်းရေး၏။ သို့ရာတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို ရည်ညွှန်းရာ၌ ရိုးရာထုံးစံနှင့်အညီ "မြန်မာ" ဟူ၍ တရားဝင်ရေးသား၏။ ရေးသည့်အတိုင်းလည်း တရားဝင်နှုတ်ဖြင့် ပြောဆိုကြ၏။ ဤကဲ့သို့ အပြောနှင့် အရေးကို စနစ်တကျပိုင်းခြားသော ဤခေတ်တွင် ခေတ်၏အလိုကိုလိုက်၍ "မြန်မာ့နိုင်ငံရေးသုခမိန်"ဟု ပြင်ဆင်ပုံနှိပ်လိုက်ပါသည်။

သုခမိန်ဆိုသည်မှာ သဘောတရားအမှန်ကို စူးစမ်းရှာဖွေကြံဆထုတ်ဖော်သော ပညာရှင်ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးအလို၌ ကောင်းမြတ်မှန်ကန်သော အမြင်ကိုရှာဖွေသူအား အမြင်ကြည်လင်သူ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်ဟူ၍ မှတ်ယူကြ၏။ နိုင်ငံရေးဟူသည်မှာ မိမိနိုင်ငံ ကြီးပွားတိုးတက်ငြိမ်းချမ်းသာယာခြင်းကို ဆောင်ရွက်သော လုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းကိုဆောင်ရွက်ရာ၌ နိုင်ငံ၏ ငြိမ်းချမ်းသာယာစေသော လုပ်ငန်းခွင်၌ ကိုယ်ထိလက်ရောက် တာဝန်ဝတ္တရားတို့ကိုဆောင်ရွက်ရသော ပုဂ္ဂိုလ်ကို ယေဘုယျအားဖြင့် နိုင်ငံရေးသမားဟု မှတ်ယူကြသည်။ ထိုပုဂ္ဂိုလ်သည် နိုင်ငံ၏တိုးတက်ရေးကို လက်တွေ့ဆောင်ရွက်သူဖြစ်၍ အလွန်အရေးပါ၏။ သို့ရာတွင် လက်တွေ့ဆောင်ရွက်ရာ၌ သဘောတရားမှန်ကန်ကောင်းမွန်ခြင်းမရှိလျှင် ကိုယ်ထိလက်ရောက်ဆောင်ရွက်ရာ၌ ပြီးပြည့်စုံခြင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် နိုင်ငံရေးလုပ်ငန်း၌ လက်တွေ့ကိုလည်း လုပ်တတ်ရမည်။ သဘောတရားရေးရာ၌လည်း အသိတရားနှင့် ပြည့်စုံရမည်။ ဤပုဂ္ဂိုလ် နှစ်ဦးစလုံး၏ အလုပ်သည် နိုင်ငံရေးအလုပ်ဖြစ်သောကြောင့်၊ ယင်းတို့နှစ်ဦးစလုံးမှာ နိုင်ငံရေးသမားများပင်ဖြစ်သည်ဟု သာမညအားဖြင့် မှတ်ယူကြရသည်။ သို့သော် လက်တွေ့သမား၏ အလုပ်ကို ကောင်းမွန်မှန်ကန်အောင် ညွှန်ပြသူမှာကား သဘောတရားပြည့်ဝသူဖြစ်သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို မြန်မာ့အတွေးအခေါ်အရ သုခမိန်ဟု ခေါ်ကြသည်။ ဤသည်တွင် နိုင်ငံရေးဆောင်ရွက်သူ အလုပ်သမားနှင့် နိုင်ငံရေး သဘောတရားမှန်ကို ကြံဆသူ နိုင်ငံရေးပညာရှင်ဟူ၍ နိုင်ငံရေး လုပ်ငန်းဆိုင်ရာ သုတေသီတို့က ပိုင်းခြားသတ်မှတ်သည်။

နိုင်ငံရေးသမားဟူသော ဝေါဟာရနှင့် နိုင်ငံရေးသုခမိန်ဟူသော ဝေါဟာရနှစ်ခုစလုံးသည် မြန်မာ့ဂန္ထဝင်၌ ဂုဏ်ရည်နှင့်ပြည့်စုံသော ဝေါဟာရများဖြစ်ကြသည်။ ရှေးခေတ်က ကျွမ်းကျင်သူပုဂ္ဂိုလ်တို့ကိုသမားဟုခေါ်ကြသည်။ ယခုခေတ်၌ ဆေးကုသတတ်သောသူတို့ကို ဆရာဝန်ဟုခေါ်ကြသည်။ ရှေးက ဆေးသမား (ဝါ) သမားတော်ဟူ၍ ခေါ်ကြသည်။ ရှေးခေတ်က တွေးခေါ်မြော်မြင်တတ်သော ပညာရှင်တို့ကို သုခမိန်ဟုခေါ်ကြသည်။ မြန်မာလို ရိုးရိုးပြောရလျှင် သုခမိန်ဆိုသူသည် ယခုခေတ် ကထိက၊ ပါမောက္ခများကဲ့သို့ အတတ်ပညာနှင့် ပြည့်စုံသူပင် ဖြစ်သည်။ သို့သော် သမားကို အရက်နှင့် တွဲလိုက်သောအခါ ယုတ်စွအဆုံး နာမည်ပျက်လာသည်။ သုခမိန်ဟူသော မွန်မြတ်သော အဓိပ္ပာယ်ရှိသည့် ဝေါဟာရသည်ပင်လျှင်၊ ငါ့ခမိန်ဟု လှူပြက်ပြက်သော စကားမျိုးဖြစ်လာသည်။ သို့သော် စာရေးသူသည် အပျက်ကို မျက်မှောက်ပြု၍ ရေးခြင်း



ထုတ်သောကြောင့်၊ သမားဟူသော ဝေါဟာရနှင့် သုခမိန်ဟူသော ဝေါဟာရတို့ကို ခေတ်ပညာရှင်တို့က မှန်ကန်စွာ အသုံးချသွားကြထိမ့်မည်ဟု ယုံကြည်ပါသည်။

အထက်၌ ပြဆိုခဲ့သော အမြင်ကြည်လင်ခြင်းကို မူတည်၍ ကြီးပွားတိုးတက် စေသောလမ်းကို လိုက်ကြမည်ဆိုပါက၊ လောကီအတွက်ပြောရလျှင် မှန်ကန်သောလမ်းစဉ်ကို ကျင့်သောကြောင့် သမ္မာအာဇီဝဖြစ်နိုင်မည်။ သမ္မာအာဇီဝထွန်းကားသောအခါ မနုဿလောကသည် ငြိမ်းချမ်းသာယာလာပါလိမ့်မည်။ စာရေးသူ၏ အရင်းခံစေတနာမှာ နိုင်ငံတော်၏ငြိမ်းချမ်းရေးကို လက်ညီတက်ညီ တည်ဆောက်ပါ စေဟူသော စေတနာဖြစ်ပါသည်။

ဤစေတနာဖြင့် ဤစာကို ရေးသားပြုစုရာ၌ စာရေးသူသည် သတင်းစာဆရာတို့၌ရှိသော အတတ်ပညာကို အသုံးပြုပါသည်။ သတင်းစာဆရာသည် နေ့စဉ်ဖြစ်ပေါ်နေသမျှသော သတင်းအချက်အလက်တို့ကို အမှန်အတိုင်း တင်ပြရသော တာဝန်ကို ထမ်းဆောင်ရသည်။ ဤတာဝန်ကျေအောင် အချက်အလက်တို့ကို စိစစ်လေ့လာရသည်။ ဤသို့ လေ့လာသောအခါ အချက်အလက်များ ပေါက်ဖွားရာ ပတ်ဝန်းကျင်ကို လည်းကောင်း၊ ထိုပတ်ဝန်းကျင်ထဲ၌ရှိသော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်နှင့်ပုဂ္ဂိုလ်တို့၏ အဆက်အစပ်ကိုလည်းကောင်း၊ ထိုအဆက်အစပ်ကြောင့် ပေါ်ပေါက်လာသော အာဘော်ကိုလည်းကောင်း၊ ထိုအာဘော်ကြောင့် ဖြစ်ပေါ်လာသော အကျိုးအပြစ်တို့ကိုလည်းကောင်း၊ ပြည်သူတို့ ဉာဏ်ပွင့်စေအောင် လေ့လာရေးသားရသည်။

သတင်းလုပ်ငန်းသည် သမိုင်းဆရာတို့၏ လုပ်ငန်းနှင့် အမျိုးတော်ပါသည်။ သတင်းစာဆရာသည် သမိုင်းဝင်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အပျက်တို့ကို နေ့စဉ်လိုလို မှတ်တမ်းတင်သည်။ သမိုင်းဆရာသည် သတင်းစာဆရာတို့၏ မှတ်တမ်းကိုလေ့လာ၍၊ လူတို့၏ နေ့စဉ်ဖြစ်ပျက်နေသော သခ်ီရမွှတို့ကို စိစစ်ပြီးလျှင်၊ အတိတ်ကသည် ပစ္စုပ္ပန်၌ မည်သို့အကျိုးပေးသည်ကို မှတ်တမ်းတင်ရသည်။ ထိုမှတ်တမ်းကို လေ့လာ၍ အနာဂတ်ကိုလည်း မျှော်ကြည့်ရသည်။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့၏ ကွင်းဆက်ကို သမိုင်းပညာရှင်တို့က သမိုင်းနိယာမနှင့် လျော်ညီစွာ ဆင်ခြင်သုံးသပ်နိုင်ကြလျှင်၊ သာမန်နိုင်ငံရေးလုပ်သားသည် နိုင်ငံရေးသုခမိန် ဖြစ်လာနိုင်လိမ့်မည်။ နိုင်ငံရေးသုခမိန်တို့၏ အင်အားကောင်းမွန်လာလျှင်၊ နိုင်ငံရေးလုပ်သားကောင်းများ ပေါ်ထွန်းခြင်းကြောင့် နိုင်ငံသည် ကြီးပွားတိုးတက်လာလိမ့်မည်။ ယနေ့ကြီးပွားနေသော တိုင်းနိုင်ငံတို့တွင် စတိတ်မင်း* ဟူသော နိုင်ငံရေးသုခမိန်တို့၏ အခန်းကဏ္ဍသည် အလွန်တရာအရေးပါလှပေသည်။ ဤသဘောတရားတို့ကို ဆင်ခြင်၍ စာရေးသူက ဤစာစုကို ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ ဤသို့ ပုံနှိပ်ထုတ်ဝေရာ၌ စာရေးသူ၏အာသီသကို သိရှိနား လည်၍ စာရေးသူအား ကူညီစောင်မ အားပေးကြသော မိတ်ဆွေသင်္ဂဟ အပေါင်းတို့ကို စာရေးသူက အထူးကျေးဇူးတင်ပါသည်။

ခေတ်၏သဘာဝတို့ကို တင်ပြရာ၌ တင်ပြသူ၏အကြား အမြင် အတွေ့အကြုံတို့ကို အခြေပြု၍တင်ပြကြစမြဲ ဖြစ်သည်။ ထိုအခါ တင်ပြသူ၏ ထင်မြင်ချက်တို့သည် ဓမ္မဓိဋ္ဌာန်ကျလျှင် သမိုင်းအလို့ငှာ ခိုင်မာသော အထောက်အထားကို ရပြီဟု ယူဆကြသည်။ ဤသဘောကို မျက်မှောက်ပြု၍ စာရေးသူသည် ဓမ္မဓိဋ္ဌာန်စွဲဖြင့် ရေးပါသည်။ သို့ပါသော်ငြားလည်း စာရေးသူသည် ပုထုဇဉ်ဖြစ်

* Statesman



ပါသည်။ ထို့ကြောင့် ပမာဒလေခနှင့် ကင်းသော်မှ ကင်းပေလိမ့်မည်။ စာရေးသူ၏ စေတနာကို ချင့်ချိန်နိုင်ကြပါလျှင်၊ ထိုပမာဒလေခတို့မှာ ပညာရှင်တို့ခွင့်မလွှတ်နိုင်သော ပမာဒလေခမျိုးဖြစ်လိမ့်မည်မဟုတ်ဟု ယုံကြည်ပါသည်။ ခေတ်ကို အနုစိတ်၍ပိုင်းခြားကြည့်သောအခါ၊ မနေ့ကဖြစ်စဉ်ကို ယနေ့ဖြစ်စဉ်ကဲ့သို့ လှေနံဓားထစ် မစွဲလမ်းသင့်ချေ။ ဤလောက၌ ထင်မြင်ချက်ဟူသည်မှာ ပြုပြင်စီရင်ခြင်းသခ်ီရနှင့် မကင်းနိုင်။ ပညတ်ကိစ္စတို့၌ ပရမတ်ဟု တမ်းတမ်းစွဲမပြုသင့်ချေ။ အဓိကအချက်ကိုသာလျှင် ပမာနပြုသင့်သည်။ ဤစာ၌ ကျွန်ုပ်တို့အလေးအမြတ်ပြုခြင်းကို ခံထိုက်သော အာဇာနည်ပုဂ္ဂိုလ်တို့ နိုင်ငံအတွက် ဆောင်ရွက်ရာ၌ သမ္မာကမ္မန္တဖြစ်အောင်ဆောင်ရွက်ဖို့ လမ်းညွှန်သောအနက် အဓိပ္ပါယ်သည်သာလျှင် အမွန်မြတ်ဆုံးဖြစ်သည်။

ဤဆောင်းပါးများကို ရေးသားရာ၌ မြန်မာ့နိုင်ငံရေး သုခမိန်ဟူသော သဘောတရားနှင့် ဆက်စပ်အကျုံးဝင်အောင် နှစ်ပေါင်းများစွာ အဆက်မပြတ်ကြံဆ၍ ရေးခဲ့ခြင်းဖြစ်ရာ၊ အနာဂတ်၌ စာရေးသူ၏ အာသီသသည် အကောင်အထည်ပေါ်ပါစေသော်။

မောင်ထင်

၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊

ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# မျိုးချစ်စိတ်၏ အစ

ဖိုးရွှေလမင်းကြီး မကြည့်တကြည့်၊ တစ်ခါတစ်ခါ ရွှေမျက်နှာညှိုး၍ ဘာကိုအလိုမကျသည်မသိ။ တိမ်ကြားအောက်တွင် ခေါင်းလျှိုး၍ ငုပ်နေသည်။ သို့သော် ကြည်လင်သော ရွှေးမြစ်၏ မှန်ရိုပ်ထဲတွင် သူ၏မျက်နှာကို သူငုံ့ကြည့်၍ မြင်ရသောအခါ၊ သူသည် သူ၏အရိပ်ကို သူပြန်၍ စုံမက်မိလေသလော မပြောထတ်၊ စင်စစ်မှာ သူ၏ အရိပ်သည် နဂိုအတိုင်းမဟုတ်။ ဘော်သာခွာကို အရည်ကျိုထားဘိ သကဲ့သို့ ရှိလေရာ နဂိုအတိုင်းထက်ပင် လှ၍ နေလေသည်၊ ထို့ကြောင့် သူ့အဆင်းကို သူတပ်မက်သည်ဆိုလျှင် မမှား၊ ယင်းသို့ တပ်မက်ခြင်းကြောင့်သာလျှင် လွင့်လာသမျှသော တိမ်တိုက်တို့ကို လွတ် အောင်ရှောင်ရင်း သူ့အရိပ်ကို သူ မျက်ခြေမပြတ်လိုက်၍ ကြည့်နေခြင်းပင် ဖြစ်သည်။

ကျွန်တော်၏ အိမ်နောက်ဖေး၌ လတာပြင်ကို ကျော်၍ ဆောက်ထားသော ရေစင်ရှိသည်။ ရေစင်ဟူသည်ကား ဝါးလုံးများ တို အရှည်လိုက် စီတန်း၍ ဆောက်လုပ်ထားသော ငပိလှုန်းသည့်

www.burmeseclassic.com

www.burmeseclassic.com



ထိုကြီးပင်ဖြစ်သည်။ ထိုစင်ကြီးသည် ငပိသမားတို့အဖို့ ငပိလှန်းရန်ဝင် ဖြစ်သော်လည်း ကျွန်တော့်အဖို့ ကျယ်ပြန့်သော အိမ်သာကြီးတစ်ခုပင် ဖြစ်လေတော့သည်။

ထိုညကို ကျွန်တော် ကောင်းစွာမှတ်မိသည်။ ကျွန်တော်သည် ထိုစဉ်က ကျောင်းမနေသေး။ စိတ်အထင် ငါးနှစ်အရွယ်လောက်ရှိမည်။ ကျွန်တော့်ကိုကျွန်တော့်အထိန်းတော် ကော်ရင်ဂျီကုလား ကမ္ဘယားက ရေစင်ပေါ်၌ နောက်ဖေးတယ်နေသည်။ ကျွန်တော့်မိဘများက ကျွန်တော့်ကို ချေးအပင်ပေါက်အောင်ယိုသည်ဟု ပြောလေ့ရှိသည်။ ကျွန်တော့်အဖို့၌ကား သူတို့ ဤသို့ခဏခဏပြောခြင်းကြောင့် ချေးအပင်ပေါက်လျှင် ဘယ်လိုအပင်မျိုး ဖြစ်ပါလိမ့်ဟု မှန်းဆကာ ချေးပင်ကို မြင်ချင်၍ ခဏခဏအောက်ငုံ့ကြည့်မိသည်နှင့်ပင်လျှင် ထိုကိစ္စမျိုး၌ သူများတကာထက်ပို၍ ကြာတတ်သည်။ ထို့ပြင်လည်း ယခုလို ကြည်လင်အေးမြသောလမင်းသည် ရွှံ့မြစ်ကို ကြေးမုံပြင် ပမာထား၍ မိမိအလှကို မိမိရှုနေသည့်အခါ တပိုတပါးသွားရင်း လမင်းနှင့်အတူ ကမ္ဘာသို့လည်ပတ်နေရသဖြင့် ပို၍ စည်းစိမ်ရှိသည်။ ရေစင်အောက်သို့အတုံးလိုက် အတစ်လိုက် ကျသွားသည့်အသံတို့ သည်ပင်လျှင်ဆရာစိန့်လက်သံထက် ပြောင်သည်ဟု အောက်မေ့သည်။

လူကြီးများအဖို့ ထိုကိစ္စသည် ညစ်တီးညစ်ပတ်နိုင်လှသည်ဟူ၍ပင် ထင်ကြပေမည်။ ကျွန်တော်မှာ သူငယ်နုပ်စား အရွယ်သာသာမျှသာရှိ၍ အပြစ်ကင်းစင်သော ကလေးစိတ်နှင့်မို့ ထိုကိစ္စမျိုးကိုကိုယ်လက်သန့်ရှင်းစေသော ကိစ္စဟူ၍သာ သိတတ်သည်။

ကမ္ဘယားသည် မြန်မာစကားကို မပြီကလာ ပြီကလာနှင့်ပြော၍ ကျွန်တော် နှိုက်နှိုက်ချွတ်ချွတ် မေးသမျှကို ဖြေရှာပါသည်။



"လမင်းကြီးဟာ ပြေးနေတယ်နော်"

"ဝုတ်တယ် ပြေးနေတယ် . . . ဘာဘာ့"

"ဟို အဝေးကြီးဆိုမှ အဝေးကြီးက ကြယ်ကလေးတွေ မှေးက်စိမှိတ်လိုက်ဖွင့်လိုက် လုပ်နေကြတယ်နော်"

"ဝုတ်တယ် . . . ဘာဘာ့ . . . ဝုတ်တယ်"

"တိမ်တွေက ဖိုးလမင်းကြီးကို ဝိုင်းပြီး ဖက်ထားတယ်နော်"

"အင်း အင်း ဝုတ်တယ် ဝုတ်တယ်"

ဤကဲ့သို့ သူနှင့်ကျွန်တော် အတိုင်အဖောက် ညီနေစဉ် ကျွန်တော်၏မိခင်နှင့် ကျွန်တော်၏ဒွေးတော်တို့သည် အိမ်ပေါ်မှ ရေစင်ရှိရာသို့ ဆင်းလာကြသည်။

သူတို့သည် ကျွန်တော့်အား နောက်ဖေးကို ဇိမ်ခံ၍ ယိုနေသည်ဟု သရော်ကာ ကျွန်တော်နှင့် ကမ္ဘယားကို ကြည့်၍ ရယ်ကြပါသည်။

ထိုအတွင်း ကျွန်တော့်ဒွေးတော်နှင့်အတူပါလာသူ မိန်းမပျိုတစ်ဦးက ထိုခေတ်ကပေါ်သော သီပေါမင်းပါတော်မူ သီချင်းတစ်ပုဒ်ကို ဆိုပါသည်။ ကျွန်တော် ထိုသီချင်းသွားကို မမှတ်မိ။ သီပေါမင်းဆိုသော နာမည်ကိုသာ မှတ်မိပါသည်။ မှတ်မိရခြင်းမှာ သီပေါကို နားမလည်၍ မေးမိသောကြောင့် ဖြစ်ပါသည်။

"အစ်မ သီပေါ ဆိုတာ ဘာလဲဟင်"

ကျွန်တော်တို့အရပ်၌ မိခင်ကို အစ်မ ဟု ခေါ်ပါသည်။

"သီပေါ ဆိုတာ မြန်မာမင်းကွဲ့"

"မင်း ဆိုတာကကော"

"ရှင်ဘုရင်ပေါ့ကွဲ့။ သား စိန်ကတုံးကြည့်တုန်းက မကိုဋ်တွေ သန်လျက်တွေကိုင်ပြီး ထွက်လာတဲ့ ရှင်ဘုရင်လိုပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အခုသူက ဘာလုပ်သလဲ ဟင်"

"သူက အရင်တုန်းက မြန်မာပြည်ကို အုပ်စိုးတယ်"

"အခုကော"

"အခု သူ့ကို ကုလားဖမ်းသွားလို့ မအုပ်စိုးတော့ဘူး"

"ကုလားဆိုတာ ကမ္ဘယားလား ဟင်"

"မှုတ်ဖူးကွဲ့. ကုလားဆိုတာ ဗိုလ်ကို ခေါ်တာ"

"ဗိုလ်ဆိုတာ ဘာလဲဟင်"

"ဗိုလ်ဆိုတာ ကုလားဖြူကွဲ့။ အသားက သိပ်ဖြူလို့ ကုလားဖြူလို့ခေါ်တယ်။ အင်္ဂလိပ်ပေါ့ကွယ် အင်္ဂလိပ်"

"ဒါဖြင့် အခု မြန်မာ့ရှင်ဘုရင် မအုပ်စိုးဘူးပေါ့နော်"

"အေး အေး အင်္ဂလိပ်အုပ်စိုးတယ်"

ကျွန်တော်သည် နောက်ဆက်တွဲမေးခွန်းများကို မမေးနိုင်သေးပါ။ ကျွန်တော့်စိတ်ထဲမှာ ပွဲထဲက ရှင်ဘုရင်ကဲ့သို့သော ရှင်ဘုရင်များ မြန်မာပြည်ကို စိုးစံနေသည်ဟူ၍သာ မှတ်ထင်နေရာ ယခု မိခင်ပြောပြမှ သိရပါသည်။ သို့သော် မိခင်ပြောတာ မရှင်းသေးပါ။ ထို့ကြောင့် သေချာအောင်ထပ်၍ မေးမိပါသည်။

"ဒါဖြင့် အင်္ဂလိပ်အုပ်စိုးတာ ဘယ်လောက်ကြာပြီလဲ အစ်မရယ်"

"ကြာပြီကွဲ့. အမေ မမွေးခင်ကတည်းက သီပေါကို အင်္ဂလိပ် ဖမ်းသွားတယ်ကွဲ့."

အင်္ဂလိပ်ကြီးက သီပေါကို ဖမ်းသွားတော့ တို့အိမ်ရှေ့က အဘ,စာသင်ကြီးက သူခိုးတွေကို ကြိုးနှင့်တုပ်ပြီး ဂတ်တဲ ခေါ်သွားသလိုနေမှာပဲ။ အဘက ရှေ့က တုပ်တုပ်ပြီးဆွဲတော့ သူခိုးက နောက်က ရုန်းရုန်းပြီး လိုက်ရတယ်။ အဘက ငှက်ကြီးတောင်မားကြီး



မိုးလိုက်တော့မှ သူခိုးက ဝပ်သွားတယ်။ အခုလဲ သီပေါမင်းကို ဒီလိုပဲ ဖမ်းမှာပဲ။ သူခိုးကို ဖမ်းသွားတာ သနားစရာ။ သီပေါကို ကုလားဖမ်းသွားတာက သာပြီးတော့ သနားဖို့ကောင်းတာပေါ့။

လမင်းသည် ကောင်းကင်ဝယ် ရိပ်ရိပ်ပြေးနေသည့်အခါ ကျွန်တော်၏ နုနယ်သော ဦးနှောက်ထဲတွင် စိတ်ကူးတို့သည် ရိပ်ရိပ်ပြေး၍ နေကြလေသတည်း။

ထိုစိတ်ကူးစိတ်သန်းတို့မှာ ဆီလျော်သည် မဆီလျော်သည်ကို ကျွန်တော် မစဉ်းစားမိ။ ကလေးဘဝမို့ ဝမ်းနည်းကြေကွဲမိသည်မှ တစ်ပါး အခြားစိတ်ကူးများ မပေါ်ပေါက်ခဲ့ချေ။

သို့သော် ငါတို့မြန်မာပြည်ကို အင်္ဂလိပ်အုပ်စိုးပါကလားဟူသော အသိသည် နောင်အဖို့၌ တိုင်းပြည်ချစ်သော စိတ်၏ အဆောက်အအုံကို ကျွန်တော်၏ ရင်ထဲ၌ အုတ်မြစ်ချပေးဟန်တူသည်။

ထို့ကြောင့်လည်း လရောင်အောက်ဝယ် ရေစင်ပေါ်၌ ဆိုင်ရင်း သီပေါမင်း၏ လွှမ်းဆွတ်ဖွယ်ရာ အဖြစ်အပျက်ကို ကျွန်တော်ငယ်စဉ် တောင်ကျေးကလေးဘဝကစ၍ပင်လျှင် မှတ်မိနိုင်ခြင်း ဖြစ်ပေသည်။

ယင်းသို့ မှတ်မိနိုင်သည်ဆိုရာ၌လည်း သီပေါမင်း ပါတော်မူသည့်အတွက် တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ တဖွားဖွား ပေါ်ပေါက်လာသောကြောင့်၊ ထိုမျှ နုနယ်သော အရွယ်ကပင်လျှင် အစွဲကြီးနေပါသည်ဟု ကျွန်တော် ဆိုပချေသော် ကြားရာရောက်ပေမည်။

အမှန်မှာ ထိုမျှနုနယ်သောအရွယ်တွင် နုနယ်သော ဦးနှောက်က ထိုအကြောင်းကြောင်းနိုင်သော စိတ်ဓာတ်ကို လက်မခံ

www.burmeseclassic.com

www.burmeseclassic.com



နိုင်သေးချေ။ သီပေါမင်းကလေးပါတော်မူသည်ဆိုသဖြင့် သနားမိသည်။ သို့ရာတွင် တစ်စတစ်စနှင့် ကြီးပြင်းလာသောအခါ သနားရမည်ကိုပင် မေ့တေ့တေ့ဖြစ်လာသည်။ ကုလားမင်းအုပ်စိုးသည်ဆိုသော်လည်း ရပ်ရွာ၌ သူကြီးလုပ်သူမှာ မိမိအမျိုးသားထဲကပင်ဖြစ်၍ ဘာမျှ ထူးခြားလှသည်မဟုတ်ဟု ထင်မိသည်။ မြို့အုပ်မြို့ချုပ်တို့ တိုင်းခန်းလှည့်လည်လာသည့်အခါ ဗိုလ်တဲအောက်၌ ကလေးဘာ့ဝ ဂျင်ပေါက်ရင်း တစေ့တစောင်းကြည့်မိရာ အင်္ဂလိပ်မင်းတက်နေသည်ဟုဆိုသော်ငြားလည်း အင်္ဂလိပ်မင်းဆိုသူမှာ မြန်မာနှင့်မခြားဟု အောက်မေ့မိသည်။

တစ်ညသ၌ ဖခင်ဖြစ်သူသည် ဗိုလ်တဲ၌လာ၍ တည်းခိုသော အရေးပိုင်အကြောင်းကို မြိန်ရည်ရှက်ရည် ပြောလေသည်။ ထိုအခါမှ သူတစ်ပါးလက်အောက်၌ နေရသည်ကို အသစ်တဖန်ပြန်၍ သတိရမိသည်။ သို့သော် ထိုကဲ့သို့ သူတစ်ပါးလက်အောက်ရောက်ရခြင်းကို ရှက်ရမှန်း ကြောက်ရမှန်း မသိတတ်သေးချေ။ ကျွန်တော်၏ဖခင်မှာ စာပေ၌ မွေ့လျော်သူဖြစ်လေရာ ရောက်လာသော အရေးပိုင်က ဒေသန္တရရာဇဝင်ဝဟုသုတတို့ကို သူ့အားမေးမြန်းသည် ဆိုသည်နှင့်ပင် ထိုအင်္ဂလိပ်အရေးပိုင် အရပ်ရှည်ရှည်ကြီးကို အတော်ကြည်ညိုနေဟန်တူသည်။

ကျွန်တော် ယခုပြန်တွေးလိုက်သော် ရေးတေးတေးပေါ်လာပါသေး၏။ ထိုအရေးပိုင်သည် ဗိုလ်တဲ၏မြောက်ဘက်ပိတောက်ပင်အောက်တွင် သူကြီးမင်းတည်ခင်းထားသော ဆီချေးစော်နံ့သည့် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်သည်။ ရပ်ရွာရှိလူကြီးအပေါင်းတို့မှာ သူ၏ ရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်ကြရသည်။ တော်တော် အသက်ကြီး၍ ဗဟုသုတရှိပုံရသော လူကြီးမင်းများကို



အရေးပိုင်က ဘုရားတကာ ကျောင်းတကာဟု နှုတ်ခွန်းဆက်သ၍ အင်္ဂလိပ်တက်စက အင်္ဂလိပ်အားခံချသူ ကျားဗိုလ်ဟုအမည်တွင်သော ဓားပြဗိုလ်၏ သောင်းကျန်းပုံတို့ကို မေးမြန်းသည်။ ရွာနာမည်များ၏ ဖြူပွါတ်ကို မေးမြန်းသည်။ မည်သည့်မြို့ မည်သည့်ရွာကိုမည်သည့်ခေတ်က တည်ကြောင်းမေးမြန်းသည်။ ကမ္ဘဋ္ဌာန်းအကြောင်း၊ သင်္ဂြိုဟ်အကြောင်း မေးမြန်းသည်။ ဖြေနိုင်သူလည်းရှိ၏။ မဖြေနိုင်သူလည်း ရှိ၏။ အမေးခံရသူတို့မှာ အင်္ဂလိပ်က မြန်မာစာပေနှင့် ရာဇဝင်တို့ကို နှိုက်နှိုက်ချွတ်ချွတ်မေးသဖြင့် တအံ့တသြနှင့် ငေးမောကြသည်။

နောင်သော် ထိုအင်္ဂလိပ်သည် အမြို့မြို့အရွာရွာ အတိုင်းတိုင်းတို့၌ ကျင်လည်ရလေသည်။ သို့သော် သူ၏အမည်ကိုမူ ကျွန်တော်၏ ချက်မြှုပ်ဇာတိ၌ ထားခဲ့ပေသည်။ နောင်အဖို့၌ ကျွန်ုပ်တို့၏ မြန်မာရာဇဝင်သည် ဖြောင့်ဖြောင့်သွားခဲ့ပါလျှင်၊ သူ၏အမည်သည် ကျန်ရစ်ခဲ့ဦးမည်။

ငယ်စဉ်က ထိုအမည်ကို မခေါ်တတ်ပါ။ ကြီးပြင်းလာ၍ အင်္ဂလိပ်စာ ချောက်တီးချောက်ချက် ဖတ်တတ်သောအခါ ဖခင်ဖြစ်သူသည် လယ်ပြေစာအဟောင်းများကို ကျွန်တော့်အား ပြသ၍ သူ့အမည် အင်္ဂလိပ်လို ရေးသားထားသည်ကို အဖတ်ခိုင်းသည်။

လယ်ပြေစာ၏ ညာဘက်ထောင့်၌ ဂျေ၊ အက်(စ်)၊ ဖာနီဗော(လ်) ဟူသော အမည်ကို ဖတ်ရသည်။

ကျွန်တော်၏သေးနုပ်သော ဦးနှောက်ထဲ၌ တစ်ဖက်အတန့်တွင် သီပေါဟူသော ကမ္ပည်းထိုးထားသည်၊ အခြားတစ်ဖက်အတန့်တွင်ကား သူနှင့်ဆန့်ကျင်ဘက် ဖာနီဗော(လ်)ကို ကမ္ပည်းထိုးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လူသားဖြောက်သောအခါ တစ်ဖက်ခန်းရှိ အိမ်ခေါင်မှ အဖြူဆောင်ဖတ်ခန်းရှိ ဖာနီဗောလ်တို့သည် နောင်ဂျိန် အတိတ်ကာလ မေးရှေးဘုံးရေးပြုကြသော ဟူ၏။ သို့ရာတွင် ကျွန်တော့်မှာ တင်ဦးတို့ တစ်ခါမျှ ခမြင်ဖူးပါပဲလျက် ချစ်မိပါသည်။ ကျွန်တော်တို့လည်း တစ်ခါမျှ မတွေ့ဖူးပါလျက် ကြည်ညိုမိပါသည်။

တစ်ခုသောတန်ခူးလအခါတွင် ကျွန်တော်သည် မြောင်းမြမြို့ အစိုးရအလယ်တန်းကျောင်း၊ တတိယတန်း(ဘီ) အခန်းတွင် ရှေ့ဆုံးခုံ၌ ချာတိတ်တစ်ဦးအဖြစ်နှင့် ထိုင်ရပါသည်။ ဆရာဦးကံကြီး၏ လက်ဝဲဘက်၌ အစိုးရပြက္ခဒိန်တစ်ရွက် ကပ်ထားသည်။ ထိုပြက္ခဒိန်၏ခေါင်းစီး၌ သက္ကရာဇ် ၁၉၂၀ ဟု တမ္ပည်းထိုးထားသည်။

ထိုနှစ်မှာ ကျွန်တော့်အဖို့၌ အတော်ထူးသည်။ အင်္ဂလိပ်စာကို အစွဲအလမ်းဖြစ်၍ အင်္ဂလိပ်ကျောင်း၌ နေပါပြီဟူ၍လည်း ဆိုကရော၊ တစ်နိုင်ငံလုံးသိမ့်သိမ့်တုန်သည့် ပထမဆုံးသော သပိတ်တစ်လုံးလည်း ပေါ်ထွက်လာပါလေကရော။

ဟောဗျာ။ ဖြစ်မှဖြစ်ရပလေ။ ကြုံရတဲ့ ကံနှယ်။ မွဲလိုက်ပါဘိ။ ပညာကို လိုချင်သည်။ လိုချင်သည်။ လိုချင်သည်။

"လိုချင်ရင် ရပါတယ်ကွယ်။ မင်းအသက် ငယ်ငယ်ရှိသေးတာပဲ။ ဟော့-ဘယ်ကျောင်းနေရနေရ မင်းလိုချင်ရင် ရနိုင်တာချည်းပဲကွဲ့။ နို့ပေမယ့် ငါက အစိုးရကျောင်းဆရာဖြစ်နေလို့ မပြောကောင်းလို့ဟ"

ဆရာဦးကံကြီးသည် ပြွတ်နေသော ညာဘက်လက်မထလေးဖြင့် ပါးစပ်ကို မလုံ့တလုံ ကာ,ကာ ကျွန်တော့်နားထဲသို့ တစ်စုံတစ်ခုကို တီးတိုးပြောလိုက်ပါသည်။ ကျွန်တော် နားမလည်ပါ။



"ဘွိုင်ကောက်၊ ဘွိုင်ကောက်"

ကျွန်တော် အင်္ဂလိပ်စာသင်လာသည်မှာ ဆယ်လမျှရှိပါပြီ။ ဘွိုင်စကောက်ကို နားလည်ပါ၏။ သို့သော် ဘွိုင်ကောက်ဟု ဆရာဦးကံကြီးပြောသည်ကို နားမလည်ပါ။ သို့ပေမင့် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ကျောင်းခန်းထဲမှ ထွက်၍ ကျောင်းဝင်းကို ကျော်ကာ အာဝတီသာကျောင်းနှင့် စာတိုက်အကြားရှိ ကွက်လပ်လမ်းကြားမှနေ၍ ရုံးလမ်းဘက်သို့ ထွက်လာခဲ့ပါသည်။ ဆရာဦးကံကြီးသည် သူ၏ညာဘက်လက်၌ မရှိသောလက်မဖြင့် နှုတ်ခမ်းမွေးကို သပ်ရင်း ပြုံးပြုံးကြီး ကျန်ရစ်ခဲ့လေသည်။

ရုံးလမ်း၌ ငါးတန်း-ခြောက်တန်းမှ ကျောင်းသားကြီးများသည် ကျူလယာဘိလပ်ရည်ဆိုင်ကိုဝိုင်း၍ နေကြသည်။ ကျွန်တော်သည်း မယောင်မလည်နှင့် အနားသို့ကပ်၏။ ဆရာဦးကံကြီး ပြောဆိုတ်သော အင်္ဂလိပ်စကားမျိုးကို ကျွန်တော် ကြားရသည်။ ပြောနေသူမှာ ပုသိမ်မှ ကျောင်းသားမောင်တင်ဆိုသူ ဖြစ်သည်။ တစ်ကျောင်းလုံးတွင် ကာလသားခေါင်းလုပ်၍ ဗိုလ်ကျသူပေါက်ကျော်သူ သူမိုက်လူရင်နှင့်တွဲကာ နှစ်ဦးစလုံး မျက်နှာနီကြီးများဖြင့် ကျူလယာဆိုင်ကလေးကို မျက်စောင်းထိုးနေကြသည်။ သူတို့ မူးနေကြသည်။ တစ်စုံတစ်ယောက်ကို ချကြမလို့ပါပဲ။ ဟောကြည့်စမ်း ကြွေရှင်း၊ ဆိုရင်း၊ ဖောင်း . . . ခွမ် . . . ချလွန် . . . ချလွင် . . .။

လင်မနစ်ပုလင်းများ တဖောင်ဖောင် မြည်ကြကုန်သည်။ ကျောင်းသားနှစ်ဆယ်ခန့်တို့သည် ၎င်းပုလင်းတို့ကို ကိုယ်စီကိုယ်ငမ်း၍ သောက်ကြသည်။ ပုလင်းများကို ရိုက်ခွဲကြသည်။ စီးကရက်များဆို လုကြသည်။

ကျွန်တော်လည်း ဆုတ်ကန်ဆုတ်ကန်နှင့် ရှေ့သာလျှောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှေ့မှ ဖြတ်၍ပြေးလေသတည်း။

သို့ရာတွင် ခပ်လှမ်းလှမ်းမှ အသံများကြားရသည်။ ထိုအသံတို့မှာ လေရှိန်ယူပြီး၊ တဖြည်းဖြည်း တခဲနက် ပေါ်ထွက်လာလေသည်။ ထိုအသံတို့ကား အခြားမဟုတ်။ နောင်တစ်ဆယ့်ခြောက်နှစ် တင်းတင်းပြည့်သောအခါတွင် မြန်မာပြည်၌ တစ်ဖန်ပြန်၍ ပဲ့တင်ထပ်မည်ဖြစ်သော "သပိတ်၊ သပိတ်၊ မှောက်မှောက်" ဟူသော အသံများ ဖြစ်ချေသည်တမုံ့။

ကျွန်တော်သည် ဂတ်တန်းလျှားထဲသို့ ဝင်ပြေးသည်။ ထိုမှဖြတ်၍ ဦးဘိုးဖြေလမ်းထဲသို့ ဝင်ပြန်သည်။ ထိုမှဖြတ်၍ ဘီလမ်းတစ်လျှောက် ပြေးပြန်သည်။ လေးလမ်းရောက်သော် မိမိအိမ်သို့ ဝင်လေ၏။

ကျွန်တော်၏ဦးလေးမှာ အစိုးရလခစား ဖြစ်လေရာ ဒေါ်ဒေါ်သည် ကျွန်တော် ကျောင်းမတက်ဘဲ ပြန်လာသည်ကို မြင်သောအခါ အထိတ်တလန့်ဖြစ်သည်။ ညနေဦးလေးရုံးဆင်းသောအခါ ဒေါ်ဒေါ်က သူ့ခင်ပွန်းသည်အား ကျွန်တော် သပိတ်မှောက်လာကြောင်း တိုင်ပြောလေသည်။

ထိုအခါမှစ၍ ကျွန်တော်သည် သပိတ်မှောက်ကျောင်းသား ဖြစ်လာလေသည်။ ထိုအခါမှစ၍ ကျွန်တော်သည် 'ဘွိုင်ကောက်' ဟူသော စကား "ဘွိုင်ကောက်တား" ဟူသော ဝေါဟာရတို့၏ အဝယဝတ္ထုနှင့် ပိဏ္ဍတ္ထတို့ကို နားလည်လာလေတော့သည်။ ထိုအခါမှစ၍ အကျွန်ုပ် လမ်းတစ်လျှောက်လုံးပြေးလာရ၍ မောမောနှင့် ခုန်နေသော ရင်တွင်းဝယ် အချို့ပညာရှိတို့က မွန်မြတ်သော စိတ်ဓာတ်ဟု ခေါ်ကြ၍ ကေစိ သုခမိန်တို့က အဆိပ်ဟု ညွှန်မှတ်သော မျိုးချစ်စိတ်ဓာတ်သည် သီပေါမင်းချခဲ့သော



သန္ဓေဖြင့်၊ နေ့စေ့ လစေ့ ဖွားမြင်လာလေသတည်း။

နောက်တစ်နှစ်အဖို့၌ ဗိုလ်ကေကို စွန့်၍ ကတုံးပြောင်ဆားကာ ပင်နီအကျီကိုဝတ်၍ ခါတော်မှီကျောင်းသို့ တက်နေသောနေရှင်နယ်ကျောင်းသား အကျွန်ုပ်ကို ဆရာဦးမောင်ကြီး၏အတန်း၌ တွေ့ကြရပေလိမ့်မည်။

ထိုခေတ်မှစ၍ အမျိုးကိုချစ်သော စိတ်သည် လူတိုင်း၏ ယိထိုပ်တွင် တက်လျက်ရှိသည်။ မျိုးချစ်စိတ်ဒီရေတက်သည်နှင့် အမှု တစ်ပါးသော လူမျိုးတို့ကို မုန်းတီးသော စိတ်သည်လည်း တက်၍ လာလေသည်။ အထူးသဖြင့် အင်္ဂလိပ်ကိုမျောက်ဖြူဟူ၍ ရေရွတ်ကာ၊ အာဃာတထားရသော စိတ်ဓာတ်တို့ကို ထိုခေတ်ရှိနိုင်ငံရေးပါရဂူတို့က မြေတောင်မြှောက်ပေးသည်။ မှတ်မိသေးတော့သည်။ တစ်ညနေသော် ဆရာကြီးဦးဘိုးချိန်က ဦးဥတ္တမ၏ တူဟူ၍ မိမိကိုယ်ကိုမိမိ သမုတ်သော ကိုရင်တစ်ပါးသည် ကျောင်းသားတို့အား ဝံသာနုတရားဟောမည်ဟု ဆိုလာသည်။ ထို့ကြောင့် ထိုနေ့တွင် ကျောင်းစောစောဆင်းပြီးလျှင် ခါတော်မှီကျောင်းနှင့် ကပ်နေသော ဘုရားတန်ဆောင်းသို့ သွားကြရသည်။ ထိုတန်ဆောင်းတွင် မွန်မြတ်သော ဝံသာနုတရားကို နာရသည်။

ဘောန္တော- အိုအချင်းတို့၊ ဧထ-လာကြကုန်လော့။ ထိုမွန်မြတ်သောတရားကို နာကြကုန်အံ့။

ရှေးသရောအခါ မျောက်တစ်ကောင်သည် အင်္ဂလန်ကျွန်း၌ ကမြင်းကြောထ၍ နေလေသတတ်။ ထိုသရောခါ အင်းထဲမှ ယိပ်တစ်ကောင်သည် ထိုကျွန်းပေါ်သို့ မျက်စိလည်လမ်းမှား၍ ထတ်လာ လေသတည်း။ ထိုသည့်နေ့မှစ၍ ခေါင်းပေါ်တွင် နီလိုကေခွဲထားသော မျောက်သည် အင်းထဲက လိပ်နှင့် စုလျားရစ်ပတ်

www.burmeseclassic.com

လွတ်လပ်စွာမှာ အင်္ဂလိပ်ဟူသော သတ္တဝါသည် လောကကြီးထဲမှ ဗိုလ်ကေခွဲကာ ထွက်ပေါ်လာလေသတည်း။

ဆရာကြီးဦးဘိုးချိန်၏ ကျေးဇူးကို ကျွန်တော် မမေ့ပါ။ ကျွန်တော်သည် အကလေးရွယ်ပင် ဖြစ်ပါသော်လည်း ထိုမျှလောက် အဆီအငေါ်မတည့်သော နိုင်ငံရေးတရားမျိုးကို လက်မခံနိုင်ပါ။ သို့သော် အကလေးမျှသာဖြစ်၍ ထိုဝံသာနုတရားမျိုးကို ရှုတ်ချပါသည်ဟု ဆိုဝံ့သော သတ္တိမရှိပါ။ အကယ်၍သာလျှင် ထိုစဉ်က ဆရာသမားလုပ်သူတို့က ထိုတရားကို မှားမှားမှန်မှန် အောင့်အီးသည်းခံ၍ နာယူစေမည်ဆိုပါက ကျွန်တော်၏စိတ်သည် ထိုတရားကို မည်မျှလောက်ပင် လက်မခံဘူးဟု ဆိုစေကာမူ အများနှင့်အတူ မိုးခါးရေကို သောက်မိပေလိမ့်မည်။ သို့ရာတွင် ဆရာကြီး ဦးဘိုးချိန်သည် ထိုမျှသိမ်ဖျင်းသော သပ္ပဝ္ပလဝါစာတို့ကို ဆက်လက်သည်းမခံနိုင်သဖြင့် "လူကလေးတို့ သိမ်ဖျင်းတဲ့စကားကို နားမထောင်ကြနဲ့၊ အိမ်ပြန်ကြ" ဟူ၍ ဩဝါဒပေးသောကြောင့် ကျွန်တော်တို့လည်း အိမ်သို့ပြန်ခဲ့ကြလေသည်။

ကျေးဇူးပါပဲ ဆရာကြီးရယ်။ ဆရာကြီးက ထိုကဲ့သို့မှ ဩဝါဒမပေးလျှင် ကျွန်တော်တို့ စိတ်နုသူကလေးငယ်များသည် နောင်တစ်သက်လုံးအဖို့ သပ္ပဝ္ပလဝါစာနှင့် ဖရုသဝါစာကို ဝံသာနုတရားတော်ကြီးဟူ၍ မှတ်ထားကြရပေတော့မည်။

နိုင်ငံရေးလုပ်ငန်းဆိုသည်မှာ သူ့ခေတ်နှင့်သူ လုပ်ရသည်။ ထိုခေတ်က အင်္ဂလိပ်ဆိုလျှင် မော်၍မျှမကြည့်ဝံ့သော ခေတ်ဖြစ်၍ အင်္ဂလိပ်ကို တော်လှန်ရဲအောင် ပျိုးမျှစ်နုနယ်သော အကျွန်ုပ်တို့၏ စိတ်ထဲ၌ မုန်းပင်များ ပျိုး၍ပေးရသည်။ နိုင်ငံရေးသမားဘက်က စဉ်းစားကြည့်ပြန်ပါလျှင် ထိုနည်းပရိယာယ်သည် သွေးထွက်အောင်



မှန်ပေလိမ့်မည်။

ကျွန်တော်သည် ထိုဝံသာနုဝဲဩယထဲတွင် ကလေးဘဝနှင့် ထဝဲဝဲလည်ခဲ့ရလေသည်။ ထိုခေတ်က ဦးဥတ္တမဆိုလျှင် အာဇာနည် တစ်ဦးဟု ယူဆရုံမျှမကသေး ဘုရားသားတော်၏ အရေကို ဆင်မြန်းထားသောကြောင့် ကိုယ်တော့်အား ဘုရားနှင့် တစ်ဂိုဏ်း တည်းထားကာ ကိုးကွယ်ကြသည်ကို မှတ်မိကြသေးသည်။ သို့ရာတွင် ကျွန်တော့်မှာ ဝံသာနုနှင့် နိုင်ငံရေးစိတ် ဝင်နေသည့်အထဲက ဦးဥတ္တမပုံတော်ပါသော ဝလာစာအုပ်တစ်မူးတန်ကို ကျုလယာ တုလားထံမှ ဆယ်ပြားပေး၍ ဝယ်ရသည့်အတွက် အတော်နာပါသည်။

ထိုစဉ်က ကျွန်တော်တို့တစ်မျိုးလုံး ဝံသာနုခဲ့ကြသည်မှာ တစ်ပျော်တပါးကြီး ဖြစ်သည်။ ထိုစဉ်က ဝံသာနုတို့ကတစ်ဖက်၊ အစိုးရအရာရှိများကတစ်ဖက် လွန်ဆွဲခဲ့ကြရာတွင် အမြဲတမ်းလိုလို ဝံသာနုက အနိုင်ရလေသည်။ သို့သော် ကျွန်တော်သည် ဝံသာနုတည်းဟူသော ညွန့်ပျောင်းထဲတွင် ကျွဲပမာလူး၍ ပျော်ပါးနေစဉ် ကျွန်တော်၏ဖခင်သည် သားတော်မောင်၏ ကျွန်ပညာအဖို့ကို ရည်စူး၍ လယ်တစ်ရှဉ်းကို အာလာကပ္ပချစ်တီးထံ ပေါင်နှံလေတော့သတည်း။

ထို့ငွေဖြင့် ကျွန်တော့်ဖခင်သည် ကျွန်တော့်အား ရန်ကုန်မြို့၊ မြို့မကျောင်းတော်ကြီးသို့ ပို့လိုက်ပါသည်။ အူကြောင်ကြောင် ဝံသာနုစိတ်သည် ကျွန်တော့်၌ ဝမ်းတွင်းပါဖြစ်၍နေလေရာ ရန်ကုန်မြို့သို့ ရောက်လျှင်ရောက်ချင်း လံချားကုလားနှင့်ပင်၍ စကားများရပါသည်။ ကျွန်တော်က မြန်မာလိုပြောသည်။ လံချားကုလားက ဟိန္ဒူလိုပြောသည်။ ဘယ့်နှယ်မြန်မာပြည်မှာ ဟိန္ဒူလို

www.burmeseclassic.com



ဘာကြောင့်ပြောရမှာလဲ၊ "ဟေ့ ကုလား။ မင်း မြန်မာစကား မတတ်ဘူးလား ရွတ်တတ်သလား၊ နင့်အမေ လွှားကရော"

"ဟေ့ ဟန်တလေး နင်ဘာပြောတယ်"

"မြန်မာစကား မတတ်ဘူးဆို၊ ဆဲတာတော့ နားလည်သလား ဟင်"

ကျွန်တော် ကုလားကို ထိုးနှင့်နှစ်ချက်သုံးချက် ထိုးပါသည်။

ထိုခေတ်က (ယခုလည်း ထိုခေတ်အတိုင်းလိုလိုပင်) ကုလားစကားမတတ်လျှင်၊ လူရာမဝင်ဟု အယူရှိကြသည်။ ကျွန်တော့်၌လည်း ဝံသာနုအဆိပ်တက်နေသောကြောင့် မြန်မာပြည်၌ ကုလားစကား ပြောတတ်မှ လူရာဝင်ရတော့မည်ဆိုလျှင် ဘယ်တော့မှ လူရာထဲကို မဝင်တော့ပြီဟု သန္နိဋ္ဌာန်ချထား၏။ ထိုသန္နိဋ္ဌာန်၏ အကျိုးဆက်ကြောင့် ယခုတိုင် ကုလားစကားကို လေးလုံးကွဲအောင် မပြောတတ်ပါ။

ဤနည်းနှင့်ပင် ကျွန်တော်လည်း မျိုးချစ်စိတ်ကလေး တန့်လန့်တန့်လန့်နှင့် ရန်ကုန်တွင် စာသင်ရပါသည်။ အမှန်မှာ ရန်ကုန်မြို့မကျောင်းတော်ကြီးဟူ၍ အမည်သာဟိန်းသော်လည်း ကျောင်းမှာ ကင်ဘယ်လိုင်း*ခေါ် ဂေါ်ရာစစ်တပ်များ ချထားသော စစ်တန်းလျားများသာဖြစ်လေရာ ကျွန်တော်တို့ကို မြို့မိမြို့ဖများက "နေချင်တိုင်းကျောင်းသား" ဟူသော ဘွဲ့ထူးဂုဏ်ဒြပ်တို့ဖြင့် ချီးမြှင့်တော်မူကြပါသည်။ ထိုခေတ်က အမျိုးသားကျောင်းဆိုသည်မှာ အစိုးရကျောင်းများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လေသောကြောင့် အမျိုးသားကျောင်းများ၏ မျိုးချစ်စိတ်ဓာတ် မည်မျှထန်ပြင်းသည် မထန်ပြင်းသည်ကို ရေချိန်ကိုက်ကြည့်ရန်အလို့ငှာ၊

* Campbell Lines



အစိုးရကျောင်းများနှင့်ချိန်း၍ ဘောလုံးကန်ခြင်းအားဖြင့် ပြည်တွင်းစင်ပွဲအစမ်း လေ့ကျင့်ခန်းများကို ကျွန်ုပ်တို့ မျိုးချစ်ကျောင်းသားများ လေ့ကျင့်ခဲ့ကြပါသည်။ နဖူးကွဲ၍ ဒူးပြဲရသော ထိုစိတ်ဓာတ်၏ အတွန်ကြောင့် ဂေါ်ရာတို့က မျက်စိစပါးမွေးစူးသောကြောင့် ကျွန်တော်တို့သည် ဂေါ်ရခါးစစ်တန်းလျားသို့ ပြောင်းရွှေ့ရပြန်ပါသည်။

သို့သော် မျိုးချစ်စိတ်ကား တက်ကြွလျက်ပင် ရှိပါသည်။ သို့ပေမယ့် တစ်ခါတစ်ခါ စဉ်းစားကြည့်မိသော ထိုစိတ်ဖြင့် ကိုယ်ကျိုးရှာရလျှင် အတော်ဝင်ငွေရဖြောင့်မည်ဟူသော သဘောကို တွေ့ရပါသည်။

များသောအားဖြင့် မြို့မကျောင်း၌ အလုပ်လုပ်သောဆရာတို့မှာ သပိတ်ဟူသော အစဉ်အလာနှင့်တကွ အမျိုးသားကျောင်းဟူသောရိုးရာကို တည်တံ့စေလိုသောသဘောဖြင့် အစစအရာရာ၌ အနစ်နာခံကာ ရာထူးကြီးငယ်စသော မျှော်လင့်ချက်တို့ကို စွန့်ပယ်၍ အလုပ်လုပ်သူချည်းသာဖြစ်ပါ၏။ ထို့ကြောင့် များစွာသောဆရာတို့မှာ သူတို့မိဘများထံမှ ဘန်ကောက်လုံချည်မှာပြီး ချွင် လကုန်လျှင် ပေါင်၍စားကြရသည်။ သို့ရာတွင် ထိုမျိုးချစ်ဆရာတို့၏ အရိပ်အာဝါသကြားထဲတွင် ယခုခေတ်အခေါ် အားဖြင့် ရွှေခိရေးအချောင်သမားများလည်း ပါပါသည်။ ဥပမာ ရှေ့နေစာမေးပွဲဝင်ရင်းနှင့် ခရီးသွားဟန်လွှဲ ကျောင်းဆရာလုပ်သောကျောင်းဆရာများလည်း ပါကြပါ၏။ တစ်နှစ်သော် ထိုဆရာ အမျိုးသားထဲမှ တစ်ယောက်သောဆရာသည် လခပြည့်ဝအောင်မရခြင့် အခြားသောဆရာများကို ခြိမ်းခြောက်ဟိန်းဟောက်ပြီးလျှင် ပြည့်တာပန်းများကို သွေးဆောင်၍ ကျောင်းဆရာသပိတ် ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



အသံမပေးဘဲ မှောက်လိုက်လေသည်။ ကျွန်တော်ကား ကျောင်းဆရာများ သပိတ်မှောက်သော်လည်း မိမိအရေးမဟုတ်။ အခြားကျောင်းသားများ ယောင်မှားသော်လည်း မိမိ၏အမှား အဖြစ်မခံနိုင်။ ထို့ကြောင့် ထိုနေ့က ကျောင်းသားပေါင်းနှစ်ရာ သုံးရာကျော်တို့တစ်ယောက်မှ ကျောင်းမတတ်သည့်နေ့တွင် မိမိတစ်ဦးတည်း ကျောင်းတက်လေသည်။

ကျွန်တော်၏အခန်းမှ လှမ်း၍ အသံဗလံများ ကြားလိုက်ရပါသည်။ လခမှန်မှန်မရသော သပိတ်ခေါင်းဆောင်ဆရာသည် ဆရာကြီး ဦးရွှေဇင်အား ကြိမ်းမောင်းနေသည်။ "အမျိုးသား အမျိုးသားနဲ့ ဗိုက်ထဲမှာ အစာမရှိတော့ ဘယ့်နှယ်လုပ် ဝံသာနုရမလဲ" ခင်ဗျားကြီး ရှီးတီးရားတားမလုပ်နဲ့၊ "စီအင်အီး*" ဆီက ပိုက်ဆံရအောင်တောင်းပါ။ အဘိုးကြီးက အေးအေးနဲ့ ပျော့စိစိလုပ်ရင်မရဘူး။ အခုကြည့်စမ်း ကျောင်းဆရာတွေရော ကျောင်းသားတွေရော ကျွန်တော်က မှောက်ဟေ့ဆိုရင် အကုန်မှောက်တာပဲ" ဟူ၍ ကြိမ်းမောင်းရင်း ဆရာကြီးအခန်းမှ ထွက်လာလေသည်။

"မှောက်တော့ဟေ့ဆိုရင် အကုန်မှောက်ရမယ်ဟေ့။ မင်းက ဒီမှာ ဘာလုပ်မမှောက်ရတာလဲ"

ထိုစကားမှာ ဦးရွှေဇင်အား ကြိမ်းမောင်းရင်း ကျွန်တော့်ကိုပါ တစ်ဆက်တည်း ကြိမ်းမောင်းလိုက်သော အသံဖြစ်လေသည်။ ကြိမ်းရုံမက သူက ကျွန်တော့်ကို ရိုက်မောင်းပုတ်မောင်းလုပ်ရန် ဟန်ပြင်ပါသေးသည်။

ကျွန်တော့်မှာ အတော်အံ့အားသင့်သည်။ ထိုဆရာသည် အခန်းထဲ၌ မျိုးချစ်စိတ် ဝံသာနုစိတ်ဟူသော စကားကို အများဆုံး

* C.N.E = Council of National Education



သုံးသူဖြစ်သည်။ သို့သော် သူပိုက်ဆံရရာရကြောင်းအတွက် ဝံသာနုနည်းကိုသုံး၍ နောက်လိုက်စုထားခြင်းဖြစ်လေသည်။ ထိုနည်း၏ အကျိုးအာနိသင်ကြောင့် သူ့အတွက် လခကို ဘိုင်ကျနေသော အခြားအနစ်နာခံကြရသူ ကျောင်းဆရာများက စုဆောင်း၍ ပေးရသည်။ သူ့လခ အပြည့်အဝရမှပင်လျှင် နောက်တစ်ရက်တွင် သည်သူမျှ မသိလိုက်သော သပိတ်ကြီးလည်း ပန်လန်လက်ပြီးလျှင် ပတ်လက်လန်လေသတည်း။

သည်လိုမျိုးချစ်စိတ်မျိုးနှင့် ကိုယ်ကျိုးရှာရလျှင် ပိုက်ဆံရနိုင်သည်တကား။ သို့ရာတွင် ကျွန်တော်မှာ ဤမျှစိတ်ကူးပေါက်မိသော်လည်း တကယ်တမ်းအားဖြင့် လုပ်ဝံ့လောက်အောင် သတ္တိရှိသည်မဟုတ်သောကြောင့် ကျွန်တော်၏ နောင်တော့်နောင်တော်များသာလျှင် နေရာတကာ၌ ထိုနည်းဖြင့် အတော်ပွနေကြသည်ကို ကြည့်ရင်း သွားရည်ကျရုံသာ ကျဝံ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ ကျွန်တော်နှင့်တကွသော ပင်ကျောင်းတည်းထွက်သမားတို့၌ မျိုးချစ်စိတ်သည် ဒီရေအလားသို့ တက်လျက်ရှိကြပါသည်။ ကျွန်တော်တို့ခေတ်အခေါ်အားဖြင့် ယူနီဗာစီတီ ကောလိပ်သိပ္ပံကျောင်းတော်ကြီးဟုတွင်သော တက္ကသိုလ်သို့ရောက်သောအခါ ကျွန်တော်တို့တွေ့မှာ ရေတက်ချိန်းပင် ရှိပါသည်။ ထိုစဉ်က အမျိုးသားကျောင်းများမှ ကောလိပ်သို့ရောက်သော ကျောင်းသားဦးရေမှာ လူနှစ်ဆယ် အစိတ်မျှသာ ရှိမည်။ နောင်သော် တဖြည်းဖြည်းနှင့် လူများလာလေလေ ထိုအသားဒီရေလည်း တက်လာလေလေဖြစ်သောကြောင့် ခရစ်နှစ် ၁၉၃၆ ခုနှစ်တွင် ရေလျှမ်းမိုးလေသည်။ ရေလျှမ်းမိုးခြင်း၏ အကြောင်းများအနက် မထင်ရှားသော်လည်း အလွန်အရေးပါ

www.burmeseclassic.com

www.burmeseclassic.com



သော အကြောင်းတစ်ရပ်မှာ ကောလိပ်ကျောင်း၌ အလွန်ကူးစက်တတ်သော မျိုးချစ်စိတ်ကျရောက်ခြင်း ဖြစ်လေသည်။

၁၉၃၀ ပြည့်နှစ်တွင် မျိုးချစ်စိတ်၏ အဖျားဒီဂရီသည် တရာ့တစ် တစ်ရာ့နှစ်လောက်ရှိမည်။ အမှန်းပြောရခြင်း ဖြစ်ပါသည်။ ထိုစဉ်က အဖျားသွေးကို ချိန်မကြည့်မိလိုက်ပါ။ သို့သော် ဘယ်နည်းနှင့်မဆို တစ်ရာ့တစ်အောက်သို့ လျော့မည်မထင်ပါ။ ထိုအတွင်း သခင်ဘသောင်းက ဒို့ဗမာဟူသော တက်စာကို ကျွန်တော်တို့အား ကျွေးပါသည်။ ထိုတက်စာစားမိသူတိုင်းမှာ ဒီဂရီတစ်ရာ့လေးမှ ဒသမငါးပင်လျှင် စွန်းသွားရပါသည်။ ထိုမျှမျိုးချစ်ငန်းဖမ်းပြီလား ဆိုလျှင် ကျွန်တော်တို့ လူမမာတတွေမှာ "သခင်မျိုးဟေ့ ဒို့ဗမာ" ဟူ၍ ကယောင်ကတမ်း ထ,အော်မိပါသည်။ အော်ရသည့် အရသာမှာ အတော်ကောင်းပါ၏။ ယခုတိုင် အော်ကြည့်မိသည့်အခါတိုင်း ကြက်သီးမွေးညင်း ထမိပါ၏။ အထူးသဖြင့် ဒို့ဗမာသီချင်းကို ဆိုလိုက်လျှင် ငှက်ဖျားတက်သကဲ့သို့ တစ်ကိုယ်လုံး ဖိမ့်ဖိမ့်တုန်သွားရပါသည်။ အမှန်အတိုင်း ဖွင့်ပြောရလျှင် ယခုတိုင်ပင် ထိုသီချင်းကလေးကို သာယာမိပါသည်။

ထိုအတွင်း သခင်ဘသောင်းသည် မျိုးချစ်စိတ်ထကြွဖွယ်ရာစာပေတို့ဖြင့် လက်သံပြောင်ပြောင် အသုံးတော်ခံပါသည်။ ယခုကာလ သခင်စိုး၏ အလံနီစာတမ်းတို့ထက် စာပေအရသာ မြောက်ပါသည်။ အမှန်မှာ သခင်စိုး၏ လက်သံသည် စိန်ပေဒါကြီး မရှိသည့်နောက် ဆရာဦးဘမောင်၏ ဆိုင်းဝိုင်းကဲ့သို့ပင် ဖြစ်ပေသည်။ စင်စစ်သော်ကား သခင်စိုးသည် ထိုအခါက သခင်ဘသောင်းထံ၌ သင်တန်းတက်ရင်းနှင့် တော်လှန်ရေးပထမသင်ခန်းစာကို သခင်ဘသောင်းအပေါ်၌ လက်တွေ့စမ်းသပ်ခဲ့ဖူး



သည်မဟုတ်လော။

ဤနည်းဖြင့်လျှင် ကျွန်တော်နှင့်တကွသော အပေါင်းပါ တက်လူတို့မှာ တစ်ဖက်သားကို ဆဲရသော မျိုးချစ်စိတ်ဓာတ်၏ အရိပ်အာဝါသအောက်တွင် တဖြည်းဖြည်းဖွံ့ဖြိုး၍ လာရပေသတည်း။

သို့ရာတွင် ဆရာစံသူပုန်ပြီးသည့်နောက်အဖို့၌ကား အဆဲသမား မျိုးချစ်တက်လူတို့မှာ အလုပ်သမားမျိုးချစ်ပုဂ္ဂိုလ်ဘဝသို့ ရောက်ခဲ့ရလေသည်။

ကျွန်တော်သည် အောင်ဆန်း၊ သခင်ဘဝနှင့် ပြောဟောခဲ့သည်ကို မကြားမနာခဲ့ရဖူးသော်လည်း ဝံသာနုရက္ခိတသမားပီပီ အလုပ်လုပ်ခဲ့သည်ကိုမူ တွေ့ခဲ့ရဖူးပါသည်။ ထို့ကြောင့် မိမိထက်ငယ်သော်လည်း အကြည်ညိုကြီး ကြည်ညိုခဲ့ပေသည်။ နိုင်ငံရေးနယ်ထဲတွင် အောင်ဆန်း ကျက်စား၍ နေသောအခါ အကျွန်ုပ်ကား သခင်တွေနှင့် မိတ်မပျက်ဘဲ ကျွန်အလုပ်လုပ်နေရသောအခါကြီး ဖြစ်ပေသည်။ သို့ရာတွင် ကျွန်ုပ်တွင်း၌ နစ်ခဲ့စဉ်က ရရှိသော တရားထူးတစ်ခုမှာ သခင်မှန်သမျှ အမျိုးနှင့်တိုင်းပြည်အတွက် ကျွန်ခံသည့်တစ်နေ့တွင် လွတ်လပ်သော လူမျိုးအနေဖြင့် မြန်မာပြည်ကောင်းစားရမည်ဖြစ်သည် ဟူသော သဘောတရားပင်သည်။ သို့သော် ယခုကာလပေါ် နိုင်ငံရေးပါရဂူတို့က ဤတရားကို ခေတ်နောက်ကျပြီဟု ဆိုကြလေမလား။

တစ်နေ့သော် အောင်ဆန်းသည် စကော့ဈေးစာအုပ်ဆိုင် င်ဆိုင်မှထွက်၍ စကော့ဈေးလက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လေသည်၊ အောင်ဆန်းကား ထိုစဉ်က ဂျပန်ပြန်စက ခေါင်းတုံး ဆံထောက်မျိုးဖြင့် ခေါင်းတွင် တန်ဆာဆင်ထားသည်။ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွေ့လျှင်တွေ့ခြင်း-

"ဘယ့်နှယ်- ကိုယ့်လူ ဘာအကြံများ ထုတ်နေသလဲ" ဟု မေးသည်။

"ဟဲ ဟဲ ဟဲ" ဟု သူက ပြောရင်း သွားပြအောင် ရယ်လိုက်သည်။

"ဟဲ ဟဲ ခရုမှာလဲ အဆံနဲ့၊ လူမှာလဲ အကြံနဲ့ပေါ့ဗျာ" ဟု ဆက်၍ ကျွန်တော့်အမေးကို ပြန်ဖြေသည်။

ကျွန်တော်တို့နှစ်ယောက်သား စကားဆက်မပြောဘဲ လက်ဖက်ရည်သောက်ကြသည်။ ပြီးသော် ကျွန်တော်က အလိုက်သိစွာဖြင့် လက်ဖက်ရည်ဖိုး ပိုက်ဆံပေးသည်။

ထိုစဉ်က လွတ်လပ်ရေးဟုပြော၍နေသော်လည်း ဒီလွတ်လပ်ရေးက ဘယ်ချောင်က ပေါ်လာမှာတုန်း။ လွတ်လပ်အောင်လုပ်မှ လွတ်လပ်မည်။ ဘယ်လိုလုပ်ကြမလဲ။ ခံချရမလား။ ဘယ်သူက ခံချပါ့မတုန်း။

ကျွန်တော် ရန်ကုန်ကနေ၍ ဟင်္သာတသို့ ပြန်သောအခါမှ အဖြေမှန်ထွက်လေသည်။ အကြောင်းမူကား ဟင်္သာတ ရာဇဝတ်ဝန်သည် သခင်အောင်ဆန်းတည်းဟူသော ဝရမ်းပြေးအား ဆုတော်ငွေငါးကျပ် ထုတ်လိုက်ပြီဖြစ်သောကြောင့်တည်း။

ဤသို့လျှင် မျိုးချစ်စိတ် ကန့်လန့်ကန့်လန့်နှင့် ကျွန်တော်သည် နိုင်ငံရေးသမားများနှင့် ထွေးလုံးရစ်ပတ်ဖြစ်ရပြီးလျှင် စစ်ကြီးအတွင်း၌ ငယ်သိငယ်ပေါင်းမိတ်ဆွေဟောင်းများနှင့် ရန်ကုန်မြို့တွင် ပြန်ပေါင်းထုတ်ရလေသည်။

ဂျပန်ခေတ်ရောက်ခါမှ လွတ်လပ်ရေး၏ အရသာပေါ်သည်။ အဘယ်ကြောင့်ဟူမူ ကျွန်တော်တို့ မလွတ်လပ်သောကြောင့်



ဖြစ်သည်။

အင်္ဂလိပ်လက်ထက်က 'လွတ်လပ်ရေး' 'သခင်ဘဝ' သဘောဖြင့် အဘယ်မျှပင်ပြောသော်လည်း လွတ်လပ်ရေးကို ဟုတ်တိတောက်တိ ပေးလျှင် လိုချင်ကြမည်မဟုတ်။ ယခု ဂျပန်ကဝင်၍ အုပ်မှ လွတ်လပ်ရေးကို တကယ်တောင့်တကြသည်။ ထို့ကြောင့် ဂျပန်ဝင်စက အစပြု၍ ဂျပန်ကိုချဖို့သာလျှင် ကျွန်ုပ်တို့တတွေ စိတ်ကူးပေါက်မိကြသည် မဟုတ်ပါလော။

ဂျပန်ကိုခံချမည်ဖြစ်သော သူတို့လည်း ပြေးပေါက်ရှာနေကြ၏။ ဂျပန်ဓားအောက်၌ အလုပ်လုပ်ရသည်မှာ အလွန်တွင်သည်။ သိုက်သိုက်မြိုက်မြိုက်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ပြီးလျှင် တစ်စိတ်တည်း တဝမ်းတည်းဖြစ်သောကြောင့် အလုပ်လုပ်ရသည်မှာ ပျော်ဖို့သာ ကောင်းတော့သည်။ သို့သော် ဂျပန်ကို ခံချဖို့ကိစ္စမှာ တွေးကြည့်သော် အလွန်ကြောက်စရာကောင်းသည်။

မည်မျှပင် ကြောက်စရာကောင်းစေကာမူ မျိုးချစ်စိတ်သည် ကျွန်ုပ်တို့အား ရဲဆေးထိုး၍ ပေးနေလေရာ ထိုစိတ်ဖြင့် ခေါင်းညွတ်ကွင်းက လွတ်ကင်းအောင် ရုန်းခဲ့သည်။

ဤသို့ လွတ်အောင်ရုန်းခဲ့ရာတွင် ကျွန်ုပ်တို့သည် အမျိုး၏ အနုအညှောင့်ဖြစ်ကုန်သော သူတို့၏ အသက်သွေးခဲတို့ကို လွတ်လပ်ရေးယဇ်ပလ္လင်၌ ပူဇော်ခဲ့ရလေသည်။ ထိုစဉ်က ကျွန်တော်သည် 'အာဇာနည်မိခင်' ပြဇာတ်ကို ရေးရင်း ဂျပန်အပြေး၌ မြန်မာပြည်တွင် အာဇာနည်မိခင်များ ကျန်ရစ်ခဲ့မည်ကို မျှော်တွေးမိသည်။ ယင်းသို့ မျှော်တွေးရာတွင်မှ ဂျပန်များပြေးကြသောအခါ အကျွန်ုပ်၏ တော့းလုံ့ရှင်မိခင်ဖခင်တို့မှာ အာဇာနည် မိခင်ဖခင်ဖြစ်ရသည်ကို ကိုယ်တွေ့ကြုံရလေသည်။ ကျွန်ုပ်၏ညီငယ်သည် ကျွန်ုပ်လွတ်လပ်

www.burmeseclassic.com

www.burmeseclassic.com



သော မြန်မာလူမျိုးဘဝသို့ ရောက်ရန်အတွက် အသက်ကိုပေးခဲ့လေ ပြီ တကား။

သို့သော် အမှန်မှာ သူ့အတွက် အကျွန်ုပ်သည် လက် မောင်းပင်လျှင် ထ၍ခတ်လိုသည်။ သူ့အသက်ကို ပေးခဲ့သော ကြောင့် ကျွန်ုပ်၏ရင်တွင်းမှ ရှိရင်းစွဲမျိုးချစ်စိတ်တို့မှာ သူထားရှိ သော မျိုးချစ်စိတ်တို့နှင့် ပေါင်းစပ်၍ သွားရပြန်ပြီတကား။

ဗိုလ်ချုပ်ဆုံးသောနေ့၌ ကျွန်တော်သည် မိုးရွာထဲတွင် မော်တင်လမ်းမှသည် အသံလွှင့်ရုံသို့ တစ်ကိုယ်တည်းခြေလျင် လျှောက်ပြန်ရင်း၊ တောင်မြောက်လေးပါးတို့ကို တွေးမိသည်။ ကျွန်တော်၏ညီငယ်သည် သစ္စာဖောက်သော ဗမာတစ်ယောက်၏ လက်ချက်ကြောင့် ဂျပန်အသတ်ခံရသည်။ သတ်သူမှာ ဂျပန်ဖြစ် သောကြောင့် တော်ပါသေး၏။ ဗိုလ်ချုပ်သည် သစ္စာဖောက် ဗမ တစ်ယောက်၏ လက်ချက်ကြောင့် ဗမာအသတ်ခံရသည်။ ဩ . . . ချစ်လိုက်ရတဲ့အမျိုး သည်အမျိုးကိုမှ ချစ်မိရပလေ။ ယခု အခါ ဗိုလ်ချုပ်ကိုနိူး၍ရလျှင် နိူးပြီးမေးလိုက်ချင်စမ်းသည်။ အမျိုးက ချစ်သေးသလား။

မမေးနှင့်တော့၊ မမေးနှင့်တော့။ ဗိုလ်ချုပ်နိုးလာလျှ "ချစ်သေးတယ်" ဟူ၍ပင်လျှင် ဖြေဦးမည်။

ဗိုလ်ချုပ်အသတ်ခံရသည့်နေ့မှစ၍ ကျွန်ုပ်၏ညီသည် တစ်ဖန် ပြန်၍ရှင်လာပြီးလျှင် ဗိုလ်ချုပ်သည်လည်း ဘယ်နံရေ အခါမှ မသေတော့ချေ။

သူတို့၏ ကျေးဇူးကြောင့် ကျွန်တော်သည် ၁၉၄၈ ခုနှ ဇန်နဝါရီလ ၄ ရက်နေ့တွင် အင်္ဂလိပ်၏ ကျွန်ဘဝမှ စုတေစိတ်ကျ ၍ မြန်မာ ကျွန်ဘဝ၌ ပဋိသန္ဓေတည်ခဲ့ရလေသည်။ အချို့သေ



စီ ဆရာတို့က လွတ်လပ်သောနေ့တွင် အပျော်ကြီးပျော်သည်ဟု ဆိုသည်။ ကျွန်တော်ကား ပျော်လည်းမပျော်။ ဝမ်းလည်း နည်း၊ ရှေ့အဖို့၌ ကျွန်ခံ၍လုပ်ရမည့် အလုပ်များကိုသာလျှင် ခုပြီးတစ်ခု တွေးမိလေသည်။ လွတ်လပ်သော လူမျိုးတစ်မျိုး နေနှင့် ပွဲလယ်တင့်အောင် အလုပ်လုပ်ရမည်။ ယခုမှ ထိုအလုပ် ကို ရတော့မည်။

မျိုးချစ်စိတ်ဆိုသဟာလည်း ယခုမှ အစပြုရပေတော့မည်။

သို့သော် ခဏဆိုင်းပါဦး။ ခဏဆိုင်းပါဦး။ သိပ်ပြီး လော ကြီးစမ်းပါနှင့်။ နားထောင်စမ်းပါ။ ဟို ရန်ကုန်မြို့မြောက်ဘက်က သံပါလိမ့်။

ဒိန်း ဆိုသည့် အသံကတော့ စိန်ပြောင်းအသံဖြစ်ပါသည်။ ဒိုင်း ဆိုတာတော့ ရိုက်ဖယ်သံပါပဲ။ ဒက် ဒက် ဒက် ဒက် ဆိုသည်မှာ တ်သေနတ်သံ ဖြစ်ပါသည်။

သို့ဖြစ်လျှင် ဘယ်သူက ဘယ်သူ့ကို ဘာကြောင့် ပစ်ခတ်ပြု နေကြပါသတုန်း။

သည်လိုလေ-သည်လို သည်လို။ ကျွန်တော်တို့က မျိုးချစ် ယ်တွေချည်းပဲ ဖြစ်လေတော့ ကျွန်တော်တို့ မျိုးချစ်တွေ ဆင်းရဲ ည်ကို မကြည့်ရက်နိုင်သောကြောင့်၊ မျိုးချစ်ပုဂ္ဂိုလ်အချင်းချင်းတို့ ည် ဆင်းရဲခြင်းမှ ချုပ်ငြိမ်းရာအရပ်သို့ အလျင်အမြန်ရောက် အောင် တစ်ယောက်တစ်လှည့်စီ ပို့ပေးနေခြင်း ဖြစ်ပါသည်။

ဩော် . . . လက်စသတ်တော့၊ မျိုးချစ်စိတ်တွေ ပေါက်ကွဲ နေတာပါကလား။

ဘုရား၊ ဘုရား၊ အစိန္တေယျ၊ အပ္ပမေယျ၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မျိုးချစ်စိတ်

www.burmeseclassic.com

www.burmeseclassic.com



အစသည် မျိုးချစ်စိတ်၏အဆုံး မဖြစ်ပါရစေနှင့် အရှင်ဘုရား။

(ရှုမဝ၊ နိုဝင်ဘာလ၊ ၁၉၄၈)

# မြန်မာ့အောင်ဆန်း (ပထမပိုင်း)

[illegible]န်တော်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ငယ်ပေါင်းမဟုတ်။ [illegible]တော် ဖြစ်သည်။

သူနှင့်ကျွန်တော် နှစ်ဦးသား တစ်ဦးနှင့်တစ်ဦး အသီး [illegible]ခြား ကြီးပြင်းလာခဲ့ကြသည်။ သူ၏ရေမြေနှင့် ကျွန်တော်၏ [illegible]မြေတို့ကား တစ်ခြားစီ။ ဗိုလ်ချုပ်က သူမွေးဖွားရာ ဒေသတစ်ခွင် [illegible]ခြေလတ်ဟုဆို၏။ သို့သော် ကျွန်တော်တို့ အောက်သားများအဖို့ [illegible]မောက်သည်လည်း အညာပင်ဖြစ်၏။ အညာဒေသ၏ ပထဝီ [illegible]ခြင်အရ ဗိုလ်ချုပ်၏ တော, တောင်, စိမ့်, စမ်း, မြိုင်, လျို [illegible]ည့် ပတ်ဝန်းကျင်သြကာသာလောကမှာ ထူးဆန်းထွေလာ, [illegible]မွေ့ရာဖြစ်လိမ့်မည်ဟု ကျွန်တော် ခန့်မှန်းမိ၏။ အကြောင်း [illegible]တမူကား ကျွန်တော်မွေးဖွားရာ အောက်အရပ် မြစ်ဝကျွန်း [illegible] ဒေသဟူသည်မှာ ပင်လယ်၊ မြစ်၊ ချောင်း၊ လမုပင်၊ လဟာပြင် [illegible]သော ရှုမျှော်ခင်းကို တန်ဆာဆင်ထားလေရာ မည်သည့်အရပ် [illegible]ကြည့်ကြည့်၊ ပတ်ဝန်းကျင်သြကာသလောကကြီးသည် စိမ်းလဲ့

www.burmeseclassic.com



သော တောတန်းတည်းဟူသော မျဉ်းဖြောင့်တစ်ခုအပေါ်၌ အုပ်၍
နေသော မိုးကုပ်စက်ဝိုင်းတစ်ခုမျှသာဖြစ်၍ ငြိးငွေ့ဖွယ်ရာဖြစ်
သောကြောင့်တည်း။

သို့သော် ကောင်းကင်မှ မိုးကုပ်စက်ဝိုင်းနှင့် မြေကြီးမှ
တောတန်းကလေးတို့ နှစ်ဦးသားဆုံမိကြသည့် ပုံပမာလို၊ သူ၏
ဘဝသံသရာနှင့် ကျွန်တော်၏ ဘဝသံသရာတို့သည် ၁၉၃၂ ခုနှစ်
တစ်ဝိုက်ဆီလောက်တ တက္ကသိုလ်သမဂ္ဂ ဆံပင်ညှပ်ဆိုင်၌ ဖူးစာ
ဆုံစည်းမိကြလေသည်။

ယင်းသို့လျှင် သူနှင့်ကျွန်တော်မှာ ကျောင်းသားကြီးအရွယ်
သို့ ရောက်ကြမှပင် အဆွေခင်ပွန်းဖြစ်လေသောကြောင့် ကျွန်တော်
တို့ နှစ်ဦးသားကို ကြီးဖော်ဟူ၍ ခေါ်နိုင်ပေသည်။

သို့သော် နှစ်ဦးသားမှာ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီး
လာလေလေ၊ တစ်ဦးပေါ်တစ်ဦး မြုံစိစိ နိုင်လေလေဖြစ်၍ တစ်ခါ
တစ်ရံ ကျွန်တော်ကိုယ်တိုင်ကပင်လျှင် 'သူ၏ရင်းနှီးသော မိတ်ဆွေ
ဟုတ်ပါလေစ' ဟု သံသယဖြစ်မိသည်။ သို့သော် လူရှင်းသောအချိန်
တွင် နှစ်ယောက်ချင်းဆုံကြသောအခါ ကျွန်တော်၏ သံသယတို့မှာ
ရှေးဟောင်းနှောင်းဖြစ်တို့ကို အမြွင်မပြတ်ပြောကာ ခင်မင်ရင်းနှီးမှု
ကိုပြသော ဗိုလ်ချုပ်၏စကားများထဲတွင် အရည်ပျော်၍ကျလေ
တော့သည်။

ထိုသို့သောအခါများတွင် ကျွန်တော့်စိတ်ထဲ၌ 'ကြီးမှ
ပေါင်းကြရသည့် ကျောင်းနေဘက်ချင်းဖြစ်စေကာမူ၊ သင်း စိတ်
မပြောင်းပါကလား' ဟု တွေးတောကာ တိတ်တိတ်ချီးကျူးမိသည်။

သို့ရာတွင် သူ ကျွန်တော်တို့အပေါ် စိတ်မပြောင်းလေလေ
ကျွန်တော်တို့က သူ့ကို အမျိုးသားခေါင်းဆောင်အဖြစ် ပို၍ သိ



...ရှုလေဖြစ်သည်။

ကျွန်တော်သည် နေ့ရက်အတိအကျတို့ကို ကောင်းစွာ
...ခဲ့၊ ရှေးနှောင်းအစီအစဉ်တို့ကိုလည်း သတိမရ။ သို့သော်
...ပျတ်ခဲ့သောအကြောင်းချင်းရာတို့ကား၊ မနေ့ကမှ ဖြစ်ခဲ့သလို
...၊ အတိတ်ကာလသည် ကျွန်တော့်ရှေ့တွင် အထင်အရှားဇာတ်စုံ
...င်းလှက်ပြနေသည်။ ၁၉၃၁-၃၂ တခိုလောက်က၊ အောင်ဆန်း
...ဆို ကျောင်းသားတစ်ဦးသည် ရန်ကုန်တက္ကသိုလ်၏ အရိပ်
...ာဝါသကို ခိုလှုံလာသည်ဟု ကျွန်တော် ကြားရသည်၊ သို့သော်
...့တို ကျွန်တော် မတွေ့ဖူးသေး။ အောင်ဆန်း ဘိုသိဘတ်သိနိုင်ပုံ
...တင်းကား မွေးစပြုလာပြီ။ သို့သော် ကျွန်တော့်အဖို့ ထိုကိစ္စသည်
...ူးဆန်း။ အောင်ဆန်းထက် ဘိုသိဘတ်သိနိုင်သော တက်ထွန်းနှင့်
...န်တော်ဖက်မိသည့်နောက် အောင်ဆန်း ဆိုသည်မှာ တက်ထွန်း
...တ် 'ဂွ' မကျဟု ကျွန်တော် တထစ်ချယုံကြည်သည်။

သို့သော် တစ်နေ့သောအခါ တက်ထွန်းထက်ပင် တစ်မျိုး
...စ်ပုံထူးဆန်းသောသတ္တဝါကလေးတစ်ခုသည် တက္ကသိုလ်ကျောင်း
...ို့ မလှုပ်မရှက်နှင့် ရောက်လာသည်။

ထိုသတ္တဝါမှာ အခြားမဟုတ်၊ သိန်းတင် ခေါ် ညိုမြ ဖြစ်
...ည်။ ညိုမြ၏ညီအစ်ကိုတစ်စုမှာ ကျွန်တော်နှင့် အသိချည်းလိုလို
...င် ဖြစ်သည်။ သူ၏အစ်ကို ကိုစိုးတင့်မှာ ဘိလပ်သွားခါနီး၊ သထုံ
...ောင်းဆောင်ရှိ ကျွန်တော့်အခန်းထဲတွင် ကျွန်တော့်ဘောင်းဘီနှင့်
...ည်စီးကို ကျေမွအောင်ဝတ်ဆင်၍ မျောက်က ကခဲ့သူဖြစ်၏။
...ူ၏အစ်ကို တက်ထွန်းဆိုသည်မှာလည်း ကျွန်တော့်စားပွဲကို မမိန်
...န်ဆေးပေါ့လိပ်နှင့် ဆောင့်၍ထိုးခဲ့သူဖြစ်၏။ သူတို့ညီအစ်ကို
...စု ကျွန်တော်ကို ဤမျှညည်းခဲ့ပြီးသည့်နောက် အားမရသေးသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပေလောမသိ၊ အစ်ကိုလုပ်သူတို့က ညီငယ်မောင်သိန်းတင်ကို ကျွန်တော့်ထံ ခေါ်လာပြန်သည်။ ထို့ကြောင့် ကျွန်တော့်အခန်းမှာ ဆေးပေါ့လိပ်ပြာပုံအတိ ဖြစ်ခဲ့ရလေသည်။

ထိုမျှနှင့်မပြီးသေး။ ညိုမြသည် တစ်နေ့သော် သူ၏သူငယ်ချင်းအောင်ဆန်းကိုတွေ့ရအောင် ကျွန်တော့်အား တက္ကသိုလ်သမဂ္ဂဆံပင်ညှပ်ဆိုင်သို့ခေါ်သွားသည်။ ရှုလော့။ ဤသူကား အောင်ဆန်းတည်း။

ပါးရိုးငေါငေါ၊ မေးရိုးခိုင်ခိုင်၊ မျက်မှောင်ကုပ်ကုပ်၊ ဆံပင်စုတ်ဖွား၊ ရှူကား သိုးသိုး။

အောင်ဆန်းနေသောအခန်းသည် တက္ကသိုလ်သမဂ္ဂဆံပင်ညှပ်ဆိုင် နောက်ဆွယ်အခန်း ဖြစ်သည်။ ဆံပင်ညှပ်ဆိုင်နှင့် နီးလွန်းအားကြီးသောကြောင့် သူ၏ဆံပင်ရှည်နေခြင်း ဖြစ်ဟန်တူ၏။

သူ့ဆံပင်သည် ဆီနှင့်ဘီးကို တွေ့ဖူးဟန်မတူ။ မသကာ၊ တွေ့ဖူးသည်ဟု ဆိုဦးတော့ နောက်ဆုံးတွေ့သောအကြိမ်မှာ လွန်ခဲ့သော အသချေင်္ယ နှစ်ကပ်သုံးကပ်လောက်က ဖြစ်တန်ရာ၏။ ယင်းသို့ ကျွန်တော်ဆိုလျှင် ကဲ ပြောသည်ဟု အပြစ်တင်ခံရဖို့ရှိ၏။ သို့သော် သူ၏ ခေါင်းပေါ်ရှိ ငှက်သိုက်က ကျွန်တော်ကဲ၍ ပြောထိုက်ကြောင်း သက်သေခံလျက်နေဘိသို့။

အောင်ဆန်းသည် ရှပ်အင်္ကျီဆယ့်သုံးခွဲ၊ ဆယ့်လေးလောက်ကို ဝတ်နိုင်သူ ဖြစ်သည်။ သို့သော် သူကိုယ်ပေါ်က ရှပ်အင်္ကျီမှာ အနည်းဆုံး ဆယ့်ခြောက်လောက်ရှိလိမ့်မည်။ ရှိပေမှာပ။ သူဝတ်ထားသော အင်္ကျီက သူ့အင်္ကျီမှမဟုတ်ဘဲ။ သူဝတ်ထားသော အင်္ကျီမှာ ပြာနှမ်းနှမ်းအရောင် 'ယူတီစီ' ရှပ်အင်္ကျီဖြစ်၏။

လုံချည်မှာ ဘယ်လိုလုံချည်ဟု မမှတ်မိ။ ကျွန်တော်မှတ်မိ



ရွေ့မှာ သူ့လုံချည်သည် ငှားဝတ်ထားသော လုံချည်ဖြစ်ရမည်ဟု တွေးတောမိသည်ကိုသာ မှတ်မိပါသည်။ လုံချည်သည်လည်း ကောင်း၊ ယူတီစီရှပ်သည်လည်းကောင်း၊ ဆံပင်ငှက်သိုက်သည် လည်းကောင်း ကျွန်တော့်စိတ်ကို ထူးခြားအောင် ဘာမျှမဆွဲဆောင်နိုင်ခဲ့၊ လူထူးဟူ၍လည်း မထင်မြင်မိ။ ဂွစာဟူ၍လည်း မယူဆ။

သူ၏မရယ်မပြုံး မြဲစိစိအမူအရာနှင့် ရှုသိုးသိုးအကြည့် နောက်မှာ မနောက်ဘဲကြည်သောဓာတ်တစ်ခုရှိလိမ့်မည်ဟူ၍ကား အတွေးခတ်မိ၏။

အမှန်မှာ သူ၏ရှုသိုးသိုးသည် ချစ်ရတော့မည့်ပုံလို၊ အမြင်ဆပ်ရတော့မည့်ယောင်ယောင်။

သို့သော် သူ၏ဖြူစင်သော မနောဓာတ်ကြောင့် အမြင်တတ်စရာဟု ကျွန်တော် သဘောမထားနိုင်။

ညိုမြနှင့်တွေ့စက ညိုမြကို ခင်မင်မိသလို အောင်ဆန်းအား ခင်မင်မိသည်။

ထို့နောက်ကား ကျွန်တော်သည် တက္ကသိုလ်မှ လွင့်ခဲ့ရပေသည်၊ သို့ရာတွင် တက်ထွန်း၊ ညိုမြ၊ ကိုဝန် စသည်တို့နှင့်ကား ပြောင်းနေစဉ်ကကဲ့သို့ပင် ဆက်သွယ်လျက်ရှိပေသည်။ ဤအတောအတွင်း အောင်ဆန်းနှင့် မေးပြောခေါ်ထူး အမှတ်မထင်ခဲ့သည်က များပေသည်။ သို့သော် အိုးဝေမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ လောကမဂ္ဂဇင်းတို့တွင် အရေးအသားချင်း ဆုံမိကြသည်။ ထိုစဉ် ညိုမြသည် ပုဒ်မငါးရာတစ်ဖက်တစ်ချက်ခြံရံသော ဆောင်းပါးများကို ရေးတတ်သည်။ ထို့ကြောင့် တစ်နေ့သော် အောင်ဆန်းသည် ညိုမြ၏ဒဏ်ကို မငြိုမငြင် ခံယူရရှာလေသည်။

ကျွန်တော်သည် တက္ကသိုလ်မှအနယ်နယ်သို့ ရွက်မပါ

www.burmeseclassic.com

www.burmeseclassic.com



သော လေှကဲ့သို့ လွင့်နေစဉ် တစ်နည်းအားဖြင့် အရာရှိလောကတွင် အကန်ခံရသော ဘောလုံးကဲ့သို့ လိမ့်နေစဉ် ညီမြကြ သူ၏ ဆောင်းပါးကြောင့် အောင်ဆန်းသည် ခေါင်းဆောင်ပီပီ ဒဏ်ခံယူလိုက်ကြောင်း စာရေးသား အကြောင်းကြားလေသည်။

ခေါင်းဆောင်အစစ်ဟူသည် နောက်လိုက်၏တာဝန်ကို ယူရဲရသည် ဖြစ်၏။

ဤအချက် တစ်ချက်နှင့်ပင် အောင်ဆန်းသည် ကျွန်တော်တို့၏ လူငယ်လှုပ်ရှားမှုကို ခေါင်းဆောင်နိုင်ရမည်မှာ ထင်ရှားပေသည်။

သို့သော် ထိုစဉ်က ကျွန်တော်တို့သည် အနာဂါတ်ကို လှမ်း၍ မမြင်နိုင်ကြသေး။

အောင်ဆန်းက လူငယ်များကို ခေါင်းဆောင်နိုင်ပြီဆိုပါတော့။ ခေါင်းဆောင်ပြီး ဘာလုပ်မလဲ။

အောင်ဆန်းနှင့် ကျွန်တော် တွေ့မိသည့်အခါတိုင်း 'ဘာလုပ်ကြမလဲ' ဟု ကျွန်တော် မေးကြည့်မိသည်။

သူက ပြုံးပြသည်။ ထိုအပြုံးသည် သူ၏ အဖြေပင် ဖြစ်ဟန်တူသည်။ သို့သော် ကျွန်တော် အကင်းမပါး။ မရိပ်မိခဲ့။

ကျွန်တော်တို့ စာပေသမားတစ်စုမှာ အတွေးအခေါ်အားဖြင့် တော်လှန်နေကြသူများ ဖြစ်၏။ သို့သော် လက်တွေ့သဘောကို ဘာမျှနားမလည်။ နိုင်ငံရေးကြိုးပမ်းမှုကို ကြိုးပမ်းမှုတစ်ရပ်အနေနှင့် သိ၏။ လှုပ်ရှားမှုကို လှုပ်ရှားမှုတစ်ရပ်အနေနှင့် လက်ခံ၏။ သို့သော် အဆောက်အအုံခိုင်မြဲနေသော ဗြိတိသျှအုပ်ချုပ်ရေး 'ကန်ကရိ' အုတ်ခုံကို အဘယ်ပုံ အမြစ်ကလှန်ကြရမည်နည်း။

တက္ကသိုလ်ကျောင်းတွင်နေစဉ်က ထိုပြဿနာကို မဖြေ



[illegible]၏၊ လောကလူ့ဘောင်တည်းဟူသော တက္ကသိုလ်ဝယ် ကျင်[illegible]ည်ရသောအခါမှ အဖြေကို ရေးတေးတေးမြင်မိ၏။

ကျွန်တော်အဖို့ အုပ်ချုပ်ရေးဆိုင်ရာ အရာရှိတစ်ဦးအနေနှင့် မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုတို့ကို ကိုယ်တွေ့ဆည်းပူးခွင့်ရရှိခဲ့ပေသည်၊ ဗဟုသုတကို လက်တွေ့ရှာကြည့်သည်တွင်မှ ဗြိတိသျှအုပ်ချုပ်ရေးအခြေခံတို့ကို ပြည်သူလူထု၏ ထင်မြင်ချက်နှင့် ဆန္ဒအရ တိုက်ဖျက်နိုင်ကြောင်း တွေ့ခဲ့ရပေသည်။

ထိုနည်းအရမှာ အောင်ဆန်း၊ မောင်နု၊ ဗစိန်၊ သန်းထွန်းသော လူငယ်ခေါင်းဆောင်တို့က နိုင်ငံရေးအရ ကြိုးပမ်းစဉ်၊ ကျွန်တော်တို့ကဲ့သို့သော ပြည်အစေခံများက စည်းလုံးညီညွတ်စွာဖြင့် ဗျူရိုကရေစီအခြေခံတို့ကို ဒီမိုကရေစီ အခြေခံများဖြင့် နှံ့ပေးနိုင်နည်း ဖြစ်လေသည်။

အထူးသဖြင့် ထိုစဉ်က ဟသ်ာတအရေးပိုင် ဦးကာစိသည် သူကြီးလက်စွဲကျမ်းတစ်အုပ်ဖြင့် မြန်မာနိုင်ငံအုပ်ချုပ်ရေးတိုးတက်ကောင်းမွန်အောင်လုပ်သော နည်းလမ်းများကို ကျွန်တော်တို့ကဲ့သို့ လူငယ်အရာရှိများအား လမ်းညွှန်ခဲ့ပေသည်။

အနယ်နယ်သို့ ရောက်ခဲ့စေကာမူ ကျွန်တော်တို့နှင့် တစ်ခေတ်တည်း ပေါ်ပေါက်လာသော လွတ်လပ်ရေးဗိသုကာတို့၏ သတင်းကို တမျှော်မျှော်နေခဲ့၍ သခင်ဘသောင်း၊ သခင်နု၊ သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ သခင်သိန်းဖေ၊ သခင်သိန်းမောင်၊ သခင်စိုး၊ သခင်ဗဆွေ စသော အမိမြန်မာပြည်၏ အဖူးအညောင့်များသည် ရဲဘော်ပီပီ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စခန်းသွားကြမည့်နေ့ကို ကျွန်တော်သည် သင်မရဖူးသေးသော အပျိုကြီး၏ စိတ်ကူးဖြင့် စိတ်ကူးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စိတ်ကူးသည် စိတ်ကူးတည်း။

လက်တွေ့လုပ်ငန်းသည် စိတ်ကူးနှင့် တစ်ခြားစီဖြစ်၏။

သို့ပါလျက်နှင့် စိတ်၏ဆွဲဆောင်ရာသို့ ပါပြီးလျှင် တစ်နေ့သောအခါတွင် အုပ်စုသူကြီးစည်းဝေးပွဲတစ်ခု၌ သူကြီးခေတ်ကုန်၍ တိုင်းသူပြည်သားတို့က ရွေးကောက်တင်မြှောက်သော ကျေးရွာခေါင်းဆောင်ခေတ်သို့ ရောက်ရမည်မှာ မလွဲတည်းဟု နိုင်ငံရေးဆန်ဆန် တရားကို ဟောမိပါသည်။

ကျွန်တော် ယခုပြန်ပြောင်း၍ တွေးလိုက်သည့်အခါ ကညင်ငူ၊ အင်ပင်၊ ကပ်ခို၊ သက်ကယ်တန်း၊ ညောင်ကျိုး၊ နောက်မီး၊ ရေလဲ၊ တပေကုလား၊ ကတုက္ကမ၊ မဲဇလီ၊ ဖက်ရဲ၊ တန်းလွဲရွာမ၊ ကင်းထောင့်ကြီး၊ ဖောင်းကား၊ ပဒင်းကျွန်း၊ ငမောက်ချောင်း စသော မြို့နယ်အသီးသီးတို့၏ ကျေးရွာအုပ်စုအသီးသီးတို့တွင် ကျွန်တော်နှင့် ဖူးစာဆုံခဲ့ရသည့် သူကြီးမင်းတို့ကို လာမည့်ခေတ်ပြောင်းခေတ်လွဲများအတွက် အသင့်ပြင်ရန် အချိန်တန်ပြီဖြစ်ကြောင်း၊ ရွာသူကြီးလက်စွဲကျမ်းက ညွှန်းဆိုထားသော ကျေးရွာပြုပြင်ရေးလုပ်ငန်းနှင့် တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်၍ တိုင်းသူပြည်သားတို့၏ ခေါင်းဆောင်ဖြစ်အောင် ကြိုးစားသင့်ကြောင်း ဟောကြားမိသည်ကို သတိရမိပါသေးသည်။

နိုင်ငံရေးလှုပ်ရှားမှုများ ပြင်းထန်လာလေလေ ကျွန်တော်လည်း အနာဂါတ်ကို တစ်သီကြီးမြှော်၍ ကြည့်မိလေလေ။ သို့သော် ထိုစဉ်က ကျွန်တော့်ကိုယ်ကျွန်တော် သနားမိခဲ့သေး၏။ အကြောင်းသော် တမူကား၊ ကျွန်တော် ပြောသမျှကို သူကြီးမင်းများ သဘောမပေါက်ကြသောကြောင့်တည်း။

သို့သော် ယနေ့အဖို့ကား ၎င်းတို့သည် သဘောပေါက်



သည့် တမလွန်တိုဘဝသို့ ရောက်ကုန်ကြပြီ ဖြစ်တန်ရာသည်။

ထိုခေတ်ကမူကား သူတို့ သဘောမပေါက်တိုင်း ကျွန်တော့်မှာ စိတ်ပင်ပန်းရပေသည်။

တစ်နေ့သော် စိတ်ခပ်ပျက်ပျက်နှင့်မို့ ဌာနဆိုင်ရာစာမေးပွဲအောင်လိုလည်းအောင်စေ၊ မအောင်လိုလည်းကျစေ။ စာမေးပွဲလည်းဖြေရင်း၊ ရန်ကုန်မြို့၌လည်း လည်ပတ်ရင်းဆိုသလို ကျွန်တော်သည် ရန်ကုန်မြို့သို့ ထွက်လာခဲ့လေသည်။

ရန်ကုန်သို့ရောက်လျှင် တက္ကသိုလ်ကျောင်းသားဘဝက သောက်ခဲ့ဖူးသော လက်ဖက်ရည်ဆိုင်သို့ အရင်ဝင်မိသည်။

ထိုလက်ဖက်ရည်ဆိုင်ကား စကော့ဈေးတွင်ရှိသည်။ ထိုဆိုင်တွင် ကျွန်တော် လက်ဖက်ရည်သောက်နေစဉ် အောင်ဆန်းသည် မလှမ်းမကမ်းမှ ဝင်လာသည်။ ဤအကြောင်းကို ကျွန်တော်တစ်ခါက ရေးသားခဲ့ဖူးပြီ။ ယခု ဒုတိယမ္ဘိ ထပ်မံရေးသားသောအခါ အောင်ဆန်းသည် ကတုံးဆံတောက်မကျတကျ၊ ဆံပင်တိုတိုညှပ်ထားသည်ကိုတွေ့ရ၍ အတော်ပင် သပ်သပ်ယပ်ယပ်ရှိပေသည်ဟု ချီးမွမ်းမိတော့သည်။

ကျွန်တော်သည် သူ့အား ရွှန်းရွှန်းစားစားကြည့်မိသည်၊

သူကား မတုန်မလှုပ်၊ စကားကို လေးလုံးပြည့်အောင် ပြောလိုသည့် လက္ခဏာမရှိ။ ကျွန်တော့်ရင်တွင်း၌ကား ထိုခေတ်သူငယ်စုတို့၏ လှုပ်ရှားမှုတို့ကို ခရေစေ့တွင်းကျ မေးကြည့်လို၏။ သို့သော် ထိုနေရာသည် မေးသင့်သောနေရာမဟုတ်။

အောင်ဆန်းကား ကြီးကျယ်နက်နဲသော အကြံတစ်ခုကို တွေးတောနေသည့်ပမာရှိ၏။ ထို့ကြောင့် မမေးထိုက်သည်ကိုပင် မေးမိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းကား ပြုံးဖြဖြနှင့် 'ခရုမှာအဆံ၊ လူမှာအကြံ' ဟူသော ဆောင်ပုဒ်ကို ကျွန်တော့်အား ပေး၏။

ကျွန်တော်သည် နေ့ရက်များကို မမှတ်မိ။ ရှေးနှောင်း အစီအစဉ်တို့ကိုလည်း မမှတ်မိ။ သို့သော် အကြောင်းချင်းတ အဖြစ် အပျက်တို့သည် အတိတ်ကာလတည်းဟူသော တင်းတိမ်အကြား ထဲမှ ကျွန်တော့်အား ယနေ့တိုင် ကိုယ်ထင်ပြလျက်ရှိသည်။

ကျွန်တော် ရန်ကုန်မှအပြန် ဟင်္သာတကိုဝင်၏။ ထိုအချိန် တွင် ဟင်္သာတမြို့ရပ်ကွက်တစ်ခု၌ မီးလောင်ပြီးစဖြစ်၏။ ကျွန်တော် ရောက်ချိန်တွင် အရေးပိုင်ဦးကာစိနှင့် ရာဇဝတ်ဝန်မစ္စတာ ဇေ ဗီယားတို့သည် မီးလောင်မြေကို သွားရောက်ကြည့်ရှုနေချိန်ဖြစ်၏။

ကျွန်တော်ကား ဦးကာစိကို ဝင်၍နှုတ်ဆက်ရန် မီးလောင် မြေသို့ သွားခဲ့၏။ ဦးကာစိနှင့်တွေ့ရ၏။ ဦးကာစိက ကျွန်တော့်အား မစ္စတာဇေဗီယားနှင့် မိတ်ဆက်ပေး၏။

ထိုမှတဖန် မိမိရုံးထိုင်ရာဒေသသို့ ထွက်ခဲ့ပြန်သည်။ များမကြာမီပင် ဟင်္သာတရာဇဝတ်ဝန်မစ္စတာဇေဗီယားဆိုသူမှာ အောင်ဆန်းအား ဆုငွေငါးကျပ်ထုတ်ခဲ့ဖူးသူဖြစ်သည်ဟု ကြားရ လေတော့သည်။

ဆုငွေငါးကျပ်ဆိုသည်မှာ ရယ်စရာ။

သို့သော် ကျွန်တော် မရယ်နိုင်ပါ။

အဘယ့်ကြောင့်မသိ၊ 'မနသေးသပ ချူထဲက' ဟူသော စိတ်မျိုး ပေါ်လာပါသည်။ မစ္စတာဇေဗီယားအပေါ် စိတ်ခုသော စိတ်မျိုးမဟုတ်ပါ။ သို့သော် အုပ်ချုပ်သူလူမျိုးကြီးက အုပ်ချုပ်ခံရသူ လူမျိုးကလေးတစ်မျိုးကို စော်ကားခြင်း ဖြစ်သည်ဟူ၍ကား စိတ်ထဲ တွင် 'တေး' မိသည်ကို ဝန်ခံလိုပါသည်။



မခံချင်သောစိတ်၊ အရှုံးမပေးလိုသော စိတ်၊ မှန်သည်ဟု ယူဆခိုသည် နှင့် တစ်ပြိုင်နက် တဇွတ်ထိုးလုပ်လိုသောစိတ်၊ ငါများ လျှင် ငါဆော်၊ သူများလျှင် သူကဆော်မည်ဟူသောစိတ်။ ထိုစိတ်တို့ ကြောင့် ကျွန်တော်သည် ရခိုင်ပြည်နယ်သို့ လွင့်ခဲ့ပြန်ပါသည်။

ထို့ကြောင့် အောင်ဆန်းနှင့် ကျွန်တော်မှာ မယ်တစ်ရွာ ဆောင်တစ်မြို့မှမက သူက မြောက်ဝင်ရိုးစွန်း ရောက်နေချိန်ဝယ်၊ ကျွန်တော်က တောင်ဝင်ရိုးစွန်းသို့ ရောက်နေဘိသကဲ့သို့ ရှိပြန်ပါ သည်။

သို့ပါသော်ငြားလည်း သူ့သတင်းကို နားစွင့်မိသည်။

ထိုစဉ်က ပုလိပ်ဌာနမှ မြန်မာတစ်ပြည်လုံးအတွက် နိုင်ငံ ရေးလှုပ်ရှားမှု အစီရင်ခံစာများကို အမြို့မြို့ကို လျှို့ဝှက်စာအနေဖြင့် ပေးပို့လေ့ရှိသည်။ ထိုလျှို့ဝှက်အစီရင်ခံစာများတွင် ရေနံမြေသခင် တို့၏ လှုပ်ရှားမှုကိုဖတ်ရသည်။ သို့သော် ရန်ကုန်မြို့ရှိ ဒို့ဗမာ အစည်းအရုံးသတင်းများမှာ ငြိမ်သက်နေသည်။ ရန်ကုန်၌ ငြိမ်သက်သည်နှင့်အမျှ နယ်အရပ်ရပ်၌ကား အထူးထကြွ လှုပ်ရှား နေသည်။ သို့ပါလျက်နှင့် အောင်ဆန်း၏လှုပ်ရှားမှုကို အစီရင်ခံစာ ထဲ၌ မတွေ့ရချေ။

ယင်းသို့ မတွေ့ရခြင်းမှာ မဆန်းပါ။ အကြောင်းမူကား အောင်ဆန်း၊ ဖော်မိုဆာသို့ ရောက်နေပြီဟူသော ပါးစပ်သတင်း သည် ရခိုင်ပြည်နယ်၌ ချောင်ကျလှသော တောင်ကုတ်မြို့အထိ ရောက်လာသောကြောင့် ဖြစ်သည်။

ထိုအချိန်၌ အနောက်နိုင်ငံစစ်သတင်းတို့သည် ထိတ်လန့် တုန်လှုပ်ဖွယ်ပင်ဖြစ်တော့သည်။ ထို့ကြောင့် ရှေ့ရေးနောက်ရေးကို ကြည့်၍ ကျွန်တော် ခွင့်ယူသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့ ပါးလ်ဟာဘားကို ဗုံးကျ၍ ၁၂ နာရီခန့်မျှအကြာတွင် ကျွန်တော်သည် ခွင့်ရသောကြောင့် အလုပ်ကို အခြားသူတစ်ဦးအား ဝမ်းမြောက်ဝမ်းသာစွာနှင့် လွှဲပေးခဲ့လေသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျွန်တော်တို့ သားမိသားအဖတတွေ တောင်ကုတ်မှ ပန်းတောင်းသို့ ခြေလျင်လျှောက်ခဲ့ကြပါသည်။

တစ်ညတွင် ရေပေါ်ကြီး၌ စခန်းချသည်။ ထိုစခန်းရောက်လျှင်ပင် အိပ်ရာပေါ်သို့ ပစ်လှဲလိုက်ပါသည်။

ကျွန်တော် တစ်ငိုက်စာလောက် အိပ်မောကျသွားစဉ် အိပ်မက်ထဲတွင် သခင်ထွန်းအုပ်၏အသံကို ကြားရပါသည်။

သူ၏အသံမှာ ရခိုင်ရိုးမတောင်တန်းတစ်ခုလုံး ဟိန်းသွားပါသည်။

အချိန်မှာ ညကိုးနာရီ ကျော်ကျော်ပင်ရှိဦးမည်။ တောကြီးမျက်မည်းထဲတွင် ထုံးစံအတိုင်းဆိုလျှင် သမင်ကဟောက်၍ ချေ(ဂျီ)က တောက်သံကြားရဖို့ရှိသည်။ သို့တည်းမဟုတ် ဆင်အုပ်များ ဝါးပိုးဝါးကိုစားသည့်အသံ ကြားရဖို့ရှိသည်။ သို့တည်းမဟုတ် ကျားဟိန်းသံကြားရဖို့ရှိသည်။

သို့သော် 'ရဲဘော်တို့' ဟူသော အသံသည် ပဲ့တင်ထပ်သွားသည်။ ကြက်သီးမွေးညင်းကို ထစေသည်။

ကျွန်တော်သည် အိပ်ရာမှ ငေါက်ကနဲထထိုင်လိုက်သည်။ ဘာသံပါလိမ့်။

ချယ်ရီပန်းပွင့်ရာ ဒေသဖြစ်သော တိုကျိုမြို့မှ အသံလွှင့်လိုက်သည့် သခင်ထွန်းအုပ်၏အသံ။ ထကြလော့၊ ကြွကြလော့၊ ချကြလော့။



တောကြီးမျက်မည်းထဲ၌ ရေဒီယိုကို အစွမ်းကုန်အသံဖွင့်ထားသည်။ ရေဒီယိုဖွင့်သူမှာ ပီဒဗလျူဒီဌာနဟုခေါ်သော ပြည်သူ့လုပ်ငန်းဌာနမှ အိုဗာဆီယာတစ်ဦး ဖြစ်သည်။

တောကြီးတောင်ကြီးထဲတွင် ဗြိတိသျှဥရောပစက်ကွင်းမှ အဝေးမှ လွတ်သောနေရာကို ကျကျနနရွေးချယ်၍ ဓာတ်လှန်ရေးအဖွဲ့ကို အားရပါးရနားသူမှာ ဗြိတိသျှအုပ်ချုပ်ရေး စက်ယန္တရားထဲမှ သေးငယ်မသာ ဝက်အူတစ်ချောင်းဖြစ်ပေသည်။

သေးငယ်သော ဝက်အူမို့ မလောက်လေး မလောက်စားဟု မထင်ပါနှင့်၊ သူ၏ စိတ်ဓာတ်ကို ကြည့်ပါ။

အမှန်မှာ ကျွန်တော်သည် ထိုအိုဗာစီယာကို ကောင်းစွာ မသိပါ။ သူ့ကို တောင်ကုတ်မြို့၌ တွေ့ရသည်ဆိုရုံမျှ တွေ့လိုက်ရသည်ထင်၏။ သို့သော် ပြန်၍ တွေ့ဆုံရသည့်တိုင်အောင် သူကလည်း ကျွန်တော့်ကို မှတ်မိချင်မှ မှတ်မိမည်။ ကျွန်တော်ကလည်း သူ့ကို မှတ်မိချင်မှ မှတ်မိမည်။ ထိုညက ရေပေါ်ကြီး၌ စခန်းချချိန်မှာ ညအချိန်ဖြစ်၍ မှောင်နှင့်မည်းမည်း တောစခန်းထဲတွင် သူနှင့်လည်း လူချင်းမဆုံနိုင်ပါ။ သို့ပါလျက်နှင့် သူ့စိတ်ဓာတ်ကို မည်သို့ ကြည့်ရမည်နည်း။

ဤသို့ စာဒက တက်လိုသူရှိလျှင် တက်ထိုက်ပေသည်။ ကျွန်တော်ကား ထိုအိုဗာစီယာက တောကြီးမျက်မည်းထဲ၌ ရေဒီယို အစွမ်းကုန်ဖွင့်၍ နားထောင်ခြင်းအဓိပ္ပာယ်ကို ကိုယ်ချင်းစာနာ ကြည့်မိသောကြောင့်၊ ယင်းသို့ ပြောမိခြင်းဖြစ်ပါ၏။

ယခုအခါ အရာရှိကို နိုင်ငံရေးသမား အချို့တို့က မျိုးချစ် ပုဂ္ဂိုလ်မဟုတ်သလိုလို ဆက်ဆံလေ့ရှိသည်။ ကျွန်ုပ်တို့ကလည်း နိုင်ငံရေးသမားတိုင်း အမျိုးကိုချစ်သည်ဟု မယူဆ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအိုဗာစီယာ၏အဖြစ်၌ သူ၏ရင်တွင်းသို့ ဝင်ကြည့်လျှင် မြန်မာနိုင်ငံတော်လွတ်မြောက်ရေးအတွက် သခင် အောင်ဆန်းကို မည်မျှစိတ်စောနေကြောင်း အထင်အရှား တွေ့ရ ပေလိမ့်မည်။ ထိုစဉ်က မျိုးချစ်ပြည်ချစ်သားရတနာတို့သည် သခင် အောင်ဆန်း၏ ပယောဂကြောင့် ထိုမျှလောက် စိတ်မာန်ဖီလျက် ရှိကြပြီ။

ကျွန်တော်သည် သခင်ထွန်းအုပ်၏ အသံလွှင့်ချက်ကို အစ,အဆုံး နားထောင်ကြည့်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲတွင် သခင်အောင်ဆန်း ပါဝင်လျက်ရှိသည်ကို သိရလေပြီ။

ကျွန်တော်၏ ငိုက်မျှဉ်းသော ဦးနှောက်ထဲတွင် ဗြိတိသျှ စစ်သည်တော်တို့ အောင်မြင်စွာ ဆုတ်ခွာသွားသော ခြေသံများ ရှုတ်ရှက်ခတ်လာပြီးလျှင် ကျွန်တော်လည်း နှစ်ခြိုက်စွာ အိပ်ပျော် သွားပါသည်။

ကျွန်တော်၏ နေရင်းရပ်ဌာနကို ပြန်၍ရောက်သော အချိန်၌ကား၊ လွတ်လပ်ရေး ဗမာ့တပ်မတော်သတင်း၊ အောင်ဆန်း သတင်း၊ သုံးရောင်ခြယ်အလံသတင်း၊ ဗိုလ်လုဖေ (ဗိုလ်လက်ျာ) ကို ကြိုးမိန့်ပေးသောသတင်း စသည်တို့သည် ရေဒီယိုမှတစ်ဆင့် အရပ်ထဲတွင် ပျံ့နှံ့၍နေခဲ့လေသည်။

ထို့နောက်၌ကား ကျွန်တော်၏ နေရပ်သည် ဘီအိုင်အေ၏ ရှေ့ပြေးဖြစ်သော ဘီအိုင်အေ ရောင်ခြည်တော်နှင့် ရောလွှတ်သော သုံးရောင်ခြယ်လက်ပတ်ဝတ် အရေးပေါ် သခင်အသစ်စက်စက် ဘီအိုင်အေအတုတို့က ဓနခင်းကြောင်တောင် အိမ်ရှေ့ပေါက်မှ တက်၍ မုဒိမ်းကျင့်ခြင်းကို ခံလိုက်ရပါသည်။



ကျွန်တော်သည် စိတ်တွင်ကြိတ်၍ ဗိုလ်ချုပ်ကို တမ်းတမိသည်။ သို့သော် ဗိုလ်ချုပ်သည် ဘိုးဘိုးအောင်ကဲ့သို့ ပေါ်မလာပါ။

ဘီအိုင်အေတပ်အစစ်မှ ကိုယ်စားလှယ်ဖြစ်သော မြစ်ဝ ါတာဝန်ခံတို့ လာရောက်သည့်အခါမှ ရပ်ရွာအနည်းငယ် အေးသွားခဲ့ပါသည်။

ကျွန်တော်နှင့်အောင်ဆန်း ပြန်၍တွေ့ရန်လမ်းကား မရှိချေ။ တွေ့ပြန်ပါလျှင်လည်း ဗိုလ်ချုပ်အောင်ဆန်း ဖြစ်နေ ပြီ။ ထိုအခါ မျက်နှာထားမှာ ယခင်ကထက် ရှုသိုးသိုး ောင်းဖြစ်ပေလိမ့်မည်။

သို့ရာတွင် ဗမာ့တပ်မတော် စစ်သားစုဆောင်းရေး အတွက် ဗိုလ်သိမ်းဆွေယူလာသော စာရွက်စာတမ်းတို့၌ ဗိုလ်ချုပ် အောင်ဆန်း၏ရုပ်ပုံလွှာမှာ ရှုသိုးသိုးမဟုတ်ချေ။

အောင်ဆန်းသည် ဗိုလ်ချုပ်အဖြစ်နှင့် အတော်ပင် င်သပ်ရပ်ရပ်ရှိလာလေပြီဟု ထင်မိသည်။ သူ့ပုံကို ကြည့်ရသော အခါ စစ်သားရုပ်ပေါက်နေပြီကို တွေ့ရသည်။

'ဒါ့လူက ဂျပန်တွေနဲ့ ယှဉ်ပြိုင်တော့လည်း အမြဲတမ်း ိုတ်လောက်တော့ မြင့်နေမှာပါပဲ' ဟု ကျွန်တော်က သဘော နှင့် တွေးမိ၏။

သို့ရာတွင် သူ့မျက်နှာပေးကို သေသေချာချာကြည့်ပြန် သော် ထူးခြားချက်တစ်ခုကို တွေ့မိသလိုလိုရှိ၏။

ထိုအချက်ကား အခြားမဟုတ် အောင်ဆန်းသည် ဗမာ့ လပ်ရေးတိုက်ပွဲတွင် စစ်ဦးမှပါလာစေကာမူ သူသည် သူ၏ န်းတျှင်အခြေအနေကို အကျေနပ်ကြီး ကျေနပ်နေသူမဟုတ် သော အချက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ခေတ် ဗိုလ်ချုပ်ဘဝ၌ ကျွန်တော်တွေ့ခဲ့သမျှမှာ ဗိုလ်ချုပ်၏မျက်နှာထားသည် အလိုမပြည့်သည့် မျက်နှာထားသာ လျှင် ဖြစ်ဘိသည်။

သူ၏အကြည့်မှာ အဝေးသို့ငုံ့လင့်သော အကြည့်ဖြစ်သည်။ သူက မိတ်ဆွေ၏မျက်နှာကို စူးစိုက်၍ကြည့်သည်ဆိုပါတော့၊ ထို အခါ မိတ်ဆွေက သူသည် မိတ်ဆွေကိုကြည့်နေသည်ဟု ထင်နိုင် မည်မဟုတ်၊ မိတ်ဆွေ၏မျက်နှာကို ဖောက်ထွင်း၍ဝေးလံသော အရပ်သို့ မျှော်မှန်းရော်ယမ်းကာ ကြည့်နေသည်ဟု ထင်မိပေလိမ့် မည်။

ဤအကြည့်မှာ စိတ်ထဲတွင် ဟာနေသောအကြည့်ဖြစ် သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အမှန်ပင် စိတ်ဟာ၍ နေပေ လိမ့်မည်။ အဘယ်ကြောင့်နည်း။

သူသည် အခြေခံသဘောအားဖြင့် စိတ်ကူးယဉ်သမား ဖြစ်၏။ အောင်ဆန်းကို နိုင်ငံရေးကြိုးပမ်းသူအဖြစ်နှင့် ပက်ပင်းပါ တွေ့လိုက်ရသူများအဖို့ သူသည် အရိုင်းပကတိနှင့်တူပေ၏၊ တူပေ လိမ့်မည်။ ဥပမာ ဒဂုန်တာရာ၏ အောင်ဆန်းအရိုင်းသံခိပ်ကို ကြည့်။ ရိုင်းသည်မှာ မှန်ပေလိမ့်မည်။ တိုက်ခြင်း ခိုက်ခြင်းသည် အရိုင်းဘဝ၏ လုပ်ငန်းစဉ်ဖြစ်၏။ မလွတ်လပ်သေးသော ဘဝ၌ ကျွန်ုပ်တို့ တိုက်ရခိုက်ရဦးမည်သာဖြစ်၏။ ထိုတိုက်ခိုက်နေသော အခိုက် အတန့်၌ ကျွန်တော့်အား လူယဉ်ကျေးဟု ထောပနာပြုလျှင် ကျွန်တော်သည် ဆဲသည်ထက် နာမည်ဖြစ်၏။ ကျွန်တော်ထင် သည်။ အောင်ဆန်းတိုက်ပွဲဆင်နေစဉ် သူ့အား လူယဉ်ကျေးဟု ကျွန်တော်တို့က ခေါ်ဝေါ်လျှင် သူလည်း အမှန် 'ဒေါ်ဖောင်း' မည်



[illegible]၏၊ သို့သော် သူ၏ပင်ကိုယ်ပဋိသန္ဓိစိတ်ကို အကဲခတ်ကြည့် [illegible] အနုပညာ၌မွေ့လျော်လိုသော စိတ်ကူးယဉ်သမားတစ် [illegible]ယာက်ဖြစ်ကြောင်း တွေ့ရှိကြရပေလိမ့်မည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းအနေနှင့် လက်တွေ့ [illegible]င်န်း၌ အဘယ်ကြောင့် လက်စွမ်းထက်ပါသနည်း။

ဤအချက်ကို ကျွန်တော် နောက်ပိုင်းရောက်မှ ထင်ရှား [illegible]လွင်အောင် ပြပါရစေ။ ယခုစကားအလျဉ်းသင့်သမျှ ပြောရ [illegible]သော် အောင်ဆန်းသည် စိတ်ကူးယဉ်သမားပီပီ မြန်မာပြည်ကို [illegible]၏ ဗမာ့တပ်မတော်သားများနှင့်အတူ ချီတက်ရာ၌ သူစိတ်ကူး [illegible]ထားသလိုဖြစ်ရမည်ဟု မှန်းဆထားဟန်တူ၏။

သို့သော် စိတ်ကူးသည် စိတ်ကူးသာတည်း။

လက်တွေ့၌ အဝတ်သခင်နှင့် တစ်မတ်သခင်တို့သည် [illegible]ဒိုင်အေဟူသော အရေခြုံ၍ စပါးပုံကိုတက်၍ လုကြကုန်၏။ [illegible]ကို ရိုက်ကြကုန်၏။ တရုတ်ကို နှိုက်ကြကုန်၏။ ကရင်ကို [illegible]ကြကုန်၏။ ရေချိန်တက်လာသောအခါ မြန်မာ မြန်မာချင်းကို [illegible] ခိုက်နက်တိုက်ခိုက်ကြပြန်လေ၏။

ထိုအခါ ဂျပန်တို့က မြန်မာတို့၏ပါးကို ရိုက်ကြလေတော့၏။

ဗိုလ်ချုပ်သည် ယင်းသို့ လက်တွေ့အဖြစ်အပျက်မျိုးကို [illegible]ထဲ၌ ထည့်၍ ကြည့်ခဲ့လိမ့်မည်မဟုတ်။ သို့သော် သူ၏ [illegible]က်၌ပင်လျှင် တိုင်းရင်းသားအချင်းချင်း ဖနှောင့်စာ ကျွေး [illegible]ကြသည်ကို ဂျပန်က အပေါ်မှခွစီး၍ လက်သည်းခွံခွာနေလေပြီ။ [illegible]ချုပ်ကိုယ်တိုင်ပင်လျှင် မိန္နာမိ (ဗိုလ်မိုးကြိုး)၏ အကြိမ်း [illegible]င်းကို ခံယူခဲ့ရသည်မဟုတ်လော။

မြန်မာပြည်တွင်းသို့ ဗိုလ်ချုပ်နှင့်တကွ ဂျပန်ဧကရာဇ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်၏ တပ်မတော်သည် ဝင်ရောက်လာလေပြီ၊ ရဲဘော်သုံးကျိပ်ဟု ဂုဏ်ဟိတ်တေဇာ ယွန်းပြောင်စွာသော မြန်မာ့ရင်နှစ်သားရတနာတို့ ဝင်ရောက်လာလေပြီ။ သို့ရာတွင် ဂျပန်နှင့် ဗိုလ်ဗေယျတို့ ချကြကုန်၏။ ဂျပန်နှင့် ဗိုလ်လကျ်ာတို့ နှက်ကြကုန်၏။ ဂျပန်နှင့် ဗိုလ်ကျော်ဇောတို့ ဆော်ကြကုန်၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်သားတို့ကား ကြားထဲက အနချောင်အတီးခံရသည့် အကြိမ်ပေါင်းမှာ မရေတွက်နိုင်တော့ပြီ။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်စစ်ဦးစီးဌာနချုပ်အား တောင်းဆို၏။

ထိုတောင်းဆိုချက်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗိုလ်ချုပ်တို့က ဦးစီးခေါင်းဆောင်ပြု၍ မြန်မာပြည်တွင် ကျေးရွာနယ်ပယ်တို့ သိမ်းပိုက်ရေးကို စီမံရန် ဖြစ်၏။

ယင်းသို့ တောင်းဆိုလိုက်သည်နှင့်တပြိုင်နက် ဂျပန်အသိုက်အဝန်းမှာ ရာဇမာန်ရှလေတော့သည်။

တစ်နေ့သော် ဗိုလ်ချုပ်နှင့် ဗိုလ်လကျ်ာတို့ကို ဦးတည်၍ တာဝန်ခံတို့အား ဗိုလ်မိုးကြီးက ဆင့်ခေါ်၏။

ဗိုလ်ချုပ်နှင့် ဗိုလ်လကျ်ာတို့ လူသိုက်သည် ဗိုလ်မိုးကြီး၏ စံမြန်းရာအိမ်တော်သို့ အဖူးအမျှော်ညီလာခံဝင်ကြလေသည်။

ထိုအိမ်မှာ ယခုပြတိုက်သျှသံရုံးတည်ရာနေအိမ် ဖြစ်သည် ယင်၏။

အိမ်ထဲရှိ ဧည့်ခန်းသို့ ဗိုလ်ချုပ်တို့တစ်သိုက် ဝင်သွားကြသောအခါ အစောင့်တို့က အခန်းတံခါးကို လုံအောင်ပိတ်လေသည်။

'အဲဒီအချိန်က ကျုပ်တို့တော့ ဒီတစ်ချီမှားသွားပြီလို့ တွက်မိတာပဲ' ဟု ဗိုလ်လကျ်ာသည် ကျွန်တော့်အား ပြန်ပြောဖူး၏။



ဗိုလ်မိုးကြီးသည် ကျယ်လောင်စွာ ကြိမ်းမောင်း၍ အပေါ်ထပ်မှ ဆင်းလာပြီးလျှင် ဗိုလ်ချုပ်တို့အား ဝေါက်ငမ်းကာ ဂျပန်ဓားလွတ်နှင့် ဗိုလ်ချုပ်အား ထိုးမည့်ဟန်ပြု၏။

ဂျပန်ဟူသည်မှာ ကြောက်တတ်သူကို ဖြဲချောက်သောသူမျိုးတစ်မျိုးတည်း။

ဤနေရာမျိုး၌ ဗိုလ်မိုးကြီးသာလျှင် တကယ့်မိုးကြီးအစစ်ဖြစ်ခဲ့လျှင် ထိုစဉ်ကပင်လျှင် ဗိုလ်ချုပ်သည် ကျွန်ုပ်တို့အား မျက်နှာလွှဲခဲ့မည် အမှန်ဖြစ်၏။

သို့သော် ဗိုလ်မိုးကြီး၏ဓားလွတ်ကြီး ဟိုရမ်းသည်ရမ်းရမ်းနေခိုက်တွင် ဗိုလ်ချုပ်သည်လည်း သူ၏ဓားလွတ်ကို ဆွဲကိုင်လိုက်လေသည်။

ယနေ့ ကျွန်ုပ်တို့ လွတ်လပ်ရေးရခဲ့သည်မှာ ထိုစဉ်က ဗိုလ်ချုပ် ဓားလွတ်ကို ဆွဲကိုင်လိုက်ခြင်းကြောင့်ပင် ဖြစ်သည်ဟု ဆိုနိုင်ပါ၏။

သို့သော် ဗိုလ်ချုပ်သည် ကြိမ်ဖန်များစွာ ဓားလွတ်ကို ဆွဲရမှတ်ကြမှာ ကြုံလာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဘီအိုင်အေရောကျော်တို့၏ ဒုက္ခ၊ ဂျပန်၏ ညှဉ်းပန်းနှိပ်စက်မှုဒုက္ခတို့ကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုတည်းဟူသော သဲသောင်ပြင်ဝယ် သူ၏ စိတ်ကူးယဉ်သဲပုံစေတီကို လက်တွေ့နိယာမတရားတည်းဟူသော လှိုင်းတို့သည် ပုတ်ခတ်ဖျက်ဆီးလိုက်သောကြောင့် ဖြစ်သတည်း။

ထို့ကြောင့် ဗိုလ်ချုပ်သည် ဘီအိုင်အေ ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဘီဒီအေဟုခေါ်သော ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ်သို့ အသစ်ပြန်လည်ပုံသွင်းရပြန်လေသည်။

ကျွန်တော်သည် ဗိုလ်ချုပ်ကို ခင်၏။ ထို့ကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်၏သား ရဲဘော်များကို ခင်မိ၏။ ကျွန်တော်က ဗိုလ်ချုပ်ကို ခင်မင်သည်နှင့် သူ၏သား ရဲဘော်များကလည်း သူ ကို ခင်မင်လိမ့်မည်ဟု ယုံမှတ်မိ၏။ သို့သော် သားဟူ၍ပင် ဆိုရခြားလည်း သားဆိုး သားမိုက်ဟူ၍ ရှိတတ်သေးသည်ကို မတွေးမိ၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်လည်း တစ်ခါက စိတ်ကူးယဉ်သမားမဟုတ်ခဲ့ပါလေသလော။

ထို့ကြောင့် ဘီအိုင်အေကို ဘီဒီအေဟု ပြောင်းလိုက်သောအခါ အရိပ်အခြည်ကို နားမလည်ရှာသော သားဆိုးသားမိုက်လက်တစ်ဆုပ်စာလောက်က ဗိုလ်ချုပ်အား ခါးကြိမ်းကြိမ်းသည်ကို နားနှင့်ဆတ်ဆတ်ကြားခဲ့ရ၏။ ဘုရား ဘုရား ငါ နားကြားလွဲလေသလား။ မလွဲပါ။

'ငပန်ကို မဆော်ရရင်၊ ငမိုးကို ဆော်ရလိမ့်မယ်ပေ့'

ထိုစကားကို ပြောသော ထိုသူငယ်ကို ကျွန်တော် ပြန်မတွေ့ရသည်မှာ ရှစ်နှစ်ကျော်ရှိပြီ။ သူ၏သတင်းအစအနလည်း မကြားရတော့ပါ။ စိတ်လိုက် မာန်ပါ ပြောဆို၍ စိတ်လိုက်မာန်ပါ တပ်ထဲမှ ထွက်သွားပါသည်။ တကယ်တမ်းမှာမူ သူဘာမျှ လုပ်ကိုင်ကြံစည်သည်ဟု မတွေ့ရပါ၊ တပ်ထဲကထွက်သည့်နေ့မှစ၍ မိဘလက်ငုတ် ကုန်သည်လုပ်လျက်ရှိသည်ကိုသာ ကျွန်တော်တွေ့ခဲ့ရပါသည်၊ သို့သော် ထိုစဉ်က ထွက်လာသော ထိုစကားကို ကျွန်တော် မေ့ပစ်၍မရပါ။

ထိုသူငယ်နှင့် ကျွန်တော် လမ်းမခွဲကြမီ၊ ကျွန်တော်က သူ့အား နှုတ်ဆက်စကားပြောလိုက်ပါသေးသည်။

'ရဲဘော် မင်းက ဂျပန်ကိုဆော်ဖို့ တစ်ခုတည်းသာ စိတ်ထဲမှာ မှန်နေတယ်။ ရှေ့နောက်ဝဲယာ မကြည့်တတ်သေးဘူး။ ဘီဒီအေ



ဖွဲ့တာ အကြောင်းတစ်ခုရှိမယ်ကွ။ ဒီတော့ မင်း ဒီစကားမျိုးကို မသိမလိမ္မာတဲ့ ကောင်ကလေးတွေရှေ့မှာ မပြောနဲ့'

သူသည် ကျွန်တော့်အား ဘာမျှပြန်မပြောဘဲ မှိုင်တွေ၍နေပါသည်။ ကျွန်တော်၏ဩဝါဒကို သဘောပေါက်လေသလော၊ မပေါက်လေသလော ကျွန်တော် မဝေခွဲနိုင်ပါ။ ဂျပန်တော်လှန်ရေးခေတ်မှ သူနှင့်သူ၏ညီအစ်ကိုတော်များအားလုံး ပါဝင်ကာ ဘီဒီအေတည်ထောင်သည့်နေ့မှစ၍ စီးလားရိုက်သည်ကို ကျွန်တော်ကောင်းစွာသိပါသည်။ ထိုစီးလားရိုက်မှုကြောင့် သူ၏အပေါင်းအဖော်တစ်ဦးကို ဂျပန်တို့က လက်ဖျံရိုးအဆစ်လွဲသည့်တိုင်အောင် ရိုက်နှက်စစ်သည်ကိုလည်း ကျွန်တော် သတိရယျက်ပင်ရှိပါသည်။

ဂျပန်ကိုတော်လှန်ရဖို့တိန်းကလည်း ကြုံနေသည်။ ကျွန်တော်တို့မြို့ပေါ်ရှိ ပုလိပ်အရာရှိတစ်စုလည်း ဂျပန်စစ်ဘက်ဆိုင်ရာဘို့ကိုခေါ်၍ ဗိုဇမာအစည်းအရုံးနှင့် အာရှလူငယ်ခေါင်းဆောင်သခင်တို့အား ဒိမ်ပေါက်စေ့လိုက်ပြကာ လက်ညှိုးထိုး၍နေသောတိစ္စလည်း ပေါ်လာပြီ။

မိမိ၏မြို့ရေးရွာရေးအတွက် စိတ်တထင့်ထင့်ဖြစ်နေရသည့်အထဲမှ ရန်ကုန်မြို့သို့ခေါ်ယူသော သံကြိုးစာ အမိန့်စာအတန်တန်တို့ကြောင့် တို့ဗမာအစည်းအရုံးခေါင်းဆောင် ကျွန်တော်၏ဦးလေးနှင့် အာရှလူငယ်ကျွန်တော်၏ညီ (နှစ်ဦးစလုံး ဂျပန်အသတ်ခံရသူများ)အား သတိဝီရိယနှင့် နေထိုင်ရန် မှာကြားပြီးရန်ကုန်သို့ ထွက်လာခဲ့ပါသည်။

ထိုအချိန်ကား ဗိုလ်ချုပ်သည် မြောင်းမြသူ ဒေါ်ခင်ကြည်နှင့် သက်ထပ်ပြီးစ အချိန်အခါဖြစ်သည်။ ဗိုလ်ချုပ်၏ယောက်ဖ

www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းလှလည်း ခြောက်စ ထောင်နေသော အချိန်အခါဖြစ်သည်။

မောင်သိန်းလှနှင့် ကျွန်တော်မှာ ငယ်သူငယ်ချင်းဖြစ်၍ သူ့ဓာတ်ကျောကို ကျွန်တော် နားလည်သင့်သလောက် နားလည်ပါသည်။

သူ ပျော်တတ်သည်၊ ရွှင်တတ်သည်၊ နောက်တတ်သည်၊ ပြောင်တတ်သည်။ ထို့ကြောင့် သူ့အဘယ်မျှပင် ခြောက်စ ထောင်ထောင် ကျွန်တော်တို့ သူငယ်ချင်းတတွေကတော့ ရယ်ကြပါသည်။

ကျွန်တော်ကား မောင်သိန်းလှကို ကြည့်၍ ရယ်မိရင်းက နောင်ရေးကို တမျှော်တခေါ်ကြီး တွေးကြည့်မိပါသည်။

နောင်ရေးဆိုသည်မှာ ဗိုလ်ချုပ်၏ အရေးချည်းမဟုတ်ပါ။ ဗိုလ်ချုပ်နှင့် ဆက်စပ်ပူးကပ်နေသော လွတ်လပ်ရေးကြိုးပမ်းမှု ဖြစ်ပါသည်။

ဗိုလ်ချုပ် အိမ်ထောင်ကျသည်နှင့် တစ်မျိုးသားလုံး၏အရေး ဟာ၍သွားလေမလား။ မောင်သိန်းလှ ခြောက်စ ထောင်သလို ဒေါ်ခင်ကြည် ခြောက်စ ထောင်လေမလား။

စိတ်ဆိုးလိုသူတို့ ဆိုးကြပါတော့၊ ကျွန်တော်မှာမူ သည်လိုသာ တွေးမိသည်။ ဘွင်းဘွင်းဖွင့်ပြောရလျှင် ကျွန်တော့်ရင်တွင်းဝယ် သည်လိုသံသယမျိုး ပေါ်ပေါက်ခဲ့သည်။

သို့သော် ဗိုလ်ချုပ်၏အဝေးသို့ ငံ့လင့်သော မျက်စိကိုကြည့်၊ ဒေါ်ခင်ကြည်၏ သိမ်မွေ့သော မျက်စိကိုကြည့်၊ သည်နှစ်ခုကို ယှဉ်ကြည့်လိုက်ပြန်သော် ကျွန်တော်၏ မဖွယ်ရာသော သံသယတို့သည် အရည်ပျော်၍ ကျသွားပြန်လေသည်။

အမှန်မှာ ဗိုလ်ချုပ်၏ရင်တွင်း၌ စိတ်ဆာ၍နေသည်။



သူ၏သား ရဲဘော်များအတွက် စိတ်ဆာနေသည့် အချက်တစ်ချက်၊ လူပန်ညှဉ်းပန်းမှုကြောင့် စိတ်ဆာနေသည့်အချက်တစ်ချက်၊ သည်နှစ်ချက်အပေါ်တွင် စိတ်အာရုံ စူးစိုက်နေချိန်၌ အတွင်းမီး အပြင်မထုတ်၊ အပြင်မီး အတွင်းမသွင်းသူ ပါရမီဖြည့်ဖော်ဖြည့်ဘက် ဒေါ်ခင်ကြည်မှမရှိလျှင် ဗိုလ်ချုပ်သည် နောက်ထပ် မားလွှတ်တို့ ဆွဲရဖို့ရှိနေသည်။

သည်တစ်ခါ မားလွှတ်ဆွဲလျှင် ဗိုလ်မိုးကြိုးရှေ့၌ ဆွဲရတော့မည်မဟုတ် ဂျင်နရယ်ကဝါဘီ၏ရှေ့တွင် ဆွဲရချိမ့်မည်။ ထိုအခါ မီးပွင့်လိမ့်မည်၊ ထိုအခါ. . .

ကျွန်တော်ဆက်၍မျှပင် မတွေးဝံ့တော့ပါ။

ဗိုလ်ချုပ်တို့ဇနီးမောင်နှံသည် အိမ်ထောင်ရေးသုခကို ရကြ၍ ချစ်ခင်ကြင်နာစွာရှိကြခြင်းသည်ပင်လျှင် လွတ်လပ်ရေးကြိုးပမ်းမှုအတွက် အထောက်အပံ့ဖြစ်စေသည်ကို သူတို့ဇနီးမောင်နှံနှစ်ဦးအား တွေ့လိုက်သည့်ခဏ၌ပင်လျှင် ကျွန်တော် အကဲဖြတ်မိပါသည်။

ဒေါ်ခင်ကြည်သည် မီးဖိုချောင်ကို ပိုင်သည်၊ ဗိုလ်ချုပ်သည် လွတ်လပ်ရေးကြိုးပမ်းမှု အလုပ်ခွင်ကို ပိုင်သည်။ သို့သော် ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်၏ အလုပ်ခွင်နှင့်ဆိုင်သည်။ ဗိုလ်ချုပ်လည်း ဒေါ်ခင်ကြည်၏ မီးဖိုချောင်နှင့်ဆိုင်သည်။

သို့ရာတွင် သူတို့ဇနီးမောင်နှံကား မိမိတို့ဆိုင်သာ ဆိုင်သော်လည်း မပိုင်သောအရေးတွင် ဝင်၍မစွက်ကြချေ။ ခေါင်းဆောင်ကောင်းဖြစ်ထိုက်သော အင်္ဂါရပ်တွင် ဤအချက်သည် အခြေခံဖြစ်လျက်နှင့် အရေးအကြီးဆုံးသော အချက်ဖြစ်သည်၊ ဤအချက်ကို မပိုင်သောခေါင်းဆောင်တို့သည် တစ်ဦးပြီးတစ်ဦး

www.burmeseclassic.com



တခုဆုံးလျှက်ရှိသည်ကို မျက်မှောက်ရာဇဝင်က သက်သေခံနေသည်။

ရန်ကုန်သို့ကျွန်တော်ရောက်စတွင် ဗိုလ်ချုပ်တို့ဇနီးမောင်နှံ သတင်းကို ထောက်ကြည့်ပြီး။ သူတို့နှစ်ဦး အကဲကိုခတ်ကြည့်သည်။ ကျေနပ်သော အဖြေထွက်လာသည်တွင်မှ ကျွန်တော်လည်းနှစ်သက်လာသည်။

သို့နှင့် မောင်သိန်းလှကို ရန်ကုန်၌ တစ်အောင့်လောက် တွေ့ရသောအခါ 'ဟော့ ဒေါ်ခင်ကြည်ကတော့ မင့်လိုမဟုတ်ဘူး' ဟု ကျွန်တော်က ပြောမိသည်။

'ဟော့ သူကသူ၊ ငါကငါကွ' ဟု ဆိုကာ မောင်သိန်းလှသည် သူတစ်ပါးထံမှ အနိုင်ကျင့်၍ စီးလာသော မော်တော်ကားဖြင့် ဗိုလ်ချုပ်တို့အိမ်ဘက်သို့ ထွက်သွားလေတော့သည်။

ကျွန်တော်သည် ရန်ကုန်ရောက်လာသည်မှာ သုံးလမျှ မကတော့ပြီ။ သို့ရာတွင် အလုပ်က ပူပြင်းလှသောကြောင့်၊ ဗိုလ်ချုပ်နှင့် မဆုံစည်းနိုင်ပါ။ ဆုံစည်းရန်အကြောင်းလည်း ဘာမျှမရှိသေးပါ။ ဆုံစည်းမည့် ဆုံစည်းပြန်တော့ ဗိုလ်ချုပ်သည် ကျွန်တော့်အား နှုတ်ဆက်တော့မည့်ပုံကဲ့သို့ တစ်အောင့်လောက်တွေ၍ ရပ်ကြည့်ပြီးနောက် ရှုသိုးသိုးနှင့် လှည့်ထွက်သွားပါသည်။

(သွေးသောက်၊ ဩဂုတ်၊ ၁၉၅၂)

ဘဒ္ဒန္တ ပါမောက္ခ
မကွေးပရိယတ္တိစာသင်တိုက်
မေဓာရှင်တာကြည့်တိုက်
(၁)ရပ်ကွက်/ဒဂုံအရှေ့

# မြန်မာ့အောင်ဆန်း (ဒုတိယပိုင်း)

'ထက်တိုဂျင် အမိနို့နှင့်မခြား' ဟူသော ကြော်ငြာစကားကဲ့သို့ သခင်နု၏ စွပ်ကျယ်သည် ဒေါ်မြရီ၏ ဇာဘော်ဒီနှင့် မခြားမချ။

ဒေါ်မြရီ၏ဇာဘော်ဒီ နောက်ကျောဝယ် တက်တင်း ထိုးထားသော ဇာပေါက်များရှိသည်။

သခင်နု၏ စွပ်ကျယ်အကျီ နောက်ကျော၌လည်း၊ တက်တင်းမထိုးဘဲနှင့် သယံဇာတပေါက်နေသော ဇာပေါက်များ ရှိလေသည်။ စင်စစ် သခင်နု၏ ဇာပေါက်များသည် ဒေါ်မြရီ၏ ဇာပေါက်များထက် မြိုင်ပါပေသည်။

ကျွန်တော်သည် ကုက္ကိုင်းလမ်းရှိ သခင်နုနေသော အိမ်နောက်ဖေးဝယ် ရခိုင်ပြည်နယ်တော်လှန်ရေးခေါင်းဆောင် ဦးညိုထွန်း (ယခင်က ပြန်ကြားရေးဝန်ကြီး)၏တဲကို အမွေခံယူကာ ...င်ဦးနှင့်တစ်ဦး သဘာဝချင်းမတူသော ဦးညာဏနှင့် ကိုမျိုးမြင့် ...တို့ အဖော်ပြုကာ နေ့အချိန်တွင်နေ၍ ညအချိန်တွင် ဖုံဖိုကျင်း ... အိပ်ခဲ့ရပါသည်။

www.burmeseclassic.com



ကျွန်တော်တို့သုံးဦးသားမှာ ဒေါ်မြရီအား လုံးဝမှီခိုကာ ညှော်သည်နေ ညှော်သည်စားဖြစ်၍ များစွာသက်သောင့်သက်သာ ရှိလှပေသည်။ စားချိန်တန်ပြီလားဆိုလျှင် ဒေါ်မြရီ၏ တကျော်ကျော်ခေါ်သံကို နားခံကာ ထမင်းစားခန်းထဲသို့ သုံးဦးသား စီတန်းလမ်းလျှောက်ခဲ့ပါသည်။ သို့သော် ဒေါ်မြရီ၏ထမင်းစားပွဲကို တစ်ခါဖူးမှ သပိတ်မမှောက်ခဲ့။ ဤမျှလောက် ကျေးဇူးသစ္စာ စောင့်သိရိုသေခဲ့ကြပါသည်။

ထိုစဉ်က သခင်ဗဟိန်းနှင့် သူ၏ဇနီး မခင်ကြီးတို့သည် သခင်နုတို့နှင့် အတူနေပါသည်။

တစ်နေ့သောအခါ ဦးညာဏ၊ ကိုမျိုးမင်းနှင့် ကျွန်တော်တို့ ထမင်းစားရန် ဟန်ပြင်နေစဉ် သခင်နုသည် သွားချောင်တိုက်ရင်း ကျွန်တော်တို့နှင့် စကားပြောပါသည်။

ထိုအခါ သခင်ဗဟိန်းသည် အထုပ်ငယ်တစ်ခုကို ချိုင်းကြားထဲညှပ်ကာ ထမင်းစားခန်းထဲသို့ ဝင်လာပါသည်။

သခင်ဗဟိန်း၌ ချိုပြုံးသောမျက်နှာ အစဉ်ရှိသည်။ ထိုနေ့က သူ၏မျက်နှာချိုပြုံးပုံမှာ မိန်းမကြောင့် မာန်ဖီနေသော တာနေဘီလူးကိုပင် အရည်ပျော်စေနိုင်၏။

သို့သော် သခင်နုမျက်နှာထားတင်းနေသည်ကို ကျွန်တော် သတိထား မိလိုက်ပါသည်။

'ကိုကြီးနု စွပ်ကျယ်အကျီကို ချွတ်ပါတော့ဗျာ' ဟု သခင်ဗဟိန်းက ခရီးရောက်မဆိုက် ဆိုလိုက်သည်။

မီးဖိုချောင်ဘက်မှ ပဲပြုတ်ပန်းကန်ကို ကိုင်ရင်း ဝင်လာသူ ဒေါ်မြရီက 'အမလေးတော် ရှိတာဝတ်တာ ဘာလုပ်ဖို့ ချွတ်ရမှာတုန်း' ဟု အော်ပြောပါသည်။



'စွပ်ကျယ်အကျီတွေ ပေါလွန်လွန်းလို့ဗျာ' ဟု သခင်ဗဟိန်း ... ပြုံးချိုစွာပြန်၍ပြောပါသည်။

'ရှင်တို့သာ ပေါတာပါတော်' ဟု ဒေါ်မြရီက တော်သံကို ...ာသံနှင့် နှော၍ ငေါ့လိုက်လေသည်။

'အော် မမရီတို့က ဒါကြောင့်ခက်တာ ဘယ်နှစ်ထည် ...ချင်သလဲ'

'အောင်မယ်။ ခုမှ လောကွတ်မချော်ပါနဲ့။ မောင်တို့ရှိလှုက် ...နဲ့ တျုပ်လင်မှာ စွပ်ကျယ်ဇာပေါက်ပဲ ဝတ်နေရတယ်'

'ကျွန်တော်တို့ရှိလို့ ဟောဒီလိုစွပ်ကျယ်တွေ ဝတ်ရတာပေါ့ ...ာ' ဟု ဆိုကာ သခင်ဗဟိန်းက တယောတံဆိပ်စွပ်ကျယ်သုံးလေး ...ည်ကို အထုပ်ထဲမှဖြေကာ ဒေါ်မြရီလက်ထဲသို့ ထည့်ပါသည်။

ဤအချိန်တွင် သခင်နုကား ရေချိုးခန်းထဲသို့ ဝင်လေပြီ။

ဒေါ်မြရီသည် အံ့အားသင့်သော၊ ကျေနပ်သော၊ ပီတိ...ောင်လွှမ်းသော၊ ကျေးဇူးတင်သော မျက်နှာထားဖြင့် သခင်ဗဟိန်း ...ေးသော စွပ်ကျယ်အကျီတို့ကို ဖြန့်ကာ စစ်ဆေးကြည့်ရှုရင်း ...ယ်ကရတာလဲ' ဟု သခင်ဗဟိန်းကို မေးလေသည်။

'ကိုကြီးနုက ဗိုလ်ချုပ်ကို စိတ်ကောက်ပြီး စကားမပြောလို့ ...ိုလ်ချုပ်က ချော့တဲ့စွပ်ကျယ်အကျီ မမရီ ယူထားပြီး ကိုကြီးနုကို ...ဆင်ပေးလိုက်ပါဗျာ'

'အောင်မယ် ဆရာ၊ ဒီလောက်နဲ့ချော့လို့ မပျော့ဘူး ...ောင်ရေ၊ တစ်ဒါဇင်မှ တစ်ဒါဇင်'

ဗိုလ်ချုပ်နှင့် သခင်နုတို့ ဘယ်အခါ၊ ဘယ်နေရာမှာ၊ ...ယ်လိုစကားပြော အပေါက်မတည့်သည်ကို ကျွန်တော်မသိ။ ...ချုပ်က သခင်နုကို ချော့သော ပဏ္ဏာမအခန်းမှာ အထက်ပါ

www.burmeseclassic.com



အတိုင်းပင်။ အစ်ကိုကြီးကို ညီက ပြန်ချောသလို။

ထိုနေ့နံနက်စာထမင်းကို သခင်ဗဟိန်းနှင့် ကျွန်တော်တို့ သုံးဦးသား အတူစားကြသည်။ ညနေဘက် ဗိုလ်ချုပ်က သခင်နုထံ အလည်လာမည်ဟု ကျွန်တော် ကြားသိရလေသည်။

ထိုနေ့ညနေက နေမင်းသည် ခပ်သုတ်သုတ်ဝင်သည်ထင့်။ သခင်နု၏ အိမ်ခေါင်းရင်းဘက်ရှိ မြက်ခင်းပေါ်တွင် နေရောင် ကောင်းစွာ မကျပါ။ ဆောင်းဦးပေါက်မို့ ခမ္ဘတာအတိုင်း နေဝင် စောသည် ဖြစ်တန်ရာ၏။ သို့ရာတွင် မဟာမိတ်တို့၏ ဗုံးကြဲ လေယာဉ်ပျံများမှာ ညအချိန်တွင် မှန်မှန်ကြီး သောင်းကျန်းစပြုနေ ပြီဖြစ်၍ ကျွန်တော်၏ စိတ်ထဲတွင် နေခပ်သုတ်သုတ်ဝင်သည်ဟု အစွဲအလမ်းရှိမိပါသည်။

ကျွန်တော်သည် ကိုညိုထွန်း၏တဲထဲ၌ တစ်ဦးတည်းရှိနေ ပါသည်။ ဦးညာဏမှာ အနီးတွင်မရှိပါ။ ကိုမျိုးမင်းကား ဗဟန်း ဘက်သို့ သွားနေပါသည်။ ထိုသို့ တစ်ဦးတည်းနေစဉ် အိမ်ရှေ့မှ မောင်တော်ကားသံ ကြားရပါသည်။

ဦးစွာပထမ သခင်မြ ရောက်လာပါသည်။ နောက်မကြာမီ ပင် ဗိုလ်လက်ျာလာပါသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း ရောက်လာပါသည်။

မြက်ခင်းပေါ်၌ ကုလားထိုင်များ စီထားပါသည်။ တစ်ဦး ပြီးတစ်ဦး ကုလားထိုင်ရှိရာလာ၍ ထိုင်ကြသည်။

သူတို့တွေ့ကြဆုံကြ ဆွေးနွေးကြသည်မှာ ရိုးရိုးကိစ္စချည်း မဟုတ်ပါ။ တိုင်းပြည်တွင် ဂျပန်ဆန့်ကျင်ရေးစိတ်ဓာတ်များ ဖြင့် နေချိန်ဝယ် ခေါင်းဆောင်လုပ်သူတို့မှာ တိုးတိုးတိတ်တိတ် ကြိတ် ဆွေးနွေးကြရခြင်း ဖြစ်ပါသည်။ ထိုဆွေးနွေးပွဲ၌ သခင်ဗဟိန်းသည်



င်လျှင် ခပ်လှမ်းလှမ်းမှ နေပါသည်။ ထို့ကြောင့် သခင်ဗဟိန်းနှင့် အတူတူ ဘစေ့တစောင်းမျှသာ အကဲခတ်လိုက်ရပါသည်။

ထိုနေ့ညနေက ဗိုလ်ချုပ်တစ်ဦးတည်းလိုလိုပင် စကား အောင်လောက်အောင် ပြောနေပါသည်။ သခင်နုကား ဗိုလ်ချုပ် ပြောသည်ကို ဂရုမထားသကဲ့သို့ ခပ်တည်တည်နေသည်၊ သို့သော် ဗိုလ်ချုပ်က လက်ဟန်ခြေဟန်ဖြင့်လည်းကောင်း၊ ခေါင်းငဲ့၍လည်း ကောင်း၊ ဟဲ ဟဲ ဟဲ ဟဲ ဟု အသံထွက်အောင် ရယ်၍လည်းကောင်း၊ စကားပြောလိုက်သည့်အခါ သခင်နုသည် ဝင်၍မတောဘဲ မနေနိုင် ။ ၎င်းတို့နှစ်ဦးသား အချီအချပြောစဉ် သခင်မြက ဝင်၍ ထောက် တက်ပါသည်။ ဗိုလ်လက်ျာကား တစ်စုံတစ်ခုကို သွေးအေးအေးနှင့် ဉ်းစားသော အမူအရာဖြင့် အင်း လိုက်နေပါသည်၊ ကျွန်တော့် အဖို့ကား စာတမ်းလည်းမထိုး အသံလည်းမထွက်သော ရုပ်ရှင်ကား တစ်ကားကို ကြည့်နေရဘိသကဲ့သို့။

ဗိုလ်ချုပ်က တဟဲဟဲနှင့် ရယ်သည်။ ဗိုလ်ချုပ်ရယ်တိုင်း င်နုက လေးနက်သောအသွင်ကို ဆောင်သည်။ လေးနက်သော အမူအရာပေါ်လာတိုင်း ဗိုလ်လက်ျာက စဉ်းစဉ်းစားစားနှင့် 'အင်း' တ်သည်။ ဗိုလ်လက်ျာ 'အင်း' လိုက်တိုင်း သခင်မြက ပြုံးကာ သစ် အ,ထစ်နှင့် ပြောသည်။

သခင်မြမှာ ကျွန်တော်၏ ငယ်ဆရာဖြစ်သည်၊ သူ စကား ပြောလျှင် အစဉ်ပြုံး၍ လေသံကို ဖြတ်ကာ ဖြတ်ကာ ပြောတတ် ၏၊ သခင်မြသည် စကားထစ်သူမဟုတ်၊ တစ်ခွန်းချင်း လေ အေးနှင့် ပြောတတ်သူဖြစ်ရကား အပေါ်ယံကျော၌ ထစ်သလို သော်လည်း စကားပြောရာတွင် အလွန်ပြေပြစ်သူဖြစ်သည်။ င် သူသည် လူငယ်တို့၏ စိတ်အားထက်သန်မှုကို သူကြီးတို့၏

www.burmeseclassic.com

www.burmeseclassic.com



နှိုင်းနှိုင်းချိန်ချိန် သုခမိန်သဘောတရားတို့ဖြင့် သမအောင်နှဲပေး တတ်သူဖြစ်သည်။ မည်သူက လက်သီးလက်မောင်း မည်သို့တန်းစေ ကာမူ၊ သခင်မြတစ်ချက်ပြုံးလိုက်လျှင် တုံးဆိုတိုက် ကျားဆိုကိုက် ဟူ၍ ကြုံးဝါးနေသူသည်။ တုံးပင် မှန်စေ တိုက်သင့်ချိန်ရောက်မှ တိုက်မည်၊ ကျားပင်မှန်စေ ကိုက်သင့်ချိန်ရောက်မှ ကိုက်မည်ဟူ သော အံသိတရားရကာ ငြိမ်၍ ကျသွားတတ်သည်။

ဗိုလ်လကျ်ာ၏ 'အင်း'လိုက်သံ၊ ဗိုလ်ချုပ်၏ 'ဟဲ'သံ၊ သခင်နု ၏ 'တိတိလင်းလင်းပြောမယ်' ဟူသော အသံတို့သည် ညဉ့်၏လွှာရုံ အောက်ဝယ် ငြိမ်သက်သွားပြီးနောက် သခင်မြ၏ ချိုအေးသော အသံက လွှမ်းမိုးလာပါသည်။ ထိုအခါမှ လူငယ်သုံးဦးတို့သည် တစ်ဦးနှင့်တစ်ဦး ပိုမိုချစ်ခင်လေးစားအားထားသော အသွင်ကို ဆောင်ကာ သခင်မြ၏အနားသို့ ချဉ်းကပ်သည်ထက် ချဉ်းကပ်သွား ကြပါသည်။

ကျွန်တော် ယနေ့အထိ သူတို့ဘာကိုတိုင်ပင်ကြသည်ဟု မသိရပါ။ သခင်ဗဟိန်း၏ ပြုံးစနဲ့နဲ့မျက်နှာထားမှာ အဓိပ္ပာယ်ထူ သော အသွင်ကိုဆောင်လျက်ရှိသည်ဟု ကျွန်တော် ရိပ်မိပါ၏။ သို့ရာတွင် မသိစေချင်သော ကိစ္စတစ်ခုကို စပ်စုလိုသောဝသီ ကျွန်တော့်၌ မရှိ။ အထူးသဖြင့် ဂျပန်ခေတ်၌ ထိုဝသီတို့ကို ချိုးနှိမ် ထားကြမှ အရေးတော်ပုံလှချေမည်။

သို့သော် ဘာကြောင့်မသိ။ သခင်ဗဟိန်းတစ်ယောက် သခင်နုအိမ်ပေါ်မှာနေရင်း၊ ကြက်ပျောက်ငှက်ပျောက် ပျောက်သွား သောအချိန်၌ကား၊ ဗိုလ်ချုပ်၊ ဗိုလ်လကျ်ာ၊ သခင်နု၊ သခင်မြ တို့ စည်းဝေးတိုင်ပင်ကြသော ထိုတစ်ညနေကို ကျွန်တော်ပြေး၍ သတိရမိသည်။



လူလုံးမပျောက်တပျောက်အချိန်တွင် သူတို့သုံးဦးသား သခင်နုအိမ်မှ ပြန်ကြသည်။ သခင်မြက ကျွန်တော့်အား သူနှင့် တွေ့ရန် မှာကြားသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်သည် ကျွန်တော့် အနားရောက်လာပြီးလျှင် မှုန်ကုတ်ကုတ်နှင့် ကြည့်သည်။

ဤကား ဗိုလ်ချုပ်သည် နှစ်ရှည်လများ ကွဲကွာနေသော မိတ်ဆွေတစ်ဦးအား နှုတ်ဆက်ခြင်းပင် ဖြစ်သည်။

'ခင်ဗျားကြီး ဒီရောက်နေတာကိုး' ဟု ဗိုလ်ချုပ်က မတုန် မလှုပ်လှသော မျက်နှာထားဖြင့် ပြောသည်။

'ဟုတ်ပဗျာ. . .' ဟု ကျွန်တော်က ဖြေလိုက်သည်။ ဗိုလ်ချုပ်၏ မော်တော်ကားသည် ကြီးစွာသော မီးခိုးလုံးတို့ကို လွှတ် ၍ တုက္ကိုင်းလမ်းမပေါ်သို့ တက်လေသည်။

ထိုမီးခိုးလုံးများအတူ၊ ကျွန်တော်၏စိတ်တို့သည် လွင့်၍ လွင့်၍ . . .

ထိုညတစ်ညလုံး အိပ်မပျော်။ ယနေ့တိုင် သခင်နုတို့ဘာကို [illegible]ညှိယ်၍ စည်းဝေးကြောင်း ကျွန်တော်မသိ။ တစ်ခါမျှလည်း [illegible]ကြည့်မိ။ သို့ပါသော်လည်း ကျွန်တော်၏ ဦးနှောက်ထဲတွင် [illegible]တွင်းကလေးကို ဖောက်၍မရ။ တိုင်းရေးပြည်ရေး ရှုပ်ထွေးစ [illegible]သောပြီ။ ၁၉၄၃ ခုမှသည် ၁၉၄၄ သို့ ကူးပြောင်းလာမည့်အချိန် [illegible]သည် ကျွန်ုပ်တို့၏ တော်လှန်ရေးခေါင်းဆောင်များအဖို့ ထက်လှ [illegible]သော သင်ဓုန်းဓားပေါ်တွင် ဖွမ်းပစ်၍ ကစားနေရသော အချိန်ဖြစ် [illegible]သည်။ အင်္ဂလိပ်ဟူသည် အံခွအောင် စားဖူးသော ဖိုးထူးဖြစ်သည်။ [illegible]သော် ဂျပန်ကား အံခွအောင်စားမည့် ဖိုးထူးဖြစ်သည်။ တစ်ဦး [illegible] ဝ၍အီသွားပြီ။ အခြားတစ်ဦးကား ယခုမှ စားခါဖြစ်၍ [illegible]သောတတ်လို့ ကောင်းတုန်းဖြစ်သည်။ ဂျပန်သည် အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



ထတ် ကြောက်စရာကောင်းသည်။ ခေါင်းဆောင်ပိုင်းများက ဤ သဘောကို နားလည်စေကာမူ ကျွန်ုပ်တို့၏ သာပေါင်းညာစားများ ကား ဂျပန်ကို မျက်နှာချိုသွေးဆဲဖြစ်သည်။ ထို့ကြောင့် တော်လှန် ရေးသမားများအား လက်ညှိုးထိုး၍ ပြမည့်သူများမှာ. . .

ကျွန်တော် ဆက်၍ မတွေးဝံ့ပါ။ ကိုယ့်အမျိုးသားထဲမှ လောက်ကောင်များအကြောင်း တွေးတောရသည်မှာ မြိန်ရည် ရှက်ရည် မရှိပါ။ သို့သော် ကျွန်တော် ခွဲခွာလာခဲ့သော နယ်ကလေး အတွက် ပူပန်မိပါသည်။ ဂျပန်ကို ကဏ္ဍကောဇ ပြုလာပြီဖြစ်သော ဗိုလ်ဗမာအစည်းအရုံးခေါင်းဆောင် အရှေ့အာရှလူငယ်များ အစည်း အရုံးခေါင်းဆောင်စသည့်တို့အတွက် ပူပန်မိပါသည်။ ထို့ကြောင့် လည်း သခင်မြနှင့်တွေ့သည့်အခါ ကျွန်တော်နယ်အခြေ အနေကို ခရေစေ့တွင်းကျ ပြောပြရပါသည်။ သို့ရာတွင် တော်လှန်ရေးကြီးထဲ တွင် တော်လှန်ရေးကလေးများမှာ ယာဇ်ပူဇော်ခြင်းသာလျှင် ခံကြရ ဖို့ရှိပေသည်။

တော်လှန်ရေး၏ ယာဇ်ပလ္လင်၌ လူငယ်များနှင့်တကွ လူငယ်များ၏ လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြသူတို့ သည် ၎င်းတို့၏ အသွေးအသားများကို မည်သို့ပင် ပူဇော်ကြရ စေကာမူ ပူဇော်ခြင်း၏ အကျိုးတရားကြောင့် လွတ်လပ်ရေးရသည် ကား လိုရင်းပင်ဖြစ်သည်။ သို့သော် ထိုစဉ်က ကျွန်ုပ်တို့ရရှိသော လွတ်လပ်ရေးကား ပြာပူလွတ်လပ်ရေးဖြစ်ရာ၊ တစ်မျိုးသားလုံးမှာ ကဇွန်းဥ မီးအုံးသကဲ့သို့ ရှိလှသည်။

တစ်နည်းအားဖြင့် ဤအဖြစ်မျိုးသည် ကျွန်ုပ်တို့လူမျိုး အတွက် အလွန်ကောင်းသည်။

ပြာပူထဲတွင် ကဇွန်းဥအစိမ်းသည် တစိမ့်စိမ့်နှင့် ကျက် သည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့လည်း နူနယ်သောဘဝမှ တစိမ့် စိမ့်နှင့် ရင့်ကျက်ခဲ့ရသည်။ တစ်ခါတစ်ရံ၌လည်း ဤသို့တွေးမိသည်။ ယနေ့ကျွန်ုပ်တို့၏ အခြေအနေမှာ မကျက်တကျက် အခြေအနေ ဖြစ်ရကား၊ ကယ်တင်ရှင် တစ်ဦးဦးက ကျွန်ုပ်တို့အား ပြာပူတွင်ထပ် ၍ လှိမ့်နိုင်ခဲ့ပါလျှင် ကျွန်ုပ်တို့သည် နောက်ထပ်ပို၍ ရင့်ကျက်ရဖို့ ရှိပေလိမ့်မည်။

သို့သော် ထိုစဉ်က လွတ်လပ်ရေးကို မည်သူတို့ ခံစားလျက် ရှိပါသနည်း။

ဤမေးခွန်းကို ယခုကျွန်တော် စစ်တမ်းထုတ်၍ ကြည့် သောအခါ ထိုစဉ်က အဖြစ်အပျက်တစ်ရပ်သည် ကျွန်တော်၏ မှတ်ဉာဏ်ထဲ၌ ပေါ်လာပြန်ပါသည်။

ကျွန်တော်သည် နေ့ရက်အတိအကျတို့ကို ကောင်းစွာ မမှတ်မိ။ ရှေးနှောင်းအစီအစဉ်တို့ကိုလည်း ကောင်းစွာသတိမရ။ သို့သော် ဖြစ်ပျက်ခဲ့သော အကြောင်းချင်းတတို့ကား မနေ့ကမှ ဖြစ်ပျက်ခဲ့သလိုလို၊ အတိတ်ကာလသည် ကျွန်တော့်ရှေ့တွင် အထင်အရှား ဇာတ်စုံခင်းလျက်ပြတုန်းပင်။

စိတ်အထင် ဂျပန်က မြန်မာကို လွတ်လပ်ရေးပေး၍ ထင်နှစ်ပြည့်သော အထိမ်းအမှတ်ကျင်းပသည့်နေ့ဟု ထင်သည်။ ၁၉၄၄ ခု ဩဂုတ်လ ဖြစ်တန်ရာ၏။

ထိုအခါက ကျွန်တော်သည် နိုင်ငံခြားရေးဌာနတွင် အလုပ် လုပ်နေရ၏။ အထူးသဖြင့် နိုင်ငံခြားအတွက် ဝါဒဖြန့်ချိရေး လုပ်ငန်းတို့တွင် ကိုခင်မောင်လတ် (ယခုကိုယ်ပိုင်ကျောင်းဆရာ ကြီး) တိုတင်မောင် (ထင်ကြီး)၊ ကိုဘတုတ် (ယခုတက္ကသိုလ်သချာ်ာ ထိကော) စသော မိတ်ဆွေများနှင့် အတိုအထွာ ပတ်စာခွာ



www.burmeseclassic.com

www.burmeseclassic.com



ဖျာသိမ်းဟူသမျှ လုပ်ငန်းအစုံစုံတို့ကို ခြေဦးတည့်ရာလုပ်၍ နေရသည်။

ထိုအခမ်းအနားကို ကျင်းပရာ၌ လွတ်လပ်သော မြန်မာနိုင်ငံတော်အစိုးရ၏ ခေါင်းသူကြီးများနှင့် ဂျပန်အစိုးရ၏ ထိပ်သီးများကို နေရာချထားရေးမှာ ကျွန်ုပ်တို့အဖို့ အလွန် ခေါင်းကိုက်စေသော အလုပ်များဖြစ်၏။

ထိုစဉ်က မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမှာ ထီးပြိုင်နန်းပြိုင် အုပ်ချုပ်ရေးဖြစ်၏။ မြန်မာတစ်နိုင်ငံထဲတွင် စင်ပြိုင်အစိုးရ သုံးခုရှိ၏။ ဂျပန်အစိုးရမှာ ထိပ်သီးအစိုးရဖြစ်၏။ လွတ်လပ်သော မြန်မာနိုင်ငံတော်အစိုးရမှာ ဒုတိယတန်းစားလိုက်သော အစိုးရဖြစ်၏။ နေတာဂျီဘို့စ် ခေါင်းဆောင်သော လွတ်လပ်သော အိန္ဒိယပြည်အစိုးရမှာ ကျွန်ုပ်တို့၏ ဧည့်သည်တော်အစိုးရဖြစ်၏။

ဂျပန်အစိုးရ၏ ကိုယ်စားလှယ်တော်များဖြစ်သော ဂျပန်သံအမတ်ကြီး ရင်ဒိုဆာဝါဒါ၊ ဂျပန်သေနာပတိချုပ်ဂျင်နရယ်ကဝါဘီစသော ပုဂ္ဂိုလ်တို့မှာ လွတ်လပ်သော မြန်မာနိုင်ငံတော် အစိုးရက ကျင်းပသည့် မည်သည့်အခမ်းအနား၌မဆို မြင့်မြတ်သောနေရာဖြစ်သည့် အဓိပတိအရှင်မင်းကြီး ဒေါက်တာဘမော်၏ လက်ယာဘက်မှာသာ နေလိုကြသည်။ ထိုနေရာမရလျှင်၊ ရာဇကြ ခြေကိုမျှ မငဲ့ဘဲ၊ ထိပ်သီးဂျပန်တို့သည် ကျွက်စီကျွက်စီလုပ်လေ့ရှိ၏။

ယခု ကျင်းပရမည့်အခမ်းအနားကို ဂျူဘီလီဟော၌ ကျင်းပရန် စီစဉ်ထားလေရကား၊ အခမ်းအနားမတိုင်မီပင် ကျွန်ုပ်တို့ နိုင်ငံခြားရေးရုံးမှ အရာရှိများအားလုံးသည် ဂျူဘီလီဟောတွင် စုရုံး၍ ကြိုတင်ပြင်ဆင်ကြကုန်သည်။

ထိုအခါ ပြဿနာတစ်ရပ် ပေါ်လာသည်။ ထိုအခမ်း



အနားသို့ နေတာဂျီဘို့စ်ကိုလည်း ဖိတ်ထားသည်။ အဓိပတိကြီး၏ ဆန္ဒ၌ နေတာဂျီဘို့စ်ကို ဧည့်သည်တော်အဖြစ်ဖြင့် ဦးစားပေးလိုသည်။ ထို့ကြောင့် နေတာဂျီဘို့စ်အား သူ၏လက်ယာ၌ထား၍ ဂျပန်သံအမတ် ရင်ဒိုဆာဝါဒါအား သူ၏လက်ဝဲ၌ထားရန် ကျွန်ုပ်တို့ လူတစ်သိုက်အား အမိန့်ပေးလိုက်၏။

ကျွန်တော်တို့အဖို့ အတော်အကြံအိုက်သွားပေသည်။ ကျွန်တော်တို့ကား ဗိုလ်ချုပ်အောင်ဆန်းကို အဓိပတိ၏လက်ယာ၌ထားရန် စီစဉ်ထားသည်။ သို့သော် ယခုပုံလိုဆိုရင် အဓိပတိ၏လက်ယာဘက်၌ ဗိုလ်ချုပ်အောင်ဆန်း၊ နေတာဂျီဘို့စ်၊ ရင်ဒိုဆာဝါဒါ၊ ဂျင်နရယ်ကဝါဘီ၊ ဝန်ကြီးချုပ်သခင်မြ စသော ပုဂ္ဂိုလ်အားလုံးတို့ကို နေရာချထားရန်ရှိနေပေသည်။

ထိုစဉ်က နိုင်ငံခြားရေးဌာနတွင် အလုပ်လုပ်နေသော ဦးမောင်မောင်ကြီးမှာ ထိုနေရာချထားရေးတာဝန်ခံဖြစ်၏။ သူသည် ပျာလောင်ခတ်လျက်နေသည်။ ထို့ကြောင့် ကျွန်တော်က 'ဘယ့်နှယ်လဲ ဗျို့' ဟု မေးလိုက်မိ၏။

'ဘယ်နှယ့်လဲဆိုရင်၊ ကဝါဘီကို အဓိပတိရဲ့ လက်ဝဲဘက် နေရာချထားတာ စစ်ဘက်က ကန့်ကွက်နေတယ်။ ခက်တာပဲဗျာ'

'ဘယ်သူ ဘယ်ဘက်ကနေနေ၊ အရေးကြီးတာကတော့ ဗိုလ်ချုပ်နဲ့ နေတာဂျီတို့ကို အဓိပတိရဲ့ လက်ယာဘက်မှာနေရာထားဖို့ပဲ။ အဲဒါ ကိုယ့်လူကြည့်လုပ်ပေတော့'

ကျွန်တော်ကား စင်မြင့်ပေါ်ရှိ ကန့်လန့်ကာနောက်မှနေ၍ အဓိပတိ၏မိန့်ခွန်း၊ ဂျပန်သံအမတ်၏မိန့်ခွန်း၊ ဂျပန်စစ်သေနာပတိ၏မိန့်ခွန်း၊ ဗမာ့တပ်မတော်စစ်သေနာပတိ (ဗိုလ်ချုပ်အောင်ဆန်း) ၏မိန့်ခွန်း စသည်တို့ကို မိန့်ခွန်းမြွက်ကြားပြီးသည်နှင့် တစ်ပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



စုပေါင်း၍ သတင်းနှင့် ဝါဒဖြန့်ချိရေးဌာနမှတစ်ဆင့် သတင်းစာတိုက်များ အရောက်ပို့ပေးရန် ဝတ္တရားကျနေသည်။

ကျွန်တော့်လက်ထဲတွင် မိန့်ခွန်းပေးမည့်သူ အသီးသီးတို့၏ တင်ကြိုထုတ်ပေးသော စာမူများရှိသည်။ သို့သော် ဗိုလ်ချုပ်ပေးမည့် မိန့်ခွန်းစာမူကို ကျွန်တော်မရသေး။ ထိုစာမူကို စောစောတင်ကြို၍ ရနိုင်ပါမှ အင်္ဂလိပ်လိုဘာသာပြန်၍ သတင်းစာတိုက်နှင့် ဗိုမေသတင်းဖြန့်ချိရေး ဌာနတို့သို့ အချိန်မီဝေနိုင်မည်ဖြစ်၏။

သို့သော် 'ခရုမှာလည်း အဆံနှင့်၊ လူမှာလည်း အကြံနှင့်' ဟု ကျွန်တော်အား အရိပ်အမြွက်ပြောဖူးသော ဗိုလ်ချုပ်ကား သူ၏အကြံနှင့်သူ။

ထို့ကြောင့် စာမူကို မျှော်သော်လည်း အကြောင်းမထူးချေ။ သို့ပါသော်လည်း ဂျပန်သံရုံးမှ တွဲဘက်သတင်းအရာရှိဖြစ်သူ ရှိမာနိုအုချိဆိုသော ချာတိတ်ကလေးမှာကား ကျွန်တော့်ထံ ဂျပန်သံအမတ်၏ ကြေညာချက်ကိုပေးရင်း ဗိုလ်ချုပ်၏မိန့်ခွန်းကို မရမကတောင်းဆိုနေသည်။

ကျွန်တော်က မရသေးဟု ပြော၏။ သူက မကျေနပ်။

'မင်း မကျေနပ်လည်း မတတ်နိုင်ဘူး။ သူတို့စစ်ဘက်တွေကို ငါတို့နိုင်ငံခြားရုံးက လွှမ်းမိုးနိုင်တာ မဟုတ်ဘူး။ ဒီတော့ ဗိုလ်ချုပ် လာအောင် သည်းညည်းခံပြီးစောင့်ပါကွယ်'

ကျွန်တော်က လေပျော့ဖြင့် ခပ်တင်းတင်းပြောထားသည်။ သို့သော် ရှိမာနိုအုချိ၌ သတင်းယောက်ဉာဉ်ရှိသည်။ သူ့စိတ်ထဲ၌ ဗိုလ်ချုပ်၏မိန့်ခွန်းကို ကြိုတင်မရနိုင်ခြင်းသည် တစ်နေရာရာ၌ တစ်စုံတစ်ခုဖြစ်နေသောကြောင့် မရနိုင်ခြင်းဖြစ်ရမည်ဟု ထင်နေဟန်တူ၏။ ထို့ကြောင့် ကန့်လန့်ကာ၏နောက်ကွယ်၌ ရှိမာနိုအုချိ



သည် သူ၏ဆရာဖြစ်သော ဂျပန်သံအမတ်နှင့်စကားပြောနေသည်။ ဂျပန်သံအမတ်၏ မျက်နှာထားသည် တောက်တဲ့အိမ်မြှောင်စသည်တို့၏ မျက်နှာထားကဲ့သို့ အမြဲသေနေသော မျက်နှာထားမျိုးဖြစ်သည်။ ပြုံးစရာရှိ၍မပြုံး၊ မဲ့စရာရှိ၍မမဲ့၊ ဒေါမနဿကြောင့် မျက်နှာထား မတင်း။ သောမနဿကြောင့် မျက်နှာထားမရွှင်။ သို့သော် အစဉ်သဖြင့်ကား 'ငါသည် မြန်မာပြည်ကို အပေါ်စီးရနေသူ ဖြစ်သည်' ဟူသော မာန်တစ်ခွဲသားကို မနိုင့်တနိုင်နှင့် ချိပင့်ထားသော မျက်နှာမျိုး ဖြစ်သည်။ သို့သော် ယခု သူတို့ဆရာတပည့်နှစ်ဦးသား တီးတိုးဆိုနေစဉ် ကျွန်တော်တွေ့ရသော ရင်ဒိုဆာဝါဒါ၏ မျက်နှာထားမှာ သက်ာယန့်မကင်းသော အရိပ်အယောင်သန်း၍ လာလေပြီ။

ထို့နောက် ဒုစီအစဉ်အရ ဂျပန်သံအမတ်ကို အဓိပတိ၏ သက်ဝဲဘက်၌ နေရာချထားကြောင်းကို သံအမတ်အား ရှိမာနိုအုချိမှတစ်ဆင့် ကျွန်တော်တို့လူစုက အကြောင်းကြားလိုက်သောအခါ သံအမတ်၏မျက်နှာပေးမှာ အသက်ထွက်ခါနီး သင်းလိပ်ချောသည် ပိုးကောင်ကိုမြင်၍ မာန်ဖီသကဲ့သို့ ရှိလှပေသည်။

သို့သော် ရင်ဒိုဆာဝါဒါမှာ သံအမတ်အဖွဲ့ဝင်ပီပီ ၎င်း၏ဒေါသမူစိတ်တို့ကို မျက်နှာ၌ ပေါ်ထင်အောင်မပြ။ ဂျင်နရယ်ကပါဘီကား ၎င်း၏နှုတ်ခမ်းမွေးရှည်ရှည် ကုတ်ကုတ်ကို ပိန္နဲရွက်ဝါးသော ဆိတ်ကုလား၏မုတ်ဆိတ်ကဲ့သို့ လှုပ်တုတ်လှုပ်တုတ်နှင့် လုပ်သည်။ တင်နိုဟေကာ၏ စစ်သားပီပီ၊ ဒေါဖောင်းကာ နေရာလုနေသည်။

ကန့်လန့်ကာနောက်ပိုင်းတွင် ထိပ်သီးဂျပန်အရာရှိများ ရောက်လာရိုက်နေစဉ် ကြမ်းပြင်ကို ဒုန်းဒုန်းနှင့် ဆောင့်၍နင်းသော

www.burmeseclassic.com

www.burmeseclassic.com



အသံ ကြားလိုက်ရပါသည်။ ဗမာ့တပ်မတော်မှ အစောင့်အရှောက်စစ်သားများသည် လှုပ်ရှားသွားလေ၏။ စစ်ဖိနပ်စီးထားသောဘယ်ခြေဖနှောင့်ကို ညာခြေဖနှောင့်နှင့် ရိုက်လိုက်သော 'ခွပ်' သံများသည် ပတ္တလားကို တစ်ချက်တည်းနှင့် လှိမ့်တီးလိုက်သော အသံကဲ့သို့ ပေါ်လာပြီးနောက် ကိုယ်ရံတော်ဗိုလ်မှူးတို့ခြံရံသော ဗိုလ်ချုပ်သည် ဂျူဘီလီဟောစင်မြင့်ပေါ်သို့ တောင်ဘက်လှေခါးဆင့်မှ တက်လာသည်ကို တွေ့ရပါသည်။

ကန့်လန့်ကာနောက်မှ ပွက်လောရိုက်သံတို့မှာ ငြိမ်၍ ဝပ်သွားပါသည်။

ဂျပန်သံအမတ်က သူ၏တပည့် ရှိမာနိုအုချိကို မျက်နှာရိပ်မျက်နှာကဲပြသည်။ ရှိမာနိုအုချိက ကျွန်တော်ရှိရာဘက်သို့ ခြေလှမ်းလှမ်းခဲ့သည်။ ကျွန်တော်ကား ရှိမာနိုအုချိ နားပူတော့မည်ကို သိနှင့်၍ ဗိုလ်ချုပ်ထံပြေး၍ ကပ်ပါသည်။

'ဗိုလ်ချုပ် မိန့်ခွန်းကို အဆင်သင့်ရေးလာသလား' ဟု ကျွန်တော်က တိုးတိုးမေးပါသည်။

ဗိုလ်ချုပ်က သူ့ကာကီအကျႌအိတ်ကို ပုတ်ပြပြီး၊ စာရွက်များကို ဆွဲထုတ်လိုက်သည်။

'ကျုပ်ကိုယ်တိုင် ရေးလာတယ်။ ဒါပေမယ့် ခင်ဗျားကို မပေးနိုင်ဘူး'

သူက ဤသို့ပြောသော်လည်း ကျွန်တော်က အလိုက်မသိသေးချေ။

'ဒါဖြင့် ဒီမိန့်ခွန်းတိုပြောပြီးရင် ကျွန်တော့်ကိုပေးပါ။ ကျွန်တော် ဗိုလ်ချုပ်နောက်နားမှာပဲ နေပါ့မယ်'

'ဘာလုပ်ဖို့တုန်း'



ကျွန်တော်က ဂျပန်သံအမတ်ကို မေးငေါ့ပြ၍ 'သူတို့က ကျွန်တော့်ကို လာပူနေတယ်'

'လက်တန်းပြောမယ်လို့ ပြန်ပြောလိုက်ဗျာ'

ထို့နောက် အဓိပတိသည် ဝန်ကြီးများအခြွေအရံနှင့် စင်မြင့်ပေါ်သို့ ရောက်လာပြီးလျှင်၊ နိုင်ငံခြားရေးရုံးမှ ပုံစံဖြင့်ပြ၍ ချထားသော နေရာသို့ အသီးသီး အသက အသက ဝင်ကြလေသည်။

ပုံစံတွင်မည်သို့ နေရာချထားသည်ကို ကျွန်တော် မမှတ်မိ။ သို့သော် ဂျင်နရယ်ကာဝါဘီမှာ အဓိပတိ၏လက်ယာဘက်တွင် ရောက်၍နေသည်ဟု ကျွန်တော် အမှတ်ထားမိသည်။ ဗိုလ်ချုပ်နှင့် နီးမဝေး၌ ရှိသည်။

အားလုံးသော ပုဂ္ဂိုလ်တို့က ဆိုင်ရာဆိုင်ရာ မိန့်ကြားချက်များကို မိန့်ဆိုကြသည်။ ဂျင်နရယ်ကာဝါဘီအလှည့်သို့ ရောက်သောအခါ သူသည် ဂျပန်ဓားလွယ်ကို ဓားအိမ်မှမချွတ်ဘဲ သူ၏ ရှေ့တည့်တည့်တွင်ထောက်ကာ ဓားလွယ်လက်ကိုင်ပေါ်ကို လက်နှစ်ဖက်တင်၍ မိန့်ခွန်းစကားပြောဆိုပါသည်။

ကျွန်တော်တို့မှာ ဂျပန်စကားနားမလည်သည်နှင့် သူပြောသည့်စကားထဲမှ 'အနတဝါ' ဟူသော စကားသံကိုသာ ကျတ်မိသောကြောင့် အယုတ္တ အနတ္တစကားပြောသည်ဟု အချင်းချင်းလက်တို့ရယ်မောမိကြသည်။

သို့သော် ဂျင်နရယ်ကာဝါဘီပြောသွားသော စကားထဲ၌ ရယ်စရာ တစ်ကွက်မျှမပါ။ အားလုံးသောစကားတို့သည် မြန်မာလူမျိုးလုံးကို ကလေးသူငယ်ပမာထား၍ ကြိမ်းမောင်းဆုံးမသော စကားမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကဝါဘီက ပြွတ်တောင်းပြွတ်တောင်းနှင့် ပြောသော စကားသံထဲတွင် ဒေါသသံပါကြောင်းကို ဂျပန်စကားနားမလည်သူတို့ပင်လျှင် ရိပ်မိကြပေသည်။

ကျွန်တော်က ဂျပန်သံရုံးသားများထံသွား၍ ဗိုလ်ချုပ်သည် အလုပ်များသောကြောင့် မိန့်ခွန်းကို အစီအစဉ်နှင့် ရေးမထားနိုင်သဖြင့် လက်တန်းစကားပြောလိမ့်မည်ဟု သတင်းပို့ထားရ၏။ ဂျပန်တတွေ မှုန်ကုတ်ကုတ်နှင့်နေကြသည်။ ရှီမာနိုအုချိက ဗိုလ်ချုပ်ပြောစကား အတိုချုပ်ကို အင်္ဂလိပ်လိုရေးပေးရန် ပူဆာပြန်သည်။ ကျွန်တော်က စစ်ဘက်ကပြောသောစကားကို ကျွန်တော်တို့ ဌာနကတာဝန်ယူ၍ လုပ်ပေးရန်ခဲယဉ်းကြောင်း၊ စစ်မိန့်ရမှ လုပ်ပေးနိုင်ကြောင်း၊ စစ်ဘက်ဆိုင်ရာတို့နှင့် တိုက်ရိုက်ဆက်သွယ်သင့်ကြောင်း၊ ရှီမာနိုအုချိအား စကားကုန်ပိတ်၍ ပြောလိုက်သောကြောင့် ကျွန်တော့်ကို နောက်ထပ်သူတို့ နားမပူတော့ပါ။

ဗိုလ်ချုပ်စ၍စကားပြောရန် သူ့အိတ်တွင်းမှ စာရွက်တစ်ထပ်ကို ထုတ်ပါသည်။ စာရွက်တို့ကိုဖြန့်၍ ပြတ်သားစွာ စကားစပါသည်။

ဂျူဘီလီဟောထဲ၌ အသံများ ဆိတ်နေသည်။ ဗိုလ်ချုပ်၏ အသံသည် ပြတ်သားစွာပေါ်ထွက်လာပါသည်။

ဗိုလ်ချုပ်၏မိန့်ခွန်းမှာ ကဝါဘီ၏ ကြိမ်းမောင်းမှုတို့ကို ထိမထင်ပြက်ရယ်ပြုသော မိန့်ခွန်းဖြစ်သည်။ မြန်မာတစ်မျိုးသားလုံးက ဂျပန်တစ်မျိုးသားလုံးကို 'ရှမ်းနှင့်ဆင် လယ်ပြင်ကျမှ တွေ့ရစေ့ မဟော့နော်' ဟု ကြိမ်းဝါးလိုက်သော မိန့်ခွန်းဖြစ်သည်။

ဂျူဘီလီဟောတစ်ခုလုံးမှာ ဆိတ်၍နေသည်။

ထိုအချိန်၌ မတော်တဆ အတွင်းဝန်တစ်ဦးဦး၏ တောင်



ချည်ပုဆိုးမှ ခါးပုံစတစ်ခု ပြုတ်၍များ ကျခဲ့လျှင် ရှဲကနဲ မြည်ဟီးလောက်ပေသည်။

ဗိုလ်ချုပ်သည် သူ၏ ဘောင်းဘီအိတ်ထဲမှ စက္ကူလိပ်ကြီးကို ထုတ်ကာ တစ်ရွက်ပြီးတစ်ရွက် လှန်ရင်း သူစိတ်ကူးတည့်ရာ ရေးယာသော စကားတို့ကို ပြောကြားလေသည်။ မိန့်ခွန်းထဲတွင် စိတ်ပါဝင်စားလာသောအခါတိုင်း သူ၏ဦးခေါင်းကို ဘယ်ဘက်သို့ ဆတ်ခနဲ ခါလိုက်၊ ညာဘက်သို့ ဆက်ခနဲခါလိုက်၊ သုံးလေးငါးကြိမ်လောက်ဆတ်ကနဲ ခါပြီးသည့်နောက် ကျွန်ုပ်တို့အားလုံး ကြက်သီးမွေးညင်းထလောက်သည့်စကားပိုဒ်ကို ပြောလေသည်။

ဗိုလ်ချုပ်ပြောသလို ကျွန်တော် ပြန်မပြောတတ်တော့ပါ။ သို့သော် သူ၏အသံသည် ယနေ့တိုင်ကျွန်တော့်နားထဲမှ မထွက်သေး။ ယခု ကျွန်တော် ပြောပြနေသော ပြခန်းကလေးတစ်ကွက်ကို မှတ်မိသူများအဖို့လည်း ယနေ့တိုင် နားမှထွက်နိုင်ကြမည် မဟုတ်ဟု ကျွန်တော် ထင်ပါသည်။

ဤခေတ်နှင့်တစ်ပြေးတည်းဖြစ်ပေါ်နေသော အခြင်းအရာတို့ကို မော်ကွန်းတင်ကြသူတို့တွင် ကျွန်ုပ်တို့၏ လွတ်လပ်ရေးကြိုးပမ်းမှုကို ပြက်ချော်ချော်ပြောကြသူ နိုင်ငံခြားသားအများပင်ရှိပါသည်။ ထိုသူတို့က ဗိုလ်ချုပ်သည် ဂျပန်ကို ပင့်ဆောင်လာပြီးနောက် အင်္ဂလိပ်အရေးသာမည်ထင်သောအခါ အင်္ဂလိပ်ဘက်ဝင်မည်ဟု အမနာပ စကားပြောကြပါသည်။

ကျွန်တော်သည် ထိုမျှ စော်ကားသောစကားကို ပြန်ဖြေနိုင်လောက်သော ရာဇဝင်ဆရာမဟုတ်ပါ။ ကျွန်တော်ထက် ပြောနိုင်စွမ်းရှိသူ လော့ဒ်လူဝီ မောင့်ဘက်တန်က သူ၏မှတ်တမ်းဖြစ်သော စာအုပ်တစ်အုပ်၌ ရှင်းပြပြီး ဖြစ်ပါသည်။ ရာဇဝင်ကို ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



စွဲအားဖြင့် မသုံးသပ် ဓမ္မဓိဋ္ဌာန်ဖြင့် သုံးသပ်သူတို့ကပင်လျှင် လက်ခံပြီးဖြစ်၍ ဗိုလ်ချုပ်ဘက်မှ ကျွန်တော် ရှေ့နေလိုက်စရာမလို ပါ။ သို့သော် ကျွန်တော်တို့ အမျိုးသားအချင်းချင်းတို့သည် ဗိုလ်ချုပ် ၏စေတနာနှင့် စေတသိက်တို့ အဘယ်ပုံရှိခဲ့သည်ကို ပိုမိုသဘော ပေါက်ရန် ဖော်ပြလိုပေသည်။

ကျွန်ုပ်တို့သည် နှစ်ပေါင်း ၁၂၀ မျှ နိုင်ငံခြားသားတို့၏ စိုးမိုးခြင်းကို ခံခဲ့ရသည်။ ထိုနှစ်များအတွင်းတွင် ခေါင်းဖော်နိုင်ရန် တစ်ရံတဆစ်မျှ အကွက်ကောင်းမရခဲ့ကြ။ ဒုတိယကမ္ဘာစစ်ကြီး သည် သာလျှင် လွတ်မြောက်ရေးအတွက် အခွင့်ကောင်းဖြစ်ခဲ့သည်။

သို့ပါသော်လည်း ကျွန်ုပ်တို့ တစ်မျိုးသားလုံးမှာ နှစ်လက်မ ထက်ပိုသော အသွားရှိသည့် မောင်းချဓားကို ကိုင်ဆောင်မိလျှင် တရားစွဲခံရတတ်ပါသည်။

ထိုကဲ့သို့သော လူမျိုးတစ်မျိုးက မိမိအား နှစ်ရှည်လများ လွှမ်းမိုးနေသော လူမျိုးတစ်မျိုးအား တော်လှန်ရာတွင် ရနိုင်သမျှ သော အခွင့်အရေးကို သုံးကြမည်သာ ဖြစ်ပေသည်။

အသွားနှစ်လက်မရှိသော မောင်းချဓားက-၃၀၃ မတ် စကက်သေနတ်ကို တော်လှန်နိုင်ရန် ရနိုင်သမျှသော အခွင့်ကောင်း ကို ယူမည်သာဖြစ်သည်။ သို့သော် ထိုအခွင့်ကောင်းကို ယူရာ၌ ဗိုလ်ချုပ်သည် ဂျပန်၏သစ္စာခံမဟုတ်၊ အင်္ဂလိပ်၏ သစ္စာကို မစောင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကျေးဇူးသစ္စာကိုသာ လျှင် စောင့်သိရိုသေခဲ့သည်။

ထို့ကြောင့်လည်း ဗိုလ်ချုပ်သည် ဂျပန်စစ်တပ်တို့ မြန်မာ ပြည်သို့ ဝင်လာသည်ဆိုလျှင်ပင် ဂျပန်တော်လှန်ရေးကို သူ့ ဦးနှောက်ထဲတွင် ကြံဆထားခြင်းဖြစ်သည်။



ဤအကြံ၏ အရိပ်နိမိတ်တို့သည် ဗိုလ်ချုပ်၏ ဂျူဗလီ ဟောမိန့်ခွန်းတွင် ပေါ်ပေါက်လာခဲ့သည်။

'ကျုပ်တို့ အခု လွတ်လပ်ရေးရပြီလို့ ဆိုတယ်။ ဒါပေမယ့် လွတ်လပ်ရေးကို ဘယ်သူတွေ ခံစားနေသလဲ။ ကျုပ် ရှင်းရှင်း ပြောမယ်။ ကျုပ်နဲ့တကွ ကျုပ်တို့ရဲ့ အပေါင်းအဖော်ဝန်ကြီးတွေ၊ သူတို့ရဲ့ သားမယားတွေ၊ အခြွေအရံတွေ၊ ကျုပ်တို့ကို ကပ္ပား ရပ်စား လုပ်နေတဲ့လူတွေ၊ အဲသလောက်ပဲ လွတ်လပ်ရေးရဲ့ အရသာကို ခံစားနေကြတယ်'

ဗိုလ်ချုပ်၏ မိန့်ခွန်းမှာ အထက်ပါအချက်ကို မဏ္ဍိုင်ပြု၍ မိန့်ကြားသော မိန့်ခွန်းဖြစ်သည်။ လွတ်လပ်ရေးရပြီဟု ဆိုသည်။ သည်လွတ်လပ်ရေး ဘယ်မှာတုန်း။ အပေါ်ယံအလွှာတစ်ထပ်၌သာ ထိုလွတ်လပ်ရေးတည်သည်။ စင်စစ်မြန်မာလူထု၏ လွတ်လပ်ရေး ကား အဘယ်မှာနည်း။ လူထုလက်ထဲသို့ လွတ်လပ်ရေးအပ်ရဦး မည်။ လွတ်လပ်ရေးကို လူထုထံသို့ အရောက်ပို့မပေးနိုင်သေးသမျှ ကျွန်ုပ်တို့ လုပ်ငန်းမပြီးသေး။

ဗိုလ်ချုပ်ပြောသွားသော စကားရပ်တို့၏ သဘောမှာ ဤသို့ဖြစ်သည်။ ဗိုလ်ချုပ်ပြောနေစဉ် အဓိပတိဒေါက်တာဘမော်က ဗိုလ်ချုပ်ဘက်သို့ ခေါင်းမငဲ့ဘဲ မျက်စိသာလှည့်၍ ကြည့်လိုက်သော အကြည့်မျိုးကို ကျွန်တော် ဘေးက ချောင်းကြည့်ခဲ့သည်။

အခမ်းအနားပြီးဆုံးသောအခါ လူအများပင် ရုံးရုံး,ရုံးရုံး နှင့် လှုပ်ရှားကာ ကိုယ်အိမ်သို့ ကိုယ်ပြန်ကြသည်။ စင်မြင့်ပေါ်တွင် ကျွန်တော်တို့လူစုနှင့် ဂျပန်လူစုမှာ ရှုပ်ရှက်ခပ်သွားသည်။ ဗိုလ်ချုပ် [illegible]တစ်ခုပြောသည်။ ဗိုလ်ချုပ်ပြောစကားကို ပရိသတ်တို့မလှုပ် [illegible] နားထောင်ကြသည်။ ဗိုလ်ချုပ်၏ အမူအရာမှာ တစ်စုံတစ်ခု

www.burmeseclassic.com



ကို ပြုလုပ်တော့မည်ကဲ့သို့ သန္နိဋ္ဌာန်ချထားဟန်ရှိသည်၊ သူပြော ကြားသောမိန့်ခွန်းမှာ လေးနက်သော အဓိပ္ပာယ်ရှိသည်။

ဂျပန်များ၏ ဦးနှောက်ထဲတွင် ထိုအတွေးများ ဝင်သည့် လက္ခဏာရှိသည်။ 'သူ ဘာပြောသလဲ။ သူ ဘာပြောသလဲ' ဟု ရှိမာနိုအုချိက ကျွန်တော့်ကို ခဏခဏမေးသည်။ ကျွန်တော်က ဝိနည်းရှောင်၍ ပြောပြသည်။ သို့သော် ရှိမာနိုအုချိနှင့် သူ့ဆရာ ဒိုဆာဝါဒါတို့သည် ယောင်တီးယောင်တဖြစ်နေကြသည်၊ ကဝါဘိ သည် မားလွယ်ကို ကြမ်းပြင်ပေါ်ထောက်ကာ တစ်အောင့်လောက် ငိုင်နေသည်။ ထို့နောက် စင်မြင့်ပေါ်မှ လူအများသည် အစီအစဉ် အတိုင်း ဆင်းသွားကြသည်။

ကျွန်တော် မှတ်မိသရွေ့မှာ ထိုညနေပိုင်းလောက်တွင် ပရိသတ်တို့ကို မြန်မာတူရိယာဂီတ၊ ဂျပန်တူရိယာဂီတတို့ဖြင့် ဖြေဖျော်သည်။ ဂျပန်တူရိယာဝိုင်းက Song to Burma ခေါ် မြန်မာနိုင်ငံကို ရည်ညွှန်းစပ်ဆိုသော သီချင်းဖြင့် ဧည့်ခံသည်။

ရေးစပ်သူမှာ ဂျပန်ကဗျာဆရာတစ်ဦးဖြစ်သည်။ သူ့ ကဗျာကို သီချင်းရေးတတ်သူတစ်ဦးက ဂီတသွင်းထားသည်၊ ထို တေး၏စာသားမှာ မြန်မာနိုင်ငံကို အချောက်တိုက် မြှောက်ပင့် ထားသော စာသားများ ဖြစ်သည်၊ စာသားနည်းတူ ဂီတသံမှာ အချောက်တိုက် ပင့်သော အသံသာဖြစ်လေရာ ထိုနေ့က ထိုဂီတသံ သည် ကျွန်ုပ်တို့တစ်မျိုးသားလုံးအား သရော်နေသည်ဟု ကျွန်တော် မှတ်ထင်မိပါတော့သည်။

နောက်တစ်နေ့ထုတ် ဒိုမေသတင်းတွင် "ဗိုလ်ချုပ်သည် လည်း မိန့်ခွန်းစကားမြွက်ကြားကြောင်း" ဟူသော အကျဉ်းချုပ် စကားတို့ကိုသာ တွေ့ရလေတော့သည်၊



သို့သော် မြန်မာလူထုအဖို့ကား ယခုရသော လွတ်လပ်ရေး ကို မိမိတို့ လက်ထဲရောက်အောင် မည်သို့လုပ်ရမည်နည်း ဟူသော ပြဿနာသည် လေးလေးနက်နက် စဉ်းစားရမည့် ပြဿနာဖြစ် သည်ဟု ခွဲခွဲမြဲမြဲတွေးတော ကြံဆစပြုလာလေသည်။ 'ဗိုလ်ချုပ်က သဆိုရင်သေ ရှင်ဆိုရင်ရှင်' ဟူသော စိတ်ဓာတ်သည် လူထု၌ ဆက်ကြွ၍လာလေပြီ။

မြန်မာတစ်မျိုးသားလုံး စိတ်ငယ်စ ပြုလာချိန်ဝယ် ဗိုလ်ချုပ်သည် ထိုနည်းနှင်နှင် တစ်မျိုးသားလုံး၏ စိတ်ဓာတ်ကို စကားတစ်ခွန်းဖြင့် နိုးခဲ့လေသတည်း။

(သွေးသောက်၊ စက်တင်ဘာ၊ ၁၉၅၂)

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့အောင်ဆန်း (တတိယပိုင်း)

ဆရာမှတ်၏ အိတ်ဆောင်ဒိုင်ယာရီ ငါးပဲတန်နှင့် နေ့စဉ်မှတ်တမ်းများကို ရေးမှတ်ထားသော အလေ့သည် ကျွန်တော့်၌ ဆယ့်နှစ်နှစ်သားအရွယ်မှ အစပြု၍ ရှိခဲ့ဖူးပါသည်။ တစ္စးတစိုက် မှန်မှန်နေ့စဉ်မပြတ် ရေးမှတ်ခြင်းမျိုးမဟုတ်ပါ။ တစ်ရွက်နှစ်ရွက်တွင် စာအုပ်တစ်အုပ်နှစ်အုပ်ဝယ်သည်ကို မှတ်တမ်းတင်ရုံမျှ ဖြစ်ပါသည်။ သို့သော် မှတ်တမ်းရေးခြင်းသည် အလေ့အထတစ်ခုဖြစ်နေခဲ့ဖူးပါသည်။

ကျွန်တော် ဤအကြောင်းပြောပြခြင်းမှာ ကျွန်တော် ဆယ့်နှစ်နှစ်သားအရွယ်က ရခဲ့သောအလေ့အထတစ်ခုကို အသက် သုံးဆယ့်လေးနှစ်အရွယ်၌ စွန့်လွှတ်ခဲ့ကြောင်း ထင်ရှားစေလို၍ ပြောရခြင်းဖြစ်သည်။

ဂျပန်ခေတ်၌ ရန်ကုန်သို့ပြန်လည်ရောက်ရှိလာရသော အချိန်မှစ၍ ကျွန်တော် နေ့စဉ်မှတ်တမ်းများကို ယောင်၍မျှပင် မရေးတော့ပြီ။



အဘယ့်ကြောင့် အတိအကျမှတ်တမ်းများ မထားသည်ကို ကျွန်တော် ရှင်းပြရန် လိုလိမ့်မည်မထင်။ ဂျပန်ခေတ်၌ ထိုမလေ့ကို ဖောက်ပစ်ခြင်းသည် ဘေးကင်း၏ဟူ၍သာ အမြွက်မျှပြောပါရစေ။

ထို့ကြောင့် ယခုအခါ ဗိုလ်ချုပ်၏အကြောင်းကို တစေ့တစောင်းသုံးသပ်၍ မှတ်တမ်းတင်ရာ၌ ရှေးနှောင်းအစီအစဉ်တို့ ရှေ့နောက်ညီမညီကို အာမ မခံနိုင်ပါ။ သို့သော် ဖြစ်ပျက်ခဲ့သမျှသော အကြောင်းခြင်းရာတို့ကား ကျွန်တော်၏ ဦးနှောက်ထဲတွင် ကျောက်ထက်အက္ခရာ ထင်ထားဘိသို့။

မှတ်မိပါသေးသည်။ ထိုနေ့က မိုးတဖွဲဖွဲရွာနေသည်။ မဟာဗိတ်လေယာဉ်ပျံများကို ကောင်းကင်၌မမြင်ရသည်မှာ အတန်ငယ်ကြာခဲ့ပြီ။ ဤအချက်ကို ချက်ကောင်းယူ၍ ကျွန်တော်သည် ဗမာ့တပ်မတော် စစ်ဦးစီးဌာနချုပ်သို့ လာခဲ့ပါသည်။

ဌာနချုပ်မှာ ဦးဝိစာရလမ်းရှိ တောင်ကုန်းပေါ်တွင် တည်ရှိပါသည်။ သို့သော် ဗိုလ်ချုပ်ရုံးထိုင်သော နေရာသို့ရောက်အောင် ဘောင်ဒရီနှင့် ဝင်ဒါမီယာလမ်းထောင့် တံခါးဝမှဝင်ရသည်ဟု ကျွန်တော် မှတ်မိပါသည်။

ကျွန်တော်စစ်ရုံးသို့ သွားရောက်ရသောကိစ္စမှာ အခြားမဟုတ်ပါ။ သခင်နုညွှန်ကြားချက်အရ ဗိုလ်ချုပ်နှင့်တွေ့၍ ရိုက်တာသတင်းတွင် မြန်မာပြည်၏အကြောင်းအရာများ မည်သို့မည်ပုံပါရှိသည်ကို စုံစမ်းထောက်လှမ်းရန် ဖြစ်ပါသည်။

ထိုအချိန်မှာ ၁၉၄၄ ခုနှစ်ခန့်က ဖြစ်သည်။ ထိုနှစ်မှစ၍ မြန်မာနိုင်ငံကို ဗြိတိသျှတို့ အထူးစိတ်ဝင်စားလာကြပြီ။ ဆင်မလား၌ မြန်မာစစ်ပြေးအစိုးရသည် မြန်မာနိုင်ငံကိုပြန်လည်သိမ်းပိုက်ရန်အတွက် အကွက်ရိုက်နေသော အချိန်ဖြစ်သည်။ မြန်မာနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



အတွက် မည်သို့သော ပြုပြင်ပြောင်းလဲရေးကို အပ်နှင်းရမည်နည်း ဟု 'စိတ်ကူးဖဲရိုက်' နေသောအချိန်ဖြစ်သည်။

ဗျူရိုကရက်ခေတ်မှ လက်တွေ့ဆည်းပူးခဲ့သော ဗဟုသုတ တို့ကို အခြေတည်ကာ၊ အင်္ဂလိပ်အိုင်စီအက်တို့သည် မိမိတို့ကုလား ထိုင်ပေါ်တွင် ချမ်းသာစွာထိုင်ရင်း၊ စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ ကံကြမ္မာကို စိတ်ကူးဖြင့် ရိုက်ပုတ်ထုခွဲလျက်ရှိကြသည်။ တော်လှန် ရေး၏ သဘောတရားတို့ကိုကား ၎င်းတို့၏စိတ်က လက်ခံခဲ့ဟန် မတူ။

လန်ဒန်မြို့ရှိ ဗြိတိသျှဘုရင်မင်းမြတ်၏အစိုးရသည်လည်း မြန်မာနိုင်ငံအတွက် သင့်လျော်သော ပြုပြင်ပြောင်းလဲရေးများဖြ သိမ်းသွင်းရန် အကြံယူနေချေပြီ။

၁၉၄၄ မှသည် ၁၉၄၅ သို့အကူးတွင် အိန္ဒိယနှင့် မြန်မာ ဆိုင်ရာ အတွင်းဝန်လော့ဒ်အေမရီ* သည် မြန်မာနိုင်ငံနှင့် ပတ်သက် သော ပြုပြင်ပြောင်းလဲမှု စီမံကိန်းဥပဒေကြမ်းတစ်ရပ်ကို ဗြိတိသျှ ပါလီမန်၌ တင်သွင်းရန် စီစဉ်လျက်ရှိပြီ။

နိုင်ငံရေးအားဖြင့် အစီအစဉ်များ ယင်းအခြေ၌ တည် နေဆဲ၊ စစ်ရေးအားဖြင့် ဗိုလ်ချုပ်နှင့် လော့ဒ်လူဝီမောင့်ဘက်တန်** တို့သည်လည်း နားလည်မှုယူဆဲဖြစ်သည်။

သခင်နုသည် ဗိုလ်ချုပ်ထံမှတစ်ဆင့် ဤအဆင့်တို့ကို သိ ပြီး ဖြစ်ဟန်တူသည်။ ဗြိတိသျှပါလီမန်၌ မြန်မာနိုင်ငံအတွက် တင်သွင်းမည့်စက္ကူဖြူစာတမ်းတွင် မည်သည့်အချက်များ ပါဝင်မည် ကို မြန်မာနိုင်ငံရေး ခေါင်းဆောင်ပိုင်းက အထူးသိလိုကြပေသည်။

* Lord Amery

** Lord Louis Mountbatten



ထို့ကြောင့် သခင်နုနှင့် ဗိုလ်ချုပ်တို့ နှစ်ဦးသားတိုင်ပင်ကာ ထိုကိစ္စ နှင့်ပတ်သက်၍ ကျွန်တော့်အား ဆက်သွယ်ရေးလုပ်ရန် တာဝန်ချ ထားခြင်းဖြစ်လေသည်။

ကျွန်တော့်ကို ဗိုလ်ချုပ်နှင့်ဆုံပေးရသူမှာ ယခုအခါ တောခို နေပြီဖြစ်သော 'ဗိုလ်ဇေယျ' ဖြစ်သည်။

ဗိုလ်ချုပ်၏ရုံးနေရာ၊ အတိအကျတို့ကို ကျွန်တော် မမှတ်မိ တော့ပြီ။ ထိုနေ့က ဗိုလ်ချုပ်နှင့်တွေ့ရသည်မှာလည်း တစ်အောင့်မျှ သာ ကြာပါသည်။ ကျွန်တော်က ဗိုလ်ချုပ်အား ကိုကြီးနုမှာကြားထား သည့်အတိုင်း လာခဲ့ရခြင်းဖြစ်ကြောင်း ပြောပြသောအခါ ဗိုလ်ချုပ် သည် ကျွန်တော့်အား ဗိုလ်လက်ျာနှင့် စောကြာဒိုးတို့ထံ ညွှန်ပါ သည်။

နှစ်ဦးချင်းလက်တို့၍ လုပ်ရသောအလုပ်သည် အလွန် တော်သည်။ တဒင်္ဂပဟန်ကိုကြည့်၍ မည်သူသည် စိတ်ချလောက် ၊ မည်သူသည် စိတ်မချရတော့ဟူသော အချက်ကို ပိုင်းခြားဝေ ဖန်ခြင်းမှာ များစွာ ခက်သောအလုပ်ဖြစ်သည်။ ထိုစဉ်က ဗိုလ် လက်ျာနှင့် စောကြာဒိုးတို့သည် ကျွန်တော့်အား မည်သူမည်ဝါ ည်သည့်အဆက်ဟူ၍ အသေအချာသိကြသည်လည်း မဟုတ်ပါ။ ကျွန်တော်ကလည်း ကျွန်တော့်အား အကြွင်းမဲ့ယုံကြည်ရမည်ဟု ဆိုနိုင်ခွင့်မရှိပါ။ ကျွန်တော့်ဘက်ကကြည့်လျှင် ဗိုလ်လက်ျာကို များစွာ ဆက်ဆံနိုင်စေကာမူ စောကြာဒိုးကား အဘယ်သို့နည်း။

ထို့ကြောင့် ကျွန်တော်လာခဲ့ရသည့်အကြောင်းကို ပြောပြ များစွာနှုတ်လေးနေပါသည်။ ကျွန်တော်က အကျိုးအကြောင်း သင်းပြနိုင်သောအချိန်သို့ ရောက်သောအခါ၌လည်း ဗိုလ် တို့က ရိုက်တာသတင်းအခြေအနေတို့ကို ပြောပြဖို့ဝန်လေး

www.burmeseclassic.com

www.burmeseclassic.com



နေယှာန်လက္ခဏာရှိပါသည်။ ထိုစဉ်က ရိုက်တာသတင်းကို ရေဒီယို ဖြင့် ဖမ်းခြင်း၏အဖြစ်သည် စစ်တပ်အဖို့ သေရေးလော၊ ရှင်ရေး လောဟူသည်ကို စာရှုသူတို့ စဉ်းစား၍သာ ကြည့်ကြပါကုန်။

သူတို့က ကျွန်တော့်ကို အကဲခပ်သလို ကျွန်တော်ကလည်း သူတို့ကို အကဲခတ်ရသည်။ သို့သော် ထူးခြားချက်မှာ သူတို့အကဲခတ် နေသည်ဟူ၍ပင် ဆိုရခြားသော်လည်း စောကြာဒိုးကား ကျွန်တော့် ကို အကဲခတ်နေဟန်မတူပါ။ သူတို့အလုပ်ခွင်တွင် သူ့အလုပ်နှင့် ဆိုင်သော စကားတို့ကို ပွင့်ပွင့်လင်းလင်းပြောကြားနေပါသည်။ သူ၏လေသံကို ထောက်ကြည့်လျှင် သူသည် ဝှက်ဖဲချပ်ကို ကိုင်၍ စားနေသူမဟုတ်။ ရှိသမျှဖဲချပ်တို့ကို စားပွဲပေါ်တွင် တင်၍ ရှင်းရှင်း ကြီး ကစားမည့်သူဖြစ်ကြောင်း ကျွန်တော် အကဲခတ်မိသည်။

ထို့ကြောင့် ကျွန်တော်တို့သုံးဦးသား မိနစ်အနည်းငယ် ဖြုန်းကြပြီးမှ မိမိအလိုရှိရာကို ပွင့်လင်းစွာ ပြောကြရပါတော့သည်။ သို့သော် ထိုနေ့က ရိုက်တာသတင်းမှာ ဘာမျှ ထူးထူးခြားခြားမရှိပါ။ ထူးခြားသည့်အခါ ကျွန်တော့်အား အကြောင်းကြားမည်ဖြစ် ကြောင်း သူတို့က ပြောပြပါသည်။ ကျွန်တော်ကား မိမိနှင့်မဆိုင် သော ကိစ္စတွင် သက်ဆိုင်ရာတို့၏ ခွင့်ပြုချက်မရှိဘဲ၊ ဘာမျှဝင် ရောက်စွက်ဖက်ကြည့်ရှုလိုသော ဝသီမရှိ။ ထို့ကြောင့် ထူးလာလျှ သခင်နုထံသတင်းတို့ကို တိုက်ရိုက်ပို့ပေးရန် မှာကြားခဲ့ပြီး ပြန်လာ လေသည်။

သို့သော် ဗြိတိသျှတို့သည် စကားအရာ၌ လိမ်မာသော လူမျိုးများ ဖြစ်ကြသည်။ ထို့ကြောင့် 'ပြုပြင်ပြောင်းလဲရေး' ဟူသော စကားပြောဆိုနေကြသည် ဖြစ်စေကာမူ၊ မြန်မာပြည်အတွ အုပ်ချုပ်ရေးမှာ မည်သို့မည်ပုံရှိသည်ကို အကောင်အထည်အား



မပြကြသေးသဖြင့်၊ ကျွန်ုပ်တို့သည်လည်း စမ်းတဝါးဝါးနှင့်သာ နေကြရကုန်သည်။

တစ်နေ့သော် ကျွန်တော်သည် မယောင်မလည်ဖြင့် ဗိုလ်ချုပ်၏နေအိမ်သို့ ဝင်ခဲ့လေသည်။

ဗိုလ်ချုပ်၏အိမ်မှာ ဒေါက်တာဘမော် ယခုနေသော ၃၂ ပတ်လမ်းနှင့် တစ်အိမ်ခြားဖြစ်သည်။ ၃၂ ပတ်လမ်းမှာ ထိုစဉ်က သတင်းနှင့်ဝါဒဖြန့်ချိရေးဝန်ကြီးဌာနဖြစ်သည်။ ကျွန်တော်ကား ရုံး နှင့်ကပ်၍ တဲထိုးနေသူဖြစ်ရာ၊ ဗိုလ်ချုပ်နှင့်နီးသည်ကားမှန်၏။ သို့သော် ၃၂ ပတ်လမ်းနှင့် ဗိုလ်ချုပ်၏နေအိမ်ကြား၌ကား တန်တော်ကြီးရပ်ကွက်ဆိုင်ရာ ဂျပန်ကင်ပေတိုင်ဌာနတည်ရာဖြစ် နေရကား၊ ကျွန်ုပ်တို့သည် အသွားအလာကို များစွာဆင်ခြင်ရသော ဟူ၏။

ဗိုလ်ချုပ်အိမ်ကို ၎င်း၏ရဲဘော်များသည် နေ့ညမဟူ ကောင်းစွာ စောင့်ရှောက်ကြပေသည်။ ထိုအိမ်မှာ အသွင်အားဖြင့် လူသူမရှိသည့်အလား အလွန်ဆိတ်ငြိမ်၏။ သို့သော် အဝင်အထွက် အကြောင်းကိစ္စပေါ်လာလျှင် အစောင့်အရှောက်တို့မှာ မိမိတို့ တာဝန်ကျရာနေရာမှ အသီးသီးခေါင်းပြူ၍ ပေါ်လာပြီးလျှင် အစစ် အဆေး အမေးအမြန်းတို့ကို ကျနစွာ လုပ်ကိုင်ကြပေသည်။ ထို အစောင့်အရှောက်တို့မှာ မည်သူမည်ဝါများဖြစ်သည်ကို ကျွန်တော် သိ၊ သို့သော် ယနေ့တိုင် ကျွန်တော်သည် ထိုအမျိုးအမည်မထင် ရှား ဗိုလ်ချုပ်၏ အစောင့်အရှောက်ကိုယ်ရံတော်တပ်သားများကို ချီးကျူးမိပါ၏။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်သည် တော်လှန် ရေးကိစ္စအတွက် ၎င်း၏နေအိမ်မှပျောက်ကွယ်သွားသည် အထိ ၎င်းတို့၏ နေပုံထိုင်ပုံ ပိရိသိသိပ်သေသပ်လှသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်နှင့် ရဲဘော်တို့ ရန်ကုန်မြို့မှ ကိုယ်ရောင်ဖျောက် သည့်ညမတိုင်မီညနေခင်းတွင် ရဲဘော်အစောင့်တို့သည် ခါတိုင်း ကဲ့သို့ မှုမပျက် သီချင်းတအေးအေးနှင့် နေကြသည်၊ ဂျပန်ကင်ပေ တိုင်အဖွဲ့မှ အရပ်ဝတ်အရပ်စားနှင့် စုံထောက်သည် ထိုနေ့မွန်းလွဲ ပိုင်းက ကျွန်တော်တို့၏ရုံးဝင်းထဲသို့ဝင်ကာ ကျွန်တော်တို့နှင့်ပင် စကားစမြည်ပြောပါသေးသည်။ သို့သော် နံနက်ခင်းသို့ ရောက် သောအခါ ဗိုလ်ချုပ်၏အိမ်မှာ ဟာလာဟင်းလင်းနှင့် အသက်လုံးဝ မရှိ ဖြစ်သွားပါသည်၊ တစ်ခုသောနံနက်ခင်းတွင် ကျွန်တော် ဗိုလ်ချုပ်အိမ်ကို ဝင်ကြည့်မိသေးသည်။ စားပွဲကုလားထိုင် မီးဖိုချောင် ပစ္စည်းဟူသမျှမှာ ခြေရာလက်ရာမပျက်။ သို့သော် ဗိုလ်ချုပ်နှင့် တကွ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်သည်လည်းကောင်း၊ သူတို့၏ အလုပ်အကျွေးတပည့်တပန်းနှင့်တကွ ရဲဘော်များသည်လည်း ကောင်း၊ ညတွင်းချင်း ကြက်ပျောက်ငှက်ပျောက် ပျောက်ခဲ့လေ သည်။ ဗိုလ်ချုပ်အိမ်ဘေးမှ ကင်ပေတိုင်တို့ကား ကျီးကန်းတောင်း မှောက် ဖြစ်ကြရလေပြီ။

ဗိုလ်ချုပ်တို့ ညတွင်းချင်းပျောက်ကွယ်သွားခြင်းကို ကျွန် တော်စကားအလျဉ်းသင့်၍ ဆိုလိုက်ခြင်းဖြစ်ပါ၏။ ကျွန်တော်ဆိုလို ရင်းအချက်မှာ ဗိုလ်ချုပ်တို့ ဂျပန်တော်လှန်ရေးမစမီ ဗိုလ်ချုပ်အိမ် သို့ ရောက်ခဲ့ရပုံဖြစ်ပါသည်။

ထိုနေ့ကပင်လျှင် ကျွန်တော် သတိပြုမိသည်မှာ ဗိုလ်ချုပ် အိမ်တွင် ဗိုလ်ချုပ်နေထိုင်သည်မှာ ဗိုလ်ချုပ်မနေထိုင်သကဲ့သို့ ရှိလှ သည်ကို သတိပြုမိပေသည်။

ကျွန်တော်ဝင်သွားသည့်အခါ ဗိုလ်ချုပ်ကတော် ဒေါ်ခင် ကြည်ကို အစအနမျှပင် မမြင်မတွေ့ခဲ့ရချေ။ မိန်းမအသုံးအဆောင် ပစ္စည်းဟူ၍ ဘာမျှမရှိ။ ယောကျ်ားအသုံးအဆောင်ပစ္စည်းလည်း ဘာမျှမတွေ့၊ စားပွဲကုလားထိုင် စသော ပရိဘောဂတို့မှာ စားပွဲခင်း မရှိ။ ဖုံမရှိ။ ပန်းအိုးမရှိ။ ဗလာသက်သက်မျှ ဖြစ်သည်။ အရပ်ဝတ် အရပ်စားနှင့် လူငယ်တစ်ဦးက ကျွန်တော်လာကြောင်း ဗိုလ်ချုပ်ကို သွားပြောသည်။ မြားမကြာမီ ဗိုလ်ချုပ်သည် စစ်သားမပီသသော အမူအရာဖြင့် ငြိမ်သက်ညင်သာစွာ ကျွန်တော်ရှိရာ ဧည့်ခန်းသို့ ဝင်လာပါသည်။

"ဟဲဟဲ-ဟဲဟဲ" ဟု သူက ပြုံး၍နှုတ်ဆက်သည်။

သူနှုတ်ဆက်ပြီးသည်နောက် လက်ဖက်ရည်နှစ်ခွက် ဆေးပေါ့လိပ်နှင့် မီးခြစ်တို့ ရောက်လာကြသည်။

လူတိုင်းက ဗိုလ်ချုပ်ကို စကားနည်းသည်ဟု ဆိုသည်။ အမှန်မှာ ဤသို့မဟုတ်။ ဗိုလ်ချုပ်သည် ခင်မင်ရင်းနှီးသူတို့နှင့်တွေ့ လျှင် အလွန်စကားကြောရှည်သူဖြစ်သည်။ ကျွန်တော်တို့တစိမ့်စိမ့် နှင့် လက်ဖက်ရည်အချိုကို စတင်သောက်ရာမှ လက်ဖက်ရည် အကြိမ်းတစ်အိုးလုံးပါ ကုန်အောင်သောက်ပြီး ကြလေပြီ။ ဗိုလ်ချုပ် ကား စကားအမျှင်မပြတ်သေး။ ကျွန်တော်လိုချင်သော ရိုက်တာ သတင်းလည်း ဘယ်ရောက်သွားမှန်းမသိတော့ချေ။ ဗိုလ်ချုပ်၏ စကားဖြင့် ဆွဲဆောင်ရာသို့သာ ကျွန်တော် လိုက်ပါခဲ့ရပြီးလျှင် ကျွန်တော်သည် ဗိုလ်ချုပ်နှင့်အတူ ဖော်မိုဆာ၊ တိုကျို အစရှိသည့် ဒေသတို့သို့ စိတ်ကူးဖြင့် ရောက်နေခဲ့ရပါ၏။

"ကျုပ်တော့ ဘာရယ်လို့ ဟုတ်ပါဘူးဗျာ။ စွန့်တာပါပဲ။ ကျုပ်တို့အလုပ်လုပ်လာကြပြီးတော့၊ တိုက်ဖို့ခိုက်ဖို့ ဘာလက်နက်မှ မရှိဘဲ ဘယ်လိုလုပ်လို့မှ မရဘူးဆိုတာ သဘောပေါက်လာတယ်။ လူငယ်စိတ်ဆိုတော့ တရှူးထိုးပဲ။ ဒါကြောင့် တရုတ်ပြည်ဘက်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတာ အမှိုင်ကို ရောက်ခဲ့တယ်။ နောက်တော့ ဖော်မိုဆာ တိုကျို၊ ပြီးတော့ ဟိုင်နန်ကျွန်း၊ အဲသလို ရောက်ခဲ့တာပဲ” ဟူ၍ ဗိုလ်ချုပ်က အမှျင်မပြတ် ပြောနေပါသည်။

ကျွန်တော်ယခုပြန်၍ ရေးနေသောအချိန်တွင် ရှေးက ကျွန်တော်မှတ်တမ်းမထားမိခဲ့သည်ကိုပင်လျှင် ဝမ်းနည်းမိပါသည်။ သူပြောသလို ခရေစေ့တွင်းကျ ပြန်မပြောတတ်ပါ။ ဂျပန်တို့၏ မောက်မာမှုကို အံကြိတ်၍ခံကာ စစ်ပညာသင်ခဲ့ရပုံတို့ကို ပြောပြပါသည်။

“ဒီအကောင်တွေ (ဂျပန်ကိုဆိုလိုသည်) ဟာ အင်မတန် အဆင်းရဲခံနိုင်တဲ့လူမျိုးဗျ။ ကျုပ်ဟာ အတော်ပဲ တေတေပေပေ ခံနိုင်ရည်ရှိခဲ့တယ်။ ဒါပေမယ့် သူတို့နဲ့ကျတော့ ကျုပ်က အရှုံးပေးရ တယ်ဗျာ၊ ဟဲဟဲဟဲ။”

ထို့နောက် ကျွန်တော်က နိုင်ငံခြားဗဟုသုတများ မည်သို့ ရ၍ မည်သို့ဆောင်ရွက်ရန် အာသီသရှိပုံတို့ကို မေးမြန်းရာ ဗိုလ်ချုပ် သည် ဟိုင်နန်နှင့် ဖော်မိုဆာတွင် တွေ့ကြုံခဲ့ရသော ဗဟုသုတတို့ကို ပြန်ပြောပါသည်။ အနုစိတ်တို့ကို ကျွန်တော် မမှတ်မိပါ။ လိုရင်း အချုပ်မှာ ဂျပန်များသည် သူမျှော်လင့်သလိုမဟုတ်ဘဲ “တယ်မဟန် ပါဘူးဗျာ” ဟူသော အခြေ၌ရှိကြောင်း ပြောပြပါသည်။

“ကျုပ်တို့ လုပ်စရာတွေရှိသေးတယ်။ သူတစ်ပါးကို မျှော် ကိုးလို့မရဘူး။ ဘာမျှမဟုတ်ဘူး။ ကျုပ်တို့မှာ အခွင့်အလမ်းရယ်လို့ မရရှိခဲ့ဖူးလို့ ကျုပ်တို့ ဒီလိုဖြစ်ခဲ့ရတာပဲ။ ကျုပ်တို့ဟာ ကျုပ်တို့ အလုပ်လုပ်ကြဖို့ အခွင့်အလမ်းရရင် ရှေ့လျှောက်ပြီး ဘာမျှ ကြောက်ဖို့ မရှိပါဘူး။ အဲ တစ်ခုတော့ရှိတယ်။ ကျုပ်တော့ တရုတ် ခေါင်းဆောင်တွေနဲ့ တွေ့ခဲ့ဖူးပါတယ်။ သူတို့နဲ့လဲ အများကြီး



ဆွေးနွေးခဲ့ဖူးပါတယ်။ ဗဟုသုတအတော်ရလိုက်တယ်။ လွတ်လပ် ရေးဆိုတာ မလွယ်ဘူးဗျ။ အတော်တိုက်ယူကြရဦးမယ်။ ဂျပန် ဆင်းရဲခံသလို ခံနိုင်မှ တန်ရာကျမယ်”

ကျွန်တော်ကား ဤစကားကို ဆန်းသည်ဟု မယူဆတော့ချေ။ ဗိုလ်ချုပ်၏စိတ်စေတသိက်မှ လွတ်လပ်ရေးရအောင် ဂျပန်ကို ပင် ပြန်၍တိုက်ရမည့်အချက်တို့ကို လက်ခံပြီ ဖြစ်သည်ဟု ကျွန် တော် ရိပ်မိခဲ့ပြီ။ သို့သော် တရုတ်ခေါင်းဆောင်များ၏ အာသီသနှင့် ကြိုးပမ်းချက်တို့ မည်သို့မည်ပုံရှိနေသည်ကို မေးမိပါသည်။

ဗိုလ်ချုပ်က ‘ဒါတွေ နောက်မှပြောမယ်ဗျာ။ အရေးကြီးတဲ့ အချက်က ကျုပ်တို့လူငယ်တွေ နိုင်ငံခြားများများရောက်ပြီး၊ ဗဟု သုတပိုစုကြဖို့ဖြစ်တယ်။ သိပ်လဲအထင်ကြီးစရာ မရှိပါဘူး။ အရှေ့ တလွှားမှာတော့ အားလုံးဟာ သူလိုငါလိုပါပဲ။ ယိုးဒယားဆိုရင် ကျုပ်တို့ထက်တောင် ချာသေးတယ်။ အများနဲ့စာလိုက်တော့ ကျုပ် တို့ဟာ မညံ့ပါဘူးဗျာ။ အလုပ်မလုပ်ဘဲ၊ ပါးစပ်က ကြွားနေတာလေး ကိုပဲ အပြစ်ဆိုဖို့ ဖြစ်နေတယ်’ ဟူ၍ ဆက်လက်ပြောပါသည်။

အချိန်မှာ အတော်ကုန်သွားသည်။ ထိုနေ့က ဗိုလ်ချုပ်အဖို့ ဘာအလုပ်မှ ရှိဟန်မတူ။ ကျွန်တော့်မှာကား၊ သခင်နုကို အကျိုး အကြောင်းစကားပြန်ရန်ရှိနေသေးသည်။ ထို့ကြောင့် ရိုက်တာ သတင်းအကြောင်း မေးသောအခါ ဗိုလ်ချုပ်က “သိပ်လဲထူးမယ်လို့ ထောင်ပါဘူး။ ဒိုမီနီယံလောက်တော့ ဗြိတိသျှတွေက ကြံဆထားမှာပါ ပဲ။ ဒိုမီနီယံဆိုရင်လည်း အိန္ဒိယရဲ့အဆင့်အတန်းလောက် ရှိမရှိ စိစစ်ဖို့လိုလိမ့်မယ်။ ဗြိတိသျှကတော့ ဘယ်နည်းနဲ့မဆို အိန္ဒိယကို ကျုပ်တို့ထက် ဦးစားပေးချင်ပေးလိမ့်မယ်။ ဒါပေမယ့် ခုနေတော့ ဘာမထူးသေးဘူးဗျာ။ ထူးရင် အကြောင်းကြားပါ့မယ်” ဟူ၍

www.burmeseclassic.com

www.burmeseclassic.com



ပြောပါသည်။

အမှန်မှာ ဗိုလ်ချုပ်သည် မြန်မာပြည်မှစွန့်၍ ထွက်စဉ်က တရုတ်ပြည်ကို စိတ်တွင်စွဲ၍ ထွက်လာခဲ့ခြင်းဖြစ်သည်။ ဂျပန်ကို ရောက်သွားရသည်မှာ သူ၏ရည်မှန်းချက်အတိုင်းမဟုတ်ချေ။ ဂျပန်ကိုပင့်ဖိတ်ရန်ဟူသော စိတ်ကူးမျိုးကို စိတ်ကူးခဲ့သည်မဟုတ်ကြောင်း၊ ထိုနေ့က ကျွန်တော့်အားအကျယ်တဝင့်ရှင်းပြခဲ့သည်။ ကျွန်တော်သည် သူပြောသည့်စကားအရင်းအတိုင်းတို့ကို၊ လုံးစေ့ပတ်စေ့ပြန်မပြောတတ်၍သာ အကျယ်ကို ရေးမပြနိုင်ခြင်းဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှု၌ ရနိုင်သမျှသော အခွင့်အရေးတို့ကို ဗိုလ်ချုပ်လက်လွတ်မခံဟူသော သဘောကို စာရှုသူတို့ နားလည်ကြစေလိုသည်။ ဂျပန်အပေါ်၌ထားသော ဗိုလ်ချုပ်၏သဘောထားမှာ ဂျပန်ထားရာကနေရန်ဟူသော သဘောထားမဟုတ်ချေ။ ဗိုလ်ချုပ်ပြောပုံဆိုပုံတို့၌ ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်တို့သည် ဘွင်းဘွင်းပေါ်လျက် ရှိနေချေပြီ။

ဥပမာအားဖြင့် နေတာဂျီဘို့စ်မြန်မာပြည်သို့ ရောက်လာသည့်ကို အကြောင်းပြု၍ နိုင်ငံခြားရေးရုံးတွင် ကျင်းပသော ညစ်ခံပွဲ၌ ဗိုလ်ချုပ်အမှတ်မထင် ပြက်ရယ်ပြုသော စကားတစ်ရပ်ကို ကျွန်တော် ညွှန်ပြလိုပေသည်။

ထိုညစ်ခံပွဲတွင် ယူနီဖောင်းအပြာဝတ်မိန်းကလေးတို့က စားပွဲထိုးအဖြစ် ကူညီဆောင်ရွက်ကြသည်။

ညစ်ခံပွဲမစမီ ဗိုလ်ချုပ်စောစောရောက်သည်။ ကျွန်တော်တို့က ဗိုလ်ချုပ်ကိုနေရာထိုင်ခင်းပေးသည်။ သို့သော် ဗိုလ်ချုပ်သည် ပေးသောနေရာ၌မထိုင်ဘဲ ခါးတွင်ချိတ်သောဓားလွယ်ကိုမ ကာ



မ ကာ ကောင်မကလေးများ စုရုံးနေသောနေရာကို တစ်လှမ်းနှစ်လှမ်းတိုး၍ စိုက်ကြည့်နေသည်။

'ဟဲ၊ ဟဲ၊ ဟဲ' ဟု ဗိုလ်ချုပ်က ဟဲလိုက်သည်။

ကျွန်တော်က အနားသို့ တိုးသွားသည်။

'ခင်ဗျားတို့ဆီမှာလဲ 'ဂျပန်စာ' တွေ ရှိပါကလား။'

ဗိုလ်ချုပ်က ဤသို့ပြောပြီး၊ အများကြားလောက်အောင် 'ဟား-ဟား-ဟား' ဟု ရယ်ပါသည်။

ထို့နောက် ဗိုလ်ချုပ်သည် ကျွန်တော့်အား လက်ကုတ်၍ "သတိထားဗျာ။ ခွေးမသားတွေကြောင့် ကျုပ်တို့တစ်မျိုးလုံး 'ဂျပန်စာ' ဖြစ်တော့မယ်" ဟု ဆိုလေသည်။

'ဂျပန်စာ' ဟူသည်မှာ 'အ၊ အိ၊ အု၊ အဲ၊ အော' မဟုတ်ကြောင်း ကျွန်တော် အကျယ်ဖွင့်ပြောရလျှင် ဂျပန်ခေတ်ကိုမမှီနိုင်သေးသူတို့အား သက်သက်ဆွပေးသလို နေချိမ့်မည်။ ဗိုလ်ချုပ်၏ ရယ်သံမှာ ဂျပန်လက်တွင်း ကျရောက်နေခဲ့ရသော မြန်မာအမျိုးသမီးတို့အတွက် မခံချိဖြစ်နေသည်ကို ခပ်အုပ်အုပ်ရယ်လိုက်သော ရယ်သံဖြစ်သည်။

ကျွန်တော်သည် ဗိုလ်ချုပ်အိမ်တွင် ဗိုလ်ချုပ်နှင့်တွေ့ဆုံခဲ့စဉ်က လိုချင်သောရိုက်တာသတင်းကိုမရခဲ့ပါ။ နောင်အခါ၌ကား စစ်ရုံးမှတစ်ဆင့် သခင်နုသည် အကြောင်းအားလျော်စွာ သတင်းစကားများ ကြားသိရခဲ့ဟန်တူပါသည်။

စက္ကူဖြူစာတမ်း၏ သဘောကို ဂျပန်မပြေးမီ၊ ရက်သတ္တပတ်အနည်းငယ်အတွင်း ရိုက်တာကြေးနန်းသတင်းမှ ကျွန်တော် သိခွင့်ရခဲ့ပါသည်။ ဒိုမီနီယံအဆင့်အတန်း အရိပ်အယောင်ကိုပေးမည် စီစဉ်ချက်မျှသာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုကိစ္စနှင့်စပ်လျဉ်း၍ အတော်ပင်ကျစ်ကျစ်လျစ်လျစ်ဆောင်ရွက်ခဲ့သည်မှန်၏။ သို့သော် ကျွန်တော်၏ကြီးမားသော လစ်ဟင်းချက်တစ်ရပ်မှာ ဂျပန်ကင်ပေတိုင်က ကျွန်တော့် တဲပုတ်ပေါ်တက်၍ရှာစဉ်က ထိုရိုက်တာသတင်းကို ကျွန်တော့်ရုံးခန်းစားပွဲအံဆွဲထဲတွင် သော့မခတ်ဘဲ သမန်ကာရှုကာ ထားခဲ့ခြင်းဖြစ်သည်။

တော်လှန်ရေးနေ့သည် တရွေ့ရွေ့နှင့် ချဉ်းကပ်လာလေပြီ။

တော်လှန်ရေး၏ဘက်တော်သားဖြစ်သော ကျွန်တော်၏ ဦးပဥ္စင်းသည် ကျွန်တော်နေထိုင်ရာ တဲပုတ်သို့လာ၍တည်းခိုလေသည်။ ဦးပဥ္စင်း၏ တပည့်တပန်းအင်အားမှာ သေးငယ်လှသည်မဟုတ်။ အောက်ပြေအောက်ရွာဖြစ်သော မအူပင်ညောင်တုန်းတစ်လျှောက်မှသည် အထက်အညာမြင်းခြံအထိ အရပ်ဒေသများ၌ သူ၏ရဲဘော်တို့ရှိကြသည်။ သူသည် ဂျပန်ကင်ပေတိုင်တို့၏ ခြေရာများအကြားတွင် အထက်နှင့်အောက် အရပ်တို့ကို စုန်ချည်ဆန်ချည် လမ်းသလားနေသူဖြစ်သည်။ ကျွန်တော်က သူ့အတွက် စိုးရိမ်သည်။ သို့သော် သူသည် ဂျပန်လိုထမင်းစားရေသောက် ခပ်သွက်သွက်ပြောနိုင်ပြီဖြစ်ရာ ကျွန်တော့်ထက်စာလျှင် များစွာတစ်ပန်းသာပေသည်။ ကျွန်တော်က ဂျပန်ခေတ်တစ်ခေတ်လုံး၌ 'ဝါကာရိမဆင်း' (နားမလည်ဘူး) ဟူသော စကားတစ်လုံးကိုပင် အနိုင်နိုင်ကျက်မှတ်ထားရသူဖြစ်သည်။

ဦးပဥ္စင်း ထိုရောက်စက ကျွန်တော်သည် ဦးပဥ္စင်းကို အကဲခတ်၍မရပါ။ ဂျပန်တို့နှင့် ထွေးလားလုံးလား လုပ်နေသည်ကို ကျွန်တော်က မနှစ်မြို့။ သို့သော် မနှစ်မြို့ကြောင်းကိုလည်း ပြောမဖြစ်ဝံ့။ သူကား ကျွန်တော်၏စိတ်ဓာတ်အရင်းခံကို နားလည်သူ ဖြစ်၍



ကျွန်တော်အပေါ်၌မူမပျက် ဆက်ဆံသွားနိုင်စေကာမူ၊ ကျွန်တော်ကား သူနှင့်လေးငါးနှစ်မျှ ကွဲကွာနေခဲ့သောကြောင့်၊ သူ့ကို ပြန်းစား အကဲမခတ်တတ်ပါ။

သို့သော် ၃၂ ပတ်လမ်း၏ဖုံးခိုကျင်းထဲတွင် ညဥ့်အခါ လသာသာ၌ နှစ်ဦးသားခိုကြရင်း၊ စကားရိပ်စကားငွေ့ကို ပေါ်လာဝါသည်။ သူ့ရင်တွင်း၌ အလွန်စိုးရိမ်နေသော အချက်တစ်ခုရှိနေသည်။ ထိုအချက်မှာ အခြားမဟုတ်ချေ။ 'ရဲဘော်တို့၌ ဂျပန်ဆန့်ကျင်ရေးစိတ်ဓာတ်ပြင်းပြလျက်ရှိနေပြီ။ သို့သော် လူကြီးပိုင်းက မည်သို့သဘောထားကြသနည်း' ဟူသော အချက်ပင်ဖြစ်သည်။

သည်ကိစ္စမှာ အဖြေရအလွန်ကြပ်သော ကိစ္စဖြစ်သည်။ ဗိုလ်ချုပ်၏သဘောထားကို နားလည်၍ အလိုက်သိကြလျှင် ထိုကိစ္စကို အဖြေပေးရန် လွယ်ပေလိမ့်မည်။ အထူးသဖြင့် ဦးပဥ္စင်းကိုယ်တိုင်က သဘောပေါက်လျှင် ကျွန်တော့်အဖို့ ဖြေရန်ဝန်မလေး။ ထို့ကြောင့် ကျွန်တော်က ဦးပဥ္စင်း၏သဘောကို နှိုက်ကြည့်ရပြန်သည်။

ပထမသော် ဦးပဥ္စင်းသည် ကျွန်တော့်အား မယုံသင်္ကာရှိ၍ စကားများကို ထိမ်ချန်ထားလိမ့်မည်ဟု ကျွန်တော်က တွက်ဆသည်။ သို့သော် တစ်ညသ၌ ဦးပဥ္စင်းသည် သူ့ရဲဘော်များ၏ အစီအစဉ်ကို ဖွင့်ချလေသည်။ ဦးပဥ္စင်းမှာ ကျွန်တော်ထင်သည်ထက်ပို၍ လက်မြောက်နေသောကြောင့် ကျွန်တော်များစွာ ထိတ်လန့်သွားလေသည်။

ထိတ်လန့်မည်ဆိုလျှင် ထိတ်လန့်လောက်သည်။ အဘယ်ကြောင့်ဟူမူ အချိန်မကျမီ မီးထတောက်လျှင် အကြံအစည်များ ပျက်ပြားသာရှိလိမ့်မည် မဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တော်၊ တပည့်တော်တစ်ခု ပြောချင်တယ်။ ကိုယ်တော့်ရဲဘော်တွေကို ဖုံးဖုံးဖိဖိလုပ်ထားလို့ မရဘူးလား။'

'အချိန်ကိုတော့ စောင့်နေကြတာပဲ။ ဒါပေမယ့် ဂျပန်ကို စိတ်နာလာတဲ့စိတ်ဓာတ်က ဖုံးမရဖိမရဖြစ်ကုန်ပြီ။ ဒီတော့ ရဲဘော်တွေဟာ အချက်ပေးတာကိုတောင် စောင့်ချင်မှ စောင့်မယ်။ ကျုပ်တို့အစိုးရပိုင်းက ခေါင်းဆောင်များက ဘယ်လိုသဘောထားမလဲ။ ဒါကို သိချင်တယ်။ ရှင်းရှင်းပဲ တကာကြီး။ သခင်နု ဘယ်လိုသဘောထားမလဲ။'

'ဟာ ကိုယ်တော်ဟာ မမေးအပ်တာ မေးနေတယ်။ ကိုယ်တော် မြစ်ဝကျွန်းပေါ်ဒေသမှာ နေပြီးတော့ သခင်နုနဲ့ ဂျပန်တွေနဲ့ဟာ ခဏခဏစကားများရတယ်ဆိုတာ မကြားဘူးလား။'

'ရိပ်တော့ရိပ်မိပါတယ်။ ဒါပေမယ့် သေချာအောင်လို့ တကာကြီးကို မေးရတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အချိန်မကျခင် အုံကြွလာလို့ရှိရင် ဘယ်နည်းနဲ့မဆို မြန်မာအစိုးရဟာ တန်ဆာခံဖြစ်ရလိမ့်မယ်။ ဂျပန်ဟာ ရဲဘော်တွေကို နှိမ်နင်းဖို့အတွက် မြန်မာအစိုးရအာဏာပိုင်တွေကို အသုံးချလိမ့်မယ်။ အဲဒီလိုအသုံးချလို့ အခြေအနေရှုပ်ထွေးလာရင် ဂျပန်ကို ချိန်တဲ့မြှားဦးဟာ တိုင်းရင်းသားချင်း ပြန်ထိလိမ့်မယ်။ ဒီတော့ ကျုပ်ရဲဘော်များအတွက်ဆိုရင် သေချာပေါက်ဖြစ်စေချင်တယ်။ ဒါကြောင့် မေးရတာပဲ။'

ည။ လကလေးက ခပ်သာသာ။ ဥဩက ခဏခဏဆွဲပါသည်။ အမှန်မှာ ယင်းသို့ ဥဩဆွဲ၍သာလျှင် ကျွန်တော်တို့နှစ်ဦးထဲ လွတ်လွတ်ကျွတ်ကျွတ် ပွင့်ပွင့်လင်းလင်းတိုင်ပင်နိုင်ခြင်းဖြစ်သည်။ စင်စစ်ကျွန်တော်တို့၏ ပုံးခိုကျင်းမှာ ဂျပန်ကင်ပေတိုင်၏တိုက်နှင့် အလွန်ဆုံးကိုက်နှစ်ရာမျှသာ ကွာပေလိမ့်မည်။



'ကိုယ်တော်။ တပည့်တော်တို့ လူငယ်ပိုင်းက ခေါင်းဆောင်တွေအားလုံးဟာ အရေးကြုံရင် ပါးစပ်ကို လုံအောင်ပိတ်ပြီး အလုပ်လုပ်ကြမှာပဲ။ ကိုယ့်လုပ်ငန်းကိုယ် ပိပိရိရိ လုပ်သွားဖို့လဲ လိုတယ်'

ကျွန်တော်က ယင်းကဲ့သို့ စကားရိပ်ပေးလိုက်ပါသည်။ သခင်နုနှင့်စပ်လျဉ်း၍မူကား ကျွန်တော့်အမြင်၌ သခင်နု၏ဂုပ်ပေါ် ဂျပန်ခြေထောက်ကိုသာ မြင်ကြောင်း ပြောပြလိုက်ပါသည်။

အမှန်မှာ ဦးပဥ္စင်းသည် ဗိုလ်ချုပ်အားကိုးနှင့် ရွက်ဆောင်ရမည့်လုပ်ငန်းတွင် သခင်နုကိုလည်း အားကိုးအားထားပြုချင်သည်။ သို့သော် သခင်နု၏လုပ်ငန်းမှာ သူ၏ကိုယ်ကို သူတန်ဆာခံအဖြစ်ဖြင့် ဂျပန်လက်သို့ အပ်ကာ ရဲဘော်တို့ကို လွတ်အောင် တစ်နည်းတစ်လမ်း ကြံစည်ရမည့် လုပ်ငန်းဖြစ်သည်။ သူ့အဖြစ်မှာ ဤမျှဆိုးရွားနေချိန်ဝယ် ဦးပဥ္စင်းတို့က ကိုယ့်ဒူးကိုယ်ချွန်၍ စွန့်လုပ်ကြရဖို့သာရှိသည်။

ဦးပဥ္စင်းသည် အတော် သဘောပေါက်သွားပြီးလျှင် အားတက်သော အမူအရာကိုပြသည်။

ထို့နောက် ခေါင်းဆောင်ကြီးတစ်ဦးက သူတို့လုပ်နေသော လုပ်ငန်းကို မည်သို့သဘောထားမည်ကို ကျွန်တော်အား မေးပြန်သည်။

'ဒီခေါင်းဆောင်ကြီးဟာ ဗိုလ်ချုပ်နဲ့သဘောထား ဘယ်လောက်ပဲကွဲကွဲ ဗိုလ်ချုပ်လုပ်သမျှကို မသိချင်ယောင်ဆောင်ရမှာပဲ'

'ဒါဆိုရင် ကျေနပ်ပြီ။'

ဦးပဥ္စင်းအမှန်ပင် ကျေနပ်သွားချေပြီ။ သို့သော် အခြေအနေကား တင်းမာလာလေပြီ။

တပေါင်းလ။ နေက အလွန်ပူသည်။ အခြေအနေလည်း

www.burmeseclassic.com

www.burmeseclassic.com



ပူလာပြီ။ ဦးပဠင်းကား ရန်ကုန်မှခေတ္တ ပျောက်ကွယ်သွားပြန် သည်။ သူ ပျောက်ကွယ်နေစဉ် အတောအတွင်း အရေးတကြီးကိစ္စ ချည်းသာပေါ်သည်။ ကျွန်တော်၌ကား တိုင်ပင်ဖော်တိုင်ပင်ဖက် ကင်းမဲ့နေချိန်၌ အလွန်ပင်သောက ရောက်ရလေတော့သည်။

သို့သော် ဗိုလ်ချုပ်၏စည်းရုံးမှုလုပ်ငန်း မည်မျှတာသွား သည်ကို ဦးပဠင်းပြောပုံဆိုပုံတို့ဖြင့် သိသာနိုင်ပေပြီ။ ထို့ကြောင့် သောကများအကြားထဲမှ မျှော်လင့်ချက်သည် ကျွန်တော့်အား စိတ်မငယ်စေရန် ဖန်တီးလျက်ရှိချေသည်။

တစ်နေ့သော် ဗိုလ်ချုပ်သည် ရွှေတိဂုံဘုရား၏အနောက် ဘက်တွင် သူ၏ရဲဘော်တပ်မတော်သားတို့အား စည်းဝေးစေ၍ 'ရန်သူကို ထွက်တိုက်လော့' ဟု အမိန့်ပေးလေတော့သည်။

ကျွန်တော်သည် ထိုတပ်မတော်ဗိုလ်ရှုခံသဘင်ကို တက်၍ ကြည့်ချင်ပါသည်။ သို့သော် ထိုနေ့က သခင်နု၏မှာကြားချက်အရ ကိစ္စတစ်ရပ်ကို ဆောင်ကြဉ်းနေရ၍ မရောက်ခဲ့ပါ။ ဗိုလ်ချုပ်တို့ ဗိုလ်ရှုခံသဘင်ကို ကျင်းပနေချိန်ဝယ် ကျွန်တော်သည် ဝါဒဖြန့်ချိ ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန နှစ်ခုကြားဝယ် ဘိုင်စကယ်တစ်စင်းဖြင့် ကူးချည်သန်းချည်လုပ်ကာ ဗျာများနေခဲ့ပါ သည်။ ဘာကိစ္စဟူ၍ ကောင်းစွာမမှတ်မိ။

ကျွန်တော်သည် ဘောင်ဒရီလမ်းမှ ဗဟန်းသို့ ဘိုင်စကယ် စီး၍လာခဲ့ပါသည်။ ကန်တော်မိတ်ရုံရှေ့တွင် တစ်ခဲနက်မျှသော လူထုကြီးသည် ဗမာ့တပ်မတော်သားတို့ကို ဝဲယာညှပ်လျက်ကြိုဆို ကာ ကောင်းချီးဩဘာပေးနေကြပါသည်။ ခေတ်အလိုက်ပေါ်သမျှ ပန်းတို့နှင့် သပြေခက်တို့သည် တပ်မတော်သားများ၏ ချီတက်ရာ ခရီးတွင် အောင်ပါစေဟူသော အတိတ်နိမိတ်ကို ဆောင်ကာပြန့်ကြ



ချက်နေပေသည်။ ကျွန်တော်သည် တပ်မတော်၏ တစ်စိတ် တစ်ဒေသကိုသာ မြင်လိုက်ရသော်လည်း လူထုတစ်ရပ်လုံး၏ ဆန္ဒမှာ အဘယ်သို့ရှိနေသည်ကို ကောင်းစွာအကဲခတ်မိပါသည်။ ထိုစဉ်က ရဲဘော်သည် လူထု၏အသဲစွဲဖြစ်သည်။ 'ပျိုတိုင်းကြိုက်ပါ တဲ့ နှင်းဆီခိုင်' ဖြစ်သည်။

ကျွန်တော် ဗဟန်းမှ တစ်ဖန်ပြန်လှည့်၍ လောင်းဝစ္စလမ်း နံပါတ် ၂ သခင်နုအိမ်သို့ သွားပြန်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် ဗိုလ်ချုပ်၏ဗိုလ်ရှုခံသဘင်ကို သခင်နုလည်း တက်ရောက်နေလိမ့် မည်ဟုထင်မိသည်။ သို့သော် သခင်နုသည် ထိုနေ့က အိမ်တွင်နေပါ သည်။

'ဘယ့်နှယ်လဲဟေ့ တပ်မတော်ချီတက်တာ မင်းသွားကြည့် သေးသလား' ဟု ခရီးရောက်မဆိုက် သခင်နုက ကျွန်တော့်အား မေးပါသည်။

ကျွန်တော်က ထိုနေရာသို့ တက်ရောက်လိုသော်လည်း သခင်နုမှာကြားသောကိစ္စကြောင့် မရောက်နိုင်ကြောင်း၊ ဗဟန်း၌ လူထုဩဘာပေးပုံ ဝိသေသထူးခြားကြောင်း စသည်ဖြင့် ပြောပြပါ သည်။

သခင်နုက ကျွန်တော်ပြောပြသည်ကို နားထောင်ရင်း၊ ...တ်တွင် ထိခိုက်သွားပုံရပါသည်။

"ငါတော့ကွယ်၊ လူတွေဒီလောက်စိတ်အားတက်ကြွနေတာ ...ထူး ရဲဘော်တွေ စစ်မြေပြင်ချီတက်တာတွေ မြင်ရရင်၊ စိတ်မထိ ...တ်ဘဲနေမှာမဟုတ်ဘူး။ ဒါကြောင့် ငါတော့ တမင်ကို မသွားဘူး ...။"

သခင်နုက သည်လိုပြောလိုက်သောအခါ ကျွန်တော့်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲ ထူးဆန်းသလိုလိုထင်မိပါသည်။ သို့သော် နောက်တစ်နေ့၌ တပ်မတော်နှင့်တကွ ဗိုလ်ချုပ်အောင်ဆန်းပါ ပျောက်ချင်းမလှ ပျောက်သွားကြောင်း သိရသောအခါ သခင်နုသည် ကျွန်တော့်ရှေ့ တွင် မည်မျှကျွမ်းကျင်စွာ ဆယ်ခဲ့သည်ကို ကောင်းစွာသဘောပေါက်မိပါ တော့သည်။

များမကြာမီ ဦးပဍင်းပေါက်လာပြန်သည်။ သူသည် သခင်နု၏ ဇာတာကို တွက်ချက်ကြည့်လိုသည်ဟု ကျွန်တော့်အား ပူဆာပါသည်။ ကျွန်တော့်၌ သခင်နု၏ဇာတာမရှိပါ။ သို့သော် ဝါဒဖြန့်ချိရေးဌာနတွင် အတွင်းဝန်လုပ်နေသော ဦးထွန်းစိန်၏ လက်တွင် သခင်နု၏ရက်ချုပ်ရှိသည်ကို ကျွန်တော်မှတ်မိ၍ ဦးထွန် စိန်ထံမှ တောင်းယူ၍ ပေးလိုက်ပါသည်။

'သခင်နုခြေထောက်မှာ ဒဏ်ရာအနာတရ ရဖို့ကိန်းမြင် တယ်။ ဒါကလွဲပြီး သည့်ပြင်ဘာအန္တရာယ်မျှ မရှိဘူး။ ဒီအန္တရာယ် ကလေးကို သူကြုံပြီးရင် မကြာပါဘူး။ ယခုထက် တက်သွားရဖို့ ရှိတယ်။'

ကျွန်တော်သည် ဗေဒင်ကို စိတ်ဝင်စားတတ်သူမဟုတ်ပါ ကျွန်တော့်မျက်စိထဲတွင် ဂျပန်က သခင်နုကို သေနတ်နှင့်ချိန်၍ ဂျပန်ပြည်ကို ခေါ်သွားလိမ့်မည်ကိုသာ မြင်နေပါသည်။ သို့သော် ဦးပဍင်းက သခင်နုသည် မြန်မာနိုင်ငံ၏ပြင်ပသို့ ရောက်ရမည့် ကိန်း မရှိဟု အတပ်ဟောပါသည်။

'ဗိုလ်ချုပ်အတွက်လဲ အန္တရာယ်မမြင်ဘူး။ သခင်နုအတွက် လည်း အန္တရာယ်မမြင်ဘူး။ ဒါပေမယ့် ထန်းတပင်က ထကြွကြ တယ်ဆိုရင် ကျုပ်လဲ ညောင်တုန်းကို ပြန်ဦးမှပဲ' ဟု ဆိုက ညောင်တုန်းဘက်သို့ ပြန်ကြွသွားပါသည်။



ထိုစဉ်က ရန်ကုန်အနီးအနားဌ်ဆိုလျှင် ထန်းတပင်က တော်လှန်ရေးကိုစ၍ လုပ်ခဲ့သည်။

ဤအတောအတွင်း ရန်ကုန်တစ်မြို့လုံးမှာ ဂျပန်စစ်သား တို့၏ လက်တွင်း၌ရှိသည်။ ဤအတောအတွင်း ကျွန်တော်တို့မြို့မှ ရဲဘော်စစ်ပြေးများသည် ကျွန်တော့်အိမ်သို့ လာကြပါသည်။ ကျွန်တော်သည် ၎င်းတို့အား ထမင်းစားချိန်၌ အိမ်တွင်စားစေ၍ အိပ်ချိန်၌ ဧဟန်းရှိ ကျွန်တော့်အမေစရပ်တွင် အိပ်စေပါသည်။ ကျွန်တော့်တဲအိမ်ကို ဂျပန်ကင်ပေတိုင်တို့လာရောက်ရှာသည့်နေ့မှ ၍ကား ရဲဘော်တို့ကို စရပ်၌သာ စားစေရန် စီစဉ်ခဲ့ရပါသည်။

သို့သော် သခင်ဝတင်နှင့် ကျွန်တော်တို့ နှစ်ဦးသားသာ လျှင် ဂျပန်၏အရိပ်အခြေကိုကြည့်ရင်း၊ ကျွန်တော်၏တဲ၌ပင် မှု မပျက် နေနိုင်ခဲ့ကြပါ၏။

သို့နှင့်ပင် ဂျပန်တော်လှန်ရေးလည်း လေးငါးလအတွင်း ပြီးဆုံးသွားခဲ့ပြီ။

ကျွန်တော်သည် 'အာဇာနည်မိခင် ပြဇာတ်' ကို ရေးခဲ့စဉ် က တစ်ချက်တစ်ချက်တွင် ကျွန်တော်၏မိခင်မျက်နှာကို မြေး၍မြင် ခဲ့သည်။ မြင်တိုင်းမြင်တိုင်း စိတ်လေးမိသည်။ ယခုမူကား အထူး စိတ်လေးဖို့ မရှိတော့ပြီ။ ကျွန်တော်၏မိခင်မှာ အညတြမထင်ရှား သော အာဇာနည်မိခင်ဖြစ်နေချေပြီ တကား။

အဘယ်ကြောင့်ဆိုသော် သူသည် သားတစ်ယောက်၊ မောင်အရင်းတစ်ယောက်၊ မောင်ဝမ်းကွဲတစ်ယောက်တို့ကို ဗိုလ်ချုပ် ခေါင်းဆောင်သော တော်လှန်ရေး၏ယာဇ်ပလ္လင်၌ ပူဇော်ခဲ့ပြီ ကောတ်လော။

တစ်ညသ၌ သန်းခေါင်ယံအချိန်ဝယ်၊ ရန်ကုန်တစ်မြို့လုံး

www.burmeseclassic.com

www.burmeseclassic.com



သောသောညံမျှ ဥသြမှုတ်လေသည်။

ဂျပန်လက်နက်ချ၍ ဒုတိယစစ်ကြီးပြီးလေပြီ။ အများတကာတို့ ဝမ်းသာအားရ ရှိကြလေပြီ။

သို့သော် ကျွန်တော်ကား ဝမ်းမသာနိုင်။ ကျွန်တော်၏ဇနီးသည် ဥသြသံနှင့်အတူ ပြင်းပြစွာငိုကြွေးလေသည်။ ကျွန်တော်၏ ဦးလေးနှင့် ညီတို့ကို တမ်းတ၍ ငိုလေသည်။ ကျွန်တော်ကား မငို။ ကျွန်တော့်မျက်စိထဲ၌ မျက်ရည်တို့သည် ခန်းခြောက်ခဲ့ပြီ။ ကျွန်တော့်မျက်စိထဲတွင်ကား တိုက်ပွဲအသီးသီးတို့သည်သာလျှင် ထင်မြင်၍ လာလေသည်။

ဗိုလ်ချုပ်အဘယ်မှာနည်း။ ကျွန်တော် ဤသို့တမ်းတမိ၏။ ရန်ကုန်မြို့၌ ကျန်ရစ်သော တော်လှန်ရေးသမားများကလည်း ယင်းသို့ပင် တမ်းတကြသည်။ မျှော်လင့်ကြသည်။ မေးမြန်းကြသည်။

တစ်နေ့သော် ဗိုလ်ချုပ်သည် ၃၂ ရွှေတောင်ကြားလမ်းသို့ ရောက်လာခဲ့လေသည်။

ကျွန်တော်ကား ထိုနေရာသို့ နေ့စဉ်ရောက်နေကျဖြစ်သည်။ ဗိုလ်ချုပ်မရောက်မီကပင်လျှင် ဒီးဒုတ်ဦးဘချို၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဗိုလ်နေဝင်း၊ ဦးကျော်ငြိမ်း၊ ဗိုလ်အောင်ကြီး စသည်တို့သည် ၃၂ ရွှေတောင်ကြားလမ်းကို ဌာနချုပ်အဖြစ်နှင့် ဖွင့်လှစ်လျက်ထားရှိကြပြီ။ သို့သော် ဗိုလ်ချုပ် မလာသေးမီ အနာဂါတ်လုပ်ငန်းစဉ်အတွက် ဘာမျှထုတ်ဖော်ကြေညာခြင်း မပြုနိုင်ကြသေးချေ။

ဗိုလ်ချုပ်ရောက်လာသောအခါ ထိုဌာနချုပ်မှာ အသက်ဝင်လာလေသည်။

ကျွန်တော်သည် ဗိုလ်ချုပ် ရောက်နေပြီကို မသိပါ။



မြောင်းမြ၏အခြေအနေကို ဒီးဒုတ်ဦးဘချိုထံ အစီရင်ခံနေကျ ဖြစ်သည့်အတိုင်း လာခဲ့ပါသည်။ ဦးစွာပထမ ဗိုလ်အောင်ကြီးနှင့်တွေ့၍ ဖျာပုံနယ်တော်လှန်ရေးအလုပ်တို့ကို ဗိုလ်အောင်ကြီးထံမှတစ်ဆင့်စကား ကြားခဲ့ရလေရာ များစွာမှ နှစ်ထောင်းအားရဖြစ်မိပါသည်။

ထို့နောက် ဗိုလ်အောင်ကြီးကပင်လျှင် ဗိုလ်ချုပ်ရောက်ပြီဟု ကျွန်တော့်အား ပြောသဖြင့် ဗိုလ်ချုပ်ရှိရာ အခန်းတံခါးကိုဖွင့်ကြည့်လိုက်မိသည်။

ဗိုလ်ချုပ်သည် ဖြူဖပ်ဖြူယော်နှင့် ပင်ပန်းသည့် လက္ခဏာကို ပြနေပါသည်။ ကျွန်တော့်ကိုမြင်သောအခါ ပြုံး၍နှုတ်ဆက်ပါသည်။

'ဗိုလ်ချုပ် နေမကောင်းဘူးထင်တယ်။'

ကျွန်တော်က မေးလိုက်ပါသည်။

'ငှက်ဖျားမိလာသဗျာ။ အတော်အခံရဆိုးတယ်။ ခုတော့ ကိစ္စမရှိပါဘူး။ ခင်ဗျားကော ဘယ့်နှယ်လဲ။'

ကျွန်တော်သည် တော်လှန်ရေးအတွင်းဖြစ်ပုံပျက်ပုံတို့ကို အတိုချုံး၍ ပြောပြလိုက်ပါသည်။ မြောင်းမြမြို့မှ ရဲဘော်တို့ဖြစ်ပုံကိုလည်း ပြောပြပါသည်။

ဗိုလ်ချုပ်သည် အတန်ကြာမျှ တွေဝေနေ၍ 'အေးဗျာ ဒီလိုအချိန်မျိုးမှာ ဒီလိုဖြစ်တတ်တာပဲဗျာ' ဟု ကျွန်တော့်အား တရားချလေသည်။

'ဒါပေမယ့် ကျုပ် ဝမ်းမနည်းပါဘူးဗျာ' ဟု ကျွန်တော်က ပြောရင်း နောက်ဖက်သို့ လှည့်အကြည့်တွင် ဒီးဒုတ်ဦးဘချို၊ ဦးချစ်မောင် စသည်တို့ကို တွေ့ရ၍၊ အလိုက်သိစွာ အားလုံးတို့ကို နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ခဲ့ပြီးလျှင်၊ ရဲဘော်တို့အတွက် ဝမ်းဘဲဥ ရေလုံပြုတ် ကုလားဟင်းချက်နေသော ခင်မျိုးချစ်ရှိရာ စားဖိုဆောင်သို့ ထွက်လာခဲ့လေသည်။

ထို့နောက် ကျွန်တော်သည် ရန်ကုန်မြို့တွင်ရှိသော မိတ်ဟောင်းဆွေဟောင်းများ၏ အိမ်တို့ကို လိုက်လံရှာဖွေ၍ လည်ပတ်၍နေခဲ့ပါသည်။ တစ်နေ့သော် ကျွန်တော်၏မိဘများ၊ ဦးလေးများနှင့် မိတ်ဆွေဖြစ်သူ ပ(ခ်)လိန်းရှိ ပွဲစားကြီးဦးယူကြဲနှင့် ဒေါ်အုံးတင်တို့ထံသို့ ရောက်သွားပါသည်။

ထိုအိမ်တွင် မမျှော်လင့်ဘဲလျက် ဆရာဒီးဒုတ်ဦးဘချို့နှင့် သွား၍တွေ့ပါသည်။

ဆရာဦးဘချိုက တော်လှန်ရေးခေတ်မှစ၍ ဦးယူကြဲသည် အိမ်ပေါ်ထပ်မှ အောက်သို့မဆင်းဘဲ ဂျပန်တို့နှင့်ဝေးစွာရှောင်ရင်း တော်လှန်ရေးအတွက် တိတ်တိတ်ပုန်းကူညီခဲ့ပုံတို့ကိုပြောပြပါသည်။

'ဟော့ ဒီအိမ်ဟာ တခြားအိမ်မဟုတ်ဘူးကွဲ့။ ဗိုလ်ချုပ်ရဲ့ စားအိမ်သောက်အိမ်ပဲ။ အခုလဲ ဗိုလ်ချုပ် ဒီမှာ ညစာစားလိမ့်မယ်။ ဗိုလ်ချုပ် နာလန်ထကို ပြုစုနေတာ ဒေါ်အုံးတင်ပဲကွဲ့' ဟု ပြောပြလေတော့သည်။

ကျွန်တော်သည် ဦးယူကြဲနှင့် ဒေါ်အုံးတင်တို့ကို တော်လှန်ရေးနှင့် ဆက်စပ်၍ မကြည့်မိပါ။ ယခုမှပင် အကြောင်းစုံတို့ကို သိရ၍ ၎င်းတို့အား ပိုမိုကြည်ညိုမိပါတော့သည်။

ကျွန်တော်သည် ယခုကဲ့သို့ မှတ်မိသမျှ အကြောင်းအရာတို့ကို ပြောပြနေသည်မှာ အခြားကြောင့်မဟုတ်ပါ။ ဗိုလ်ချုပ်၌ အယုတ်အလတ် အမြတ်မရွေး လူထု၏အစိတ်အပိုင်းမှန်သမျှတို့ စု၍စည်းတတ်သော သတ္တိရှိကြောင်း ထင်ရှားစေလို၍ ဖြစ်ပါသည်။

ဦးယူကြဲနှင့် ဒေါ်အုံးတင်ကဲ့သို့သော ပုဂ္ဂိုလ်တို့မှာ တော်လှန်ရေးမှ အကျိုးအမြတ်တို့ကို ခံစားရန်ရည်သန်သူများ မဟုတ်ကြချေ။ ဗိုလ်ချုပ်နှင့် ၎င်း၏လမ်းစဉ်ကို ကြည်ညိုသူများသာ ဖြစ်သည်။ ၎င်းတို့သည် ယခုတိုင် မိမိအိမ်တွင်းဝယ် ရိုးရိုးကုပ်ကုပ်နှင့် ကိုယ့်လုပ်ငန်းကိုသာ ကိုယ်လုပ်လျက်ရှိကြပေသည်။ ယခုအခါ ၎င်းတို့ကို ဗိုလ်ချုပ်၏တော်လှန်ရေးနှင့် ဆက်စပ်၍ မည်သူမျှကြည့်ကြလိမ့်မည်မဟုတ်။

စင်စစ်ကား ဗိုလ်ချုပ်ကိုပြုစုကျွေးမွေးခဲ့သော ဒေါ်အုံးတင်သည် သခါရသဘောအတိုင်း ရွေ့လျားခဲ့လေပြီ။

ထိုနေ့ကမူကား ညနေစောင်းလောက်တွင် ဗိုလ်ချုပ်သည် ဒေါ်အုံးတင်ထံသို့ ရောက်လာခဲ့သည်။ ဗိုလ်ချုပ်မှာ ယခုအခါ အတော်ပင် အားအင်ပြည့်တင်း၍ ဖျတ်ဖျတ်လတ်လတ်ရှိနေပြီ။

ထို့နောက် ဗိုလ်ချုပ်သည် လွတ်လပ်ရေးကြိုးပမ်းမှု၏ နောက်ဆုံးကဏ္ဍကို အားသွန်၍ လုပ်ဆောင်ခဲ့လေသည်။

နေသူရိန်အစည်းအဝေး၊ ကန္ဒီစာချုပ်၊ မြန်မာ့မျိုးချစ်တပ်မတော်၊ တောင်တန်းသားတို့ညီညွတ်ရေး၊ ပင်လုံစာချုပ်၊ တစ်နှစ်အတွင်း လွတ်လပ်ရေးရစေမယ် စသည့်အသံတို့သည် ၁၉၄၆ - ၄၇ ခုနှစ်တွင် ဆက်တိုက်ထွက်လာခဲ့လေသည်။

တောင်တန်းသားတို့မပါသော လွတ်လပ်ရေးသည် ခြေလက်အင်္ဂါမပြည့်စုံသော ကိုယ်ခန္ဓာသာဖြစ်ချိမ့်မည်။ ဤအချက်ကို ဗိုလ်ချုပ်သဘောပေါက်သည်။ ဗိုလ်ချုပ်သဘောပေါက်သည်ထက် ပိုမိုထူးခြားစွာ နယ်ချဲ့တို့သဘောပေါက်ကြပေလိမ့်မည်။

ထို့ကြောင့် နယ်ချဲ့တို့က အိန္ဒိယနှင့်ပါကစ္စတန်ခွဲသလို မြန်မာနှင့် တောင်တန်းသားတို့ကို ခွဲထုတ်လိုသည်။ ဗြိတိသျှအစိုးရ

www.burmeseclassic.com



၏ သဘောထားမှာ ဤမျှလောက်ရိုင်းလိမ့်မည်မဟုတ်ဟု ယုံကြည်ပါ၏။ သို့သော် မြန်မာ့မြေပေါ်တွင် ခြေတော်တင်နေကြသော ဗြိတိသျှဗျူရိုကရက်တို့ကား နယ်ချဲ့စိတ်မကုန်သေးချေ။ မြန်မာတို့ကို လက်စားချေလိုသည့် သဘောထားများရှိနေသည်ကို ကျွန်ုပ်တို့ တစ်မျိုးသားလုံး အကဲခတ်မိကြသည်။

မြန်မာနှင့် တောင်တန်းသားတို့ ညီညွတ်မှုအုတ်မြစ်ကို ဦးစွာပထမချနိုင်သူမှာ ဗိုလ်ချုပ်သာလျှင်ဖြစ်သည်။ ဤအောင်မြင်မှုတစ်ခုတည်းနှင့်ပင်၊ ဗိုလ်ချုပ်၏အမည်ကို အနာဂတ်ရာဇဝင်တွင် ရွှေစာလုံးဖြင့် စာတင်ထိုက်လှသည်။

ဗိုလ်ချုပ်သည် တောင်တန်းပြဿနာဖြေရှင်းရေး၌ သူ၏အစွမ်းကို သူယုံကြည်သည်။ သို့သော် အဖျက်အဆီးအင်အားလည်း မသေးလှသည်ကို ကျွန်ုပ်တို့ ဝန်ခံကြရမည်ဖြစ်သည်။

ထိုစဉ်က 'ရန်ကုန်ရေဒီယို' ဟု ခေါ်သော အသံလွှင့်ဌာနသည် ရှမ်းပြည်နယ် ဒေသဆိုင်ရာခေါင်းဆောင်များနေထိုင်ခဲ့ကြသည့် ရွှေတောင်ကြားရပ်ကွက်၌တည်ရှိသည်။ ကျွန်တော်ကား အသံလွှင့်ဌာနတွင် အလုပ်လုပ်နေစဉ်ဖြစ်၍၊ ရှမ်းပြည်နယ်ဒေသခေါင်းဆောင်များ၏ သဘောထားတို့ကို လေ့လာခွင့်ရခဲ့ပေသည်။

ရှမ်းပြည်နယ်ရှိ ပြည်သူ့ထင်မြင်ချက်ကို ပုံသွင်းပေးနိုင်သူတို့မှာ ထိုစဉ်က ညောင်ရွှေစော်ဘွားကြီး စောရွှေသိုက်နှင့် မိုင်းပွန်စော်ဘွားတို့ဖြစ်သည်။ ညောင်ရွှေစော်ဘွားကြီးမှာ အနုပညာသမားဖြစ်ရကား ဆရာဦးဘချိုနှင့် များစွာချစ်ကျွမ်းဝင်လေသည်။ ဗိုလ်ချုပ်နှင့် သခင်နုတို့ကိုလည်း ကြည်ညိုလေးစားသည်။ မိုင်းပွန်စော်ဘွားကား ညောင်ရွှေစော်ဘွားကြီးနှင့် တစ်သဘောတည်းပင်ဖြစ်သည်။



မြန်မာ့နိုင်ငံရေးမှာ ပုဂ္ဂိုလ်စွဲနိုင်ငံရေးသာ ဖြစ်သည်။ ယနေ့တိုင် မူကိုစွဲ၍ လုပ်သော နိုင်ငံရေးမဟုတ်သေး။ ထို့ကြောင့် 'ပုဂ္ဂိုလ်ခင်မှ တရားမင်သည်' ဟူသော မြန်မာ့ဆိုရိုးအတိုင်း၊ ပုဂ္ဂိုလ်အချင်းချင်းတို့ ခင်မင်မှုသည် အရေးကြီးပေသည်။ ယခုအခြေတွင် ခေါင်းဆောင်အချင်းချင်းတို့ ချစ်ကြည်စွာ ရှိကြသည်မှာ အားရစရာကောင်းလှပါ၏။ သို့သော် အောင်ဆန်းအက်တလီစာချုပ်ချုပ်ဆိုပြီးသည်အထိ တောင်တန်းဒေသပြဿနာကို စိတ်ချရပြီဟု မယူဆနိုင်ခဲ့ချေ။

ကျွန်တော်မှာ စိတ်တထင့်ထင့်ရှိမိသည်။ ထို့ကြောင့် မိုင်းပွန်စော်ဘွားနှင့် နှစ်ဦးချင်းဆုံမိသည့်အခါ အခြေအနေကို မေးမြန်းစုံစမ်းကြည့်မိသည်။

'ရှမ်းပြည်နယ်အတွက်တော့ မြန်မာဘက်က စိုးရိမ်ပူပန်စရာရှိမယ်မထင်ပါဘူး' ဟု ရှမ်းပြည်နယ်ကိုယ်စားလှယ်တို့အား ဧည့်ခံသောလက်ဖက်ရည်ပွဲတစ်ပွဲအပြီးတွင် မိုင်းပွန်စော်ဘွားက ကျွန်တော့်အား ပြောပြပါသည်။

ကျွန်တော်သည် လက်ရှိအခြေအနေတို့ကို ယင်းကဲ့သို့ မမှိတ်မသုန်လေ့လာသုံးသပ်နေစဉ် တစ်နေ့သ၌ ဘုရင်ခံ၏ အတိုင်ပင်ခံအဖွဲ့ ဒုတိယသဘာပတိ ဦးအောင်ဆန်းသည် အသံလွှင့်ရုံသို့ လာ၍ အသံလွှင့်မည်ဟူသော အကြောင်းကြားချက်ကို ရရှိလေသည်။

'ရန်ကုန်ရေဒီယို' မှာ မကြာတစ်ချက် ကြားတစ်ချက်အသံလွှင့်ရုံဖြစ်သည်။ ထို့ကြောင့် ညွှန်ကြားရေးဝန် ဦးခင်ဇော်နှင့် ကျွန်တော်သည် များစွာစိတ်ပူပန်မိသည်။ ဗိုလ်ချုပ်သည် လူထုအစည်းအဝေးပွဲတို့၌သာ စကားပြောကျင့်သားရနေသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လဟာပြင်တွင် စကားပြောလေ့ရှိသူမှာ အော်ပြောတတ်သော အလေ့ရှိသည်။ မိုက်ခရိုဖုန်းတွင် ပါးစပ်တေ့၍ အော်ပြောလျှင် အသံမကောင်း ဖြစ်တတ်သည်။

ကျွန်တော်သည် ထိုနေ့ညနေတွင် ဗိုလ်ချုပ်ကို စောင့်၍ မျှော်နေပါသည်။ ဗိုလ်ချုပ်သည် ဒေါ်ခင်ကြည်နှင့်အတူလာပါသည်။ ဗိုလ်ချုပ်သည် ကျွန်တော်အသံလွှင့်ဌာနရောက်နေပြီကို မသိပါ။ ထို့ကြောင့် ကျွန်တော့်ကိုတွေ့လျှင် အံ့အားသင့်ဟန်တူပါသည်။

'ခင်ဗျားကြီး ဒီရောက်နေသလား။'

ကျွန်တော်က 'ဟုတ်ကဲ့' ဟု မပြောနိုင်ခင်၊ ဗိုလ်ချုပ်သည် ဒေါ်ခင်ကြည်ကို ညွှန်ကြားရေးဝန်၏ အခန်း၌ထားခဲ့၍ အပေါ်ထပ်သို့ ဆောင့်ဆောင့်နှင့် တက်သွားပါသည်။

ကျွန်တော်သည် သူနှင့်အတူ ထက်ကြပ်လိုက်၍ အသံလွှင့်ခန်းသို့ဝင်ပါသည်။ ဦးခင်ဇော်လည်း အတူပါလာပြီးလျှင် မိုက်ခရိုဖုန်းကို အလောတော်နေရာ၌ ရှိစေရန်ပြင်ဆင်ပါသည်။ ကျွန်တော်က ဗိုလ်ချုပ်အား စကားပြောသည့်အခါ နှစ်ယောက်ချင်းပြောသလို ပြောပါဟု မှာပါသည်။

ဗိုလ်ချုပ်သည် စကားတစ်လုံးနှစ်လုံးကို စ၍ပြောစဉ်က လေမှန်နှင့် နှစ်ယောက်ချင်း စကားပြောသလို ပြောပါ၏။ သို့သော် တဖြည်းဖြည်းနှင့် အသံကျယ်လောင်လာပြီးလျှင် လူထုအစည်းအဝေးတွင် စကားပြောသကဲ့သို့သော ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် အော်ပါလေတော့သည်။ လက်သီးကိုဆုပ်လိုက်၊ လက်ကို မြှောက်လိုက်နှင့်။

ထိုအခါ အသံလွှင့်စက်ခန်းမှ အသံနိမ့်မြင့်ပြသော မီတာ



၏အိမ်မြှောင်မှာ ညာဘက်သို့ ပြေး၍ပြေး၍ ရိုက်နေရာ၊ အသံညှိသူတို့မှာ မျက်လုံးပြူးကြရလေသည်။ ဗိုလ်ချုပ်ရှေ့ရှိ မိုက်ခရိုဖုန်းမှာ အသေဖြစ်နေ၍ ၎င်းကို မည်သို့မျှ ပြောင်းရွှေ့မရနိုင်သောကြောင့်လည်းကောင်း၊ ဗိုလ်ချုပ်ကို သတိပေး၍ ရနိုင်တော့သည် မဟုတ်သောကြောင့်လည်းကောင်း ပူအိုက်သောလှောင်ခန်းထဲတွင် ကျွန်တော်တို့သည် လက်ပိုက်၍သာ ကြည့်ခဲ့ရပါတော့သည်။

နောက်တစ်နေ့တွင် ဗိုလ်ချုပ် အသံလွှင့်သည်ကို ဖျက်လိုဖျက်ဆီးလုပ်သောအားဖြင့် အသံလွှင့်စက် ကိရိယာတို့ကို တစ်မျိုးတမည်လုပ်ထားသယောင်ယောင် ပြောကြဆိုကြသော စကားသံများကို ကြားခဲ့ရလေသည်။

သို့သော် ဗိုလ်ချုပ်သည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဘိလပ်သို့သွား၍ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ရောက်ခဲ့ပြီးနောက် 'ကျုပ် ဘိလပ်ကပြန်လာတော့ ဘာပါလာသလဲလို့ မေးကြတယ်။ ဘောင်းဘီတစ်စုံပဲ ပါလာတယ်' ဟု၍ အစချီသည့်အသံလွှင့်မိန့်ခွန်းကို ပြောကြားသောအပတ်၌တား အသံလွှင့်ခြင်းမှာ အတော်ပင်ဟန်ထိပန်ထိ ဖြစ်လာခဲ့လေပြီ။ ကျွန်တော်မှတ်မိသမျှ ဟုတ်မှန်ပါလျှင် ထိုစဉ်က ကျွန်တော်တို့သည် ရွှေ့၍ပြောင်း၍ရသော မိုက်ခရိုဖုန်းကို တပ်ဆင်လိုက်ပြီဟု ထင်ပါသည်။

အသံလွှင့်ခန်း၏ နောက်ဖက်၌ တံခါးတစ်ချပ်ရှိသည်။ များသောအားဖြင့် ညအသံလွှင့်ချိန်တွင် ထိုတံခါးကို ဖွင့်စမြဲဖြစ်ပါသည်။ ပူအိုက်လှောင်စပ်သော အခန်းဖြစ်၍ လေသာပြတင်းပေါက်ကို ဖွင့်ထားရသည်။

သို့သော် ကျွန်တော့်စိတ်ထဲတွင် ထိုစဉ်ကတစ်မျိုးကြီး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ဗိုလ်ချုပ်အခန်းတွင်းသို့ မဝင်မီ၊ ဗိုလ်ထွန်းလှနှင့်တိုင်ပင်ကြည့်သည်။

'ဟေ့ ကိုယ့်လူ၊ ဗိုလ်ချုပ် စကားပြောတုန်းမှာ ပြတင်းပေါက်ကို ပိတ်ထားချင်တယ်။'

ဗိုလ်ထွန်းလှသည် ပထမ၌ ကျွန်တော်၏စကားရိပ်ကို သဘောပေါက်ဟန်မတူပါ။ 'သဘောရှိပါပဲဗျာ' ဟု ပြောရင်းက ရိပ်စားမိဟန်လက္ခဏာရှိလာသည်။

'ခင်ဗျားပဲ ကြည့်လုပ်ပါဗျာ။ ဗိုလ်ချုပ်က သိပ်ဂွကျတဲ့လူ။ သူ့အနားမှာ ကျုပ်တို့စောင့်နေတာကိုတောင် မကြိုက်ဘူး။ သူ့ရှေ့မှာ စိုးရိမ်တကြီးမလုပ်နဲ့ဗျာ။ ဘုပြောနေဦးမယ်'

ကျွန်တော် အံ့အားသင့်မိသည်။ အခန်းထဲဝင်၍ ကပျာကရာတံခါးပိတ်မိသည်။ ပြန်ထွက်လာသောအခါ ဗိုလ်ထွန်းလှကို ကျွန်တော်က ညွှန်ကြားချက်ထုတ်လိုက်သည်။

'ဒီမှာ ဗိုလ်ထွန်းလှ၊ ဗိုလ်ချုပ်စကားပြောနေတုန်းမှာ ဟောဒီအခန်းဝက ဘယ်မှမသွားနဲ့။ အခန်းထဲမှာ ဗိုလ်ချုပ်နဲ့ကိုယ်နဲ့ နှစ်ယောက်ထဲပဲ နေမယ်။'

ကျွန်တော်သည် မိမိတာဝန်ဝတ္တရားနှင့် ဆိုင်လာလျှင် အစိုးရိမ်ကြီးတတ်သူဖြစ်သည်။ သို့သော် ထိုစဉ်က အဘယ့်ကြောင့် ဤသို့စိုးရိမ်ကြီးရပါသလဲဟု မိမိကိုယ်ကိုယ် မိမိမေးမိသည်။ မဖြေတတ်ပါ။

ကျွန်တော် ပြန်ထွက်လာသောအခါ ဗိုလ်ထွန်းလှက ဗိုလ်ချုပ်သည် သူ့အနီးအပါး၌ အစောင့်အရှောက်များ စောင့်နေသည်ကိုတွေ့ရလျှင် 'ဟေ့ - မင်းဘာလုပ်တာလဲ' ဟု အော်ငေါက်တတ်ကြောင်း စိတ်ပျက်စွာနှင့် ထပ်မံ၍ပြောပြနေပါသေးသည်။



ဗိုလ်ထွန်းလှက ဤသို့ပြောလေလေ စိုးရိမ်မိလေလေ။ သို့သော် ကျွန်တော်၏စိုးရိမ်ချက်မှာ ရယ်စရာလိုပင်။ ဗိုလ်ချုပ်ကို အများက ချစ်၏။ ယုတ်စွအဆုံး လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်ချစ်၏။

သို့သော် လူတစ်ရာအနက် ကျန်တစ်ယောက်က. . . ကျွန်တော်ရှေ့ဆက်၍ မတွေးဝံ့။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ နေ့ တစ်ညနေတွင် အသံလွှင့်ရုံသို့ ထူးဆန်းသော ကြေးနန်းတစ်စောင်ရောက်လာလေသည်။

ထိုကြေးနန်းကို ပေးပို့သူမှာ တောင်တန်းသားများ ညွန့်ပေါင်းကွန်ဂရက်၏ ဥက္ကဋ္ဌစောင်ပိုင်စော်ဘွားပင် ဖြစ်လေသည်။

ကြေးနန်း၏သဘောသွားမှာ ရှမ်းစော်ဘွားများနှင့် ချင်း၊ ကချင်ကိုယ်စားလှယ်များသည် တောင်တန်းသားနှင့် မြန်မာတို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူဆုံးဖြတ်ကြောင်း ဖြစ်သည်။

ကျွန်တော်သည် သံကြိုးစာဖတ်ရင်း ဝမ်းမြောက်ဝမ်းသာ ခုန်ပေါက်မိပါတော့သည်။ ဦးခင်ဇော်ထံ အပြေးအလွှားသွား၍ သံကြိုးစာပါအကြောင်းအရာတို့ကို သတင်းခန်းတွင်ထည့်ရန် တိုင်ပင်ပါသည်။ ဤသတင်းထည့်လျှင် မုချထုချေလွှာတောင်းကြလိမ့်မည်။ ထိုအခါ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ်စေ ဖြစ်သမျှကို ခံရဖို့ တာဝန်ကို ယူကြလိမ့်မည်။ ထိုတာဝန်ကိုယူရန် ကျွန်တော်တို့ နှစ်ဦး သဘောတူဆုံးဖြတ်လိုက်လေသည်။

ထိုည၌ နိုင်ငံရေးရပ်ကွက်ပိုင်းတွင် လှုပ်ရှားသွားသေးသည်။ ဦးခင်ဇော်နှင့် ကျွန်တော်တို့နှစ်ယောက်သားကား ပြန်ကြားရေးဌာနနှင့် ဘုရင်ခံအိမ်တော်မှလာသမျှ တယ်လီဖုန်းသံတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ဖြေရှင်းရင်းနှင့်ပင် နက်ဖြန်ဘာဖြစ်မည်ကို စောင့်မျှော်နေကြရပေသည်။

သို့သော် ကံအားလျော်စွာ ကြေးနန်းသတင်းမှာ အမှန်ကြီးမှန်နေသောကြောင့် ဘာမျှမဖြစ်ပါ။ ဦးအောင်ဆန်းသည် အောင်မြင်မှုကို ရပါပြီ။

ပြန်ကြားရေးဌာနဒုတိယညွှန်ကြားရေးဝန် မစ္စတာဘင်တန်နှင့် အပေါင်းပါများ ရပ်ကွက်ကမူကား အသံလွှင့်ဌာနကို 'ဖဆပလရေဒီယို' ဟူ ကင်ပွန်းတပ်လိုက်ပါသည်။ ကျွန်တော်နှင့်တွေ့စက ဖော်ရွေဟန်လက္ခဏာရှိသော ဘင်တန်သည် ကျွန်တော့်အား နှုတ်မျှပင်မဆက်တော့။ သုန်မှုန်သောမျက်နှာထားဖြင့် အမြဲတမ်း ကျွန်တော့်ကို အကဲခတ်လေသည်။

သို့သော် ဗြိတိသျှ၏ ဩဇာမှိန်လေပြီကို နားလည်သွားသော ဘင်တန်သည် အင်္ဂလန်သို့ ဘင်သံမဆင့်ဘဲ ပြန်လေသည်။ ကျွန်တော်တို့တတွေကား အကျေနပ်ကြီး ကျေနပ်နေကြပြီးလျှင် ကျရောက်လတ္တံ့သော မြန်မာ့အန္တရာယ်တစ်ရပ်ကို ဆက်လက်တွေးတောခြင်းမပြု၊ သောကမီးကိုလည်း မမွေးဘဲနေလိုက်ကြသည်။

'ဘရင်းဂန်းအလက် ၂၀၀ ပျောက်ဆုံးခြင်း။'

ခြောက်လိုင်းစာလုံးများသည် သတင်းစာမျက်နှာဖုံးများထဲမှနေ၍ ကျွန်တော့်အား ဖြဲ၍ ချောက်ပြန်သည်။ ပူပန်သော စိတ်လည်း ဝင်လာပြန်သည်။

သို့သော် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က မျုနိ[illegible] ပယ်ခန်းမကြီး လေသာဆောင်မှနေ၍ ဗိုလ်ချုပ်မြွက်ကြားသော မိန့်ခွန်းအတွက် ကျွန်တော်တို့ အလုပ်ရှုပ်နေကြရစဉ် စိုးရိမ်ပူပန်မှု တို့သည် တဒင်္ဂမျှ ပျောက်ကွယ်နေခဲ့ပြန်သည်၊ အလုပ်အားသော



အချိန်တို့၌မူကား ထိုဘရင်းဂန်းအလက် ၂၀၀ ကို မျက်စိထဲတွင် မြင်နေရပြန်သည်။

ထို့နောက် တစ်ရက်နှစ်ရက်ခန့်ကြာသောအခါ ဆရာဦးဘချို၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးသိန်းဟန်၊ ဦးဝန်၊ ဦးခင်ဇော်နှင့် ကျွန်တော်တို့ ခြောက်ဦးသည် လွှတ်တော်သစ်၏ ဝရန်တာတွင် ဆုံမိကြလေသည်။

ကျွန်တော်တို့ဆုံမိသောအချိန်တွင် လွှတ်တော်အစည်းအဝေးဟူ၍မရှိပါ။ လူသွားလူလာကင်းရှင်းလှပါသည်။

မိုးမင်းသည် မရွာတစ်ချက် ရွာတစ်ချက်နှင့်၊ နေမင်းကလည်း မပွင့်တပွင့်၊ တစ်ခါတစ်ခါ လေအေးက ဝှေ့သည်။ ဆရာဦးဘချို၏ခေါင်းပေါင်းသည် တလျှပ်လျှပ်ဖြစ်နေသည်၊ ဗိုလ်ချုပ်သည် အအေးဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိဟန်မတူ၊ သူ၏မိုးကာအကျီ င်္ကို ရင်တွင်ပွေ့ပိုက်၍ထားသည်။

လွှတ်လပ်ရေးဟူသည်မှာ သေချာပြီဖြစ်၍ အနာဂတ်သာယာရွှေပြည်ကြီးကို တစ်ဦးစီတစ်ဦးစီ မိမိတို့သဘောအတိုင်း စိတ်ကူးဖြင့် ချယ်လှယ်နေကြသည်။

သူတစ်ပါး၏စိတ်ကို ကျွန်တော် မပြောတတ်။ ကျွန်တော်၏စိတ်ထဲ၌ကား ဂျပန်ခေတ်တစ်လျှောက်လုံး ခံစားခဲ့ရသော ဒုက္ခဆင်းရဲတို့နှင့်တကွ လက်ငင်းအားဖြင့် အလုပ်ပင်ပန်းခဲ့သမျှတို့သည် 'အလုံးကြီးကျသွား' သလို၊ ကျသွားခဲ့ပြီ။ သူတစ်ပါး၏စိတ်ကို အပ်အပ်သေချာစွာ မသိနိုင်စေကာမူ၊ ကျွန်တော်တို့ ခြောက်ဦးသားသည် ထိုစဉ်ခဏ၌ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းတို့နှင့် တဒင်္ဂမျှ တွေ့ခဲ့ရသည်ဟု ဆိုနိုင်ပေသည်။

ဗိုလ်ချုပ်သည် လွှတ်တော်၏ ဝရန်တာရှေ့သို့ မျှော်မှန်း

www.burmeseclassic.com

www.burmeseclassic.com



လျက်ကြည့်နေသည်။ သူ၏ရှေ့တည့်တည့်ဝယ် သူနှင့်တကွသော အာဇာနည်ပုဂ္ဂိုလ်ခုနစ်ဦးတို့အား ရည်စူး၍ စိုက်ထူရမည့် အထိမ်းအမှတ်တစ်ခု ပေါ်ပေါက်လာမည်ကို သူ မတွေးနိုင်ခဲ့။ သို့သော် အနာဂတ်မြန်မာပြည် မည်သို့ဖြစ်သင့်သည်ကိုမူ သူ တွေးမိပေလိမ့်မည်။

'တော်ပြီဗျာ။ ကျုပ်တော့ နိုင်ငံရေးအနားယူပြီး စာကလေးဘာလေးထိုင်ပြီးရေးဦးမယ်။ ဒီမယ်ဗျာ့ ဆရာရဲ့ ကျွန်တော်လဲ အနုပညာသမားပါဗျာ'

ဤစကားတို့မှာ ကိုသိန်းဟန်ဘက်သို့လှည့်ရင်း ပြောလိုက်သော စကားများဖြစ်သည်။

ကျွန်တော်ကား အနုပညာဆီသို့ စိတ်မရောက်။

'ဘရင်းဂန်းအလက် ၂၀၀ . . .'

'ကျုပ်တို့ရဲ့မြန်မာ့ယဉ်ကျေးမှုအနုပညာတွေကို ဖော်ထုတ်ကြဖို့ အချိန်တန်ပြီ။"

ဆရာဦးဘချိုသည် မြန်မာ့ယဉ်ကျေးမှုအနုပညာ၏ အထိမ်းအမှတ်ဖြစ်သည်။ ထိုစဉ်က ထိုအထိမ်းအမှတ်မှာ ထိုတစ်ခုတည်းသာရှိသည်၊ ထို့ကြောင့် ဆရာဦးဘချိုက ထိုစကားကို ပြောလိုက်သောအခါ အားလုံးက ခေါင်းညိတ်လေသည်။

ဆရာဦးဘချိုသည် ချိုအေးသောအသံဖြင့် တတွတ်တွတ် စကားပြောနေသည်။ ရုပ်သေး၊ မြေဝိုင်းဇာတ် . . . ဇာတ်ပွဲ, . . ပြဇာတ်။ ဤအကြောင်းတို့ကိုချည်း ပြောနေသည်။

'ကျွန်တော်ကတော့ ရေးမယ်-ရေးမယ်။ ရေးစရာတွေ အများကြီးရှိတယ်။ ဆရာချိုပြောတဲ့ အနုပညာအကြောင်း စိတ်ကူး ထားတယ်။ ကျွန်တော်တို့ လွတ်လပ်ရေးရပြီးရင်၊ ကျွန်တော်တို့



တစ်စု အရှေ့ဘက်ခရီးထွက်မယ်ဗျာ။ ယိုးဒယား၊ မလေးကျွန်းဆွယ်၊ အင်ဒိုနီးယိုကျွန်း၊ ဘာလီကျွန်း . . . အို . . . စုံအောင်သွားမယ်ဗျာ။ ဆရာချို့အကြိုက်ပဲဗျာ့။ ဟဲ . . . ဟဲ။ မြန်မာအက၊ မြန်မာ့ဂီတတွေ ဟာ ဟိုဘက်က လှည့်လာတာတွေရှိတယ်။ ဒါတွေကို စုံစမ်းရမယ်။ အာရှတိုက်သားတွေ တစ်ဦးနဲ့တစ်ဦး ဘယ်လိုဆက်စပ်မှုရှိတယ် ဆိုတာကိုလေ့လာရမယ်။ ကျွန်တော်လဲ အနုပညာသမားပါဗျာ။'

ဗိုလ်ချုပ်က စိတ်ကူးယဉ်ကာ ပြောနေသည်။ ပြောတိုင်း ပြောတိုင်း အနုပညာသမားဖြစ်ကြောင်းကို ထပ်ကာထပ်ကာ ဆိုသည်။ ကျွန်တော်တို့က သူ့အား တော်လှန်ရေးသမား စာရင်းထဲ၌ သာ သွင်းထားပြီး၊ အနုပညာသမားအနေနှင့် အဖက်မလုပ်မှာ စိုးသောလေသံဖြင့် ထပ်ကာထပ်ကာဆိုသည်။ ကိုသိန်းဟန်က ထောက်ပါတယ်၊ ကျုပ်တို့ကလဲ မောင့်ကို အနုပညာသမားစာရင်းထဲ မှာ ထည့်ထားပါတယ်' ဟု ပြောဘိသည့်အလား ခေါင်းကိုညိတ်ကာ ညိတ်ကာ ပြသည်။

ကျွန်တော်သည် ၎င်းတို့၏ အနုပညာဆွေးနွေးပွဲကြီးကို ကြားကောစပြုချင်လာပါသည်။ ကျွန်တော့်ရင်ထဲမှာ စိုးရိမ်ချက် တွေဝင်လာပြန်ပါပြီ။ လုပ်ကြပါဦး အရပ်ကတို့။ ဘယ်နှယ့်ဟာလဲ ဘရင်းဂန်း ၂၀၀ ဆိုတာ။

စိတ်ထဲတွင် သည်ကဲ့သို့ ညည်းတွားမိလိုက်သည်။

စိတ်ထဲ၌ ညည်းမိရာမှ၊ အကယ်ပင် ပါးစပ်မှ ထွက်သွားသည်။

ဗိုလ်ချုပ်၏နားနားသို့ကပ်၍ 'အဲဒါတွေကိုလည်း စဉ်းစားကောင်းတယ်' ဟု ပြောမိပါသည်။

'ဆရာရေ၊ အထူးသတိဝီရိယရှိဖို့ လိုတယ်လို့ ထင်တာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆရာ' ဟု ကျွန်တော်က ဆရာချီအားလှမ်း၍ စစ်ကူတောင်းသည်။ ဆရာချီသည် သူ၏အနုပညာနှင့် သူစိတ်ကူးယဉ်နေစဉ် ကျွန်တော် ဆိုသော အကောင်က သူ့ကို သတိပေးလိုက်မိလျက်သား ရှိနေ သည်။ ဆရာချီ မျက်နှာညှိုးသည်ဟု ထင်လိုက်မိသည်။

ဆရာချီ နှုတ်ငြိမ်သွားသည်။

ဗိုလ်ချုပ်ကား တတွတ်တွတ်နှင့် စကားပြောဆဲ။

'ဗျာ၊ စိုးရိမ်စရာမရှိပါဘူး။ ခင်ဗျားက ပူမနေစမ်းပါနဲ့'

ဗိုလ်ချုပ်က ခပ်အေးအေးပင် ပြောသည်။ သူ့၌တုန်လှုပ်ခြင်းအလျဉ်းမရှိ။ ကျွန်တော်က အနုပညာ၌ စိတ်ဝင်စားနေကြသည်ကို အလိုက်မသိ ဖျက်ဆီးပစ်လိုက်သဖြင့် အနုပညာသည် တစ်သိုက်က ကျွန်တော့်ကို မျက်စောင်းထိုးကြလေသလား မမှတ်မိ။ သို့သော် သူတို့သည် အနုပညာ၏အဆစ်အပိုင်းကို ဆက်လက် လေရှည်နေကြသည်။

'ဗိုလ်ချုပ်ကို လူတစ်ရာမှာ ကိုးဆယ့်ကိုးက ချစ်တယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမယ့် ကျန်တဲ့တစ်ယောက်ရဲ့ စိတ်ကို ကျွန်တော်တို့ မသိနိုင်ဘူး။'

ဗိုလ်ချုပ်စကားပြောပုံ အေးစက်စက်နိုင်လှသည်။ ကျွန်တော် အားမရပါ။ သို့သော် ဗိုလ်ချုပ်သည် သူ့၌ရန်သူမရှိဟု ဆိုနေသည်။ ထို့ကြောင့် ကျွန်တော်သည် စကားလှည့်လွှဲ၍ ပြောရပြန် သည်။ ကျွန်တော့်၌စကားကိုလွှဲပြောရန် အချက်များစွာ ရှာ၍မရပါ၊ အတိုက်အခံသမားတို့၏အကြောင်းကို ရောက်သွားပါသည်။

ဗိုလ်ချုပ်သည် တစ်နေ့သ၌ သူ၏ရုံးခန်းထဲတွင် ကျွန်တော် အား ဒေါက်တာဘမော်အကြောင်း မေးဖူးသည်။

'ခင်ဗျား ဘယ်လိုထင်သလဲ ဒေါက်တာဘမော်ဟာ နိုင် ငံရေးဇာတ်ခုံပေါ် ပြန်ရောက်နိုင်ပါ့မလား။'

'ဆူကာမိုထောင်ကထွက်စမှာ သူပြန်ပြီး တက်လာဖို့လမ်း ရှိခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်လည်း ဒေါက်တာဟာ ခင်ဗျား တို့နဲ့ပြန်ပေါင်းထုပ်လိမ့်မယ်လို့ ထင်ခဲ့တယ်။ ပြန်ပေါင်းထုပ်ပါစေ လို့လဲ ဆုတောင်းခဲ့တယ်။ ကျွန်တော့်ယုံကြည်ချက်ကတော့ ကျွန် တော်တို့ရဲ့ စိတ်အားထက်မှုကို ဗဟုသုတ လောင်းပေးဖို့လိုတယ်လို့ ထင်တယ်။'

'ဟာဗျာ ခင်ဗျားဥစ္စာ စိတ်ကူးလို့သာ ကောင်းတာပါ။ တကယ့်လက်တွေ့မှာ လူကြီးတွေက ခက်တယ်။'

'ဟုတ်ပါတယ်လေ။ ဒါကြောင့်လဲ ဟိုတုန်းကတက်လာဖို့ လမ်းရှိပေမယ့် ယခုတော့ ဒီလမ်းပိတ်သွားပြီလို့ ဆိုချင်တယ်။ ဒေါက်တာဟာ မြေကြီးပေါ်မှာ ခြေချလို့မရသေးဘူးဗျာ။ အဲ ရတဲ့ တစ်နေ့ဟာတော့ သူ့နေ့ပဲ။'

'ဟဲ၊ ဟဲ နို့ပေမယ့် မရတော့ပါဘူးဗျာ' ဟု ဗိုလ်ချုပ်က သူ့ထင်မြင်ချက်ကို ပြောခဲ့ဖူးသည်။

ထိုနေ့ကလည်း သူ၏ထင်မြင်ချက်မှာ ထိုအတိုင်းပင်။

သို့နှင့်ဦးစော၏အကြောင်းသို့ စကားဦးလှည့်သွားပြန် သည်။

အနုပညာသမားတို့ကား တွတ်တွတ်တိုးနေကြသည်။ ၎င်း တို့သည် ယိုးဒယားရာမကို အင်ဒိုနီးရှားအထိ ခြေရာလိုက်၍ ဆောက်နေကြသည်။

ကျွန်တော်ကား ဗိုလ်ချုပ်နှင့် ဦးစောတို့နှစ်ဦးသားတွေ့ဆုံ ခဲ့သည်ဟူသော သတင်းကို ခြေရာကောက်နေမိသည်။

'ဦးစောလဲ လူကောင်းပါဗျာ။ မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးလို့

www.burmeseclassic.com



ဆိုရမှာပါပဲ’

ဗိုလ်ချုပ်သည် ဦးစောအပေါ်၌ အနည်းငယ်မျှ မကောင်း မထင်ခဲ့ပါ။ မဥပါဒ်ခဲ့ပါ။ သို့နှင့်ပင် အသက်ကို စွန့်လွှတ်ခဲ့ရပေသည်။ သူ့၌ရန်သူမရှိဟူသော ယုံကြည်ချက်ဖြင့် အတွင်းဝန်ရုံး၌ အစောင့်အရှောက်မရှိဘဲ ဟာလာဟင်းလင်း ထားခဲ့သည်ကို ကျွန်ုပ်တို့ ထောက်ရှုကြည့်ပါလျှင် ဗိုလ်ချုပ်သည် ဦးစောအပေါ်၌ မည်သို့မျှ မဥပါဒ်ခဲ့သည်ကို ခန့်မှန်းနိုင်ပါပြီ။

လောက၌ ဖြစ်သည်တို့လည်းဖြစ်ခဲ့ပြီ။ ပျက်သည်တို့လည်း ပျက်ခဲ့ပြီ။ လောကဓံတရားဟူသည်ကို မည်သူမျှ မဟန့်တားနိုင်။ ကံဟူသည်ကို မည်သူမျှ ရှောင်ကွင်း၍မရနိုင်။ လွန်လေပြီးသမျှတို့သည် လွန်ပါစေ။ ကျွန်တော်သည် ဗိုလ်ချုပ်၏ဖြစ်စဉ်တို့ကို တစေ့တစောင်း ကြည့်၍ မြင်ရသမျှကို တင်ပြနေခြင်းဖြစ်သည်။ မည်သူ့အား မည်သို့မျှ စေတနာမထား။ သူ့အကြောင်းနှင့်သူ ကိုယ့်အကြောင်းနှင့်ကိုယ်မျှသာ ဖြစ်သည်။ ထိုသူအား အမွှန်းတင်၍ ဤသူကို အဆိုးဟု မဆိုလိုပါ။ ကျွန်ုပ်တို့မြတ်နိုးသော ဗိုလ်ချုပ်၏ စေတနာကိုသာ မော်ကွန်းတင်လိုခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ စကားပြော၍ ကောင်းတုန်း၊ မိုးပက်လာသည်။ အနုပညာဆွေးနွေးပွဲမှ နိုင်ငံရေးဘက်သို့ ကျွန်တော်ချော် တောငေ့ါသည်ကို ဆရာချုပ်က နည်းနည်းမျှသဘောကျဟန်မတူ ဆရာချုပ်၏စိတ်သည် ဂဏာမငြိမ်တော့ပြီ။ ထို့ကြောင့် သူကပ စတင်၍ စကားဖြတ်ပြီး လူချင်းခွဲရန်ပြောသည်။ သို့နှင့်ပင် လူစု ကြလေတော့သည်။

အမှန်မှာ ဆရာချုပ်သည် အသံလွှင့်ဌာနသို့ ညညလာအိ နေသူဖြစ်ရာ သူ့၌မည်မျှသောကရောက်နေသည်ကို ကျွန်တေ



နားလည်သင့်သည်။ သို့သော် ကျွန်တော်ကိုယ်တိုင်က ‘ဘရင်းဂန်း ၂၀၀’ ကို စိတ်စွဲနေသောကြောင့်၊ ထိုအကြောင်းကို မပြောဘဲမနေနိုင်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့ညဉ့်၌ပင်လျှင် ဆရာချုပ်အား ဘရင်းဂန်း ၂၀၀ အကြောင်း ပြောလိုက်မိသေးသည်။

ညက ဆရာချုပ်သည် ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြောနေသည်။ ဂီတအကြောင်းလည်း ပါသည်။ ရုပ်သေး၌ ငှက်ရုပ်၊ ဆင်ရုပ်နှင့် တောတောင်ရေမြေတို့ကို ထည့်သွင်းပြသည့် သဘောကိုလည်း ရှင်းပြသည်။ သည်ကြားထဲတွင် ကျွန်တော်က ဘရင်းဂန်း ၂၀၀ ကို ပစ်သွင်းလိုက်သေးသည်။

‘ဆရာရယ်’ ကျွန်တော်က ညည်းသည်။

‘ဆရာရယ်၊ ဆရာတို့အတွင်းဝန်ရုံးကလည်း သာလာယံစရပ်လို တံခါးမရှိ ဓားမရှိနဲ့၊ ဘယ့်နဲ့လဲဆရာ။ တစ်လောကလဲ ကျွန်တော် ဗိုလ်ချုပ်ဆီရောက်ခဲ့တယ်။ သူ့ရုံးခန်းဝမှာ ပျာတာတောင် မတွေ့ခဲ့ရဘူး။ ကျွန်တော်စွတ်ပြီး ဝင်သွားတော့ ဗိုလ်ချုပ်တစ်ဦးတည်း ထိုင်နေတာတွေ့ရတယ်။ ဆရာတို့ ဘယ်လိုနေကြထိုင်ကြတာလဲ။ ဘရင်းဂန်းကိစ္စကြီးကလည်း ဘယ့်နဲ့လဲ။ ကျွန်တော်ခုတော့ ဟောဒီ ဟောဒီဟာတွေကို ဟောဟို - ဟောဟိုဥစ္စာတွေနဲ့ ဆက်စပ်ကြည့်ရင် ဟောသလို ဟောသလို မြင်မိတယ်။’

ကျွန်တော်ကား စိတ်တွင်စနောင့်စနင်းဖြစ်သမျှကို ဖွင့်အတင်းပြောချလိုက်ပါ၏။

ဆရာဦးဘချိုသည် အတန်ကြာမျှ တွေဝေနေသည်။

‘ခက်တယ်ကွယ် ဒို့ငမိုးကလည်း အခက်သားကွဲ့။’

ငမိုးမှာ အခြားသူမဟုတ်ပါ။ ဗိုလ်ချုပ်ကို ချစ်စနိုးခေါ်ကြသော အမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အေး. . . ငမိုးကလည်း ခက်တယ်ပေ။ အစောင့်အရှောက်အကြောင်းပြောရင်၊ ငါ့ကိုတောင် ငေါက်သကွဲ့။ ဗေဒင်အကြောင်းပြောရင် သာလို့တောင် ငေါက်သေးတယ်။ သူ့ဇာတာက မကောင်းဘူး'

ဆရာချိုသည် ဘယ်ဂြိုဟ်ကို ဘယ်ဂြိုဟ်ကခွ၍ စီးနေကြောင်း ပြောပြပါ၏။ ဗေဒင်ကို ကျွန်တော်နားမလည်။ အတွင်းဝန်ရုံး စရပ်ဖြစ်နေသည်ကိုသာ နားလည်သည်။

'အေးကွယ်. . . အစောင့်အတွက်တော့ မပူပါနဲ့။ ကောင်စီတစ်ဖွဲ့လုံးက ဆုံးဖြတ်လိုက်ပါပြီ။ နက်ဖြန် ၁ နာရီကျရင် အတွင်းဝန်ရုံးအဝင်အထွက်ကို အစောင့်နှစ်ထပ်စောင့်လိမ့်မယ်။'

ထိုညက ဆရာဦးဘချို၏အိပ်ခန်းမှ ကျွန်တော် သန်းကောင်ကျော် နှစ်ချက်တီးပြီးကာမှ အိမ်သို့ပြန်ခဲ့သည်။

ဆရာဦးဘချို၏နှစ်သိမ့်စကားကြောင့် အများကြီးစိတ်သက်သာရာရသဖြင့် စိတ်ချလက်ချ အိပ်လိုက်သည်။

နံနက် ၁၁ နာရီထိုးကာနီးမှ ကျွန်တော်အိပ်ရာမှ နိုးသောဟူ၏။

ကျွန်တော့်အိမ်မှာ အသံလွှင့်ဌာနရုံးခန်းနှင့် ခဲတစ်ပစ်သာဝေးပါသည်။ နိုးလျှင်နိုးချင်းပင် ရုံးခန်းဆီသို့လာခဲ့သည်။

ကိုခင်ဇော်သည် ကျွန်တော့်စားပွဲအနီးတွင် ငိုင်နေ၏။

'ဟေ့ ကြားပြီးပြီလား။'

'ဘာလဲဗျာ။'

'ဗိုလ်ချုပ်တို့ မရှိတော့ဘူး။'

'ဟာ - ခင်ဗျားကြီးကလဲ။'

ကျွန်တော် ထိုညက မည်မျှစိတ်ချလက်ချရှိသွားသည်ကို



ခွဲးစား၍သာကြည့်ကြပါတော့။ ကိုခင်ဇော်ပြောသည်ကိုပင်လျှင် မယုံနိုင်ပါ။ သို့သော် အမှန်အတိုင်းမှာ ဗိုလ်ချုပ်သည် မျက်နှာလွှဲခဲ့ပြီ။

ကျွန်တော်သည် ဤသတင်းကိုကြားပြီးသည့်နောက် ကားတစ်စင်းဖြင့် စီးပွားရေးသတင်းစာတိုက်သို့ ထွက်ခဲ့ပါသည်။

လောကဓာတ်တစ်ခုလုံးသည် သည်းထန်စွာ ငိုကြွေး၍နေလေသည်။ မိုးသီးမိုးပေါက်တို့မှာ အဖြိုင်ဖြိုင်ကျနေလေသည်။

လမ်းသွားလမ်းလာဟူ၍များများမရှိ။ စိုရွှဲနေသော လောကဓာတ်တွင် မြင်မြင်သမျှတို့သည် သွေ့ခြောက်၍နေလေသည်။

'ဖြောင်း' ဟူသော လူသတ်သမား၏သေနတ်သံနှင့်အတူ ရန်ကုန်မြို့၏ လှုပ်ရှားခြင်းသည် ရပ်စဲသွားဟန်တူလေသည်။

'ရန်သူမရှိဘူးဆိုတဲ့ အောင်ဆန်းကြီးရဲ့။ ဘယ့်နှယ်လဲကွဲ့'

စိတ်ထဲ၌ ယင်းကဲ့သို့ အော်ဟစ်ပစ်လိုက်ပါသည်။

ကျွန်တော်သည် ကျွန်တော်၏ရှေ့တည့်တည့်သို့ စိုက်လျက်ကြည့်နေသည် မှန်ပါ၏။ သို့သော် ဘာကိုမျှ မမြင်ရ။

မိုးကောင်းကင်တစ်ခုလုံး သည်းထန်စွာရှိုက်၍ ရှိုက်၍ ငိုကြွေးသည်ကိုကား ကျွန်တော် သတိထားမိပါ၏။

ကျွန်တော်ကား မငိုပါ။

ကျွန်တော်၏မျက်ရည်တို့သည် ဒုတိယမ္ပိ ခန်းခြောက်ခဲ့လေပြီတကား။

(သွေးသောက်၊ အောက်တိုဘာ၊ ၁၉၅၂)

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ် ဘာကိုတိုက်ခဲ့သနည်း

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးကို အရတိုက်ယူခဲ့သော သူရဲကောင်းအာဇာနည်ဖြစ်သည်ဟူ၍ နှောင်းလူတို့က အစွန့်ရှည်စွာ ရာဇဝင်၌ စာတင်ကြပေလိမ့်မည်။

သို့သော် ကျွန်တော် တစ်ခုစဉ်းစားမိသည်။

ဗိုလ်ချုပ် ဘာကိုတိုက်ခဲ့သနည်း။ လွတ်လပ်ရေးအတွက် တိုက်ခဲ့သည်မှန်၏။ သို့သော် စစ်စစ်ပေါက်ပေါက်ရှာဖွေကြည့်ပါဦး။ လွတ်လပ်ရေးအတွက် သူ ဘာကိုတိုက်ခဲ့သလဲ။

သည်အချက်သည် စဉ်းစား၍ကောင်းသော အချက်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် စဉ်းစားကြည့်သည်။ စာရှုသူမိတ်ဆွေ မိတ်ဆွေ၌အချိန်ပိုရှိလျှင် ကျွန်တော်နှင့်အတူ လိုက်၍စဉ်းစားကြည့် စမ်းပါလား။

မိတ်ဆွေစဉ်းစားခန်းဝင်တော့မည်။ သို့သော် ထိုကိစ္စနှင့် စပ်လျဉ်း၍ မိတ်ဆွေစဉ်းစားခန်းမဝင်သေးမီ မိတ်ဆွေက ပဏာမ အစမ်းသဘောနှင့် တောင်တောင်အီအီတွေးတော ပေးမောနေမိ



မည်ကို ကျွန်တော် မြင်ယောင်ပါသည်။

အကယ်၍ ဗိုလ်ချုပ်တိုက်ခဲ့သော လွတ်လပ်ရေးစစ်ကြီးသည် အချည်းနှီးဖြစ်ခဲ့သည် ဆိုပါတော့။

မိတ်ဆွေ တွေးမိပေလိမ့်မည်။ အကယ်၍သာ လွတ်လပ်ရေးတိုက်ပွဲကြီးမှာ မအောင်ဘဲရှိခဲ့ပါလျှင် ယနေ့အဖို့၌ လွတ်လပ်ရေးသည် သူ့ကြောင့်ပဲရခဲ့သလိုလို ဆောင့်ကြွားကြွားနှင့် အသားယူနေကြသော ဗိုလ်ချုပ်၏တိုက်ပွဲမှာ အမြတ်ထုတ်နေကြသူတို့သည် အဘယ်ပုံ နေကြလိမ့်မည်နည်း။

သတ္တိကြောင်သူတို့သည် ဓမ္မတာအားဖြင့် အပေါ်စီးရသည့်အခါ ဆောင့်ကြွားကြွားနိုင်တတ်သည်။ ဆောင့်ကြွားကြွားနိုင်သူတို့သည် အရေးမလှသည့်အခါ အမြီးကုပ်တတ်ကြသည်။

'သူတို့သည်လိုပဲ အမြီးကုပ်ကြမှာပါဘဲ' ဟု မိတ်ဆွေတွေးမိကောင်း တွေးမိပေလိမ့်မည်။

သို့သော် တစ်ခုရှိသည်။ ဗိုလ်ချုပ်ဘာကိုတိုက်ခဲ့သည်ဟူသော အချက်ကို နားလည်လျှင် ဆောင့်ကြွားကြွားလုပ်စရာလည်းမလို၊ အမြီးကုပ်နေရန်လည်း အခွင့်ရှိတော့မည်မဟုတ်။

အမှန်မှာ ဤလွတ်လပ်ရေးရပြီးသည့်ခေတ်တွင် ဗိုလ်ချုပ်၏စိန်နားကပ်အရောင်ကြောင့် ကျွန်ုပ်တို့၏ပါးမှာပြောင်၍ လက်နေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ ဗိုလ်ချုပ်၏တေဆေးကောင်းလွန်း၍ ဝမ်းသက်သည်မဟုတ်ဘဲ၊ ကျွန်ုပ်တို့ကျယ်ခြင်းကြောင့် ဝမ်းလားသည်ဟု အယူရှိနေခြင်းဖြစ်၏။ ထို့ကြောင့်လည်း ဗိုလ်ချုပ် ဘာကိုတိုက်ခဲ့၍ ကျွန်ုပ်တို့အဖို့ ဘာအမြတ်ကျန်ရစ်သည်ကို ကျွန်ုပ်တို့ မတွေးမိကြ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အတွက် အမြတ်ဟူသည်မှာ လိုင်စင်ကျမကျ၊ ရာထူးရမရ၊ လူထုအပေါ် ဗိုလ်ကျနိုင် မကျနိုင်၊ အရာရှိအပေါ် ဩဇာပေးနိုင်မပေးနိုင်၊ အခွင့်အရေးပိုရမရ စသော ချောက်ချိချောက်ချက်လုပ်ငန်းများအပေါ် အမှီပြုကာ တွက်ချက်၍ရနိုင်သမျှသာ ဖြစ်ပေသည်။

မိတ်ဆွေ ကျွန်တော်နှင့်အတူ လိုက်၍ စဉ်းစားကြည့်စမ်းပါ။

မိတ်ဆွေ၊ ကျွန်ုပ်တို့သည် ဗိုလ်ချုပ်ထားခဲ့သော အရင်းမှ အမြတ်ကိုပင် ကျကျနန မထုတ်တတ်သေးပါတကား။

ဗိုလ်ချုပ်၏ဘဝကားချပ်များကို တစ်ခုစီလှန်လှော၍ ကြည့်ကြစမ်းပါဦး။

ဗိုလ်ချုပ်သည် ဉာဏ်ကောင်းသည် မှန်၏။ စိတ်ရင်းကောင်းသည် မှန်၏။ အမျိုးကိုချစ်သည် မှန်၏။ သို့သော် ဗိုလ်ချုပ်သည် နုစဉ်အခါက လူပျင်းကလေးတစ်ယောက် ဖြစ်ခဲ့၏။

ဗိုလ်ချုပ်သည် ဆံပင်ညှပ်ဖို့ပျင်း၏။ အတန်းစာကျက်ဖို့ ပျင်း၏။ အများတကာနှင့် ဆက်ဆံပေါင်းသင်းဖို့ ပျင်း၏။ ကုန်ကုန်ပြောရသော် ထမင်းစားဖို့ပင်လျှင် ခပ်ပျင်းပျင်းဖြစ်၏။ ငါ့ဝမ်းပူဆာ မနေ၍သာ စားလိုက်ရသည်။ ထမင်းမစားဘဲနေ၍ရလျှင် ပျင်းသောကြောင့် စားမိမည်မဟုတ်။

အကြောင်းကိုမယုံလျှင် ဗိုလ်ချုပ်၏အတ္ထုပ္ပတ္တိတို့တွင် ဗိုလ်ချုပ်ဖြစ်သလိုနေတတ် ထိုင်တတ်ပုံကြည့်၍ အကဲခပ်လေ။ ဗိုလ်ချုပ်နှင့်နီးစပ်သူတို့သည် ဗိုလ်ချုပ်၏ညာဉ်ကိုသိကြပေသည်။

စင်စစ်ဗိုလ်ချုပ်သည် လောကီစည်းစိမ်တိုးပွားမှုကို ဆောင်ရွက်ရန် ပျင်းသူတစ်ယောက်ဖြစ်ခဲ့သည်။ အကယ်၍ ဗိုလ်ချုပ်သည် ငယ်စဉ်ကပင်လျှင် ဉာဏ်ထုံသူဖြစ်ခဲ့ပါမူ၊ လူပျင်းဘဝသည် လူဖျင်းဘဝသို့ သက်လျှောရဖို့သာရှိသည်။



သို့သော် ဗိုလ်ချုပ်၏ပဋိသန္ဓေစိတ်ဓာတ်ကား အပျင်းဘဝမှ လွတ်မြောက်ရေးကို ရှေ့ရှုသော စိတ်ဓာတ်ဖြစ်၏။ ထိုစိတ်ဓာတ်ကြောင့် မလှုပ်မရှက် အေးစက်စက်နေတတ်သူသည် စစ်ပညာကို အပူတပြင်း သင်ကြားခံယူခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲဆင်ပုံဆင်နည်းတို့ကို ဖိနှိပ်ခံရခြင်းဒဏ်. ပါးရိုက်ခံရခြင်းဒဏ်တို့ဖြင့် လဲလှယ်၍ယူခဲ့သည်။

ဗိုလ်ချုပ်၏တော်လှန်ရေးစိတ်ဓာတ်သည် အပျင်းဘဝကို တော်လှန်၍ ဝီရိယာဓိကအဖြစ်သို့ ရောက်အောင်ကြံဆောင်ခဲ့သည်။

ဗိုလ်ချုပ်သည် မိမိ၏ လူပျင်းစိတ်ဓာတ်ကို တိုက်ခိုက်ခဲ့သည်။

ဗိုလ်ချုပ်သည် သူ၏ကိုယ်ကို တိုင်းပြည်အတွက် ပူဇော်ထားသူဖြစ်ရကား သူ၏လူပျင်းစိတ်ဓာတ်ကို တိုက်ခိုက်ရင်းမှ တိုင်းပြည်၏အပျင်းစိတ်ဓာတ်ကိုပါ တိုက်ခိုက်ခဲ့၏။

သို့သော် ကျွန်တော်တို့သည် ယနေ့အထိ လူပျင်းဟု အခေါ်ခံရမည်ကို မကြိုက်သော်လည်း ဝီရိယကောင်းစွာ မရှိသေး။

ဗိုလ်ချုပ်သည် ဇွတ်သမားဖြစ်၏။ ဇွတ်သမားများသည် မိမိအမြင်ကိုသာ အမြင်ဟု မှတ်ယူတတ်၏။ တစ်ဖက်သတ်ဖြစ်သည်။ ခပ်ရိုင်းရိုင်းစကားသုံးလျှင် တစ်စောက်ကမ်း သဘောသာသာမျှဖြစ်၏။ များသောအားဖြင့် ကျွန်ုပ်တို့သည် မိုးမမြင်လေမမြင်ဖြစ်လာသည့်အခါ တဇွတ်ထိုးလုပ်တတ်ကြသည်။ ရှေ့နောက်ဝဲယာ ထက်အောက်ကို ပြန်မကြည့်လို၊ 'ငါပြောတာဟုတ်တယ်၊ ငါလုပ်

www.burmeseclassic.com

www.burmeseclassic.com



တာ မှန်တယ်' ဟူသော တစ်ဖက်သတ် တွေးတောချက်ဖြင့် ဆင်ကန်း တောတိုးလုပ်လေ့ရှိ၏။

မိတ်ဆွေစဉ်းစားရမှာ ပျင်းလာပြီလား။ မပျင်းပါနှင့်ဦး။ မိတ်ဆွေတို့၊ ကျွန်တော်တို့ငယ်စဉ်က ဗိုလ်ချုပ်လိုပဲ မဟုတ်လား။

သို့သော် ဗိုလ်ချုပ်သည် ကြီးမားသော နိုင်ငံတော်၏ တာဝန်ကို ထမ်းရွက်ရန်သန္နိဋ္ဌာန်ချမှတ်လိုက်သည့်နေ့ကစ၍ သူ့အမြင်နှင့်ကိုယ့်အမြင်ကို ညှိနှိုင်းသောဆင်ခြင်တုံတရားတို့ကို အမြဲတစေပင် လက်ကိုင်ထားနိုင်ခဲ့သည်။

ဗိုလ်ချုပ်သည် မဆင်မခြင် ထင်ရာစွတ်လုပ်သော အမူအကျင့်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

သို့သော် မိတ်ဆွေနှင့်ကျွန်တော်တို့မှာ အမြတ်ထဲက အရှုံးပေါ်နေပြန်ပြီ။

'လွတ်လပ်တဲ့အခါ၊ ဖြစ်ချင်ရာဖြစ်ကရော့၊ လွတ်လွတ်နဲ့ လပ်လပ် ထင်ရာမြင်ရာ ဇွတ်တိုးလုပ်နေကြတာပေါ့။'

ဤကဲ့သို့ ကျွန်ုပ်တို့ ယူဆနေကြဆဲပင် ဖြစ်သည်မဟုတ်လော။ ထို့ကြောင့်လည်း သောင်းကျန်းမှုအထွေထွေတို့သည် ဝေဝေဆာဆာရှိနေသည်မဟုတ်လော။

စိတ်၏သောင်းကျန်းမှု. . . ကိုယ်၏သောင်းကျန်းမှု. . . နှုတ်၏သောင်းကျန်းမှု. . . သောင်းကျန်းမှု အထွေထွေတို့ကား မဆုံးနိုင်သည့် ဂမုန်းခိုင်ကြီးလို. . . ။

ဗိုလ်ချုပ်သည် နုစဉ်က မှားခဲ့၏။ 'ကျုပ်တို့တတွေ မှားတာတွေရှိခဲ့တယ်။ မှားရင်လဲ စေတနာနဲ့မှားတာဘဲဗျာ့' ဟု တဖွဖွဝန်ခံခဲ့၏။

သို့ဖြစ်ငြားလည်း အမှားတော်ပုံ အရပ်ရပ်တို့ကို တော်လှန်



တိုက်ခိုက်၍ အမှန်ရောက်အောင် ကြံဆခဲ့၏၊ ပြောဆိုခဲ့၏။ လုပ်ဆောင်ခဲ့၏။

ထို့ကြောင့်လည်း လွတ်လပ်ရေးပဏာမတိုက်ပွဲတို့၌ ခြေချော်လက်ချော် အမှားများရှိခဲ့စေကာမူ 'လွတ်လပ်ရေးကို တစ်နှစ်အတွင်းရစေမယ်' ဟူသော ကြုံးဝါးချက်အတိုင်း တိတိကျကျ အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့၏။

ကျွန်တော် စဉ်းစားမိသည်။ ယနေ့ ကျွန်ုပ်တို့သည် အမှန်တိုပင်လျှင် အမှားမှားယွင်းယွင်း လုပ်နေကြသလော။

မိတ်ဆွေကော ယင်းသို့ စဉ်းစားမိပါစ။ မှန်သည်ကို စဉ်းစားရသည်မှာ များစွာမကောင်းလှ။ ထို့ကြောင့် အမှန်အကြောင်း မိတ်ဆွေမစဉ်းစားလိုလျှင် မစဉ်းစားပါနှင့်တော့။

ဗိုလ်ချုပ်သည် စည်းကမ်းကလနားဟူသည်ကို နားမလည်။ သူ့ပုဆိုးဟူသည်မှာ သူဝတ်ဖို့၊ ငါ့ပုဆိုးဟူသည်မှာ ငါဝတ်ဖို့ဟူသော အခြေခံစည်းကမ်းကိုမျှပင် မရှိသေ။ ပစ္စည်းပစ္စယတို့ကို သူ့နေရာနှင့်သူ မထားတတ်။ စကားကို သူ့နေရာနှင့်သူ ပြောချင်မှပြောတတ်သည်။ သူ့ယုံကြည်ချက်ကို နေရာမရွေးပြောတတ်သည်။ မခံချင်လျှင် လဲ၍သေပေရော့၊ သူ ပြောချင်ရာပြော သူလုပ်ချင်ရာလုပ်မည်။

သို့သော်တစ်နိုင်ငံလုံး၏ကံကြမ္မာကို ဖန်တီးရမည့် လုပ်ငန်းဆီသို့ ရောက်လာသောအခါ ဗိုလ်ချုပ်သည် တစ်ပါးသူတို့နှင့်ထူးဝမတူ၊ စည်းကမ်းအလွန်ကြီး၍လာသည်။

ထို့ကြောင့် သူသည် သူ၏အမျိုးအဆွေနှင့် အပေါင်းအဖော်တို့အား သူနှင့်ရင်းနှီးသည်ကို အကြောင်းပြု၍ မချီးမြှင့်။ ထူးချွန်ရည်ကိုင်ရည်ကို အကြောင်းပြု၍သာ ချီးမြှင့်သည်။ လုပ်ရည်

www.burmeseclassic.com



ကိုင်ရည်မရှိ၍ နှိမ့်ချသင့်သူတို့ကို သူ၏အဆွေအမျိုးအပေါင်း အဖော်ဖြစ်ခြင်းကြောင့် ချမ်းသာမပေး၊ ကာကွယ်မပေး၊ နှိမ့်ချသင့်သူကို နှိမ့်ချပေသည်။

စည်းကမ်းမဲ့အဖြစ်ကို ဗိုလ်ချုပ်သည် တိုက်၍ထုတ်ခဲ့သည်။

သို့သော် မိတ်ဆွေ၊ ခင်ဗျားတို့ ကျွန်တော်တို့ချစ်မြတ်နိုးသော နိုင်ငံတွင် စည်းကမ်းဟူသည်မှာ အဘယ်နည်း။

ကျွန်ုပ်တို့သည် လူသွားလူလာ လမ်းဘေး၌ အိမ်ရာတည်ထောင်၍ နေကြသည်မဟုတ်လော။ လမ်းမကြီးပေါ်၌ မည်သူမဆို စည်းမဲ့ကမ်းမဲ့ မစင်စွန့်နိုင်သည်မဟုတ်လော။ ကျွန်ုပ်တို့သာမက ကျွန်ုပ်တို့၏ဒေသ့ဝတ်ကျေပွန်မှုအပေါ် မှီခိုနေကြသည့် နိုင်ငံကြီးသားတို့ပင်လျှင် စည်းမဲ့ကမ်းမဲ့ ကိုယ့်ဖို့သာလျှင် ကိုယ်အမြတ်ထုတ်နေကြသည်မဟုတ်လော။

ကိုင်း . . . စာရှုသူမိတ်ဆွေ၊ စဉ်းစားလို့ရပါပြီလား။ စဉ်းစားရမှာ ပျင်းသေးလျှင် တစ်အောင့်လောက်နားလိုက်ပါ။ စာရေးသူအဖို့မှာတော့ ရှေ့ဆက်ရေးရမှာကိုပင် ပျင်း၍ ပျင်း၍လာချေပြီ။

သို့သော် 'ဒီသောက်ကျင့်တွေ ဖျောက်ရမယ်' ဟူသော ဗိုလ်ချုပ်၏စစ်ကြေညာခဲ့သောအသံသည် ကျွန်တော်၏ နားထဲတွင် ဝင်နေပါသည်။

ဗိုလ်ချုပ် ဘာကိုတိုက်ခဲ့သနည်း။

(မြဝတီ၊ ဇန်နဝါရီ၊ ၁၉၇၃)

# ထသောသူ ထိုင်ရသည်

လယ်ကွင်းထဲတွင် အသီးအနှံမအောင်သော စပါးတို့သည် ခြောက်စထောင်လျက်ရှိသည်။ အသီးအနှံ အောင်၍၊ ပြည့်ပြည့်ဝဝရှိသော စပါးပင်တို့မှာကား၊ လယ်ကန်သင်းဘေးတွင် ကိုင်းညွတ်၍နေလေသည်။

လူ့လောက၌လည်း မပြည့်သူတို့မှာ ခြောက်စထောင်မြဲတည်း။ ပြည့်ဝသူတို့ကား ကိုင်းညွတ်လျက်ရှိတတ်သည်။

ကျွန်ုပ်တို့သည် ဂျပန်လက်အောက်သို့ ကျရောက်ခဲ့စဉ်၊ ခြောက်စထောင်သော ဂျပန်စစ်ဘီလူးတို့ကို တွေ့ကြုံခဲ့ရပေသည်။ ၎င်းတို့၏ မောက်မာမှုကို စာတင်ရသော် လေးဆူဒီပါ သိတာရေမြေ ဆုံးသော်လည်း စာဖွဲ့ခြင်းမှာ ဆုံးနိုင်လိမ့်မည်မဟုတ်ဟု ထင်မိသည်။

ကျွန်တော်ငယ်စဉ်က ဂျပန်ပြည်အကြောင်းကို လက်ဖကာဒီယို ဟန်း*၏ ဆွတ်ပျံ့ဖွယ်အောင် ရေးသားထားချက်တို့မှ တစ်ဆင့်

* Lafcadio Hearn

www.burmeseclassic.com

www.burmeseclassic.com



သိဖူးသူဖြစ်၍ ၎င်းတို့၏အနုပညာနှင့် ယဉ်ကျေးမှုတို့ကို အတော်ပင် လွမ်းမိသူဖြစ်သည်။ ထို့ကြောင့် စိတ်ကူးယဉ်သမားကြီး ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်တို့နှင့်ပူးပေါင်း၍ လွတ်လပ်ရေးကို အရယူသည့်အခါ ကျွန်တော်သည် ဗိုလ်ချုပ်ကိုအပြစ်မတင်လိုပါ။ စင်စစ်သူ့နည်းကိုပင် မှန်ကန်သည်ဟု ယုံကြည်မိသည်။ ယုံကြည်ချက်အရလည်း သူ၏တော်လှန်ရေးလုပ်ငန်းတို့၌ မိမိတတ်ကျွမ်းရာဘက်မှ ကူညီခဲ့သည်။

သို့သော် ရှေးကစိတ်ကူးယဉ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် လက်တွေ့သဘောနှင့်ရင်ဆိုင်ရသောအခါ ဂျပန်ကို အထူးစိတ်ပျက်မိချေသည်။

၁၉၄၂ ခု ဇူလိုင် ဩဂုတ်လလောက်တွင် ကျွန်တော်သည် ဂျပန်စစ်သားဆိုသူတို့နှင့် နဖူးတွေ့ ဒူးတွေ့တွေ့ခဲ့ရသည်။ ထိုအချိန်အခါတွင် ကျွန်တော်ရုံးထိုင်ရာ ဒေသသို့ ကပ္ပတိန်တစ်ဦး ခေါင်းဆောင်၍ စစ်သားလေးငါးဆယ်ခန့်နှင့်အတူ ရောက်လာသည်။ သူတို့လူသိုက်နှင့်အတူ ခရိုင်ဝန်နှင့် ခရိုင်ရဲဗိုလ်မှူးဆိုသူတို့လည်း လိုက်ပါလာကြသည်။

ကျွန်တော်သည် မြို့နယ်၏တာဝန်ခံအရာရှိတစ်ဦးအနေဖြင့် ထိုလူစုကို ဧည့်ခံကျွေးမွေးခဲ့ပေသည်။ ဂျပန်စစ်ဘီလူးတို့မှာ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာခဲ့ရာတွင် အငတ်ငတ်အပြတ်ပြတ်ရှိဟန်တူသည်။ အကြောင်းကိုဆိုသော် ကဇော်ဆိုင်မှ ကမန်းကတန်းနှင့်ဖြစ်သလို ချက်ကျွေးသော ထမင်းဟင်းတို့ကိုပင် လျှာအလွန်ကောင်း၏ဟု ချီးကျူးကာ မြိန်ရည်ရှက်ရည်စားသောက်ရင်း သူတို့က ကျွန်တော့်အား အထူးကျေးဇူးတင်ကြောင်း ပြောပြသောကြောင့်ဖြစ်သည်။



ထိုည၌ ဂျပန်စစ်သည်တော်တစ်စုတို့သည် ဗိုက်ကားအောင် စားပြီးသော်၊ ဗိုလ်တဲသို့ မြန်းကြွကြလေသည်။ ကျွန်တော်အား ၎င်းတို့ကို ဗိုလ်တဲအထိ လိုက်ပို့ပြီးနောက် ဗိုလ်တဲနှင့်မလှမ်းကမ်းတွင်ရှိသော မိမိနေအိမ်သို့ ပြန်ခဲ့လေသည်။

ကျွန်တော်သည် ထိုစဉ်က လူကဲကို ကောင်းစွာခတ်တတ်သူမဟုတ်သေးပါ။ ယခုလည်း လူ့အကဲကို ခတ်တတ်ပြီဟု မယူဆသေးပါ။ ထို့ကြောင့် ဂျပန်တို့၏အကဲကို တစ်ညနေမျှ အချိန်ဖြင့် မှန်းဆ၍မရနိုင်ခဲ့။ အိမ်သို့ရောက်သော်လည်း ၎င်းတို့သည် ကျွန်ုပ်တို့၏ မိတ်ဆွေလော၊ ရန်သူလောဟု ခွဲခြား၍မရနိုင်သေး။ စိတ်ထင့်ထင့်နှင့်မို့ ထိုညက ကောင်းစွာအိပ်မပျော်။ တစ်ချက်တစ်ချက်၌ ဗိုလ်တဲဘက်မှ စကားဆူညံစွာ ပြောသံကို ကြားရသည်။ ဒုန်းဒုန်းဒိုင်းဒိုင်းမြည်သံကို ကြားလိုက်ရသည်။ တရုတ်ကဇော်ဆိုင်မှ ဆန်နီအရက်သည် အစွမ်းပြ၍ နေချေပြီဟုသာ ကျွန်တော်စိတ်တွင်ထင်မြင်လာသည်။

နံနက်တွင် အိပ်ရာမှ စောစောထသည်။ ဂျပန်တို့ကို သဘောဆိပ်သို့ လိုက်ပို့ရချေဦးမည်။ ကျွန်တော်လည်း အိမ်မှထွက်ခဲ့ရာ ဈေးဆိပ်သို့ရောက်သည်။ ဈေးဆိပ်တွင် လူကြီးမင်းနှင့်တကွ ၎င်း၏လက်စွဲတော်များသည် မျက်စိမျက်နှာပျက်၍ နေကြသည်။

အကြောင်းကို မေးသောအခါ ဤသို့သိရသည်။

ထိုညက ကျွန်တော်အိမ်ပြန်ချိန်တွင် စကားပြန်တစ်ဦးနှင့် စစ်သားနှစ်ဦးသုံးဦးတို့သည် မီးမရှာထွက်ကြသည်။ ထိုအချိန်တွင် ရန်ကုန်မှလာသော ဧရာဝတီတစ်ထပ်သင်္ဘောသည် ကျွန်တော်တို့ဆိပ်သို့ ဆိုက်ကပ်လာသည်။

ထိုအချိန်မှာ ဂျပန်စစ်သားတို့၏ ရိုင်းပြမှုကို ရန်ကုန်သူ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သားတို့ လက်တွေ့ခံစားနေရချိန်ဖြစ်သည်။ ရန်ကုန်၌ ဂျပန် စစ်သားတို့၏ မောက်မာမှုကို ကိုယ်တွေ့မျက်မြင်တွေ့ခဲ့ရသော သင်္ဘောစာရေးကလေးတစ်ဦးသည် မျိုးချစ်စိတ်ဓာတ်ခံရှိသည် အားလျော်စွာလက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဖောက်သည်ချမိ သောဟူသတတ်။

ထိုအချိန်၌ ကျွန်တော်တို့မြို့ကို ဂျပန်ပထမစ၍ ဝင်သည် နေ့ဖြစ်သောကြောင့် ထိုသင်္ဘောစာရေးကလေးမှာ ပို၍မခံချင်ဖြစ် သွားဟန်တူသည်။ ထို့ကြောင့် ကျွန်တော်တို့မြို့ကို ဂျပန်ဝင်သည်မှာ နိမိတ်မကောင်းကြောင်း ပြောပြလျက်ရှိသည်။ ထိုပြောပြချက်တို့ကို စကားပြန်ကလေးက ဂျပန်စစ်သားတို့ကို ဘာသာပြန်ပြသည်။

ဂျပန်စစ်သားတို့သည် သင်္ဘောစာရေးကလေးကို ဗိုလ်တဲ သို့ဆွဲခေါ်သွားသည်။ ဗိုလ်တဲသို့ရောက်သောအခါ ဂျပန်စစ်သားတို့ က အားချင်းမမျှသော သင်္ဘောစာရေးကိုဝိုင်း၍ ဖိနပ်နှင့်ကန်ကြ သည်။ ၎င်းနောက် သင်္ဘောစာရေးကိုလက်ပြန်ကြိုးတုပ်၍ ကုလား ထိုင်တစ်ခုတွင် ချည်နှောင်ပြီးလျှင် တစ်ညလုံးမတ်တတ်ရပ်၍ နေ စေသည်။ သင်္ဘောစာရေးမှာ ဒဏ်ရာကြောင့် ကိုယ်လက်နာကျင် တောင့်တင်း၍သော်လည်းကောင်း၊ အိပ်ချင်မူးတူးဖြစ်၍သော် လည်းကောင်း၊ တစ်ချက်တစ်ချက် မတ်တတ်မှာလဲ၍ကျသည်။ ထို အခါ 'ဗူရှိဒို' စိတ်ဓာတ်တို့နှင့် ပြည့်ဝသော ဂျပန်စစ်သားတို့သည် သင်္ဘောစာရေးကို တစ်ယောက်တစ်ချက် ဖိနပ်နှင့်ကြပြန်သည်။ တစ်ညလုံး မိုးစင်စင်လင်းသည်အထိ ထိုသင်္ဘောစာရေးသည် ကြိုး ကြိုးရှစ်ထပ်၌ ကျင်လည်ခဲ့ရလေသည်။

ကျွန်တော်သည် ထိုအကြောင်းမျိုးစုံကို နံနက်စောစော မင်္ဂလာမရှိဘဲ ကြားနာလိုက်ရပြီးသည့်ခဏ၌ သင်္ဘောစာရေး



ကလေးကို လက်ပြန်ကြိုးတုပ်၍ခေါ်လာသော ဂျပန်ကပ္ပတိန်နှင့် စစ်သားတို့ကို ပက်ပင်းပါတွေ့ရပြန်သည်။ သင်္ဘောစာရေးမှာ ဘွားလေးပိုးဖြူတိုက်ပုံအကျီကို ဝတ်ထားသည်။ ထိုအကျီ၏ ကျော ပြင်တွင် ဂျပန်စစ်ဖိနပ်သံခွာတံဆိပ်များ ရိုက်နှိပ်ထားသည်ကို ကျွန်တော် မရှုမလှမြင်ခဲ့သည်။

ထိုဂျပန်စစ်ဘီလူးတို့၏နောက်တွင် ခရိုင်ဝန်နှင့်ခရိုင် ဗိုလ်မှူးဆိုသူတို့သည် ဝါတော်ခြောက်ဆယ်ရသော ဆရာတော်ကြီး များပမာ မျက်လွှာကို အောက်သို့ချလျက် လိုက်ပါလာကြလေသည်။

ဂျပန်စစ်သားတို့သည် ယနေ့ရောက်ယနေ့ဆိုသလိုပင် သူတို့၏ ဇာတိကို ထုတ်ဖော်၍ ပြကြလေပြီ။

ဂျပန်စစ်သားဆိုသည်မှာ အဘယ်နည်း။ ကျွန်တော်သည် စာပေ လိုက်စားသူအနေနှင့် စာထဲပေထဲရှိ သူရဲကောင်းတို့ကို မိတ်ဖွဲ့ခဲ့ဖူး ၏။ ယခုလို ဂျပန်သူရဲကောင်းတို့နှင့်ကွာလှချေသည်။ ဂျပန့်ဂန္ထဝင် ဗူရှိဒို'[1] စိတ်ဓာတ်၊ 'ဆမူရိုင်း'[2] အာဇာနည်စိတ်ထား၊ 'မိုနိုနိုအဝါ ရေ'[3] ခေါ် ထောက်ထားစာနာ အားနာတတ်သော အမူအကျင့် သည်တို့ကို တောက်တိုမယ်ရ ဖတ်ခဲ့ဖူးပါ၏။

စာတွေ့နှင့်ငါတွေ့သည် တစ်ခြားစီဖြစ်ခဲ့၏။

နောက်ပိုင်း၌ ဂျပန်စစ်ဘီလူးတို့၏ရက်စက်မှုတို့ကို မြန်မာ နိုင်ငံ၏အသည်းနှလုံးဝယ် ရေးမှတ်ထားပြီဖြစ်၍ ကျွန်တော် ကျယ်ဝိတ္ထာရ မပြတော့ပြီ။

ကျွန်တော် နောက်ထပ်တွေ့ရသော ကင်ပေတိုင်ကပ္ပတိန်

---

1. Bushido
2. Samurai
3. Monono aware

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးမှာမူ မယောမဟု ခေါ်၏။ ၎င်း၏ရုပ်ဆင်းသဏ္ဌာန်မှာ ပုံ
ဖိုင့်ဖိုင့်ဖြစ်ရာ၊ ၎င်းအားသက်န်းဝတ်ဆင်ပေးလိုက်လျှင် အိတာ
လျံဘုန်းတော်ကြီး ဦးလောကနာထ၏ညီတော်သည်ဟု ဆို
မလောက်ဆင်တူယိုးမှားရှိ၏။ သို့သော် ခြားနားချက်မှာ အိတာလျ
ဘုန်းတော်ကြီးဦးလောကနာထက မေတ္တာဘာဝနာပွားသည်ဟု
ဆိုလျှင် ကပ္ပတိန်မယောမက ဒေါသအိုးဖြစ်သည်ဟု ဆိုရပေမည်

ကျွန်တော်နှင့်တွေ့စက ၎င်းမယောမသည် ဒေါ
မီးလောင်ဆဲဖြစ်သည်။ ၎င်းသည် ကရင်အမျိုးသားတို့၌ လက်န
ရှိသည်ဟု မြန်မာတို့ကသတင်းပေးသည်ဆို၍ လာခဲ့သည်။ ကရ
အမျိုးသားတို့ရွာ၌ လက်နက်ရှာ၍မတွေ့။ ထို့ကြောင့် မြန်မာ
သည် လူလိမ်လူကောက်လူဆိုးများသာ ဖြစ်ရမည်ဟု ဆိုသည်
သို့သော် စင်စစ် ကျွန်တော်တို့မြို့က ကရင်ရွာ၌ လက်နက်ရှိသည်
သတင်းပေးခဲ့သည်မဟုတ်ချေ။ ထို့ကြောင့် မြို့နယ်ရှိတိုက်ပို
(ရဲဗိုလ်)က 'ကျွန်တော်တို့ သတင်းမပေးရပါ' ဟု စောဒကတ
သည်။ ဤစောဒကတက်ချက်ကို ကပ္ပတိန်မယောမက လက်
နိုင်။ အယုတ္တအနတ္တတည်းဟူသော ဂျပန်စကားကို ငေါက်ဆ
ဆတ်ပြောသည်။

ထိုငေါက်ဆတ်ဆတ် အယုတ္တအနတ္တတို့ကို မြန်မာလို
သော် ဤသို့ဖြစ်၏။

'မင်းဆင်ခြေမများနဲ့။ မင်းအုပ်ချုပ်တဲ့နယ်ကို မင်းရော
သေးတာမဟုတ်ဘူး။ ငါ မော်တော်ဘုတ်နဲ့ နှံ့အောင်လယ်ကြည့်
မင်းသတင်း မပေးပေမယ့် ပေးတဲ့လူက ပေးနေတယ်။ ငါ့ကို ရို
ရားတားမအောက်မေ့နဲ့။ ၁၉၀၄ ခု ရုရှဂျပန်စစ်ပွဲကတည်းက
စစ်တိုက်လာခဲ့တာ ငါပဲ။ ဟိုတုန်းက ငါက ငယ်ငယ်ရှိသေးတ



ရုရှားစစ်သားဆိုတာ ငါ့ကိုယ်လုံးကိုယ်ပေါက်ထက် လေးငါးဆ
လောက်ရှိတယ်။ နို့ပေမယ့် စစ်တိုက်ရာမှာ ဒီရုရှတွေဟာ အီးပေါ
လောတွေဘဲ။ ဒီလို ကိုယ်လုံးကိုယ်ပေါက်ကြီးတဲ့ အကောင်ကို ငါ
ကိုယ်လုံးချင်းပြေးတိုက်ခဲ့တယ်။ ရုရှားစစ်သားဟာ ကိုက်နှစ်ဆယ်
လောက် လွင့်သွားတယ်။'

မောက်မာသောအရှိန်ဖြင့် ဂျပန်သည် မြန်မာ၏အသိ
ဉာဏ်ကို စော်ကားခဲ့၏။ အကယ်၍ ကပ္ပတိန်မယောမသည် ရာဇ
ဂုဏ်မြေမပျက်နေခဲ့လျှင် ၎င်းကို ကျွန်တော်တို့မြို့က ဝိုင်း၍ ကြည်ညို
ကြမည်ဖြစ်၏။ သို့သော် လူနှင့်မလိုက်အောင် စကားလုံးထွားတတ်
သောကြောင့် ကပ္ပတိန်မယောမမှာရဲအဖွဲ့၏ လှည့်စားချက်ထဲတွင်
ဝလချီးလည်ခဲ့ပေသည်။ ဝလချီးဟူသော အသုံးအနှုန်းမှာ အန
ညာမြောက်သော အသုံးအနှုန်းမဟုတ်။ သို့သော် ကပ္ပတိန်
မယောမ အဖို့ကား ဆီလျော်သော စကားလုံးများဖြစ်သည်။

ဤကား ဂျပန်စစ်သားတို့၏ မောက်မာမှုကို နမူနာပြခြင်း
ဖြစ်သည်။ ထိုစဉ်က ဂျပန်စစ်သားတို့သည် အလွန်'ထ'ကြသည်။

ထို'ထ'သောသူတို့သည် ယနေ့အဖို့၌ ဘယ်အခြေတွင်
တည်ရှိနေပါသနည်း။

ဂျပန်ဘုရင်၏ နန်းတော်မုခ်ဦးတွင် 'ရှိဘာ' ဥယျာဉ်ဟူ၍
ရှိသည်။ ထိုဥယျာဉ်ဝဝယ် ထလွန်းသော ဂျပန်စစ်သည်တော်၏
အကြွင်းအကျန်ဖြစ်သော စစ်သားတစ်ဦးသည် လည်တွင်စာဆွဲကာ
ထော်တပ်ရပ်နေသည်။ သူ၏ရှေ့တွင် ပိုက်ဆံခံသော ပုံးတစ်ခုချထား
သည်။ ထိုပုံးထဲတွင် ယန်းဒင်္ဂါးတစ်ဆယ် (မြန်မာငွေတစ်မူး)
နှစ်ကျပ်၊ အနည်းငယ်တို့ ရှိကြသည်။

တိုကျိုမြို့တော်ရှိ အလုပ်သမား၊ စာရေးစာချီ၊ ဘုန်းသည်

www.burmeseclassic.com

www.burmeseclassic.com



ပွဲစားလူထုသည် ဂျပန်ဖက်ဆစ်၏ သားတော်အနီးတွင် ဥဒဟိုသွား လာလျက်ရှိကြသည်။ သို့သော် ထိုထိုသော လူထုတစ်သိုက်မှာ ၎င်း ဂျပန်စစ်သားကို သစ်ရုပ်ပမာတမျှ ထင်မြင်ကြဟန်တူသည်။

ထို့ကြောင့်လည်း ဂျပန်စစ်သားဟောင်း သူတောင်းစား၏ ပိုက်ဆံခွက်ထဲ၌ တစ်မူးတန်စက္ကူများ ပြည့်ပြည့်ဝဝရောက်ဟန် မတူ။ ကျွန်တော့်ကိုစေတနာပိုရန်ကောဟု အပြစ်တင်သော်ခံရပါ မည်။ သို့သော် ကျွန်တော်တို့မှာ ဗုဒ္ဓယဉ်ကျေးမှု အစဉ်အလာအ ဒါနကုသိုလ်ပြုသော အကျင့်ရှိပါသည်။ ထိုအကျင့်ကြောင့် ကျွန် တော်သည် ဒါနပြုရန်အားထုတ်မိပါသေး၏။ သို့သော် ကျွန်တော်နှင့် အတူပါလာသူ ဂျပန်က နှာခေါင်းရှုံ့ရုံမျှမက 'ဒီစစ်သားတွေ အလ ကားအကောင်ပါ' ဟု ပြောသည်။

'ရှီဘာ' ဥယျာဉ်ဝယ် အမေရိကန် 'ဂျီအိုင်'* (စစ်သား)တို့ သည် ဂျပန်မတို့ကိုတွဲကာ တွဲကာလမ်းလျှောက်နေသည်။ ထိုအတွဲ တို့ကြောင့် စစ်ကြီးအပြီးတွင် အမေရိကန်စပ်ဂျပန်များ နှစ်သိန်း ခန့်ထွက်လာသည်ဟု ပါးစပ်အဆိုရှိသည်။ ဂျပန်အစိုးရ လူမှုရေး ဌာနကမူ နှစ်သိန်းမဟုတ်ပါ။ လေးသောင်းမျှသာ ရှိပါသည်ဟု စာရင်းပြုသည်။ မည်သို့စာရင်းပြုပြု ရှုရှုကိုကိုယ်လုံးချင်း ပြေး တိုက်တတ်သော ဂျပန်စစ်သားတို့၏ ရှေ့မှောက်ဝယ် ဂျပန်မ တို့သည် အမေရိကန်ဂျီအိုင်တို့နှင့် ပလူး၍နေကြသည်။ မည်သည့် ဂျပန်တစ်ဦးတစ်ယောက်ကမျှ လက်ညှိုးမထိုးဝံ့ကြ။

အမှန်မှာ ယခုအခါ လူပြိန်ဖြစ်နေကြသော ဂျပန်စစ်ပြန် တို့မှာ ဤအချက်တို့ထည့်၍ပင် စဉ်းစားဟန်မတူချေ။ ကျွန်တော်ထံ က 'မင်းတို့မိန်းမတွေ သူတစ်ပါးနိုင်ငံသားနဲ့ တွဲနေတော့ မင်းတို့

* G.I.



စိတ်ထဲ ဘယ်လိုနေသလဲ' ဟု တိုက်ရိုက်တစ်မျိုး သွယ်ဝိုက်၍တစ်ဖုံ မေးကြည့်မိသည်။ ဤမေးခွန်းကို အမေးခံရသူ ဂျပန်သည် ပွင့်လင်း စွာ အဖြေပေးလိုသည်။ သို့သော် အမေရိကန်ဂျီအိုင်တို့က အနား မှ ခဏခဏဖြတ်သွားနေသောကြောင့် အဖြေပေးရန်ဝန်လေးဟန် တူလေသည်။ ကျွန်တော်ကား နားကျည်းစေလိုသော ဆန္ဒဖြင့် မေးခြင်းမဟုတ်၍ ထပ်မမေး။ သို့သော် ဂျပန်၏မျက်လုံးက အဖြေ ကို မခံချိမခံသာပေး၍နေသည်။ ထပ်မေးစရာလည်း မလိုတော့။

အင်း တစ်ပါးသူအပေါ် မောက်မာသူသည် ခံဘက်သို့ ရောက်လာသောအခါ နင်းပြားကဲ့သို့ နေတတ်ပေသည်။

လမ်းဘေးတွင် ဂျပန်တချို့ ဖိနပ်တိုက်နေကြသည်။ ဖိနပ် တိုက်၍ မိမိဝမ်းကို မိမိကျောင်းသူတို့ကို ကျွန်တော်မကဲ့ရဲ့။ ဖိနပ် တိုက်သည့်အလုပ်မှာ ခါးပြတိုက်သည့်အလုပ်ကဲ့သို့ ရှက်စရာ မဟုတ်။ အလုပ်သမားကို ကျွန်တော်ချီးကျူးလို၏။ သို့သော် ထိုဖိနပ် တိုက်သူတို့အထဲတွင် ကင်ပေတိုင်အဖွဲ့က ဂျပန်စစ်သရဲများပါ ကောင်းပါပေလိမ့်မည်။

ဂျပန်စကားပြန်ကို ကျွန်တော်က မေးသောအခါ ဖိနပ် တိုက်သူများထဲတွင် စစ်ပြန်များရှိသည်ဟုဆိုသည်။ ဂျပန်စကားပြန် သည် စစ်ပြန်များကို အော့နှလုံးနာဟန်တူသည်။

'ဒီအကောင်မျိုးတွေကြောင့် ကျုပ်တို့မိန်းမတွေ. . .'

ဂျပန်စကားပြန်က စကားဆုံးအောင် မပြောမပြ။ ခပ်လှမ်း လှမ်း၌ အမေရိကန်များရှိသည်။

မှတ်မိသ၍ မာရိနိုဥချိ ခေါ် ရပ်ကွက်တစ်ခု၏ လမ်းကျဉ်း လေးထဲသို့ ကျွန်တော်ဝင်ခဲ့မိသည်။ ထိုလမ်းတွင် စက္ကူစုတ် တောက်ရိုးစုတ်တို့ကို မြေမှာအထပ်ထပ် ရစ်ပတ်ထားသော အသက်

www.burmeseclassic.com

www.burmeseclassic.com



၅၀ နီးပါးရှိ လူတစ်ယောက်ကို တွေ့ရသည်။ သူသည် စက္ကူစုတ်၊ သံဘူးလွတ် စသည်တို့ကို လိုက်လံ၍ ကောက်နေသည်။ လူတွေ့လျှင်လည်း လက်ဝါးဖြန့်ကာ ပိုက်ဆံတောင်းသည်။ ကျွန်တော်သည် အိတ်ထဲမှ ယန်းဒင်္ဂါးတစ်ဆယ်တန်နှစ်ရွက်ကို ကပျာကယာထုတ်၍ မော်တော်ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း ထိုသူတောင်းစားအား ပေးလှူခဲ့ပါ၏။

'ငါ့ညီကို သတ်တဲ့ဂျပန်ဟာ ဒီငနဲဖြစ်ချင်ဖြစ်မှာပဲ' ဟု ကျွန်တော် စဉ်းစားမိ၏။

'အေး မင်းက ငါ့ညီကိုသတ်တာ မင်းအကုသိုလ်ပဲ။ ငါ ယန်းဒင်္ဂါးနှစ်ဆယ်လှူတာ ငါ့ကုသိုလ်ပဲ။'

ကျွန်တော် ထိုသို့လည်း တွေးမိ၏။

ကျွန်တော်သည် ဂျပန်တွေး မတွေးတတ်၊ မြန်မာတွေးသာ တွေးတတ်၍၊ ထိုသို့တွေးမိခြင်းဖြစ်တန်ရာ၏။

ကျွန်တော်လှူခဲ့သည်မှာ တစ်မတ်ဖိုးမျှသာ ရှိလိမ့်မည်။ သို့သော် ဗုဒ္ဓယဉ်ကျေးမှုအခြေခံရှိသူတို့သည် ထိုကုသိုလ်အဖို့ကို အနုမောဒနာပြုကြလိမ့်မည်ဟု ယုံကြည်ပါသည်။ အမျှယူကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ဂျပန်စစ်ဘီလူးတို့နှင့် ပတ်သက်ခဲ့သူတို့သည် ယခုအခါ ၎င်းတို့၏ အတိတ်ကိုဖော်၍ ဝင့်ဝါရဲကြသည်မဟုတ်တော့ချေ။ အထူးသဖြင့် ဟီရိုရှီးမားတွင် ဂျပန်စစ်ဘီလူးတို့၏ မောက်မာမှုကြောင့် ခံစားရသော ဒုက္ခကို မြင်ကြဟန်တူ၏။ သို့သော် အပေါ်ယံကြော်မျှကိုကြည့်၍ ကျွန်တော် ယတိပြတ်ထင်မြင်ချက်ကို မပေးနိုင်သေး။ ဟီရိုရှီးမားတွင် အနုမြူဗုံးကျသည့် ဒုက္ခကို သရုပ်ဖော်သော ပြတိုက်၊ အထိမ်းအမှတ် စသည်တို့ရှိကြသည်။ ၎င်းတို့ကို နောင်လာ



နောင်သားတို့ တရားသံဝေရစေ၍ ငြိမ်းချမ်းရေးအလို့ငှာ ဖြစ်ပါစေ တူသော သဘောဖြင့် တည်ဆောက်ထားသည်မှန်၏။ သို့သော် ကျွန်တော်၏ မနောဓာတ်၌ ထင်မြင်လာပုံကား ငြိမ်းချမ်းရေးထက် လက်စားချေရေးအထိမ်းအမှတ် ဖြစ်လာလေမည်လောဟု စိုးရိမ်မိ၏။

အိဝါစိုဟိုတယ်ကလေးတွင် ဂျပန်တို့က ဂျပန်စစ်ဘီလူး၏ မောက်မာမှုကို ရေရွတ်ကြပုံကို ကျွန်တော်နားထောင်ခဲ့ရပါ၏။

ထိုညတွင် ခေါင်းရင်း၌ ကျောက်မီးသွေးမီးလင်းဖိုကိုထား၊ ခြေထောက်အောက်၌ ရေနွေးပုလင်းကိုထည့်၊ ဂွမ်းကပ်စောင်နှစ်ထပ်ကိုခြုံ၊ ပဲစေ့သွင်းထားသော ခေါင်းအုံးကိုအုံး၍ ကျွန်တော်အိပ်ခဲ့၏။ အိပ်၍ကားမပျော်။

မျက်စိထဲတွင် ဟီရိုရှီးမား၏အပျက်အစီးတို့ကိုသာ မြင်ယောင်၏။ မြင်ယောင်သည်ဆိုသည်မှာ စိတ်ကူးဖြင့်မြင်ရပုံကို ဆိုလိုသည်။ စင်စစ်ဟီရိုရှီးမားသည် ပြန်လည်ဆောက်တည်ပြီးလုပြီဖြစ်၍ အနုမြူဗုံးကျသည်ဆိုသည်မှာ ဟုတ်မှဟုတ်ပါ့မလားဟု ထင်မြင်ဖွယ်ရှိနေသည်။

သို့သော် ဟီရိုရှီးမားမြို့တော်ဝန်၏ ရုံးအပေါ်ထပ်သို့ တက်ရာ၊ လှေကားအလယ်လောက်တွင် အပုပ်နံ့လှိုင်နေသည်ကို ကျွန်တော် သတိထားသောအခါကျမှသာ ထိုမြို့သည် လွန်ခဲ့သော ခုနစ်နှစ်ခန့်က သင်္ချိုင်းဖြစ်ခဲ့သည်ကို ကျွန်တော် အမှတ်ရတော့သည်။

ထိုညက ထိုအနံ့အသက်တို့ကို ပြန်၍တွေးမိ၏။ ထို့ကြောင့် အိပ်မပျော်ဟုဆိုရန်ရှိသည်။ စင်စစ်ကား ချမ်းလွန်းလှ၍ အိပ်မပျော်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂွမ်းစောင်နှစ်ထပ်အောက်တွင် သိုးမွေးစောင်ရှိသည်။ သိုးမွေးစောင်အောက်တွင် ချည်စောင်ရှိသည်။ ထိုအထပ်ထပ် စောင်များအောက်သို့ ကျွန်တော်သည် ပု၍ ပု၍ ဝင်သွားရာ လူတစ်ကိုယ်လုံး စောင်ပို၍နေသည်။

မျက်စိကြောင်တက်တက်နှင့်မို့ ဟိုဟိုသည်သည် စဉ်းစားကြည့်မိသည်။

ထလွန်းသူတွေ ထိုင်နေကြပြီ။

ဒါပေမယ့် တကယ်ပဲ ထိုင်နေကြသလား။

ဟီရိုရှီးမားငြိမ်းချမ်းရေးအထိမ်းအမှတ်ဆိုသည်မှာ အမေရိကန်၏ ရက်စက်မှုကို ကမ္ဘာတည်အောင် သရုပ်ဖော်၍ အမုန်းစိတ်ကို ဝါဒဖြန့်ခြင်းလော။

ကျွန်တော်သည် စိတ်ကူးဖြင့် ဟီရိုရှီးမားမြို့တော်သူ မြို့တော်သားတို့အား သတိပေးမိပါ၏။

ရန်သူကို မေတ္တာနှင့်သာ အောင်ရာသည်။

ဤစကားကို အမှတ်ရချိန်ဝယ် တိုကျိုယူနီဗာစီတီ၌ ဂျပန်ကျောင်းသားတို့သည် အနုမြူဆိုင်ရာ ရူပဗေဒပညာ*ကို စိတ်အားထက်သန်စွာဖြင့် သုတေသနလုပ်နေကြသည်ကိုလည်း သတိထားမိ၏။

အနုမြူကို အနုမြူဖြင့် မအောင်နိုင်။

အိပ်၍မပျော်နိုင်တိုင်း၊ ကျွန်တော်သည် အဆိုပါသဘောနှစ်ရပ်ကို ဟီရိုရှီးမားဒုက္ခသည်တို့အား စိတ်ဓာတ်ဖြင့် အသံလွှင့်ခဲ့ပါ၏။



သို့သော် ထလွန်း၍ ထိုင်ကြပြီးနောက် ထိုင်သူတွေ ဘယ်တော့ထကြဦးမှာလဲ။

ဤမေးခွန်းကို ကျွန်တော် မဖြေတတ်။

ကျွန်တော် တစ်ခုသာလျှင် ရိပ်မိ၏။

ထပ်ပြီးထလျှင်၊ ထပြီးထိုင်ကြရဦးမှာပဲ။

ယနေ့ ဂျပန်ကား ထသူတို့ ထိုင်ရာနိုင်ငံဖြစ်သည်။ စိတ်မကျေ၍ နောက်ထပ်ထဝံ့လျှင် ထကြည့်ကြဦး။ ထိုင်ကြရဦးမှာ မုချဖြစ်၏။

ရဲဘော်တို့၊ မောက်မာမှုမှ ရအပ်သောအပြစ်သည် မည်သို့ရှိသည်ကို သိလောက်ပေပြီ။

စင်စစ် ဆီသည် ရေနှင့်ရော၍ မရနိုင်ဘိသကဲ့သို့ စစ်သားကောင်းဟူသည် မောက်မာမှုနှင့် ရော၍ မရစကောင်း။

ရဲဘော်၊ တစ်ဦးတစ်ယောက်အပေါ်၌ မာန်ပြင်းလာသည့်အခါ ဂျပန်ပြည်၌ ထသူတို့ ထိုင်နေသည်ကို သတိရစမ်းပါ။

(မြဝတီ၊ ဖေဖော်ဝါရီ ၁၉၅၃)

www.burmeseclassic.com

# နောက်ဆုံးည

မိုးဥတုရာသီမို့ မိုးတဖြောက်ဖြောက်ရွာနေသည်မှန်၏။ သို့သော် မိုးမင်းသည် တစိမ့်စိမ့်ရွာလိုက်လျှင် ကောင်းလေမည်လော၊ ဒလဟောရွာချလိုက်လျှင် သင့်လေမည်လော၊ မရွာဘဲနေလိုက်လျှင် ဟန်လေမည်လောဟူ၍ ချီတုံချတုံဖြစ်နေသည်နှင့် တူပေသည်။

အဘယ်ကြောင့်ဆိုသော်၊ သဲသဲမဲမဲလည်းမရွာ၊ မရွာဘဲလည်းမနေ၊ ပြတ်တောင်းပြတ်တောင်းနှင့် စိတ်မပါ့တပါ ရွာနေသောကြောင့်တည်း။

ကျွန်တော်လည်း အလုပ်ထဲတွင် စိတ်မပါ့တပါဖြစ်နေသည်။

'ဘရင်းဂန်း အလက် ၂၀၀' သည် ကျွန်တော်၏လုပ်ငန်းခွင်ကိုလာ၍ နှောင့်ရှက်နေသည်။ ထိုစဉ်က ထိုဘရင်းဂန်းတို့သည် ကျွန်တော့်အားအနှောင့်အယှက်ပေးနေဘိသကဲ့သို့ မြန်မာနိုင်ငံတဝှန်းလုံးရှိ လူအများတို့အားလည်း အမှန်ပင် အနှောင့်အယှက်ပေးနေပေလိမ့်မည်။ ဘရင်းဂန်းပျောက်ဆုံးမှုကြီးနှင့် နိုင်ငံရေးတို့မှာ



ဗွေးရောယှက်တင်ဖြစ်၍ နေလေရာ နိုင်ငံရေးအကြံသမားတစ်စုတို့မှလွဲ၍ ကျန်သာမန်တိုင်းသားပြည်သူတို့မှာ မုချစိတ်စနောင့်နင်းဖြစ်စရာအကြောင်းရှိလေသည်။

ထို့ကြောင့် ထိုညက ကျွန်တော်သည် အမှန်ပင်စိတ်လေးမိသည်။

သို့သော် ထိုညသည် ဆရာ့အား ကျွန်တော်တို့ နောက်ဆုံးတွေ့လိုက်ရသောညဖြစ်လိမ့်မည်ဟူ၍ကား ကျွန်တော် မတွေးမိခဲ့။ ကျွန်တော်နှင့်တကွ ကျွန်တော်၏မိတ်သင်္ဂဟအပေါင်းတို့သည် မြန်မာ့အနုပညာဗဟုသုတ အိုကြီးကိုဖက်ကာ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်သား အဖြစ်ဖြင့် ကြည်ရွှင်စွာစခန်းသွားကြလေဦးမည်ဟု အောက်မေ့မိခဲ့သည်။ ဆရာနှင့် တပည့်တို့ ရေစက်မကုန်သေးဟု နှလုံးပိုက်မိသည်။

သို့ပေမယ့် ကံထမ်းလာသည်ကို မြင်နိုင်အံ့လော။ ကျွန်တော်ဖြင့် အမှန်ပင်မမြင်မိ။ စိတ်လေး၍နေသည်ကား မှန်၏။ သို့သော် အဘယ့်ကြောင့် အဘယ်ပုံ စိတ်လေးနေသည်ကို ကျွန်တော်မသိ။ ဆရာချိုကား အမှန်မုချ ထိုညက ကံထမ်းလာသည်ကို လုံ့ထမ်းလာသည်ကဲ့သို့ မြင်မိကောင်း မြင်မိပေလိမ့်မည်။

ဆရာချိုဟူသောအမည်မှာ ကျွန်တော်တို့က အမြတ်တနိုးခေါ်သောအမည်ဖြစ်၏။ ဆရာ၏အမည်ရင်းမှာ ဦးဘချိုတည်း။ သို့သော် နိုင်ငံနှင့်အဝှန်းက ဆရာ့ကိုဒီးဒုတ်ဦးဘချိုဟု ခေါ်ကြသည်။

ထိုညက ဟူရာ၌လည်း အခြားသောညမဟုတ်၊ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၈ ရက်ညတည်း။

အလုပ်ခွင်၌ ကျွန်တော်က စိတ်မပါ့တပါ။ မိုးမင်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



သူ့လုပ်ငန်းခွင်၌ စိတ်မပါတပါ။ ဆရာချို၏မော်တော်ကားကလေးကလည်း ရွှေတောင်ကြားလမ်းဘက်၌တည်ရှိသော မြန်မာနိုင်ငံအသံလွှင့်ဌာန၏ရုံး တည်ရာတောင်ကုန်းကလေးပေါ်သို့ စိတ်မပါတပါ တက်လာသည်။

ကျွန်တော်ကား လောင်းဝစ္စလမ်းဘက်ရှိ အသံလွှင့်ရုံမှ ဆရာချိုကားကို မြင်လိုက်ရသည်။ ညနေစောင်းမို့ မမှောင်သေး။ ကားပေါ်မှ ဆင်းသွားသူ ဆရာ၏ခေါင်းပေါင်းစကို မြင်လိုက်ရသည်။ သူ့နောက်မှ အဘိုးနှင့်အမာတို့အပြင် ဆရာမ မခင်ပုပါ ဆင်း၍ လိုက်သွားသည်ကိုလည်း တွေ့လိုက်ရသည်။

ဤမြင်ကွင်းမှာ ကျွန်တော့်အဖို့ ဘာမျှမထူးခြားချေ။ လွန်ခဲ့သော ရက်သတ္တပတ်အတွင်းကစ၍ ဆရာချိုသည် အသံလွှင့်ဌာနရုံးခန်းအပေါ်ထပ်ရှိ ညွှန်ကြားရေးဝန်ဖြစ်သူ ဦးခင်ဇော်၏ အိပ်ခန်းတွင် ခေတ္တလာရောက်အပန်းဖြေလေ့ရှိသည်။

ဆရာချိုသည် အင်းအိုင်ခလှဲ့လက်ဖွဲ့မန္တရားဗေဒင်နက္ခတ် ယတြာယာယီတို့ကို ကောင်းစွာယုံကြည်သူဖြစ်သည်။ ဆရာက သူ၏ဟောကိန်းတို့ကို သူယုံကြည်သလောက်၊ ဗိုလ်ချုပ်က မထေမဲ့မြင်ပြုတတ်သည်။ ထို့ကြောင့် အတွင်းဝန်ရုံး ၌ ဆရာချိုနှင့် ဗိုလ်ချုပ်အောင်ဆန်း ဆရာတပည့်နှစ်ဦးတို့သည် နက္ခတ်ဗေဒင်နှင့်ပတ်သက်၍ ခဏခဏ ဝိဝါဒ ကွဲပြားကြသည်။

"ဆရာရယ်၊ ဆရာဟာ လောကဓာတ်ပညာကိုလဲ လိုက်စားသေးရဲ့၊ ဗေဒင်စကားကိုလဲ ပြောသေးရဲ့၊ တယ်ဂွကျတာကို' ဟု ဗိုလ်ချုပ်အောင်ဆန်းက ဆရာချိုအား အပြစ်တင်လေ့ရှိသည်။

ထိုအခါ၌ ဆရာချိုသည် 'အောင်ဆန်းက တယ်ဂွကျတဲ့လူကွ၊ ဆရာသတိပေးတာကို သူက နဲနဲမှကြိုက်တာမဟုတ်ဘူး'



ဟူ၍ ကျွန်တော့်အား ပြန်ပြောသည်။ ဆရာ၏အပြော၌ ဗိုလ်ချုပ်၏သင်္ကိုဘာဂြိုဟ်ဆိုလဲ စီး၍နေသည်။ ဗိုလ်ချုပ်၏အာယုစန်းဘယ်နေရာမှာဆိုလဲ ပြတ်နေသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း ဗေဒင်ဆိုသည့်အရာကို နားမလည်။ တစ်ခါတစ်ရံ ဗေဒင်က မှန်သည်ကိုဟောလိုက်သောအခါ ကျွန်တော်က မယုံကြည်ပါဟူ၍ ပြောရန်မဖြစ်၊ လက်တွေ့အားဖြင့် ဟုတ်နေသောကြောင့် မှန်၏ဟု ယူဆလိုက်ရပေသည်။ ဗေဒင်ကမှားနေသောအခါ၌လည်း မှားပြီဟုယူဆမိသည်။ မိမိကိုယ်တိုင်က ယတြာယာယီတို့ကို အားကိုးတတ်သူမဟုတ်သောကြောင့် ဗေဒင်အရာ၌ စိတ်မဝင်စား။ သို့သော် ဗေဒင်ကို အလွန်အားကိုးယုံကြည်တတ်သူတို့ကိုလည်း အပြစ်မဆိုလို။ ထို့ကြောင့် ဆရာချို၏ဟောကိန်းဟူသမျှတို့ကို ကျွန်တော်သည် မလေးစားသဘောမထားနိုင်သော်ငြားလည်း အကြွင်းမဲ့ယုံကြည်သည်ဟူ၍လည်း မရှိခဲ့ချေ။ ထို့ကြောင့် ဆရာက ဗိုလ်ချုပ် 'ဂွ' ကျကျစကားပြောလိုက်ကြောင်းနှင့် ကျွန်တော့်အား ပုဏ္ဏားတိုင်လုပ်သောအခါ၊ ဆရာကိုလည်း ကရုဏာသက်မိ၏။ ဗိုလ်ချုပ်ကိုလည်း သနားမိ၏။ ဆေးကာဗေဒင်ကို ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ဗိုလ်ချုပ်သည် သူ့အားမေတ္တာဓာတ် ဒလဟောဖြင့် သတိပေးသော ဆရာအား အသည်းခံရန် မသင့်ပါလော။ ကြိုက်သော်ရှိ၊ မကြိုက်သော်ရှိ ဆရာစိတ်ကောင်းပါစေတော့ဟူသော သဘောဖြင့် ဆရာပြောသည်ကို 'အင်း' လိုက်ဖို့ သင့်သည် မဟုတ်လော။

အမှန်မှာ ဗိုလ်ချုပ်သည် 'အင်း' လိုက်တတ်သူမဟုတ်။ သူ့ဝါသနာအတိုင်း တုံးတိတိနှင့် ဆရာချိုအား ပြောချလိုက်သည်။

ယခုလည်း ဆရာသည် သူ့ဟောကိန်းနှင့်သူ အသံလွှင့်ဌာနသို့ လာ၍စတည်းချနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချုပ်သည် စိတ်ထဲ၌ဗရောက်ဗရက်ဖြစ်နေဟန်တူပေ သည်။ ထိုစဉ်က ဆရာချုပ်မှာ ပြန်ကြားရေးဝန်ကြီးအဖြစ်နှင့် အစိုးရ အဖွဲ့တွင် ပါနေသည်။ ဝန်ကြီးဟူ၍ပင်ဆိုစေကာမူ ဆရာ့၌ အဆောင်အယောင် အစောင့်အရှောက်ဟူ၍မျှ ရှိသည်မဟုတ်။ ဒီးဒုတ်ပုံနှိပ်တိုက်တည်ရာ နှစ်ထပ်အိမ်၌ပင်လျှင် အခြေမပျက် နေထိုင်ခဲ့သည်။ သို့သော် ဝန်ကြီးဟူသော ဂုဏ်သိန်ကြောင့် ညွှန့်သည်အဝင်အထွက်များပေသည်။ ညွှန့်သည်အဝင်အထွက်များ သောကြောင့် သူတစ်ပါး၏ကိုယ်ရေးကိစ္စတို့လည်း များလှပေသည်။ ဆရာချုပ်မှာ ဝန်ကြီးမဖြစ်မီကပင်လျှင် သူတစ်ပါး၏ဝန်ကြီးကြီးကို ထမ်းရွက်ပေးနေရသူဖြစ်ချေရကား၊ ဆရာကတော်ဒေါ်လှမေ၏ အဆို၌ အိပ်ချိန်စားချိန်ပင်လျှင် မရှိသလောက်ဖြစ်နေရသည်တု ဆိုပေသည်။ ထိုအခါ ဆရာ၏ကျန်းမာရေးကိုလည်းကောင်း၊ ပစ္စကျ နိုင်ငံရေး၏ရှုပ်ထွေးပုံကိုလည်းကောင်း၊ ရိပ်စားမိသော ဆရာကတော် မှာ ဆရာချုပ်ဝန်ကြီးဖြစ်သည့်အတွက်ပင်လျှင် ရတက်မအေးဖြစ်နေ ရရှာသည်။ ထို့ကြောင့် ဆရာ့အား 'အစားမတော်တစ်လုတ် အသွား မတော်တစ်လှမ်း' ဟူ၍ မဖြစ်လေအောင် အစဉ်သဖြင့် သတိပေးရ ပေသည်။ ဆရာချုပ်၏သမီးအဖို့မှာကား မိဘအတွက်ဝတ်ကြီး ဝတ်ငယ်ပြုသော သူဖြစ်ချေရကား ဖခင်ဖြစ်သူအတွက် မိခင်နှင့် အတူ ရောနှော၍ ပူပန်နေရသူဖြစ်လေသည်။

ထို့ကြောင့် ဆရာသည် တိတ်ဆိတ်သော ရွှေတောင်ကြား ရပ်ကွက်၌ လာရောက်အပန်းဖြေခြင်းဖြစ်သည်။

ကျွန်တော်သည် ဦးခင်ဇော်၏ နေအိမ်နှင့်ခဲတစ်ပစ် မဝေးသောအိမ်တွင် နေထိုင်လျက်ရှိပါသော်လည်း၊ ဆရာလာတ သည့်ညနေညချမ်းအချိန်လောက်၌သာ ဆရာနှင့်တွေ့ဆုံနှုတ်ဆ



ပြီးနောက် မိမိ၏အလုပ်ခွင်သို့ ဝင်စမြဲဖြစ်သည်။ ဆရာစိတ်ပြေ ထက်ပျောက် လွတ်လွတ်လပ်လပ် နေနိုင်စေခြင်းငှာ ကျွန်တော်တို့ သည် ဆရာ့အား အနှောင့်အယှက်မပေးလိုကြပေ။

သို့သော် ထိုညက ဆရာသည် ပင်ပန်းနွမ်းလျသော အသွင်ကိုဆောင်လျက်ရှိသည်။ ဆရာသည် သူ့ကံအကြောင်း တရား၏ အရိပ်နိမိတ်တို့ကို အမှန်ပင်ကြိုတင်၍မြင်နေလေသ လော။ စင်စစ် ဤမေးခွန်းတို ကျွန်တော်သည် ထိုညက ထုတ် ကြည့်ခဲ့ပါ။ ယခု ဆရာ့အကြောင်းကို ပြန်ပြောင်းအောက်မေ့မိရာမှ ဆရာချုပ်၏နွမ်းလျသော မျက်နှာကို ပြန်မြင်မိခြင်းဖြစ်သည်။ သူ၏ မျက်နှာထားမှာ သူ့၌တစ်စုံတစ်ခု ဖြစ်ပျက်တော့မည်ကို ကြိုတင် ရိပ်စားမိသော မျက်နှာထားပင်ဖြစ်သည်။ 'နောက်မှ နောင်တ ရတတ်စွ' ဟူသော မြန်မာလက်သုံးစကားနှင့်အညီ ကျွန်တော်သည် ရှေးက ကြိုတင်၍မမြင်မိပါ။ နောက်မှသာ ဆင်ခြင်မိခြင်း ဖြစ်ပါ သည်။ ဤအတွက်လည်း မိမိကိုယ်ကို မိမိ အပြစ်တင်မိပါ၏။

သို့သော် အထက်က ပြုခဲ့ဖူးသော ကံတို့ ကုန်ချိန်တန်လျှင် ကျွန်တော်ကဲ့သို့သော ငပိန္နားသည် ဘာများထူးခြား၍ တတ်နိုင်ပါ ညီနည်း။

ထို့ကြောင့် ကျွန်တော့်၏စိတ်ထဲတွင် ပိသာလေးကြီးဆွဲ၍ ထားဘိသကဲ့သို့ ရှိသည်ကိုသာ ကျွန်တော်ပြောတတ်သည်။ ဘာ ကြောင့် စိတ်လေးသနည်း၊ မည်သူ့အတွက်ကြောင့် စိတ်လေးရ သနည်းဟူသည်တို့ကို ကျွန်တော့်အား စစ်မေးခဲ့သော် ကျွန်တော် ဖြေတတ်လိမ့်မည်မဟုတ်။

ဗိုလ်ချုပ်နှင့်တကွ ဆရာချို၊ ဆရာမြ(သခင်မြ)၊ စသော ခေါင်းကြီးတို့ လုပ်ကြံခြင်းခံခဲ့ရသည့် အချိန်ထိအောင် ဤကဲ့သို့သော

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးလုပ်ကြံမှုများဖြင့် မြန်မာရာဇဝင်တွင် သွေးကွက်ကြီးစွန်း ထင်၍ ကျန်ရစ်လိမ့်မည်ဟု ကျွန်တော့်စိတ်ထဲ ယောင်၍မျှပင် မတွေးခဲ့။ ဗိုလ်ချုပ်၌ နိုင်ငံရေးရန်သူဟူ၍ရှိလိမ့်မည်။ မိမိအား ချစ်ခင်လေးစားသူ ကိုးဆယ့်ကိုးယောက်မျှ ရှိနေသော်လည်း အကြွင်းအကျန် ရန်သူတစ်ဦးအတွက် သတိသမ္ပဇဉ်ရှိသင့်သည် ဟူ၍ ကျွန်တော်သည် ဗိုလ်ချုပ်အား သတိပေးခဲ့ဖူးသည့်တိုင်အောင် ဤမျှလောက် ပိုးစိုးပက်စက်ဖြစ်လိမ့်မည်ဟု ကြိုတင်၍ မတွေးမိခဲ့။ အထူးသဖြင့် ဆရာချို့အဖို့ကား လူချစ်လူခင်ပေါများလှသည် ဟူ သော အယူအဆဖြင့် ဘာမျှ ကြိုတင်ပူပင်ခြင်းမရှိခဲ့။ ထိုညက ဆရာချို့နှင့် တွေ့ဆုံစကားပြောကာမှပင် စိတ်လေးသည့်ကိစ္စကို ရင်တွင်း၌ ခံစားခဲ့ရလေသည်။

ဆရာချိုသည် ကျွန်တော်တို့ထံ စိတ်ပြေလက်ပျောက် လာ ရောက်သည်ဟု ဆိုရငြားသော်လည်း ဆရာ၏စရိုက်ဝါသနာ အလျောက် တစ်ချက်မျှ မနားခဲ့ပေ။ ကျွန်တော်တို့နှင့် တွေ့ဆုံသည့် အခါတိုင်း ဂီတအနုပညာဆိုင်ရာ မှတ်ဖွယ်သားဖွယ် ဗဟုသုတတို့ကို ဖြန့်ချိခဲ့ပေသည်။ အသံလွှင့်အစီအစဉ်နှင့်တကွ ဂီတအဖွဲ့တို့၏ တေးသံတို့ကိုပါ ဝေဘန္တိကပြုပေးခြင်းဖြင့် ကျွန်တော်တို့အား ကူညီ ခဲ့ပေသည်။

ဆရာချိုသည် ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်နှစ်စီမံကိန်း အရ ပြန်လည်ထူထောင်ရေး အစီအစဉ်တို့ကို လိုက်လိုက်လှဲလှဲ ကြည်သူဖြစ်သည်။ ထို့ကြောင့် စိန်ပါတီဆိုသော 'ပြန်လည် ထောင်ရေး' သီချင်းကို သူကိုယ်တိုင်အကြံဉာဏ်ပေး၍ သီကုံး သားစေသည်။ ထိုမျှမကသေး အဆိုကျော်များဖြစ်သော ဒေါ်စော အေးကြည်၊ ဒေါ်ဒေလီညွန့်၊ စိန်ပါတီ၊ ဦးအလီ၊ စောင်းဦးဘသ ဦးသိုက်၊ ဒဂုံခင်၊ ဒေါ်ကြည်ကြည်၊ ဒေါ်ကြည်အောင် အစရှိသော ဂီတအဖွဲ့ဝင်တို့၏ တိုးတက်ရေးအတွက် ဆိုပုံဆိုနည်းနိသျည်းများ အပြင် မဟာဂီတာမူမှားမူမှန် ပိုင်းခြားဝေဖန်ပုံများပါ လမ်းညွှန် ပြသခဲ့ပေသည်။ တပည့်တပန်းတို့အား ဂီတအရသာခံစားပုံ ခံစား နည်းတို့ကိုပါ သွန်သင်ခဲ့ပေသည်။



ဆရာ့အဖို့ အထက်ပါအတိုင်း အသံလွှင့်ရုံ၏အကျိုးငှာ ကူညီဆောင်ရွက်ပေးရခြင်းသည်ပင်လျှင် စိတ်ကြည်နူးဖွယ်အ ကြောင်းတစ်ရပ်ဖြစ်နေသည်။ ဆရာသာလျှင်မဟုတ် ကျွန်တော်တို့ ပင်လျှင် ဆရာကပေးသော ဂီတအရသာတို့၌ မွေ့လျော်နေရင်း၊ ထိုခေတ်က လှိုက်၍စားစပြုနေဖြစ်သော နိုင်ငံရေးအောက်လမ်း သမားတို့၏ အကောက်ဉာဏ်ကိုပင်လျှင် သတိမရနိုင်ဖြစ်၍သွားခဲ့ သည်။

သို့သော် 'ဘရင်းဂန်းနှစ်ရာ' မှာ ကျွန်တော်၏ မျက်စိထဲက ထွက်နိုင်။ 'ဘယ့်နှယ်လဲဆရာရယ်' ဟု ဆရာ့ထံပါးသို့ သွားရောက် ၍ ခဏခဏညည်းညူမိသည်။ ကျွန်တော် ညည်းညူတိုင်း ဆရာ သည် မျက်စိမျက်နှာပျက်၍ သွားတတ်သည်။

သို့နှင့်လည်း ဆရာသည် အသံလွှင့်ဟောပြောခန်းအတွက် 'ရာဇတောဝါ' တည်းဟူသော ဟောပြောချက်တစ်ရပ်ကို ကျွန်တော် တို့ နှောင်လာနောင်သားတစ်စုအတွက် အသံသွင်းပေးခဲ့သေး သည်။

'ငါက စာကိုကြည့်ပြီး မပြောတတ်ဘူးကွဲ့၊ အလွတ်ပဲပြော မယ်၊ ဘာပြောရမလဲဆိုတာတောင်မှ စိတ်မကူးရသေးဘူး။ အသံ သွင်းရုံရောက်မှ ကြည့်လုပ်ကြတာပေါ့ကွယ်' ဟု ဆရာချိုက ဆိုလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့အသံကို သွင်းယူသောအခါ ဆရာသည် လက်နှစ် သစ်ခန့် စာရွက်ကလေးကို လိပ်ကာလိပ်ကာ ပါးစပ်က လက်တန်း အလွတ်ပြောသွားသည်။ အလွတ်ပင်ပြောသော်လည်း စီကာပတ် ကုံးဖြစ်သည်။ အထစ်အငေါ့မရှိ။ ကရားမှရေသွန်ဟူသော ဥပမာ သည် ဆရာ့အတွက် ဖြစ်ပေါ်လာဟန်တူလေသည်။

ဆရာသည် ဝန်ကြီးမဖြစ်မီက မြန်မာ့ဂီတ၌ အရသာမည် သို့ရှာဖွေရသည်ကို ကျွန်တော်တို့အား ပြောကြားခဲ့သည်။ ဆရာ၏ စိတ်ကြိုက်ဥပမာတစ်ခုမှာ 'မြင်းခင်း' ဖြစ်သည်။ ထို 'မြင်းခင်း' ၌ ခွာသံပြင်းပြင်းနှင့် မြင်းကဆုန်ပေါက်သည့် သဘောသကာယတို့ ဆိုကွက်တီးကွက်၌ မည်သို့ပေါ်လာပုံကို ပြဆိုခဲ့သည်။ ထိုမျှမက သေး။ ဆရာနှင့်အတူ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် ဦးစိန် ရွက်တို့ အသံလွှင့်ရုံထဲတွင် ထိုင်ကာ ဂီတဆွေးနွေးခန်းဖွင့်ကြသည်။ ထိုဆွေးနွေးပွဲ၌ မူလက အသံဖမ်းယူထားရန် ဆွေးနွေးစေခြင်းဖြစ် သည်ကို ဆရာချို မရိပ်မိချေ။ ဆွေးနွေးနေစဉ် အသံဖမ်းဆိုင်ရာ ဌာနက သံမဏိကြိုးနှင့် အသံဖမ်းသည့်စက်* ဖြင့် အသံဖမ်းထား ပေသည်။ ပြီးသောအခါ ကျွန်တော်တို့က ပြန်၍အသံလွှင့်ပြလျှင် ဆရာသည် များစွာအံ့အားသင့်သွားသည်။

ဤကဲ့သို့ ဆရာသည် ကျွန်တော်တို့အား စိတ်ရောကိုယ် ပါ ကူညီ၍ သွန်သင်ဆုံးမပြသခဲ့ပေသည်၊ သို့သော် ဆရာသည် ယကြာချေသဘောဖြင့် စိတ်ပြေလက်ပျောက် ကျွန်တော်တို့နှင့်အတူ လာ၍နေစဉ်အခါ၌ ဆရာလုံးဝအနားယူနိုင်ရန်အလို့ငှာ၊ ဆရာ အား အသံလွှင့်ရုံဘက်သို့ မပင့်မဖိတ်ဘဲနေခဲ့သည်၊ သို့နှင့်လည်း ဆရာသည် တစ်ချက်တစ်ချက် အသံလွှင့်ရုံသို့ ကူးလာပြီးလျှင် ဂီတ အဖွဲ့ဝင်များနှင့် စကားစမြည်ပြောလေ့ရှိသည်။

* Wire Recorder



ထိုည၌ ကျွန်တော်သည် စိတ်ပြေလက်ပျောက်ဆိုသလို၊ ဆရာ့ထံသွား၍ စကားပြောလိုသည်။ ဦးခင်ဇော်ကလည်း 'ညမှာ လာခဲ့ပါလား' ဟု ခေါ်လျက်ရှိသည်။ ထို့ကြောင့် ကျွန်တော်က ဆရာ့အား ရှေးဟောင်းနှောင်းဖြစ်များ ပြောကြားစေရန် ရည်သန် မိသည်။

'စိတ်ပြေလက်ပျောက်ဆိုသလိုပေါ့ဗျာ။ ဆရာ့ကိုမေးကြည့် စမ်းပါ။ ဆရာဟာ ကာလသားဘဝတုန်းက အတော်မျက်နှာပွင့်ခဲ့တဲ့ လူဗျာ့။ ကျုပ်ငယ်ငယ်က ကြားဖူးတယ်။ ဆရာနဲ့ညွှန့်နဲ့ လက်ထပ်ဖို့ စီစဉ်ပြီး ခန်းဝင်ပစ္စည်းဝယ်ဖို့လို့ ညွှန့်လဲ ရန်ကုန်သွားလိုက်တာ၊ တာကတဲ မန္တလေးရောက်သွားပြီး အစီအစဉ်တွေ အားလုံးပျက်တယ် လို့ ကြားရတယ်။ ဘယ်လိုရေစက်မျိုးလဲတော့ မသိဘူးဗျာ့။'

ကျွန်တော် ဤသို့စကားစလိုက်သောအခါ ဦးခင်ဇော်က စိတ်အားထက်သန်လာဟန် လက္ခဏာပြပါသည်။

'ဟော၊ ထင်၊ မင်း ဒီလိုဆိုရင် ထမင်းစားပြီးတော့ ဒို့ဆီလာ ခဲ့ကွာ' သူက သည်လိုခေါ်ပါသည်။

ဤ၌ ကာယကံရှင်အချို့တို့ အသက်ထင်ရှားရှိနေစဉ်၊ မော်ကွန်းတင်ထိုက်သော ပုဂ္ဂိုလ်တို့၏ အတွင်းရေးကို ပြောပြရန်မှာ မြန်မာနိုင်ငံ၏ သဘာဝ၌ အလွန်ခက်လှပါသည်။ ယခု ကျွန်တော် က ဆရာ၏ရာဇဝင်အဆစ်အပိုင်းတစ်ရပ်ကို ထုတ်ဖော်ရာ၌ 'ညွှန့်' ဟူ၍ အမည်ဖော်လိုက်သည်မှာပင် လွန်လှချေပြီ။ သက်ဆိုင်သူတို့ အား နှစ်သက်သော် အပြစ်မရှိ။ မနှစ်သက်သော် မကောင်း။ သို့ရာ တွင် ဆရာချို၏အတ္ထုပ္ပတ္တိကဏ္ဍခန်းကိုပြဆိုရာ၌ သုတေသီပုဂ္ဂိုလ် တို့၏အကျိုးအတွက် သက်ဆိုင်သူတို့သည် ကျွန်တော့်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်နိုင် လိမ့်မည်ဟု ယုံကြည်ပါသည်။

ဦးခင်ဇော်က သည့်ကဲ့သို့ ဖိတ်ခေါ်လေသော်၊ ကျွန်တော်လည်း ည ၉ နာရီခန့်လောက်တွင် ဆရာ့ထံ ရောက်ခဲ့ပါသည်။

ဆရာသည် အခန်းဦးရှိ စားပွဲ၌ထိုင်၍ ဒီးဒုတ်ဂျာနယ်အတွက် အလုပ်လုပ်နေပါသည်။ ခေါင်းပေါင်းကို ချွတ်ထားသည်။ အပေါ်အင်္ကျီကိုလည်း ချွတ်ထားသည်။ ဆရာကား ကိုယ်လုံးကိုယ်ထည် သေးသူဖြစ်သည်။ သို့သော် အရပ်အမောင်းမှာ မမြင့်လွန်း မနိမ့်လွန်း။ ပိန်ပင်ပိန်သော်လည်း ရင်အုပ်ကား မသေးလှချေ။ ခါးမှာ နွဲ့နွဲ့လျလျရှိသည်။ လုံချည်ကိုအမြဲပင် သေသေသပ်သပ် ဝတ်တတ်သည်။ လုံချည်၌ ခါးပုံစချသည်မှာ ပြီးစလွယ်ကပိုကရို မဟုတ်။ အဘယ်အခါမဆို ခါးပုံစကို ကျကျနန ချတတ်သည်။

ဆရာသည် များသောအားဖြင့် စီးကရက်ကို အလွန်ကြိုက်ဟန်တူသည်။ ဆေးပေါ့လိပ်ကိုလည်း လက်မလွှတ်ချေ။ သို့သော် ထိုညက စီးကရက်ကို ဆက်တိုက်ဖွာ၍ နေလေသည်။

ဆရာ၊ ဦးခင်ဇော်၊ အဘိုး အမာ၊ မခင်ပုနှင့် ကျွန်တော်တို့ ခြောက်ယောက်သား ရောက်တတ်ရာရာစကားပြောကြလေသည်။

ကျွန်တော်၏ စိတ်တို့ကား မြောင်းမြမြို့ မစ္စတာဟာဘင်၏ ရွှေမျက်မှန်ကုမ္ပဏီနှင့် မျက်စောင်းထိုး၌ရှိသော မေခလာဆေးတိုက်သို့ ရောက်နေသည်။

ကျွန်တော် ကျောင်းနေစဉ်က ဆရာချို၏ဖခင်တည်ထောင်ခဲ့သော မေခလာဆေးတိုက်ရှေ့ကို ဖြတ်၍ဖြတ်၍ ကျောင်းတက်ခဲ့ရသည်။ ကျွန်တော် ကျောင်းသားအရွယ်၌ပင်လျှင် ဆရာချို၏ ဂုဏ်သတင်းမှာ ကျော်စော၍ နေလေသည်။ အမှန်မှာ ဆရာချိုတို့ခေတ်က မြောင်းမြမြို့မှ ထက်မြက်၍ကျော်စောကိတ္တိရှိသူ များနှ



ထွက်သည်မဟုတ်။ မြောင်းမြမြို့၏သဘာဝမှာ စာရေးစာချီအမှုထမ်းအရာထမ်းတို့ ပေါများသောသဘာဝရှိ၏။ သို့သော် သတင်းစာလောက၌ မြန်မာနိုင်ငံအနှံ့အပြားကို ဩဇာလွှမ်းမိုးနိုင်သော ပုဂ္ဂိုလ်ဟူ၍ မြောင်းမြအဖို့ တစ်ယောက်ဆိုလျှင် ဆိုသလောက်သာ ထွန်းကားခဲ့ပေသည်။ ဤအချက်ကြောင့်လည်း မြောင်းမြမြို့သူမြို့သားတို့က ဆရာချို၏အပေါ်၌ ဂုဏ်ယူကြခြင်းဖြစ်လေသည်။

သို့သော် ဆရာသည် မြောင်းမြမြို့နှင့်အတော်ပင် အဆက်ပြတ်ခဲ့သည်။ လူငယ်ဘဝ ဆရာချို၏စာပေအရာ၌ ထက်မြက်ပုံတို့ကို ကြားသိရသော ကျွန်တော်မှာ ငယ်စဉ်ကပင် ဆရာ့အား မြင်ဖူးလိုသည်။ ထို့ကြောင့် ကျောင်းသွားကျောင်းပြန် မေခလာဆေးတိုက်ကို လှမ်း၍လှမ်း၍ကြည့်ဖူးသည်။ တစ်ခါက ဆရာချို မြောင်းမြ ခေတ္တလာသည်ဟု ကြားလိုက်ရသည်။ သို့သော် နောက်တစ်နေ့၌ ပြန်သွားပြီဟူ၍သာ သိလိုက်ရတော့သည်။

မြောင်းမြမြို့တွင် ကျွန်တော်နှင့်ဆရာ တစ်ခါမျှ ရေစက်မဆုံခဲ့ရပေ။ သို့သော် တက္ကသိုလ်ကျောင်းသို့ ရောက်သောအခါ ဟောပြောပွဲအရပ်ရပ်တို့၌ ဆရာ့အား ခဏခဏကြုံမိသည်။ အထူးသဖြင့် ဆရာချိုက ခေတ်စမ်းစာပေကို ဝေဖန်မည်ဟူ၍ ကြေညာလိုက်သောအခါ ဆရာနှင့်နီးနီးကပ်ကပ် တွေ့ရတော့မည်ဟု တွေး၍ ဝမ်းသာမိပါ၏။

သို့ရာတွင် ကျွန်တော့်စိတ်၌ ဒွိဟတစ်ခုရှိခဲ့သည်။

ဆရာသည် ရှေးဟောင်းစာပေများကို လိုက်စားသူဖြစ်သည်။ ဆရာသည် ဆရာမှိုင်း၏ အန္တေဝါသိကဖြစ်သည်မှန်၏။ ဆရာသည် အမျိုးသားစိတ်ဓာတ် လှုပ်ရှားမှုကြီးတစ်ရပ် မြန်မာပြည်ပေါ်၌ ထွန်းပေါ်လာခဲ့သည့်အချိန်ကစ၍ မြန်မာ့နိုင်ငံရေးရေ

www.burmeseclassic.com

www.burmeseclassic.com



အယဉ်ကို မမှိတ်မသုံသော မျက်စိဖြင့် ကသိုဏ်းရှုခဲ့သည်မှန်၏။ သို့သော် သူ၏စာပေ၊ အရေးအသားတို့ကား၊ ရှေးရိုးမူအတိုင်းပင် ဖြစ်သည်။ သူရေးသားသော ကဗျာတို့သည် ဝိုဏ်းဂဏ၊ ဂုဏ်၊ ဒေါသ၊ ဩဇာ၊ ရသတို့၏ အနှောင်အဖွဲ့အတိုင်းသာ ဖြစ်ပေါ်လာသော ကဗျာများဖြစ်၏။ သူရေးသားသမျှ အကြောင်းအရာတို့မှာလည်း ထီးဟန်နန်းဟန်နှင့်တကွ၊ အင်းအိုင်ခလှဲ့၊ လက်ဖွဲ့မန္တရား အပြင် ဗေဒင်နက္ခတ်ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗိန္ဓောကျမ်း၊ အင်္ဂါယတ်ကျမ်းနှင့် သိုက်၊ တဘောင်၊ စနည်း၊ ဘဝေါတို့သာ များပေသည်။ နိုင်ငံရေးရာ အဖြာဖြာတို့၌ ခေတ်အလိုက် ထင်မြင်ယူဆချက်တို့ ဆန်းသစ်ခဲ့သည် မှန်သော်လည်း စာပေအရာ၌ ဆရာသည် ရှေးရိုးသမားသာလျှင် ဖြစ်သည်။

ကျွန်တော် ဤသို့ ယူဆသည်။ ဤယူဆချက်လည်း မမှားချေ။ ဆရာသည် ဈေးသုံးမလွယ်ဘဲနှင့် ရှေးထုံးမပယ်အောင် ဆော်ဩခဲ့သူဖြစ်သည်။ ဆရာ မကွယ်လွန်မီအထိ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုပြန်လည်တည်ဆောက်ရေးကို ကြံဆနေသူဖြစ်ခဲ့၏။

ထို့ကြောင့် ရှေးရိုးသမားဖြစ်သူ ဆရာချီသည် ကျွန်တော်တို့လူတစ်သိုက်၏ ခေတ်စမ်းစာပေတို့ကို အဘယ်နည်းနှင့်မျှ အားပေးနိုင်လိမ့်မည်မဟုတ်၊ ရှေးရိုးသမားပီပီ၊ ဆန်းသစ်လာသော အရာဟူသမျှကို ပယ်ချလိမ့်မည်ဟု ကျွန်တော် ဒွိဟဖြစ်မိသည်။

ထို့ကြောင့် ဆရာချီ၏ ဟောပြောချက်ကို စိတ်တထင့်ထင့်နှင့် နားထောင်ရသည်။

ထိုစဉ်က ဦးထွန်းဖေ၏ 'မြန်မာ့နေ့စဉ်' တွင် ကျွန်တော်တို့ ခေတ်စမ်းသမားများက မြန်မာစာပေဆန်းသစ်ရေးအတွက် ရှေ့နေ လိုက်နေကြသော အချိန်ဖြစ်၏။ ခေတ်စမ်းသမားတို့ မြေစမ်းခရုန်



ပျိုးရာဖြစ်သော 'ဂန္ဓလောက' ကို တက္ကသိုလ်ပြင်ပမှ စာရေးဆရာတို့က ရှုတ်ချနေသောအချိန်ဖြစ်၏။ တက္ကသိုလ်ပြင်ပ၌သာမဟုတ်သေး၊ တက္ကသိုလ်တွင်း၌ရှိသူ ကျွန်တော်တို့၏ အဖော်အပေါင်းတို့က ပင်လျှင် အသစ်အသစ်တီထွင်မှု၏ သဘောတရားကို နားမလည်နိုင်ကြသေးသဖြင့် ဝေဖန်နေသော အချိန်အခါလည်းဖြစ်၏။ ထိုအချိန်အခါမျိုးတွင် ဝိတအနုပညာနှင့်တကွ စာပေယဉ်ကျေးမှု၏ ခေါင်းဆောင်တစ်ဦးက မြန်မာစာပေပြန်လည်ဆန်းသစ်ခြင်းတည်းဟူသော အချက်အလက်တို့ကို လက်မခံနိုင်အောင် ဖြစ်ခဲ့ပါမူ၊ ရှေးရိုးစဉ်လာတို့မှ အလွတ်ရုန်းသူ ကျွန်တော်တို့အဖို့ ခေတ်သစ်ကို ရှေ့ရှုရာ၌ ခလုတ်ကန်သင်းအများကို ကြုံတွေ့ရဖို့ရှိနေသည်။

ဆရာသည် ခေတ်စမ်းသမားတို့ သုံးနေကျဖြစ်သော ဝကားပြင် အရေးအသားတို့ကို များစွာအပြစ်မဆို။ ခေတ်စမ်းဟူ၍ ဆိုစေကာမူ၊ ခေတ်ဟောင်း၌ တိမ်မြုပ်နေသော သဘောတရားတို့ကို ပြန်လည်ဆန်းသစ်ထွန်းကားစေခြင်းသာ ဖြစ်ချေရကား၊ လွယ်လွယ်နှင့် ရှင်းရှင်းရေးသားသော မြန်မာစကားကို အပြစ်ဆိုလျှင် ပုဂံခေတ်စာပေနှင့်တကွ ရှင်မဟာသီလဝံသ၏ ပါရာယနဝတ္ထုရာဇဝင်ကျော် စသည်တို့ကို အပြစ်ဆိုရာ ရောက်ပေလိမ့်မည်။

သို့သော် ဆရာချီသည် ခေတ်စမ်းကဗျာကို အတန်ငယ် အပြစ်ဆိုပေသည်။

သို့သော် သူဆိုလိုက်သော အပြစ်တို့မှာ ကျွန်တော့်ရင်တွင်း၌ရှိသော ဒွိဟတို့ကို ဖယ်ရှား၍ ပစ်လိုက်သည်နှင့်တူပေသည်။

ဆရာချီသည် ခေတ်စမ်းသမားတို့၏ မူသစ်ကို အပြစ်မဆိုချေ၊ များစွာကုန်သော ခေတ်စမ်းသမားတို့မှာ ထိုခေတ်ကာ[illegible]နုနုမျှသာရှိသေးသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှ၊ ဂျပန် [illegible]ပေတို့တွင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ဆန်းသစ်သော*ရီနေဆွန်းခေတ်ကို ကျွန်တော်တို့က ကြည်နူးမိသည်။ ကြည်နူးလာရာမှ၊ အနှောင်အဖွဲ့တို့မှ ရုန်းထွက်ခြင်းအရသာကို ရှာယူကြသည်။ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်၏ ပဏာမသဘောများ ဖြစ်ကြလေသည်။

သို့သော် ယင်းကဲ့သို့ ရှေးမူဟောင်းတို့၏ အနှောင်အဖွဲ့၊ အကွပ်အညှပ်တို့မှ ရုန်းထွက်ရာတွင် စာပေဝါနုသေးသည် ဖြစ်ရကား၊ အခြေခံသဘောတို့၌ အမှန်သို့ ရောက်သည်လည်းရှိ၏။ အမှားသို့ လမ်းချော်ထွက်လည်းရှိ၏။

ဥပမာ ကဗျာ၏သဘော၌ ကာရန်သည်အကွပ်ဖြစ်၏။ စကားပြင်၏ သဘော၌ သဒ္ဒါသည်အထိန်းဖြစ်၏။ လှည်းဘီး၌ လှည်းပဒေါင်းက ထိန်းရမြဲဖြစ်၏။ လှည်းပဒေါင်းမပါဘဲ လှည်းဘီးမဖြစ်နိုင်။ ဤအခြေခံသဘောကိုမူကား မည်မျှလောက် ဆန်းသစ်သော စာပေဖြစ်စေကာမူ ပစ်ပယ်၍ရကောင်းသည်မဟုတ်။

အမှန်မှာ ခေတ်စမ်းသမားတို့လည်း ဤအခြေခံတို့ကို မပစ်ပယ်ကြပေ။ သို့သော်ကာရန် အစပ်အဟပ်တို့၌ မိသည်လည်းရှိ၏၊ မမိသည်လည်းရှိ၏။ ဆရာချိုသည် ကာရန်လွတ်သော ကဗျာများကို ဝေဖန်လေသည်။ ခေတ်စမ်း၏ သဘောတရားတို့ကို လက်ခံလေသည်။

ကျွန်တော်တို့သည် များစွာအားရဝမ်းသာ ဖြစ်ကြရသည်။

ဆရာသည်ခေတ်စမ်းစာပေကို လောကွတ်လုပ်၍ နေခြင်းမဟုတ်။ သူကိုယ်တိုင်ယုံကြည်ချက်နှင့် လက်ခံနေခြင်းဖြစ်၏။ ထို့ကြောင့်လည်း ဒီးဒုတ်ဂျာနယ်တွင် ခေတ်စမ်းသမားတို့၏ ကဗျာနှင့် တကွ အခြားအရေးသား အတွေးအခေါ်တို့ကို အခန်းတစ်ခန်းဖွင့်တာ အရေးပေးခဲ့ခြင်းဖြစ်လေသည်။

ကျွန်တော်သည် ဤကဲ့သို့ဆရာနှင့် နဖူးစာဆုံစည်းမိခဲ့သည်။ သို့သော် ဆရာ့ဟောပြောချက်ကို အများနည်းတူ၊ လာရောက်နားထောင်သော ပရိသတ်ထဲက တစ်ယောက်အနေနှင့်သာ ဆုံမိခြင်း ဖြစ်ပါ၏။ ထို့ကြောင့် နောက်ထပ်ဆရာနှင့် ဆုံတွေ့ရရန် အခွင့်ကို ရှာခဲ့သည်။ အကြောင်းဆုံစီးရန် ရေစက်မပါသေးသော အချိန်ဝယ် ကျွန်တော်သည် အရပ်ရပ်ရှိ နယ်ပယ်တို့သို့ လွင့်ပါးလျက် ရှိခဲ့ရပေသည်။

ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွား၍ ဂျပန်တို့လည်း ထိုစစ်ထဲတွင် အချောင်ဝင်နွှဲလိုက်သောအချိန်တွင် မြစ်ဝကျွန်းပေါ်မြို့တစ်မြို့၌ ကျွန်တော်သည် ဆရာချိုနှင့်တွေ့ဆုံရန် အခွင့်သင့်ခဲ့ပါသည်။ ထိုစဉ်က ဆရာသည် မြန်မာနိုင်ငံအရပ်ရပ်တို့သို့ လှည့်၍ ဖက်ဆစ်ဆန့်ကျင်ရေးသဘောတရားတို့ကို လိုက်လံဝါဒဖြန့်နေသော အချိန်အခါဖြစ်သည်။ မြန်မာနိုင်ငံ၌ လူတိုင်းလိုလိုပင် အင်္ဂလိပ်ဆန့်ကျင်ရေးစိတ်ဓာတ်ပြင်းထန်နေစဉ် ဆရာက ဖက်ဆစ်ဆန့်ကျင့်ရေးတရားဟောနေသည်။ ဤသို့ ဆရာပြုမူနေသည်မှာ အဓိပ္ပာယ်တစ်ခုတော့ မုချရှိရပေလိမ့်မည်။ ထိုအဓိပ္ပာယ်ကို ကျွန်တော်နားလည် လိုသည်။ သို့သော် ဆရာလာသောအချိန်ကား မကောင်းလှတော့ပြီ။ အင်္ဂလိပ်အစိုးရတို့ မြန်မာနိုင်ငံမှ ခြေကုန် သုတ်ပြေးတော့မည့်အချိန်တွင် အရာရှိပိုင်းတစ်ပိုင်းလုံးလည်း အဘယ်အရပ်သို့ ခြေဦးတည့်ရာပြေးကြရမည်ကို တိုးတိုးတိတ်တိတ် ကျိတ်၍ တိုင်ပင်နေချိန်ဖြစ်သည်။ ထို့ကြောင့်ဆရာသည် ထိုမြို့၌ ကြာကြာမနေ[illegible] ပြန်၍သွားလေသဖြင့် ကျွန်တော်နှင့် မတွေ့လိုက်ရချေ။

သို့ရာတွင် ရေစက်ဆုံမည့်ဆုံပြန်တော့လည်း အမြောက်

* Renaissance

www.burmeseclassic.com



သံ၊ ဗုံးသံကြားထဲတွင် ရန်ကုန်မြို့၌ ရေစက်ဆုံကြရပြန်သည်။ ရေစက်ဆုံမိကြသောနေရာမှာလည်း အခြားမဟုတ်၊ ရှေးက ဒေါက်တာဘမော်နေခဲ့ဖူးသော ၃၂ ပတ်လမ်း ဖြစ်လေသည်။

ထိုစဉ်က သခင်နုသည် သတင်းနှင့်ပြန်ကြားရေးဌာနဝန်ကြီးဖြစ်သည်။ သခင်နုသည် ခဲရာခဲဆစ်ရှိတိုင်းရှိတိုင်း ဆရာချုပ်အား တွံတေးမှပင့်ဖိတ်ခေါ်ယူလေ့ရှိသည်။ ဆရာချုပ်လာသည့်အခါ သခင်နုသည် ၎င်း၏ရုံးခန်းထဲတွင် ဆရာချုပ်အား ကောင်းစွာဧည့်ခံလေ့ရှိသည်။ ဝါဒဖြန့်ချိရေးကိစ္စနှင့် ပတ်သက်၍ တိုင်ပင်လေ့ရှိသည်။ အကြံဉာဏ်ယူလေ့ရှိသည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသတစ်ဝိုက်၌ ကရင်ဗမာ စိတ်ဝမ်းကွဲပြားမှုတို့ကို တိုက်ဖျက်ရန်အတွက် ဆရာချုပ်နှင့် သခင်နုတို့ ရင်းရင်းနှီးနှီးတိုင်ပင်လေ့ရှိသည်။ ဂျပန်ထွက်မပြေးမီ ဆရာချုပ်၊ စောဘဦးကြီး၊ သခင်ဝတင် စသော ပုဂ္ဂိုလ်တို့သည် ကရင်ဗမာရင်းနှီးမှုအတွက် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ညှိနှိုင်းတိုင်ပင်ဆွေးနွေးကာ လုပ်ငန်းစဉ် တစ်ရပ်ချမှတ်၍ သတင်းနှင့်ပြန်ကြားရေးဌာနဝန်ကြီးသခင်နုနှင့်အတူ မြစ်ဝကျွန်းပေါ်အရပ်သို့ တိုင်းခန်းလှည့်လည်ခဲ့ကြသည်။

တွံတေးမှ ဆရာချုပ်လာသည့်အခါ၊ ညပိုင်းတွင် ဆရာချုပ်၊ သခင်နု၊ ဦးထွန်းစိန်၊ ဦးဉာဏနှင့် ကျွန်တော်တို့သည် လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့၍ ထွေရာလေးပါးပြောလေ့ရှိကြသည်။ ကျွန်တော်က လက်ဖက်ရည်ကြမ်းဝိုင်းအတွက် ကက္ကူရုံခြောက်ဖြင့် ဧည့်ခံရာ ဆရာ အလွန်ကြိုက်နှစ်သက်လေသည်။

ထိုစဉ်က ကျွန်တော်တို့သည် လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့၍ သောက်ကြသော်လည်း ပစ္စုပ္ပန်နိုင်ငံရေးအကြောင်းကို များစွာမပြောကြပါ။ ပတ္တလားအကြောင်း၊ စန္ဒယားအကြောင်း၊ ဒိုးပတ်အကြောင်း၊



အိုးစည်အကြောင်း၊ ဗုံအကြောင်း၊ ထံတျာတေအကြောင်း စသည်တို့သာဖြစ်ပါသည်။ ဆရာသည် ဂီတနှင့်တကွ အကကိုပါ ကောင်းစွာ စနစ်တကျလေ့လာထားသူ ဖြစ်လေရာ၊ သူလေ့လာခဲ့သော အနုပညာရပ်တို့ကို ပြောရာ၌ ပင်ပန်းနွမ်းရိသည်ဟူ၍မရှိပါ။ ညသန်းခေါင်ကျော် နှစ်ချက်တီးသုံးချက်တီးအထိ မင်္ဂလာဒုံ၌ဗုံးကျသံကို နားခံရင်း ဟောပြောလေ့ရှိပါသည်။

ထိုအခါသမယ၌ ကျွန်တော်သည် ဗဟုသုတဟင်းလေးအိုးကြီးကို လက်ဝယ်ပိုက်မိပြီဟု အတော်ပင် အားရဝမ်းသာရှိမိပါ၏။ သို့သော် တော်လှန်ရေးကြီးမှာ မကြာခင် စကြတော့မည်။ ထိုအခါ ကျွန်တော်တို့လူသိုက် လူစုခွဲကြရချေဦးမည်။ တွေ့ကြုံဆုံကွဲဟူသော သခ်ီရဖြစ်စဉ်တို့တွင် ကျွန်တော်တို့ တတွေမျော၍ သွားကြရပေဦးမည်။

ယင်းတွေးတောချက်အတိုင်း တစ်နေ့သော် ကျွန်တော်တို့၏ အသိုက်အဝန်းသည် ကွဲကြလေသည်။ သခင်နုသည် မုဒုံသို့၊ ဆရာချုပ်သည် တွံတေးသို့၊ ဦးဉာဏသည် ပဒုမ္မာလမ်းသို့၊ ဦးထွန်းစိန်သည် ပါခ်လိန်းသို့၊ ကျွန်တော်သည် ဗဟန်းသို့ အသီးသီးလူစုခွဲကြသည်။

ဂျပန်တို့ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ သူတို့ဆုတ်ခွာချိန်၌ ဂျပန်တို့က ဖမ်းထားသော နိုင်ငံရေးအကျဉ်းသမားများ လွှတ်ပစ်ရေးအတွက် သခင်နုသည် ဂျပန်စစ်ဖက်ဆိုင်ရာတို့နှင့် အကြိတ်အနယ်ပြောခဲ့သည်။ ပြောသည့်အတိုင်းပင် အထမြောက်သည်ဟု ဆိုရပေမည်။ သို့သော် သခင်နုတို့ မုဒုံလိုက်သွားရသည့်အတွင်း လက်လွန်ဆန်သည့် အခြင်းအရာတို့ရှိခဲ့သည်။ အထူးသဖြင့် မြောင်းမြမြို့ ထောင်ထောင်တွင် အဖမ်းခံရသူလူပေါင်း လေးဆယ်ကျော်တို့၏

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာကား ၎င်းတို့၏ အသက်ကို ဂျပန်တို့က ဖက်နှင့်ထုပ်ထားသော ကံကြမ္မာဖြစ်လေရာ ကျွန်တော်သည် မြောင်းမြဖက်မှ လာသမျှသတင်းကိုထောက်၍ ဗိုလ်နေဝင်းတို့ထံ ပေးပို့ရလေသည်။ ထိုအခါက ရွှေတောင်ကြားလမ်း အိမ်နံပါတ် ၃၂ မှာ ဖဆပလ သန္ဓေတည်ရာဌာနဖြစ်ခဲ့သည်။ ထိုဌာနချုပ်သို့ ကျွန်တော်နေ့စဉ်ရောက်ရှိသည်တွင် တစ်နေ့သော် ဆရာချီနှင့်တွေ့ရပြန်လေသည်။

ဆရာချီသည် ကျွန်တော် ပို့လာသော သတင်းစကားတို့ နားထောင်၍ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီးတို့နှင့် တိုင်ပင်ကာ မြောင်းမြရှိ နိုင်ငံရေးအကျဉ်းသမားတို့ကို ကယ်ဆယ်ရန် ကြိုးပမ်းခဲ့သေးသည်။ သို့သော် သေနေ့စေ့သူတို့ကို ဆရာချီလည်း မကယ်နိုင်တော့ချေ။

ထိုညက ကျွန်တော်သည် ဆရာချီနှင့်အတူ အသံလွှင့်ရုံဌာန ရုံးခန်းအပေါ်ထပ်ရှိ ဦးခင်ဇော်၏အိပ်ခန်းတွင် စကားစမြည်ပြောနေခိုက် ဆရာချီနှင့် ရေစက်ဆုံမိပုံတို့ကို စားမြုံ့ပြန်ကာ ဆရာချီ၏ရှေးဟောင်းနှောင်းဖြစ်တို့ကို မည်သို့အစဖော်ပေးရပါမည်နည်းဟု အကြံထုတ်လျက်ရှိသည်။

ဆရာချီကား ယိုးဒယားအကကို မလေးကျွန်းဆွယ်နှင့် အင်ဒိုချိုင်းနားအထိလိုက်၍ ခြေရာကောက်နေသည်။

'တော်ပြီ၊ တော်ပြီ၊ ဆရာလဲ လွတ်လပ်ရေးရတဲ့နေ့အထိ အောင့်အည်းပြီး လုပ်လိုက်ဦးမယ်။ လွတ်လပ်ရေးရပြီးရင် ဝန်ကြီးအလုပ်ကထွက်မယ်။ ပြီးတော့ မောင်တို့နဲ့ တစ်ခါကပြောခဲ့ဖူးတဲ့အတိုင်း မြန်မာ့ယဉ်ကျေးမှုအနုပညာတွေကို အရိုးကို အရွက်မဖုံးစေရဆိုတဲ့ စကားအတိုင်း ပြန်ပြီးထူထောင်မယ်။ မောင်သိန်းဟန်ရဲ့မောင်ဝန်ကို ခေါ်မယ်။ သူတို့ရယ်၊ မောင်တို့ရယ်၊ ကျုပ်တို့ရယ် ယိုးဒယားသွားမယ်၊ မလေးကျွန်းဆွယ်သွားမယ်၊ အင်ဒိုချိုင်းနားသွားမယ်။ စူမတြာ၊ ဂျာဗားဆိုတဲ့ ဒေသတွေအထိ ခရီးထွက်မယ်။ အလောင်းစည်သူခေတ်လောက်ကတည်းက သူတို့နဲ့ ကျုပ်တို့နဲ့ဟာယဉ်ကျေးမှုချင်းဆက်ခဲ့တာ အနောက်ကနယ်ချဲ့တွေလာတော့မှပဲအဆက်ပြတ်နေတယ်။ ဒါတွေကို ပြန်ဆက်ရမယ်။'



ဆရာချီက ယင်းသို့စိတ်ပါလက်ပါပြောနေသည်။ ဆရာချီသည် ဗိုယ်ချုပ်အောင်ဆန်း လက်ကိုင်ပြုခဲ့သော အာရှစည်းလုံးညီညွတ်ရေးဝါဒကို နှစ်နှစ်ခြိုက်ခြိုက် လက်ခံသူဖြစ်သည်။ လွတ်လပ်ရေးရပြီးသော်လည်း မြန်မာအနေနှင့် ထီးထီးကျန်နေ၍မဖြစ်၊ အာရှဩလွတ်မြောက်ပြီးစ နိုင်ငံတို့၏ သက်တမ်းရှည်မှုသည် အာရှညီညွတ်ရေးအပေါ် တည်သည်ကို နိုင်ငံရေးခေါင်းဆောင်ပီပီ ကောင်းစွာမြင်ပေသည်။ စည်လုံးညီညွတ်မှုကို ယူရာ၌လည်း အာရှနိုင်ငံအသီးသီးတို့ ယဉ်ကျေးမှုအခြေခံချင်း ဆက်စပ်ပုံကိုရှာနိုင်မှသာ ရင်းနှီးမှုရလိမ့်မည်ကို ဆရာချီက သဘောပေါက်ပြီးဖြစ်သည်။ ထို့ကြောင့် ဆရာချီသည် ယိုးဒယားအကကို မြန်မာနိုင်ငံမှနေ၍ ဂျာဗားကျွန်းအရောက် ခြေရာလိုက်ခံနေခြင်းဖြစ်သည်။

ကျွန်တော်ကား ဆရာချီသည် ယိုးဒယားအကကို ခြေရာခံသည်ထက် 'ဘရင်းဂန်းအလက်နှစ်ရာ' ကို ခြေရာခံသည်က ပိုမိုသင့်လျော်မည်ဟု ထင်မိသည်။

'ယိုးဒယားကို ခဏဖယ်ထားစမ်းပါဦးလား ဆရာရယ်။ ဆက်ရှိနိုင်ငံရေးက ဘယ်အခြေဆိုက်နိုင်မလဲ။ အခြေအနေက သိပ်ကောင်းတယ်လို့ ကျွန်တော် မထင်သေးဘူးဆရာ။ ပြီးတော့လဲ ဆရာတို့ အတွင်းဝန်ရုံးကလဲ ဟာလာဟင်းကြီးပါကလား ဆရာရဲ့'

ကျွန်တော်က စိုးရိမ်သံကြီးဖြင့်ပြောသည်။ အမှန်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဤသို့စိုးရိမ်းတကြီး မပြောထိုက်ပါ။ ဆရာသည် စိတ်ဖြေ လက်ပျောက်ဆိုသလို ကျွန်တော်တို့နှင့်အတူ ခေတ္တလာနေသည် မဟုတ်ပါလော။

'အတိုက်အခံဆိုတာကတော့ ရှိမှာပေါ့ကွယ်၊ ဘယ်ကင်းနိုင် ပမတုန်း။ ဒီမိုကရေစီစနစ်ကျကျနဲ့ အတိုက်အခံလုပ်နေသမျှတော့ တိုင်းပြည်ကောင်းဖို့ချည်းပါပဲ။'

ထို့နောက် ဆရာသည် တစ်စုံတစ်ခုကိုတွေး၍ တွေဝေနေ ဟန်အသွင်ကို ဆောင်လိုက်ပါသည်။ ဦးခင်ဇော်ကမူ နိုင်ငံရေး စကားတို့ကြောင့် ဆရာစိတ်ရှုပ်သွားမည်ကို စိုးရိမ်ပူပန်လေသလော မသိ၊ နှဲနှင့်ပွဲအကြောင်းကို စ၍ပေးနေသည်။ သို့သော် ကျွန်တော် ကလည်း ကျွန်တော့်စကားစကို အပြတ်မခံလိုပေ။

'ခုဥစ္စာက ဆရာရယ်၊ ကျွန်တော်တို့ လွတ်လပ်ရေးလမ်းစ မြင်နေမှပဲ၊ ဒီလွတ်လပ်ရေးဆိုတဲ့ အချက်တစ်ချက်မှာတော့ အားလုံးညီညီညွတ်ညွတ်နဲ့ လက်ခံကြဖို့ရှိတယ်။ ဒီတော့ကာ ဂျွန် စောတို့က ဘယ်လိုသဘောထားပါသလဲ။'

ကျွန်တော်က ဆက်၍မေးလိုက်သည်။

'သူတို့လုပ်တာက ဘုရင်ခံရဲ့ အာဏာသက်ကို ရှည်အောင် လုပ်သလိုဖြစ်နေတယ်ကွဲ့။ ဒါကြောင့်မို့ ဒီအချက်ကို ဆရာလဲ ဒိုးဒုတ်ကနေပြီး ဖော်ထုတ်ပေးနေတာပါပဲ။'

'ဒါကို ထားလိုက်ပါဦး ဆရာရယ်၊ အဲဒီအတွင်းဝန်ရုံး ဟာလာဟင်းလင်းကို ဆရာပြန်ပြီး စဉ်းစားစမ်းပါဦး။ ကျွန်တော်တို့ တနေ့က ဗိုလ်ချုပ်ဆီရောက်ခဲ့တယ်ဆရာ သူ့အခန်းဝမှာ မင်းစေ စောင့်နေတာတောင် မတွေ့ခဲ့ရဘူး။ ဒီအတိုင်းဆိုရင် သူဝင်ငါထွက် နဲ့ မခက်ပေဘူးလားဆရာ။'



'ဒါတော့ မပြောနဲ့ဟေ့၊ ငမိုးနဲ့ငါနဲ့ ခဏခဏစကားများခဲ့ရ သူပကော။ သူက သူ့ကိုသတိပေးလေလေ ဇွတ်လုပ်လေလေပဲကွဲ့။ ဗိုလ်ထွန်းလှတို့က သူ့အနားမှာ ခြောက်လုံးပြူးကြီးတွဲလောင်းနဲ့ စောင့်နေတာကိုတောင်မှ သူ မကြိုက်ဘူး။ ဗိုလ်ချုပ်ဇာတာစမ်းလဂ် တာ ညံ့သကွဲ့။'

ဆရာချူသည် စိတ်မချမ်းမြေ့သော လေသံကြီးနှင့်ပြော လိုက်သည်။

ဦးခင်ဇော်က ဆရာချူ၏အာရုံကို ပြောင်းစေရန်အတွက် စကားကို တခြားရောက်အောင် ယူသွားသည်။

'ဆရာက သိပ်မကျသေးဘူးဆရာ။ အရွယ်အတော်တင် တယ်။ ဆရာဟာ သိပ်ပြီးပူပင်သောကစိတ်ကို လက်ခံထားတဲ့ လူစားမဟုတ်ဘူး' ဤသို့ သူကပြောလိုက်ရာ ဆရာကအနည်းငယ် ပြုံး၍ 'ဒါကတော့ ဒီလိုကွဲ့' ဟု ဆိုလိုက်သည်။

ဆရာချူသည် အခန်းအလယ်၌ မတ်တပ်ရပ်ပြသည်။ ကျွန်တော်က ဘာလုပ်မလို့ပါလိမ့်ဟု အံ့အားသင့်သွားသည်။ ထို့ နောက် ဆရာချူသည် သူ၏လုံချည်ကို ဒူးအထက်ရောက်အောင် လှန်ပြသည်။

ဆရာဘာဖြစ်တာပါလိမ့်။

'ဟောဒီခြေသလုံးရိုးနှင့် ခြေသလုံးကြွက်သားနှစ်ခု စပ်တဲ့ နေရာကို စမ်းကြည့်ကြစမ်း'

ကျွန်တော်တို့က သူဆိုသည့်အတိုင်း စမ်းကြည့်သည်။ ထိုနှစ်ခုစပ်နေရာ၌ မာကျောသော အကြောစိုင်ကြီးများကို စမ်းကြည့်မိကြသည်။

'အောင်မယ် တယ်မာပါလား' ဟု ဦးခင်ဇော်က အံ့ဩစွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

'ဆရာတို့က ငယ်ငယ်ကတည်းက ကစားခုန်စား လိုက်စားခဲ့တယ်။ ဒီအကြောသန်တာ ဘာကြောင့်လဲ။'

'ဆရာက တင်းနစ်ကစားတာကိုး' ဟု ကျွန်တော်က ဖြေသည်။

'ဘယ်ဟုတ်မလဲ။ မောင်ရင်တို့ကိုပြောရင် ယုံမှာမဟုတ်ဘူး။ စကိတ်စီးတဲ့နေရာမှာ သင်းတို့ရန်ကုန်မှာရှိတဲ့ အင်္ဂလိပ်တွေတောင် ဆရာ့ကိုမမှီဘူး'

ကျွန်တော်တို့ အတော်အံ့အားသင့်မိသည်။

ဆရာက ငယ်စဉ်က စကိတ်စီးရာတွင် အလွန်ထက်မြတ်ပုံကို ပြောပြသည်။ တစ်နေ့သောအခါ ရန်ကုန်မြို့ ဗိုလ်တထောင်ရပ်ကွက်တစ်ခုတွင် ဆပ်ကပ်ပွဲတစ်ခု လာပြသည်။ ဆပ်ကပ်ပွဲမှာ ပြင်ဘက်တွင် အနီအစိမ်းကစားဝိုင်းများ၊ မြားပစ်တစားဝိုင်းများနှင့် စကိတ်စီးရန် နေရာများရှိသည်။ ထိုဆပ်ကပ်ပွဲသို့ ဆရာသွားရောက်၍ စကိတ်စီးသည်။

ဆရာသည် ငယ်စဉ်ကပင် ရောင်ထုံးနှင့်နေသူဖြစ်သည်။ အင်္ဂလိပ်ကပြား၊ ကုလားကပြားတို့၏အလယ်တွင်၊ ရောင်ကြီးဗွေနှင့် ခေါင်းပေါင်းစတလူလူ ချထားသောဆရာမှာ၊ စကိတ်ဖိနပ်ကို စီး၍ ခေတ္တအရှိန်ယူနေသည်။ ထိုအခါ အင်္ဂလိပ်ကပြားတစ်စုက ဆရာ့အား မယုံသင်္ကာနှင့် ကြည့်၍ 'စီးတတ်ကဲ့လား' ဟု မေးသည်။

'စီးတတ်လိမ့်မယ်ထင်ပါရဲ့၊ ခင်ဗျားတို့စီးတာ ကြည့်ရရင် တတ်မှာပေါ့' ဟု ဆရာက ပရိယာယ်ဖြင့် ပြောလိုက်သည်။

ထိုအခါ အင်္ဂလိပ်ကပြားမတို့က ခစ်ခစ်မြည်အောင်ရယ်ရင်း စကိတ်စီးကြရာ၊ အချို့မှာ ဗိုင်းဗိုင်းလဲကြသည်။ အင်္ဂလိပ်တ



ပြားအထိးတမှ အနည်းငယ်စီးတတ်ရာ 'ဟောဒီလို စီးရတယ်' ဟူသော အမူအရာဖြင့် ဆရာ့ရှေ့တွင်စီးပြသည်။

'ဒီတော့ ငါက အသာထလိုက်သကွဲ့။ ပြီးတော့ မစီးတတ်ချင်ယောင်ဆောင်ပြီး၊ ယိုင်ထိုးယိုင်ထိုးနဲ့ စီးပြတယ်။ ကောင်မကလေးတွေက ဝိုင်းရယ်ကြတာပေါ့။ ငါ့ကိုလဲမယ် သတိထားလို့ပြောကြတယ်။ သူတို့ပြောလေလေ၊ ငါကလဲ လဲတော့မယ့်ပုံသဏ္ဍာန် ဟောဒီလို လုပ်ပြတာပေါ့ကွဲ့။'

ဆရာချုပ်သည် စိတ်ပါလက်ပါနှင့် စကိတ်မတတ်တတတ်စီးဟန်ကို ကျွန်တော်တို့အား ပြသည်။ ဆရာ့စိတ်ထဲ နှစ်ပေါင်းသုံးဆယ်ကျော်လေးဆယ်မျှ ပြန်ငယ်သွားသည်ဟု ထင်နေဟန်တူသည်။ ငယ်မူငယ်ဟန်တို့ ပြန်၍ပေါ်လာဟန် လက္ခဏာရှိသည်။

'ပြီးတော့မှ ငါက ကျကျနနစီးပြလိုက်တယ်။ အကွေ့ကျရင် ဘယ်ကွေ့တော့ဘယ်ယိမ်း၊ ညာကွေ့တော့ညာယိမ်းပြီး စီးပြလိုက်တော့ အားလုံးက အံ့အားသင့်ကြတယ်။ အို. . . အဲဒီတော့မှ အကောင်တွေ ကောင်မတွေ ဆရာ့နားဝိုင်းလာကြတာပေါ့။'

ဆရာသည် အမှန်ပင် ငယ်မူပြန်နေပါသည်။ စကိတ်စီးဟန်၊ ဘယ်ကွေ့ဟန်၊ ညာကွေ့ဟန်၊ ကိုယ်ရှိန်သတ်ဟန်၊ ကိုယ်ကိုနောက်ပတ်လှည့်ဟန်၊ အမျိုးမျိုးလုပ်ပြနေပါသည်။ ဆရာသည်အလွန်ရှုတ်လပ်သော အမူအရာကို ဆောင်နေပါသည်။

ကစားခုန်စားမှုတွင် ဆရာချုပ်စကိတ်စီးကျွမ်းကျင်သလို၊ စာပေဘက်၌လည်း ဝတ္ထုအရေးအသားကျွမ်းကျင်သည်ကို လူသိနည်းလှပေသည်။ သတင်းစာဆရာ ဆရာချုပ်အဖြစ်နှင့် ဗဟုသုတကြွယ်သောဆောင်းပါး၊ ဟာသဉာဏ်ကစားသောဆောင်းပါး၊ ဆောင်းလုံးများဖြင့် သူတပါးကို မိမိရရကန်သော 'ရကန်' သဘော

www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်သည့်ဆောင်းပါး၊ နိုင်ငံရေးကိလိဋ္ဌတို့ကို လမ်းပေါ်က လူပင်လျှင် နားလည်လွယ်အောင် ရေးသားသော ဆောင်းပါး အစရှိသည်တို့နှင့် ဆရာဦးဘချိုကို မည်သူမဆို ဆက်သွယ်၍ကြည့်စမြဲပင်။ သို့သော် ဆရာချိုကို ဝတ္ထုရေးဆရာအနေနှင့် သိကျွမ်းကြသူ နည်းလှပါသည်။ ကျွန်တော်တို့သည်ပင်လျှင် ဆရာ၏ရေးသားခဲ့သမျှစာပေဆောင်းပါးစသည်တို့ကို မလွတ်တမ်းလိုလို ဖတ်ရှုခဲ့ဖူးသော်လည်း ဆရာချိုဝတ္ထုရေးသည်ဟု မကြားမသိခဲ့ဘူးပါ။

ကျွန်တော်သည် ဒီးဒုတ်ဂျာနယ်တွင် အပတ်စဉ်ဖော်ပြသော ဘွေသီဟာဝတ္ထုကို ဘတ်ဖူးပါသည်။ သို့ရာတွင် 'ဘွေသီဟာ' ကို ရေးသူ၏ ကလောင်အမည်မှာ ဒီးဒုတ်ဦးဘချိုမဟုတ်ပါ။ ထို့ကြောင့် 'ဘွေသီဟာ' ကို ဆရာချို၏အမည်နှင့် ဒွန်တွဲ၍မကြည့်ခဲ့ဘူးပါ။

'ဘွေသီဟာ' ကို ကျွန်တော် အကဲခတ်ရသည်မှာ ဆာဝေါ်လ် တာစကော့ထ်ကဲ့သို့သော ရာဇဝင်သုတေသီဆန်သည့် ဝတ္ထုရေးဆရာတို့၏ သဘောသွားမျိုးဖြစ်သည်။ ရှေးဆန်သော ဇာတ်လမ်းတစ်ခုကို ဇာတ်အိမ်ဖွဲ့၍ ရိုမန့်စ်* ခေါ် စိတ်ထဲတွင် ဆွတ်ပျံ့ဖွယ်ရာဖြစ်လာအောင် စိတ်ကူးယဉ်သော အရေးအသားမျိုးဖြစ်ရာ၊ 'ဘွေသီဟာ' ဝတ္ထုရေးဆရာ၏ အဆင့်အတန်းမှာ ရှေးရိုးရှေးသွားများအကြားတွင် အလွန်ဝိသေသထူးကဲလှပေသည်ဟု ကျွန်တော် ယူဆခဲ့ပါသည်။

ထို့ပြင် 'ဘွေသီဟာ' မှာ ဆွတ်ပျံ့ဖွယ်ရာမျှသာမဟုတ်၊ မြန်မာအနုပညာသဘောများကိုလည်း ထုတ်ဖော်ထားသော ဝတ္ထုဖြစ်သည်။ အနုပညာသဘောတို့ကိုလည်း နန်းတွင်းနိုင်ငံရေးတို့နှင့်

* Romance



ဟပ်၍ဟပ်၍ပြသွားပေသည်။ ယခုခေတ်၌ နိုင်ငံရေးကျားကစားသည်ဟူသော အသုံးအနှုန်းမျိုးရှိနေဘိသကဲ့သို့ နန်းတွင်းဇာတ်တော်ကြီးများခေတ်က နိုင်ငံရေးစစ်တုရင်ကစားပုံကို ဖော်ပြသည်။ ဤအချက်တို့ကို ထောက်သဖြင့်လည်း ဝတ္ထုရေးဆရာမှာ အနုပညာ၌ ပြောင်မြောက်၍ နိုင်ငံရေးအမြင်ကျယ်ပြီးလျှင် စစ်တုရင်ကောင်းစွာ ထိုးတတ်သူဟု အကဲခတ်နိုင်သည်။ ဤသို့လည်း ကျွန်တော်အကဲခတ်မိပါ၏။ သို့သော် 'ဘွေသီဟာ' ကို ဆရာချိုနှင့် ဒွန်တွဲ၍ မကြည့်မိခဲ့ပေ။

ယခုစကားလက်ဆုံကျရင်းမှ 'ဘွေသီဟာ' ကို ဆရာချိုရေးခဲ့ကြောင်း သိရ၍ ကျွန်တော်မှာ များစွာ အံ့အားသင့်ခဲ့မိသည်။

'ဘွေသီဟာ' ကို ဆရာစာအုပ်ပြန်ရိုက်မယ်' ဟု ဆရာချိုက ကျွန်တော်တို့အား ပြောပြလေသည်။

ကျွန်တော်တို့ ခေတ်စာရေးဆရာအများသည် ဥရောပ၏ ပြန်လည်ဆန်းသစ်ရေးခေတ်၌ ကြည်နူးမိကြသကဲ့သို့၊ ဆရာတို့ငယ်ငယ်ခေတ်ကလည်း ဥရောပ၏ဆွတ်ပျံ့ဖွယ်ရာ ခေတ်၌ ကြည်နူးခဲ့ကြတန်တူလေသည်။ ယခုတစ်ဖန် တော်လှန်ရေးခေတ်မှ နောက်သို့ ပြန်လှည့်ကြည့်သော်၊ အတော်ရှေးကျနေပြီဟု မှတ်ထင်ဖွယ်ရာ ရှိလေသည်။ သို့သော် 'ဘွေသီဟာ' တွင် ဇာတ်ကောင်တို့၏ 'ဉာဉ်' ကို သရုပ်ဖော်ပေးရာ၌ ခေတ်သစ်စာရေးဆရာတို့ပင်လျှင် အတုယူလောက်ပေသည်။ ယခု ကျွန်တော်စားမြုံ့ ပြန်နေသည်မှာ ရှေးက ဖတ်ဖူးသော အမှတ်သညာဖြင့်သာ ပြန်ပြောနေရခြင်းဖြစ်သည်။ ထို့ညကမူကား ဆရာသည် 'ဘွေသီဟာ' ၌ ဇာတ်ကောင်များ၏ စရိုက်ဉာဉ်တို့ကိုမည်သို့မည်ပုံဖော်ပေး၍ မည်သည့်အဓိပ္ပါယ်ထွက်ကို ဆောင်ကြောင်းဝတ္ထုထဲကသာဓကဖြင့် ထုတ်ဖော်ပြသသွားခဲ့သည်။

www.burmeseclassic.com



ယင်းသို့လျှင် ကျွန်တော်တို့ စကားကောင်းလာခဲ့ကြသည်မှာ သန်းခေါင်ကျော်သည်ကိုပင်လျှင် မည်သူမျှ သတိမထားမိကြပါ။ အချိန်သည် မျော၍မျော၍ သွားသကဲ့သို့ပင် စကားကြောလည်း မျော၍လာပြီကို ကျွန်တော်တို့ အမှတ်မထားမိပါ။

မြန်မာ့ယဉ်ကျေးမှုမှ ဘရင်းဂန်းသို့၊ ဘရင်းဂန်းမှ ဂျူနီစောသို့၊ ဂျူနီစောမှ စကိတ်သို့ စကိတ်မှသည် 'ဘွေသီဟာ' သို့ စကားရေအယဉ်သည် မျော၍မျော၍ လာလေသည်။ ထိုအတွင်း ဦးခင်ဇော်က ဆရာငယ်စဉ်ကဆိုလျှင် အဖက်ဖက်၌ကျွမ်းကျင်၍ လူမှုရေးရာတို့၌ ဝင်ဆံ့သောကြောင့်၊ လူချစ်လူခင်အတော်ပေါ်များပေလိမ့်မည်ဟု စကားစလိုက်သည်ဟု ကျွန်တော်ထင်ပါသည်။ သူစခဲ့သော စကားစဉ်ပြတ်မသွားရလေအောင် ကျွန်တော်က ထောက်ပေးလိုက်ပါသည်။

'လူချစ် လူခင်ပေါတယ်ဆိုလို့ ဆရာရယ် ကျွန်တော်သတိရတယ်။'

ဆရာချိုက ကျွန်တော့်ကိုလှမ်း၍ကြည့်လိုက်သည်။ ကျွန်တော်က အဘိုး၊ အမာနှင့် ဆရာမ မခင်ပုတို့မကြားအောင် 'ဆရာ ဟိုတုန်းက ညွှန့်နဲ့ကြောင်းလမ်းခဲ့သေးတယ် မဟုတ်လား' ဟု တိုးတိုးမေးလိုက်သည်။

ဆရာသည် ကျွန်တော်တို့အနီးသို့ ကပ်လာသည်။ ပြီးလျှင် ပြုံးလိုက်သည်။ အခန်းဝသို့လည်း မျှော်ကြည့်လိုက်သည်။ အပြင်ဘက်တွင် လေပြေလေညှင်းအသံတို့သည် ပဥ္စင်ငါးပါးတို့ တီးမှုတ်နေသည့်နှယ်။

'ဖူးစာဆိုတာ ဒီလိုပေါ့ကွယ်၊ အကြောင်းရေစက်က မဆုံစည်းပြန်တော့လဲ လမ်းခွဲခဲ့ကြရတာပေါ့။ မိဘများကလည်း



သဘောတူကြတာ မဟုတ်ဘူးကွဲ' ဟူ၍ တိုးတိုးသက်သာ ပြန်ပြောသည်။

ငယ်ကချစ် အနှစ်တစ်ရာဟူသော သဘောတို့သည် ဆရာ့မျက်နှာ၌ပေါ်လေမလားဟု ကျွန်တော် အကဲခတ်ကြည့်မိပါ၏။ သို့သော် ဆရာချို၏ပြုံးစနဲ့ အမူအရာတို့မှာ အတိတ်သည် ပစ္စုပ္ပန်မဟုတ်တော့ ဟူသော သဘောကိုသာ ညွှန်းဆို၍ပြနေပေသည်။

အခန်းအပြင်ဘက်မှ လေအေးသည် တစ်ချက်တစ်ချက် ဝေ့၍ဝေ့၍လာပါသည်။ ကျွန်တော်တို့၏ စကားစဉ်တို့ကား ဝေ့၍ဝေ့၍သွားပြန်ပါသည်။

သို့နှင့်ပင် ဆရာချိုသည် ဟသ်ာတနယ်၌ ပညာအုပ်လုပ်ခဲ့သည့်အကြောင်း၊ ပညာဝန်ဦးဖိုးကျားတို့နှင့် အပြန်အလှန် ဆောင်းပါးရေးကြသည့်အကြောင်း၊ 'တောက်တဲ့' အမည်ခံ၍ ဆောင်းပါးရေးသည်တွင် အမည်ကျော်ကြားလာပြီးနောက်၊ 'ဒီးဒုတ်' ဟူသော အမည်ကိုယူကာ ဒီးဒုတ်ဂျာနယ် တည်ထောင်သည့်အကြောင်း၊ ဗန္ဓုလသတင်းစာနှင့် အပြန်အလှန်ရေးကြသည့်အကြောင်း . . . စသည့်အကြောင်းမျိုးစုံ ထွေရာလေးပါးတို့ကို ပြောပြပြီးသည့်နောက် သတင်းစာဆရာ ဆရာချိုသည် နိုင်ငံရေးသမားဖြစ်လာရပုံတို့ကို ပြောပြပါသည်။ ထို့နောက် ဖေဘီယံအသင်း* တည်ထောင်ပုံ၊ ဒေါက်တာဘမော်နှင့် အကြောင်းဆုံစည်းလာပုံ၊ လွတ်လပ်ရေးအင်အားစုဟု ခေါ်အပ်သော ဖရီးဒမ်းဘလော့က်** ကို တည်ထောင်ပုံ စသည်တို့ကိုလည်း ပြောပြပါသည်။

သည်တစ်ခါ ဆရာသည် အနုပညာသမားအဖြစ်မှ

---

* Fabian Party
* Freedom Bloc

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာဆရာဘဝသို့ ခြေဦးလှည့်လာပြီး နိုင်ငံရေးအကြောင်းသို့ စကားဆက်လာခဲ့သည်မှာ ကျွန်တော်က စကားစပေးသောကြောင့် မဟုတ်တော့ဘဲ သူ့စိတ်ကူးနှင့်သူ ပြောပြနေခြင်းဖြစ်ရာ ကျွန်တော်တို့က နားထောင်ရုံသာနားထောင်ပါသည်။ တဖန်နိုင်ငံရေးအကြောင်းမှသည် အင်းအိုင်ခလှဲ့ လက်ဖွဲ့အကြောင်းသို့ စကားခြေဦးတည့်ရာ ရောက်သွားပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းဇာတာနိမ့်သည့် အချက်သို့ ဆိုက်လာပြန်ပါသည်။

'ဆရာရယ်၊ ဆရာ့ဇာတာစမ်းလင်္ဂကလေးများလဲ တွက်ချက်ကြည့်ပါဦးလားဆရာ။'

ကျွန်တော်က စကားကိုဝင်၍ ထောက်လိုက်သည်။

'ငါ့ဇာတာကတော့ သိပ်ကိစ္စမရှိပါဘူးကွဲ့။ ငါဟာ ဥပစ္ဆေဒကကံထိုက်မဲ့ လူစားမျိုးမဟုတ်ဘူးကွဲ့။'

ဆရာချိုသည် သူ၏ကံအကြောင်းတရားကို သူတွက်ဆထားပြီးဟန်တူသည်။ သို့သော် ကျွန်တော်က ယင်းသို့ စကားစပေးလိုက်ခြင်းသည်ပင်လျှင် မသင့်လျော်တော့ပြီ၊ အချိန်မှာ နာရီပြန်နှစ်ချက်ထိုးပြီးပြီ။ ထို့ကြောင့် စကားကိုဖြတ်၍ လူစုခွဲချိန်တန်ပြီ။

'ငါ့အတွက်မပူပါနဲ့ကွယ်၊ ကိစ္စမရှိပါဘူး။ အဲ. . . ငါလုပ်စို့တစ်ခုတော့ရှိသေးသကွဲ့။ ဒါကလဲ စက္ကူဖြူစာတမ်းအရ ဒိုမီနီယံအုပ်ချုပ်ရေးကို အာလာယဖြတ်ပြီး လုံးဝ လွတ်လပ်ရေးရှေ့ရှုနိုင်စို့ဆော်သြရဦးမယ်။ ဂျွန်စောတို့ နည်းနည်းစိတ်ကူးလွဲနေတယ်။ ဒါကြောင့် နက်ဖြန်သဘက်ထွက်မယ့် ဒီးဒုတ်ဂျာနယ်ဆယ်လံအာဝါး အခန်းမှာ ဂျွန်စောကို ချေပစရာရှိနေတယ်။ ဆရာလဲ ရေးစို့စိတ်ကူးရထားပြီ။'

ကျွန်တော်တို့သည် ဆရာဤသို့ပြောလိုက်သောအချက်တို့အကွက်ကောင်းယူ၍ စကားဖြတ်လိုက်ကြသည်။ ဆရာဆောင်းပါးရေးစရာရှိနေလျှင်ရေးပါတော့။ အချိန်လည်းအတော်ညဉ့်နက်လေပြီ။ ဤသို့ပြောဆို၍ ကျွန်တော်လည်းအိမ်သို့ ပြန်လေသည်။

ကျွန်တော်သည် အမှန်ပင်စိတ်လေးမိပါ၏။ သို့သော်ထိုညသည် ဆရာနှင့်ကျွန်တော်တို့ နောက်ဆုံးတွေ့လိုက်ရသောညဖြစ်လိမ့်မည်ဟု အမှတ်မထားခဲ့။ စင်စစ်ဆရာချိုက သူ့အတွက် မစိုးရိမ်ပါနှင့်ဟုဆိုသည်ကိုပင် ကျွန်တော့်အဖို့ အလုံးကြီးတစ်လုံးကျသွားသကဲ့သို့ ဖြစ်လေရကား၊ အိမ်သို့ရောက်သော် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်မိပါသည်။ ကျွန်တော့်မှာ ညဉ့်နက်သန်းခေါင်အထိ ဆရာချိုနှင့်စကားပြောခဲ့ရ၍ နောက်တစ်နေ့နံနက်၌ နေမြင့်မှပင် အိပ်ရာကထနိုင်ပါသည်။

ကျွန်တော်အိပ်ရာမှ ထသည့်အချိန်၌ကား အတွင်းဝန်ရုံး၌ ယမ်းငွေ့ဝေခဲ့ပြီတကား။

ကျွန်တော်သည် ထိုနေ့က မိုးရွာထဲတွင် လမ်းသလားကာ ဆရာချို၏သတင်း၊ ဗိုလ်ချုပ်၏သတင်းတို့ကို လိုက်လံစုံစမ်းမိပါ၏။ ဆရာချိုမှာ လူသတ်သမား၏ သေနတ်သံဒိုင်းဟုဆိုသည်နှင့်တပြိုင်နက် အသက်ပျောက်ခဲ့ရသည်မဟုတ်ဟု ကြားပါသည်။ မေ့မျောနေပြီးမှ ကံကုန်လေသည်။ မှတ်မိသမျှဆိုလျှင် တစ်နာရီ နှစ်နာရီခန့်မေ့မျောနေခဲ့ပြီးမှ ကွယ်လွန်ရှာသည်ဟု ကြားသိရပါသည်။

ဆရာသည် သူ့ကိုယ်သူ ကြိုတင်၍ ဗေဒင်ဟောခဲ့သည့်အတိုင်း ဥပစ္ဆေဒကကံထိုက်သည်မဟုတ်ဟု ယူဆရန်ရှိပါသည်။ ဥပစ္ဆေဒကကံဆိုသည်မှာ တိကနဲဖြတ်၍ ပြတ်သွားရသော ကံမျိုးဟု ကျွန်တော်ယူဆသည်။ ယခုဆရာ၏အဖြစ်ကား ဤသို့မဟုတ်ဆက်နက်ဒဏ်ကြောင့် ကွယ်လွန်ရစေကာမူ ချောမေ့နစ်ကြိမ်

www.burmeseclassic.com



မပြန်ဘဲနှင့် ကွယ်လွန်ခဲ့ရသည်မဟုတ်ချေ။

ကျွန်တော်သည် ဆရာချို၏အဖြစ်အပျက်ကို မှတည်၍ ရှုမဝမဂ္ဂဇင်း၌ပင် 'ပေဒင်' ဟူသော ဝတ္ထုတိုတစ်ပုဒ်ကို ရေးခဲ့ပါသည်။ 'ပေဒင်' မှ တဖန်ဆက်သွယ်၍ စိတ်ကူးရကာ 'သတင်းဦး' ဟူသော ဝတ္ထုတိုတို့ကို ရေးသားခဲ့ပေသည်။ ကျွန်တော်ကား နက္ခတ်ပေဒင်ဆရာတို့၏ ပါရမီခေါင်းပါးချေရကား ပေဒင်၏သဘောမှာ ထူးဆန်းသည်ဟုသာ အောက်မေ့ရချေသည်။ ပေဒင်၏သဘောမှာ လောကဓာတ်ပညာသဘောသက်ဝင်လေသလော၊ သို့တည်းမဟုတ် 'ကံ ကံ၏အကျိုး' ဟူသော သဘော၌အကျုံးဝင်လေသလော။ ကျွန်တော် ဤကဲ့သို့တောင်တောင်အီအီတွေးတောမိခဲ့ဖူးပါ၏။ မိမိမကျွမ်းကျင်သော အရာ၌ ကျွန်တော် ဘာမျှထင်မြင်ချက်မပေးတတ်။ ကျွန်တော်၏အတွေး၌ကား ဆရာချိုသည် ထိုညက ကံထမ်းလာသည်ကို လှံထမ်းလာသကဲ့သို့ မြင်ကောင်းမြင်မိပေလိမ့်မည်လောဟူ၍သာ တွေးတောမိပါသည်။ အကယ်၍ မြင်မိသည်ရှိသော် ဆရာသည် ကျွန်တော်တို့အား ထိုညက နောက်ဆုံး နှုတ်ဆက်သွားခြင်းပေလော။

(ရှုမဝ၊ ဇူလိုင် ၁၉၅၃)

# အတိတ်ကို ဆောင်ရသော်

သမိုင်းဟူသည် လူမျိုးတစ်မျိုး၏ ကျောရိုးသဖွယ်ဖြစ်၏။

သမိုင်းမရှိသော လူမျိုးမှာ ကျောရိုးမရှိသော သတ္တဝါကဲ့သို့ တောင့်တင်းခိုင်မာခြင်းမရှိနိုင်။ သမိုင်းအခြေခံမရှိသူတို့မှာ တီ၊ ကျွတ်၊ မြှော့များပုံပမာ ပျော့အိပြော့ဖတ်နှင့် လူတကာတို့၏ ချေမှုန်းခြင်းကို အလွယ်တကူခံကြရသည်။

ထို့ကြောင့် လူဖြစ်စဉ်ကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ဖြင့် ဆက်စပ်ကြည့်ရှုလေ့လာသုံးသပ်ဖို့ များစွာလိုပေသည်။ အထူးသဖြင့် လွတ်လပ်သော ဤခေတ်၌ မိမိတို့၏ အဖြစ်သနစ်ကို ဤအကြောင်းကြောင့် ဤအကျိုးဖြစ်ထွန်းလာလေသည် ဟူသော ကြောင်းကျိုးဆက်သဘောတရားတို့နှင့် ယှဉ်၍မသုံးသပ်တတ်ချေသော်၊ ကျွန်ုပ်တို့သည် ဘယ်ကလာ၍ ဘယ်ကိုသွားမည်ကို ခန့်မှန်းဆတ်လိမ့်မည်မဟုတ်ချေ။

အထူးသဖြင့် ယနေ့ ကျွန်ုပ်တို့၏ အခြေကို ကြည့်လျှင် ကျွန်ုပ်တို့သည် လွတ်လပ်သော လူမျိုးတစ်မျိုးအနေဖြင့် နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



ပဋိစ္စသမုပ္ပါဒ်တို့ကို ကောင်းစွာဝိပဿနာ မတင်နိုင်သောကြောင့် မိမိတို့ကိုယ်ကို မိမိတို့ မိုးကျရွှေကိုယ်ဟု အထင်ရောက်နေကြ သည်။

ငါ လူဖြစ်လာသည်မှာ အဘယ်ကြောင့်နည်း။ ငါ့အမိ ငါ့အဖတို့၏ စွမ်းရည်ကြောင့် ငါလူဖြစ်သည်မဟုတ်၊ ငါ့အစွမ်း ကြောင့်သာလျှင် ငါလူဖြစ်ရသည်။ ငါသည် ငါနှင့်သာလျှင် နှိုင်းစရာ တည်း။ ငါလိုလူ ဇမ္ဗူမှာရှိသေးရဲ့လား။

ဤနိုင်ငံရေးသက္ကာယ ဒိဋ္ဌိပိုးသည် ကျွန်ုပ်တို့၏ နိုင်ငံရေး အခြေအမြစ်တို့ကို တိုက်ဖျက်လျက်ရှိသည်။ ထို့ကြောင့်လည်း လူထု အပေါ်၌ မာနထောင်လွှားနေသော ပုဂ္ဂိုလ်တို့သည် လူထုနှင့်အဆက် ပြေစွာ မဆက်ဆံတတ်ဘဲ၊ ဒေါမနဿ သဟဂုတ်ပြီးလျှင် အာဏာ အပ်ပေးသော လူထုကိုပင်လျှင် ကလော်တုပ်လျက်ရှိနေကြသည်။

သမိုင်းကို ကျွန်ုပ်တို့ လေ့လာသ၍မှာ မိမိ၏သမိုင်းထို သူတပါးအမြင်နှင့်မြင်သည်တို့ကို တဖန်ပြန်၍ လေ့လာနေရခြင်း ဖြစ်ရာ၊ လေ့လာသမျှတို့မှာ ကျွန်ုပ်တို့၏ဘဝအခြေအနေနှင့် မဟပ် မိချေ။ သူတစ်ပါး၏မျက်စိကိုငှား၍ ကြည့်နေကြရလေရာ၊ ကြည့် သမျှမှာ တလွဲတချော်ဖြစ်သည်ကများပေသည်။

သူတစ်ပါး၏အမြင်ကို ပယ်ကောင်းသည်ဟု ကျွန်တော် မဆိုချင်။ မိမိအမြင်နှင့် မိမိကြည့်တတ်ပြီးမှ သူတစ်ပါးအမြင်နှင့် ပြန်၍ချိန်ထိုးကြည့်သော် ပိုမို၍ယထာဘူတ ကျမည်မဟုတ်ပါလော။

ထို့ကြောင့် ကျွန်တော်သည် ကိုယ့်လူမျိုးနှင့် ကိုယ့်နိုင်ငံ သမိုင်းကို ခါတိုင်းထက်ပို၍ စိတ်ဝင်စားမိ၏။ ထို့ကြောင့်လည်း ကျွန်ုပ်တို့၏ မျိုးချစ်စိတ်ထွန်းကားခဲ့သောခေတ်ကို ရာဇဝင် စာတင်ကြည့်လို၏။ သို့သော် ထိုမျှကျယ်ဝန်းသော ကိစ္စအထွေ



အထောက်အထားပြုရန် ကိရိယာတန်ဆာပလာများ မစုံလင်ပါ။ သို့သော် ကျွန်တော်ကဲ့သို့ စိတ်ဝင်စားသူ သုတေသီပုဂ္ဂိုလ်များကား အကြိုအကြားတွင် အနှံ့အပြားရှိ၏ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ဤမပြည့်စုံသော လေ့လာချက်တို့သည် သုတေသီပုဂ္ဂိုလ်တို့၏ ရင်တွင်း၌ မြှုပ်၍နေသော သမိုင်းအရာ၌ လေ့လာလိုသည့်ဝါသနာကို နှိုးပေးနိုင်ခဲ့လျှင် ကျွန်တော်၏အာသီသသည် တစ်စိတ်တစ်ဒေသ ပြည့်ဝပြီဟု ယူဆလိုပါသည်။ ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင်၊ နိုင်ငံ ကြီးသားအချင်းချင်း စစ်ဗျူဟာကျင်းပသည့်အခါတိုင်း၌ နိုင်ငံကြီး သားတို့၏အောက်တွင် လောင်းရိပ်မိနေကြသော နိုင်ငံငယ်တို့သည် မျိုးချစ်စိတ်ဓာတ်များကို ပြန်လည်ဆန်းသစ်စေ၍ လွတ်မြောက် ရေးကို ရှေ့ရှုလေ့ရှိကြသည်ကို ကျွန်တော်တို့ တွေ့ကြရပေလိမ့်မည်။

ဤအဖြစ်သနစ်သည် အထူးအဆန်းမဟုတ်၊ လူမျိုးတိုင်း လူမျိုးတိုင်း လွတ်မြောက်ရေးအတွက် အကွက်ကောင်းရှိကြသည် ချည်းပင်။ မကြာမတင်က ကမ္ဘောဒီးယားတိုင်းပြည်သည် ပြင်သစ် တို့ အကျပ်ရိုက်ချိန်ကို ရွေး၍ လွတ်မြောက်ရေးအတွက် အရေးဆို သည်ကို ပြန်ကြည့်ပါ။

စင်စစ်ကမ္ဘောဒီးယားတိုင်းပြည်သည် ကျွန်ုပ်တို့နိုင်ငံက လွတ်လပ်ရေးကြိုးပမ်းခဲ့သည့် သဘောတရားတို့ကို နည်းခိုးလေ သလား မပြောတတ်ချေ။ သို့သော် လုပ်ပုံကိုင်ပုံကိုကြည့်ရလျှင် ဗိုလ်ချုပ်အောင်ဆန်း၏ ကြံရည်ဖန်ရည်ကို ယူသည်ဟုတွေးတော စရာရှိသည်။

အထက်အဆိုပါ နိယာမတရားအရ ပထမကမ္ဘာစစ်ကြီး သည် ကျွန်ုပ်တို့မြန်မာအမျိုးသားတို့အား မျိုးချစ်စိတ်ဓာတ်ပြန်လည် ကြီးထွားရေးကို အထောက်အပံ့ပြုခဲ့ပေသည်။

www.burmeseclassic.com



ဥပမာအားဖြင့် ပထမကမ္ဘာစစ်ကြီးပြီးစတွင် အရှင်ဦးဥတ္တမ သည် ဂျပန်ပြည်မှမြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ဂျီစီဘီအေအဖွဲ့အစည်းတို့လည်း အင်အားတောင့်တင်းစပြုလာလေ သည်။

ကျွန်တော်သည် ထိုခေတ်ထုတ် မဂ္ဂဇင်းအဟောင်းအမြင်း စာတိုပေစများထဲမှ ဆွဲထုတ်ဖတ်ယူကြည့်ရှုရာတွင် သမိုင်း၏ သဘောကို တွေးတောထင်မြင်မိပါသည်။

ထိုခေတ်သတင်းစာ၊ မဂ္ဂဇင်းတို့သည် နိုင်ငံရေးကြိုးပမ်းမှု ၏ လမ်းစကိုဖော်ပေးခဲ့လေပြီ။ ၎င်းတို့သည် မျိုးချစ်စိတ်ဓာတ်ကို အပြင်းအထန်လှုံ့ဆော်ပေးလျက်ရှိလေပြီ။

ထိုခေတ်မှာ မစ္စတာမောင်မှိုင်း၏ 'ဗိုလ်ငှိုကာ' နှင့် 'မှာတော်ပုံ' ခေတ်ဖြစ်သည်။ မြန်မာတို့သည် မိမိတို့၏စာပေကို ပြန်လည်တသအောက်မေ့စပြုလာကြလေပြီ။ မစ္စတာမောင်မှိုင်း၏ ရာဇဝင်ဆောင်းပါးများအပြင် လယ်တီပဏ္ဍိတဦးမောင်ကြီး၏ရာဇ ဝင်ဝတ္ထုများသည် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို နှိုးပေးခဲ့သည်။ ထိုခေတ်တွင် တစ်ပြေးတည်း ပီမိုးနင်းသည်လည်း သူ၏ဝတ္ထုများ နှင့် ရှေးဟောင်းခေတ်တွင်းမှနေ၍ ခေတ်သစ်ကို လှမ်းမျှော်လျက် ရှိ လေပြီ။

သူရိယသတင်းစာ၊ မြန်မာ့အလင်းမဂ္ဂဇင်း၊ ပညာအလင်း မဂ္ဂဇင်းဟူသည်တို့လည်း သူ့အာဘော်နှင့်သူ၊ သူ့ပေါ်လစီနှင့်သူ တိုက်ရိုက်တစ်မျိုး သွယ်ဝိုက်၍တစ်ဖုံ၊ လွတ်မြောက်ရေး ကြိုးပမ်း မှုကို လမ်းခင်းပေးခဲ့သည်။ မြန်မာ့အလင်းသတင်းစာပေါ် ပေါက်လာ သောအခါ၌ကား သတင်းစာတို့၏ အင်အားသည် ပိုမိုထောင့်တင်း တင်းလာခဲ့သည်။ ထိုစဉ်က ပညာ့အလင်းမဂ္ဂဇင်းသည် နောက်ဆုံး



သို့ ရောက်လာသောအခါ အမျိုးသားရေး၏ဒဏ် ပြန်ဖြစ်လာခဲ့ သည်ဟု အချို့က ယူဆကြသည်။ နယ်ချဲ့၏စက်ကွင်းထဲ၌ ကျင် လည်ခဲ့ရသည်ဟု မှတ်ယူရန်အကြောင်းရှိပေသည်။ သို့သော် မူလ အရင်းအမြစ်ကို စိစစ်ကြည့်လျှင် အမျိုးသားရေး၏အထောက် အပံ့ အမှန်ဖြစ်ခဲ့သေးသည်။ နောင်မှ ဖောက်လွဲဖောက် ပြန်ဖြစ်ရခြင်းကို မူကား အရာသွင်း၍ စဉ်းစားလောက်သည်မဟုတ်။

ယခုလွတ်လပ်ပြီဟူသော ဘဝအခြေသို့ ရောက်လာသော အခါ အမျိုးသားခေတ်ကို ပြန်လည်အောက်မေ့၍ စားမြုံ့ပြန်ရသည် မှာ အတော်ပင်ဆွတ်ပျံ့ဖွယ်ဖြစ်လေသည်။

ထို့ကြောင့် ဤဆောင်းပါးဖြင့် ကျွန်တော်သည် ထိုခေတ်ကို ချုပ်ဖော်ပေးခြင်းဖြစ်ပါ၏။ သို့သော်လည်း ကျွန်တော်မှီငြမ်းပြုစု ရာ စာတိုပေစတို့မှာ ပညာ့အလင်းမဂ္ဂဇင်းဒါဇင်ဝက်မျှလောက် နှင့် လောကသာရမဂ္ဂဇင်းတစ်အုပ်မျှသာဖြစ်ပါသည်။ ထို့ကြောင့် ထိုခေတ်၏လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့၏ သဘောသဘာဝ တို့ကို တစ်စိတ်တစ်ဒေသမျှသာ စောင်းငဲ့၍ ကြည့်နိုင်ပါသည်။ သို့ရာတွင် တစေ့တစောင်းကြည့်ခွင့်ရခြင်းသည်လည်း ယခုခေတ်နှင့် ဆင်ပြေး တည်းဆက်နေခဲ့သော ခေတ်သမိုင်းကို အာရုံပြု၍ လေ့လာသူများ အဖို့ အထောက်အပံ့ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ပညာ့အလင်းမဂ္ဂဇင်းသည် ၁၉၁၇ ခုနှစ် နှစ်ဦးတွင်ပေါ် သော မဂ္ဂဇင်းဖြစ်သည်။ သူ့ထက်အရင် ကျော်ကြားနေသော မဂ္ဂဇင်းများမှာ ရွှေကြူးမဂ္ဂဇင်းနှင့် မြန်မာ့အလင်းမဂ္ဂဇင်းတို့ဖြစ် သည်။ နှစ်စောင်စလုံးကို ဦးရွှေကြူးက တည်းဖြတ်ခဲ့သည်။

ဦးရွှေကြူးသည် ရှိတ်စပီးယားကို မြန်မာတို့နှင့် ဦးစွာမိတ်ဆက် ပေးသော ပုဂ္ဂိုလ်ဖြစ်သည်။ တိုးတက်သော အယူအဆရှိသူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရာ၊ တီထွင်မှု၌ ဝါသနာထုံသည်။ အင်္ဂလိပ်မြန်မာအဘိဓာန်ကို ရေးသားပြုစုခဲ့ရာ၌ အင်္ဂလိပ်အက္ခရာ F နှင့် V တို့ကို မြန်မာတို့ အသံထွက် အက္ခရာတစ်မျိုးနှင့် ကြံဆခဲ့သည်။ နှောင်းလူတို့ ယူ အတုယူသင့်သည်ဆိုလျှင် ယူထိုက်လှသည်။ ဦးရွှေကြူး၏ F မှာ ဝလုံးကို အလယ်က ကန့်လန့်ဖြတ်ထားသော အက္ခရာဖြစ်သည်။ V မှာမူ ဝလုံး၏အလယ်တွင် အပေါင်းလက္ခဏာပြထားသော အက္ခရာဖြစ်သည်။

ဦးရွှေကြူးသည် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားနေစဉ်အ တွင်း မြန်မာတို့၏ မျိုးချစ်စိတ်ကို မြန်မာ့အလင်းမဂ္ဂဇင်းနှင့် လှုံ့ဆော်ပေးခဲ့သည်။ ထို့ကြောင့် ဗြိတိသျှတို့က ဦးရွှေကြူးကို ပြည်နှ ဒဏ်ပေးခဲ့သည်။ ထို့ကြောင့် မြန်မာ့အလင်းမဂ္ဂဇင်းသည် ဦးရွှေကြူး နှင့်အတူတူ စုံးစုံးနစ်ခဲ့ရသည်။

ထို့နောက်မှ ပညာ့အလင်းမဂ္ဂဇင်းဟု ပေါ်လာသည်။ ထိုမဂ္ဂဇင်းပေါ်လာချိန်၌ ဥရောပစစ်မြေပြင်တွင် ဂျာမနီတို့ စစ်ရှုံး စပြုနေပြီ။ မြန်မာပြည်၌ကား သူခိုးပြေးမှ ထိုးကွင်းထရဘိသကဲ့သို့ စစ်သားစုဆောင်း၍ ကောင်းတုန်းပင်ဖြစ်သည်။

ထိုအချိန်ကား စပါးဈေးတစ်ပိဿငါးဆယ်မှသည် တစ် သသာခုနစ်ဆယ် ခုနစ်ဆယ့်ငါးကျပ်မျှအထိ ဒေသကိုလိုက်၍ ပေါ ချိန်ဖြစ်သောကြောင့် မြန်မာလယ်ပိုင်ရှင်တို့သည် ချစ်တီးထံ ပေါင် ထားသော လယ်များကိုရွေးနုတ်စပြုသောအချိန်ဖြစ်သည်။ စစ် အကြောင်းပြု၍ မြန်မာနိုင်ငံတော်၏ စီးပွားရေးမှာလည်း ရွှေ ငွေမိုးရွာနေသော စီးပွားရေးဖြစ်ခဲ့သည်။ ထိုအချိန်က ပုဆိုး သိုင်း နှပ်ချေးတွဲလောင်းနှင့် ကျွန်တော်သည် ကျွန်တော်၏ ဦးလေး



တော်များဒါဘီ[1] ပုံ ဦးပိုင်းဝိုင်းဆက္ကဇုံ[2]ဖိနပ်အစိတ်တန်ကို လယ်ကွင်း ထဲ၌ ချ၍စီးနေသည်ကို ကောင်းစွာမှတ်သားမိပါသည်။

ယင်းကဲ့သို့ ထမင်းရည်ချောင်းစီးသော ခေတ်အတွင်း၌ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ပြဇာတ် စသည်တို့ကို ထုတ်ဝေ သော ပုံနှိပ်တိုက်တို့ များစွာကြီးပွားခဲ့ပေသည်။ စာဖတ်ပရိသတ် သည်း သူ့ခေတ်နှင့်သူ အတော်များခဲ့သည်။ ခြောက်ပြားတန် တေနာဂူမီရာတိုက်ထွက်ပြဇာတ်များသည် လယ်တောရှိ တရုတ် ကုလား ကုန်စုံဆိုင်များ၌ပင်လျှင် အရောင်းရသွက်သည်ကို ထောက် ရှုသောအားဖြင့် ထိုခေတ်စာဖတ်ပရိသတ်ဦးရေမှာ ယခုခေတ်နှင့် သော် သူ့အချိုးနှင့်သူ ပိန်မသာလိမ်မသာ ရှိခဲ့ပေလိမ့်မည်။ စာတစ်အုပ်ရလျှင် လယ်ကွင်းရှိ လယ်သမားအားလုံးတို့ စုပြုံ၍ ဖတ်ခြင်း၊ တစ်ယောက်လက်မှ တစ်ယောက်လက်သို့ အဆင့်ဆင့် ထမ်း၍ ဖတ်ခြင်းစသော အချက်တို့ကို ထည့်သွင်းစဉ်းစားလျှင် ယခုခေတ်ထက်ပင် သာကောင်းသာလေမည်လောဟူ၍ စဉ်းစားမိ ပါသည်။ သို့သော် လယ်ဧက ထောင်ပေါင်းများစွာပိုင်ဆိုင်ပါလျက် သည်း စာရင်းအင်းကို ကျနစွာ ရေးမှတ်ထားလေ့မရှိသော ကျွန်ုပ် တို့လူမျိုးများအဖို့ ထိုစဉ်းစားခန့်မှန်းချက်မှာ 'ရမ်းချ' ချက်မျှသာ ဖြစ်ပေလိမ့်မည်။

၁၉၁၈ ခုနှစ် ဖေဖော်ဝါရီလ ရောက်သည့်တိုင်အောင် ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် စစ်၏ဒဏ်ရာဒဏ်ချက်ကို တစ်ခုမျှ မခံစားခဲ့ကြရသေးပါ။ ကျွန်ုပ်တို့လူမျိုးတစ်မျိုးလုံးသည် ရင်းရှင်တို့ကဲ့သို့ လောဘသားဖြစ်ခဲ့ပါလျှင် ထိုလထုတ်ပညာ

1. Derby
2. Sexone

www.burmeseclassic.com

www.burmeseclassic.com



အလင်းမဂ္ဂဇင်း၌ စစ်လှုံ့ဆော်ရေး၊ ဗြိတိသျှစစ်နိုင်အောင်ကူပံ့ရေး ဗြိတိသျှတပ်မတော်သို့ ရိက္ခာသွင်းရေး စသည်တို့ကို အကြောင်းပြု ထားသော ဆောင်းပါးများဝေဝေဆာဆာတွေ့ကြရဖို့ရှိသည်။

သို့သော် ယင်းသို့ကားမဟုတ်။ ထိုစဉ်ကပင် မြန်မာလူမျိုး အနေနှင့် နယ်ချဲ့တို့၏စစ်၌ များစွာစိတ်ပါဝင်စားဟန် လက္ခဏာ မရှိပါ။ ထို့ကြောင့်လည်း ပညာ့အလင်းမဂ္ဂဇင်းတွင် 'စစ်တိုက်ရာ ပင် မေတ္တာပါဝင်ကြောင်း' ဟူသော စစ်ပြေငြိမ်းရေးအတွက် လမ်းခင်းပေးသည့် ဆောင်းပါးကို အများပြည်သူတို့ ဖတ်ရှုခဲ့ကြရ သည်။

ထိုဆောင်းပါး၌ အင်းဝဘုရင်မင်းခေါင်နှင့် ရာဇာဓိရာဇ် ၏ အဖြစ်အပျက်ကို ရည်ညွှန်း၍ 'မင်းကရောက်ချင်း စစ်ဖြစ်ရ ပြည်သူဆင်းရဲသား လူရှင်ရဟန်းပျက်စီး၍ မကောင်းမှုပွားမည် သာ ကြောက်သည်' ဟု ဆောင်းပါးရှင်က သူ၏အာဘော်ကို ပြ သည်။

'အာဝုဓလက်နက်တကာတို့တွင်၊ မေတ္တာ မေတ္တာတည်း သော လက်နက်သည်၊ သေဌ အထက်မြက်ဆုံး အမွန်မြတ်ဆုံး တည်း' ဟူသော သံဝေဂဂါထာကို ဆောင်းပါးရှင်က ကျူးရင့် နိဂုံးချုပ်လေသည်။

အမှန်မှာ ထိုစဉ်က လူထုစိတ်မှာ ဤအတိုင်းသာ သည်။ ပထမကမ္ဘာစစ်ကို လုံးပမ်းသူတို့မှာ အင်္ဂလိပ်အုပ်ချုပ် နှင့် မကင်းရာမကင်းကြောင်းဖြစ်သော ပုဂ္ဂိုလ်တစ်စုသာ လုံးပမ်းနေကြသည်။ လူထုမှာစစ်ကို စိတ်မဝင်စား။ စစ်အကြောင်း ကို နကန်းတစ်လုံးမျှသိဟန်မတူ။ ကောက်စိုက်မတို့သည် လယ် ထဲ၌ လယ်ပတူများကို နှုတ်ရင်း သိပေါမင်းကုလားလက်သို့ ပါ

ရသည့်အကြောင်းကိုသာ လွမ်းဆွတ်စွာနှင့် သီဆိုကြဆဲပင်ဖြစ်ခဲ့ သည်။

၁၉၁၈ ခုနှစ် နိုဝင်ဘာလ၌ ပထမကမ္ဘာစစ်ကြီး ပြေငြိမ်း သည်။ စစ်ပြေငြိမ်းသော အထိမ်းအမှတ်ကိုရေးကြီးခွင့်ကျယ် ရေး သားထားသည်ကို ကျွန်တော်များစွာ မတွေ့ခဲ့ရဘူးပါ။ ကျွန်တော့်ထံ ၌ ၁၉၁၈ ခု ဒီဇင်ဘာလထုတ် ပညာ့အလင်းမဂ္ဂဇင်းမရှိပါ။ အခြား ဂ္ဂဇင်းများလည်းမရှိပါ။ ထို့ကြောင့် စာနယ်ဇင်းလောက၏ အာဘော်ကို မျက်မှန်းယမ်းဆမျှသာပြောနိုင်ပါသည်။ မှတ်မိသ၍ အား စစ်ဖြစ်စက ဘာမျှမထူးခြားသကဲ့သို့ စစ်ပြေငြိမ်းစဉ်ကလည်း ဘာမျှမထူးခြားခဲ့ပါ။ သို့သော် ထိုစဉ်က စာသင်ကျောင်းများ၌ အောင်ပွဲခံသည်ဟုဆိုပြီး 'ဂျော့ဘုရင်ရွှေဘုန်း၊ နေတန္တန်းပမာယူ' သော သီချင်းကို ယခုပြည်တော်သာသီချင်းများရွတ်ဆိုရဘိသကဲ့ သို့ ကျွန်တော်တို့ ကျောင်းသားတတွေ အားပေါင်အာရင်းသန်သန် ဖြင့် ရွတ်ဆိုခဲ့ရပါသည်။ ဘုရင်လုပ်သူ၏နာမည်မှာ ဂျော့ဆိုသော ကြောင့် သည်နာမည်က ထူးဆန်းလှပေသည်ဟူ၍လည်း အောက် မေ့ခဲ့ရပါသည်။ ထို့ပြင် တောမြို့များ၌ အောင်ပွဲခံသည်ဟုဆို၍ ထောင်ဝိုင်း၊ ကြက်ဝိုင်း၊ ဖဲဝိုင်း၊ ကက်ဝိုင်းများ အကြီးအကျယ် ထားသည်ကိုလည်း ကျွန်တော် မှတ်မိလိုက်ပါသေးသည်။

စစ်ဖြစ်နေသည်ဟုဆိုသော်လည်း မြန်မာ့စီးပွားရေးအခြေ အပေါ်ယံအားဖြင့် အတော်ဟန်ခဲ့သည်။ မြန်မာအမျိုးသားထဲမှ ဆိုင်ကြီးများ ဖွင့်လှစ်နေသည်မှာ များစွာအားကျစရာ ကောင်းလှပေသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ပြည်မြို့စတိုးတိုက် နှင့် ရန်ကုန်မြို့ မြန်မာအဆွေကုမ္ပဏီမှာ နာမည်ကြီးဆိုင် သည်။ ထိုတိုက်ဆိုင်နှစ်ဆိုင်သည် ပညာ့အလင်းမဂ္ဂဇင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



၌ အပတ်စဉ် ကြော်ငြာထည့်လေ့ရှိသည်။ ထိုကြော်ငြာများသည် ထိုခေတ်မြန်မာ့စီးပွားရေးအခြေကို တစွန်းတစပြလျက်ရှိသည်။

ထိုခေတ်က တာဖတ်တာ[1] လုံချည်များသည် ယခုခေတ် နိုင်လွန်ခေတ်စားသလိုစားခဲ့သည်။ 'လေဒီအပျိုမှာ ဝတ်ဆင်ရန် ဇာပေါက်ကလနားတပ်' လုံချည်တစ်ထည်လျှင် ၅-၁၂ပဲမှ ၆ အထိ ဈေးရှိသည်။ ပြည်မြို့စတိုးတိုက်က လုံချည်တစ်ထည်ဝယ်ယူခဲ့လျှင် ဝယ်ယူသူသည် အင်္ဂလိပ်မြန်မာနှစ်ဘာသာပြက္ခဒိန်တစ်ခု လက်ဆောင်ရစမြဲဖြစ်သည်။ သို့သော် ပြည်မြို့စတိုးတိုက်မှာ လက်သုတ်ပုဝါနှင့် စားပွဲခင်းအတွက်ပို၍ ကျော်ကြားခဲ့သည်။

ပြည်မြို့လမ်းမတော်ရပ် မောင်ဘရှင်ကုမ္ပဏီကမူ စီး တံဆိပ် တာဖက်တာသက်န်းတစ်စုံလျှင် ၅ကျ်၊ ကေသီတစ်ထည်လျှင် ၃ကျ်၊ သင်းပိုင်တစ်ထည်လျှင် ၁၈-၈ပဲ နှင့် ကြော်ငြာလေသည်။

ပြည်မြို့စတိုးတိုက်၏ရှပ်အကျီဈေးနှုန်းမှာ အောက်ပါ အတိုင်းဖြစ်သည်။ (ဤခေတ်ကလူများမှာ ယခုဈေးနှုန်းများကို ကြည့်၍ သွားရည်ယိုမည်ဆို ယိုလောက်ပေသည်။ သို့သော် စင်စစ် ယခုဈေးနှုန်းများသည် တိုက်ထွက်ပစ္စည်းမို့ ဈေးကြီးသေးသည်။ ပိတ်စကို ဝယ်၍ချုပ်လျှင် တမတ်ငါးမူး သက်သာနိုင်သေးသည်)

| | |
|---|---|
| အိန္ဒိယတွီရှပ် | ၁ကျပ်၁၄ပဲ၊ ၂ကျပ်၂ပဲ၊ ၂ကျပ်၆ပဲ။ |
| ဘိလပ်တွီရှပ် | ၂ကျပ်၊ ၂ကျပ်၄ပဲ၊ ၂ကျပ်၈ပဲ။ |
| မာစရိုက်တွီရှပ် | ၂ကျပ်၄ပဲ၊ ၂ကျပ်၈ပဲ၊ ၂ကျပ်၁၂ပဲ။ |
| လန်ဒန်တွီရှပ် | ၂ကျပ်၈ပဲ၊ ၂ကျပ်၁၂ပဲ၊ ၃ကျပ်။ |
| ဆစ်လ်ကင်[2]တွီရှပ် | ၂ကျပ်၁၂ပဲ၊ ၃ကျပ်၊ ၃ကျပ် ၄ပဲ။ |

1. Tafetta
2. Silken



၎င်းတိုက်ထွက် "လေဒီအပျိုများ ဝတ်ဆင်ရန် ပိတ်ကောင်း ဇာကောင်းနှင့် ပုံကျနစွာ ချုပ်ထားသော ဇာဘော်ဒီချွေးခံ' ဈေးနှုန်း မှာကား-

| | |
|---|---|
| အညွှဲစားတစ်ထည် | ၁ကျပ်၁၂ပဲ၊ ဒါဇင်ဈေး ၂၀ိ။ |
| ပထမတန်းစား | ၂ကျပ်၂ပဲ၊ ၂၄ကျပ်။ |

ဟုလေသည်။ ရှပ်အကျီနှင့်စာသော် သူက တဆိတ်ကလေးဈေးကြီးသည်။

ဇာဘော်ဒီမှာ ယခုခေတ်လောက် လည်နှင့်ကျော မဟိုက်သေး၊ သို့သော် ဟိုက်သင့်သလောက် ဟိုက်ခဲ့ပြီ။

စွပ်ကျယ်ဈေးမှာ နံပါတ် ၃၂ တစ်ဒါဇင် ၁ ကျပ် ၁၀ ပဲဟု ဖော်ပြထား၍ တစ်ထည်ဈေးကိုမူ ၁၉ ကျပ်ဟု ဖော်ပြထားသည်။

အမှန်မှာ အထက်ပါဈေးကို ပြောင်းပြန်ယူရမည်ဖြစ်ဟန်တူ၏။ စတိုးတိုက်က ဒါဇင်ဈေးနှင့်တစ်တည်ဈေးကို ရောထွေးကာ ဖော်ပြထား၍ ကြော်ငြာမှားနေသည်။ စာပြင်ဆရာ၏ အပြစ်လော၊ ကြော်ငြာကော်ပီပေးသူ၏ အပြစ်လော၊ မပြောတတ်ချေ။

မြန်မာအဆွေသည် အမြဲတမ်းလိုလို အထူးလျှော့ဈေးကြီး ဟု စာတမ်းထိုးကာ ကြော်ငြာလေ့ရှိသည်။

'ဟောမန်' သက္ကလပ်စောင်၊ လေးဘက်မိတ်၊ နှစ်ဖက်လှ၊ ၃၈×၄၈ လက်မ၊ လျှော့ဈေးတစ်ထည် ၁၁ ကျပ် ၁၂ ပဲ။ (ဈေးရင်း ၁၃ ကျပ် ၈ ပဲ) 'ခါတော်မှီ' ဂွမ်းဝါနူ ၉၈×၅၈ လက်မ၊ တစ်ထည် လျှော့ဈေး ၆ ကျပ် ၁၄ ပဲ၊ (ဈေးရင်း ၉ ကျပ် ၈ ပဲ) 'ညဥ့်ရုံတော်' သက္ကလပ်တု ၈၀×၆၀ လက်မ၊ တစ်ထည် ၆ ကျပ် ၁၄ ပဲ၊ (ဈေးရင်း ၉ ကျပ် ၁၂ ပဲ) ဟူ၍ ကြော်ငြာပါသည်။

'ဟောမန်၊ ခါတော်မှီ၊ ညဥ့်ရုံတော်၊ လေဒီအပျို' စသော အသုံးအနှုန်းတို့မှာ အနုပညာဆံသော အသုံးအနှုန်းဖြစ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုရချိမ့်မည်။

မြန်မာအဆွေတိုက်ထွက် အခြားကုန်စည်ဈေးနှုန်းများ

| | | |
|---|---|---|
| | လျှော့ဈေး။ | ဈေးရင်း။ |
| ကက်ရှမီယာခြေအိတ် | ၁ကျပ်၈ပဲ။ | ၁ကျပ်၁၂ပဲ။ |
| ဒန်ရောင်ခါးပိုက်ဆောင်နာရီ | ၃ကျပ်၈ပဲ။ | ၄ကျပ်၈ပဲ။ |
| ရွှေရောင်ခါးပိုက်ဆောင်နာရီ | ၅ကျပ်၁၂ပဲ။ | ၇ကျပ်၈ပဲ။ |
| ကုမ္ပာရီစိန်တုကြယ်သီးတစ်စုံ | ၅ကျပ်။ | |
| ကြယ်သီးတစ်စုံ | ၂၀ကျပ်၈ပဲ။ | |
| ရွှေရောင်လက်ပတ်နာရီ | ၂၂ကျပ်။ | |
| ဘီကန်*ရှူးဖိနပ်များ | ၃၂ကျပ်၈ပဲ။ | ၃၉ကျပ်၈ပဲ။ |

စသဖြင့် ဖြစ်သည်။

ဤကုန်များမှာ ယခုခေတ်အခေါ်နှင့် ဇိမ်ခံပစ္စည်းများ ခေါ်ရပေမည်။ ထိုခေတ်က နိုင်ငံခြားကုန်မှာ ဈေးကြီးမြင့်သည် ဆိုရစေကာမူ မရိုင်းလှချေ။ သို့သော် ရှူးဖိနပ်ဈေးမှာ ယခုခေ မျက်စိနှင့်ကြည့်လျှင်ပင် များစွာ ဈေးကြီးနေသည်။ ထိုခေတ် မြန်မာလူမျိုးကာလသားတို့သည် ရှူးဖိနပ်ကို ပို၍အသားပေး သည်။ ထို့ကြောင့်လည်း ၎င်းကုန်မှာ ဈေးအလွန်ကြီးမြင့်နေဟန် သည်။ စင်စစ်မှာ ထိုခေတ်ကစစ်ဖြစ်နေသည်ကိုလည်း သတိပြု မည်၊ လူမှုအသုံးအဆောင်နိုင်ငံခြားပစ္စည်းတို့မှာ အမှန် ဈေးကြီးခဲ့ပေသည်။ သို့ရာတွင် တိုင်းပြည်၏ငွေရေးကြေးရေး ချောင်ချိသောကြောင့်၊ မြန်မာဟူသ၍တို့မှာ အသုံးဖွာနိုင်ကြ ရာ။ ဈေးကြီးသော်လည်း မကြီးဘိသကဲ့သို့ နေသာထိုင်သာရှိခဲ့ သည်။ သို့ပါသော်လည်း ကျွန်တော်၏ အဘိုးအဘွားများသ

* Beacon



ခြစ်တစ်လုံးတစ်ပြားမှ နှစ်လုံးသုံးပြားအထိ ဈေးတက်လာသော အခါ 'မြန်မာပြည်တော့ မွဲပါတော့မယ်' ဟူ၍ ချူသံပါအောင် ညည်း ခဲ့သည်ကို ကျွန်တော်မှတ်မိပါသေးသည်။

စီးပွားရေးအခြေ ထိုသို့ရှိခဲ့၏။ နိုင်ငံအခြေကား မည်သို့ နည်း။

ထိုခေတ်ကား တူသာသင်းဟူသော လူကြီးဂိုဏ်းနှင့် ဝိုင်-အမ်-ဘီ-အေ လူငယ်ပိုင်းတို့ တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် ပြုလာသောအချိန်အခါဖြစ်ပေသည်။ ယခုခေတ်အမြင်နှင့်ကြည့် လျှင် လူငယ်ပိုင်းက လူကြီးပိုင်းကို စတင်တော်လှန်သောခေတ်ဟု ဆိုရမည်ဖြစ်သည်။

တူ သာ သင်း ဟူသည်မှာ ဝါဗနာ ခေါ် ဘုရင်ခံ၏ ဥပဒေပြုကောင်စီတွင် ဘုရင်ခံက သူတောင်းပြုကာ မြှောက်စား ထားသော ဦးဘတူ၊ ဦးဖိုးသာ (ဆာ-ဖိုးသာဟု နောင်မှတွင်သည်) ဦးဘသင်းဟူသော အမတ်များဖြစ်သည်။ ၎င်းတို့ကို ထိုခေတ်က ဗြိတိသျှအစိုးရ၏ အလိုတော်ရိဟု သမုတ်ကြသည်။

တူသာသင်းကို အတိုက်အခံပြုသော ဝိုင်-အမ်-ဘီ-အေ အင်အားစုထဲတွင် သူရိယဦးဘဘေ(ဘကြီးဘဘေ)၊ ဦးဘကလေး၊ ဦးလှဖေနှင့်တကွ ယခုလွှတ်တော်ချုပ်တရားဝန်ကြီးချုပ်ဦးသိန်း မောင်တို့ ပါဝင်ကြသည်။ ထိုလူငယ်တစ်စုတို့သည် မော်လေမင်တို ဖောင်းစကင်း*ကို တိုးတက်ပြုပြင်စေရန် အရေးဆိုကြသည့်ဂိုဏ်းသား ဖြစ်၍ ထိုခေတ်လူထုက ၎င်းတို့အား များစွာအရေးပေးမြှောက်စားခဲ့ကြ သည်။

လူကြီးပိုင်း၏နိုင်ငံရေးကို လူငယ်ပိုင်းနိုင်ငံရေးသမားတို့က

* Morley-Minto Reform Schemes

www.burmeseclassic.com



အတိုက်အခံပြုလုပ်သည်ဟု ဆိုသော်လည်း ယခုခေတ်ကဲ့သို့ ပြင်းထန်ဖ သည်မဟုတ်၊ မရှိမပဋိပဒါသဘောကို လိုက်လျှောနေသောအချိန်အခ ဖြစ်လေရာ လူငယ်အင်အားစုကို သွေးထိုးပေးခဲ့သော သူရိယသတင်းစာ က ဝိုင်အမ်ဘီအေတို မျှားစွာအားမလိုအားမရဖြစ်ပြီးလျှင် 'ဝိုင်းအုံ့ပီးအေ' ဟု ရုပ်ပြောင်နှင့်သရော်လိုက်သေး၏။ သို့ရာတွင် နှောင်းကာလ၌ ထိုသရော်သူတို့ကိုပင် 'မော်ဒရိတ်'*များဟူ၍ ဝိုင်းသရော်ကြပြန်သည် ထို 'မော်ဒရိတ်' ဟူ၍ သရော်သောသူများကို တို့ဗမာအစည်းအရုံးဝင်တို့ က တဖန်ပြန်၍သရော်လေသည်၊ ရှေးလူကိုနှောင်းလူတို့က ဤသို့တစ်ဆ တစ်စ တော်လှန်လာခဲ့သည်၊ နိုင်ငံရေးသံသရာမှာ ယင်းသို့နောက်ပိုးတတ် တတ်လေရာ ယနေ့လူငယ်စုကို နက်ဖြန်လူငယ်စုက တော်လှန်လိမ့်ဦးမည် ဟုဆိုလျှင် အထူးအဆန်းဟု မယူဆသင့်ချေ။

ထိုစဉ်က မစ္စတာမောင်မှိုင်းသည် လူကြီးလူငယ်ပဋိပက္ခတို 'လူကြီးကြီး နွားကြီးနှင့်ပုံဆွယ်၊ လူငယ်ငယ် နွားငယ်နှင့်ပုံထား၊ နွားနှ ကောင် ချိုထောင်သွေးကြလျှင်၊ ဘေးဟုမှတ်သား' ဟူသော တြိချိုးဖြင့် ဆိုဆုံးမခဲ့လေသည်။

လူကြီးလူငယ် ပဋိပက္ခကို ၁၉၁၈ ခု ဩဂုတ်လထုတ် ပညာ မဂ္ဂဇင်းက အောက်ပါအတိုင်း သရုပ်ဖော်ခဲ့သည်။

"လူကြီးများကလည်း မိမိတို့ဝယဝုဒ္ဓိကြီးသည့်အားလျော်စွာ၊ နောက်ပေါက်လူငယ်များသည် အကြားအမြင်မပြည့်စုံသေး။ . . . လူကြီး သူကြီးများကို ရိုသေခြင်းတည်းဟူသော သောအပစာယန တရားကို မသိတတ်ကြ။ ဗုဒ္ဓဘာသာယောင်ယောင်၊ ဘာသာ တစ်ပါး လူမျိုးခြားတို့၏ သား သမီးယောင်ယောင်ဖြင့် ထောင် ထောင်ကြွားကြွား တံခွန်လွှား၍ နေတတ်ကြသည်ဟု အထင်

* Moderates



အမြင်ရောက်ပြီးလျှင် များစွာမဆက်ဆံလိုဘဲ ခပ်လွှဲလွှဲနေ တတ်ကြသည်။ . . . လူငယ်လူလတ်တို့ ပြုလုပ်သော ကိစ္စ မှာ လူကြီးတို့မပါချင်ကြ။ လူကြီးတို့၏ အမှုကိစ္စတွင်လည်း လူငယ်များတို့ မဝင်လိုကြဘဲ ခပ်ကွဲကွဲဖြစ်နေကြလေ၏။ ဤကဲ့သို့ဖြစ်နေခြင်းမှာ မြန်မာပြည်၏ ဦးခေါင်းကို အချက် ပေါင်းများစွာ ထုရိုက်ဘိ သကဲ့သို့ အလွန်နစ်နာသော ဒဏ်ရာဒဏ်ချက်ကြီး ဖြစ်လေသည်"

ဤစကားသည် ယနေ့အဖို့ သွေးထွက်အောင်မှန်သော စကားဖြစ်သည်၊ ယခုအခါ ပြည်ထောင်စု၏ဦးခေါင်းသည် ဟက် တက်ပြဲနေချေပြီတကား။

"သေချာစွာတွေးတောဆင်ခြင်၍ကြည့်လျှင်၊ လူကြီးတို့ လက်မှာ များသောအားဖြင့် ဘောဂဗလရှိ၏။ နောက် ပေါက် လူငယ်တို့၏လက်မှာ ခေတ်နှင့်ဆိုင်သော ပညာရှိ၏။ အချင်းချင်းသင့်တင့် ညီညွတ်စွာ ပေါင်းသင်းမိပါလျှင် ဉာဏဗလနှင့်ဘောဂဗလသည် အလိုလိုပြည့်စုံလာပေလိမ့် မည်။"

ပညာ့အလင်းအာဘော်၌ ယင်းသို့ဆက်လက်၍ ရေးသား ထားလေသည်။ ယခုခေတ်၌ ကျွန်ုပ်တို့သည် ခေတ်ဟောင်းကဟုဆို တိုင်း ခေတ်မမှီဟုရေရွတ်ကာ ပယ်ချ၍သာနေသည်၊ သို့သော် ၁၉၁၈ ခုနှစ်က အတွေးအခေါ်တို့မှာ ယခုခေတ်ကို နောက်ပြန် လှည့်ကြည့်၍ သရော်နေသကဲ့သို့။

ကျွန်တော် ပြဆိုခဲ့သည့်အတိုင်း ထိုခေတ်က လူကြီးလူငယ် ပဋိပက္ခမှာ ကြီးကျယ်လှသည်မဟုတ်သေး။ လူငယ်ပိုင်းနှင့်လူကြီး ပိုင်းကို လူလတ်ပိုင်းက ဆက်စပ်၍ ပေးနိုင်ခဲ့ပေသည်၊ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း ယူနီဗာစီတီကို သပိတ်မှောက်ခြင်းနှင့် စခဲ့သော လူငယ်လှုပ်ရှားမှုတစ်ရပ်၌ ကြီးသောငယ်သောမရွေး လူတိုင်းလူတိုင်းက သောင်းသောင်းဖျဖျနှင့် အားပေးခဲ့သည်။

ထိုနှစ်ဇန်နဝါရီလထုတ် မဂ္ဂဇင်းတွင် ယူနီဗာစီတီအက်ဥပဒေကို ပညာ့အလင်းက အတော်ဝေဖန်ထားသည်။ ပညာ့အလင်းရုပ်ပြောင်အခန်း၌ 'ရန်ကုန်ယူနီဗာစီတီ' သိပ္ပံကျောင်းကြီးကို ကျောင်းသားများ လက်လှမ်းမီအောင်၊ ဒဂီးများဆင့်၍ဆင့်၍ တက်နေကြပုံမှာ များစွာမှ ထိမိလှပေသည်။ ရုပ်ပြောင်အတွက် တေးထပ်ဆရာက 'ကျပ်ဒဂီးနှင့်ချီအောင်၊ ဆင့်စီကာ တက်ဖို့လက်လှမ်း၊' ဟု စာချိုးခဲ့သည်။

ထိုရုပ်ပြောင်နှင့် အပြိုင်အဆိုင်ရွှေတလေး (ဦးဗကလေး) ကလည်း ကာတွန်းတစ်ခု ရေးဆွဲထားသည်။ ပုံ၏လက်ဝဲဘက်၌ ကျောင်းသားများသည် ခါးတောင်းမြှောင်အောင်ကျိုက်ကာ 'ပြည်သူများ၏ ကူညီခြင်းမြေကတုတ်' ကို ခြေကန်၍ လွန်ဆွဲနေသည်။ ပုံ၏ လက်ျာဘက်ရှိ ခေါင်းပေါင်းစတထောင်ထောင်နေကြသော ပညာရေးအရာရှိတို့ကား မင်းသားဟန်ဖြင့် လွန်ဆွဲနေကြသည်။ လူကြီးပိုင်းက ဘေးမှနေ၍ 'ရန်တမာမူလေလေ့ ဘေလေဆစ် ဘေလေဆပ်' ဟု အားပေးအားမြှောက်ပြုကာ အော်ပေးနေကြသည်။ ကာတွန်းဆရာအားကူသော တေးထပ်ရှင်က 'ဆီးနိတ်နှင့်ဒွန်တွဲလို့ လွန်ဆွဲတဲ့ပွဲပါ' ဟု အစချီကာ၊ 'ပန်းဆွတ်တော့ သရေထင်မယ် နေရှင်နယ်ခေတ်ကြီးကွဲ့လေး' ဟူ၍ နိမိတ်ဖတ်လေသည်။

ကျွန်ုပ်တို့သည် ထိုစဉ်က အမှန်ပင် 'နေရှင်နယ်' ဟု ခေါ်သော အမျိုးသားစိတ်နိုးကြားခြင်း ခေတ်သို့ ရောက်နေကြပေပြီ။

ပထမယူနီဗာစီတီသပိတ်ကြီးပေါ်လာခါနီး ၁၉၂၀ ပြည့်



နိုင်ဘာလတွင် ပိုက်ဆံကြီး (ပီမိုးနင်း) က ဘားမားဒေး (Burma Day) ဝတ္ထုကို အဖိုး ၄ ပဲ၊ စာတိုက်ခအငြိမ်း ၅ ပဲ၊ ဗီပီပီနှင့်ပို့လျှင် ၆ ပိုင်နှင့် ကြော်ငြာပါသည်။ ဘားမားဒေး၏သဘောမှာ မြန်မာအတွက် အတိတ်ယူသော သဘောဖြစ်ရာ ၁၉၂၀ ပြည့် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး သပိတ်ကြီးမှာ ဂယက်ရိုက်ကာ ပျံ့နှံ့သွားခဲ့လေသတည်း။

မျိုးချစ်စိတ်သည် ဤသို့လျှင် ပေါက်ပွားလာခဲ့သည်။ မျိုးချစ်စိတ်ဟူသည်မှာ ကိုယ့်ဥကို ကိုယ်ခင်သော စိတ်တစ်မျိုးဖြစ်သည်။ ဇာတိမာန်သည် နိုင်ငံခြားသားလွှမ်းမိုးမှုအောက်တွင် ပြားပြားဝပ်ခဲ့ရသည်။ ထို့ကြောင့် ဇာတိမာန်ပြန်လည်ပေါက်ပွားစဉ် ကျွန်ုပ်တို့သည် ကိုယ့်ဥကိုယ်ခင်လာသော စိတ်ကို ယထာဘူတကျလေအောင် မထိန်းသိမ်းနိုင်ကြသေး။ ကိုယ့်အမျိုးကို ကိုယ်ချစ်ခြင်းသည် သူတပါးအမျိုးကို ဆန့်ကျင်ခြင်းမျှသာဖြစ်သယောင်ယောင် ယူဆခဲ့ကြသည်။ ယခုခေတ်နိုင်ငံချင်းချင်း ပေါင်းသင်းဆက်ဆံရသော စိတ်ဓာတ်ပေါ်ထွန်းလာချိန်တွင် ယခင်က မျိုးချစ်စိတ်ဓာတ်သည် ခေတ်မမီသည့် ပုံပမာဖြစ်လာသည်။ သို့ပါသော်လည်း ဤခေတ်၌လည်း အမျိုး၏အစဉ်အဆက်ကို စောင့်ရှောက်ရသည့် သာနုရက္ခိတ သဘောသည် ပြန်လည်ထွန်းကားကြရပေဦးမည်။ ယနေ့မှာ ယခုလွတ်မြောက်သောခေတ်၌လည်း မျိုးချစ်စိတ်ဓာတ်သည် ကျယ်ကျယ်ပြန့်ပြန့်နှင့် အရှိန်ပြင်းထန်လျက်ပင်ရှိနေသေးသည်။

စင်စစ် ၁၉၁၈ ခုနှစ်သည် အမျိုးသားနိုးကြားမှု၏ အစ မခေတ်ဖြစ်သည်။ ထို့ကြောင့် ကိုယ့်ဥကိုယ်ခင်လာသော ဘာတရားတို့ကို လှုံ့ဆော်ပေးသည့် အဖြစ်သနစ်ကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိသည်။

သာဓကအားဖြင့် ၁၉၁၈ ခု၊ ဖေဖော်ဝါရီလထုတ် ပညာ့အလင်းမဂ္ဂဇင်းတွင် ပါရှိသော 'အမျိုးနှင့်စည်းစိမ်' ဝတ္ထုတို၏ဇာတ်လမ်းကိုကြည့်လျှင် ဟာရှင်တည်းဟူသော လူမျိုးကွဲ၏ စည်းစိမ်တို့ မမက်မောဘဲ၊ မောင်တင်မောင်တည်းဟူသော အမျိုးတူကိုသာလျှင် ရိုးမြေကျပေါင်းရန် မျိုးချစ်စိတ်ထက်သန်သည့် မခင်တင့်ကို ဝတ္ထုရေးဆရာက သိဒ္ဓိတင်ခဲ့လေသည်။

ဝတ္ထုကြောင်းမှာ မဆန်းလှ။ သို့သော် မခင်တင့်၏ အမြင်တိုသော မိခင်သည် ဟာရှင်၏ရွှေကိုသာမက်မောပြီး သမီးကို လူမျိုးခြားလက်သို့ အပ်လိုက်သည်။ ဤသဘာဝ၏ အပြစ်ကို ဝတ္ထုရေးဆရာက ပေါ်အောင်ဖော်ပေးခြင်းအားဖြင့် မျိုးချစ်စိတ်၏ ဆန့်ကျင်ဘက်ဖြစ်သော လူမျိုးခြားမုန်းတီးရေးစိတ်ကို မသိမသာလှုံ့ဆော်ပေးခဲ့ပေသည်။ သို့သော် လူမျိုးရေးစိတ်ပြင်းပြစွာဖြင့် အစိုးကရုဏ်းကို ဖန်တီးပေးသည့်သဘောမျိုးမဟုတ်။ ကိုယ့်အမျိုးကို ကိုယ်လေးစားစေရန် သဘောမျှသာဖြစ်သည်။

အမျိုးသားစိတ်နှင့်အတူ နိုင်ငံရေးနိုးကြားမှုလည်း ပေါ်ထွန်းလာခဲ့ပြီ။ ထိုစဉ်က နိုင်ငံရေးရာပညာကို အတော်ပင်လေ့လာကြသည်။ သို့သော် ဗြိတိသျှခေတ်အတွင်းဖြစ်၍ နိုင်ငံရေးသဘောတရားမှန်သမျှမှာ 'ဗြိတိန်ပြည်မှာ လုပ်သည့်' နိုင်ငံရေးသဘောတရားချည်းသာဖြစ်သည်။ နိုင်ငံရေး၌ စိတ်ဝင်စားသူတို့သည် ဗြိတိသျှပါလီမန်စံနစ်ကို အတော်သဘောတွေ့ခဲ့ကြသည်။ ၁၉၁၈ ခုနှစ်ထုတ် အဆိုပါမဂ္ဂဇင်း၌ 'ဗြိတိသျှပါလီမန်လွှတ်တော်အကြောင်း' ကို ရေးသားထားသည်။ ခေတ်မှာ မင်းစိုးရာဇာခေတ်ဖြစ်လေရာ ဆောင်းပါးရေးသူသည် အထက်လွှတ်တော်၌ မြို့စားကြီးများနှင့်



ခရစ်ယာန်ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်များက အောက်လွှတ်တော်ပြည်သူ့ကိုယ်စားလှယ်တို့ကို မည်သို့ထိန်းသိမ်းသည်ကို ဖော်ပြထားပေသည်။ သဘောတရားရေး၌ ထိုခေတ်က ကျွန်ုပ်တို့သည် ယောအတွင်းဝန် ဦးလှိုင်၏ အတွေးအခေါ်တို့ကို ပြန်လည်ဆက်စပ်၍ တိုးတက်အောင် ကြံဆဆဲဟုဆိုနိုင်ပေသည်။

ပညာ့အလင်းမဂ္ဂဇင်း၌ နိုင်ငံရေးပညာဟု ကဏ္ဍတစ်ခု သတ်မှတ်ထားသည်။ ထိုအခန်း ထိုကဏ္ဍတို့တွင် နိုင်ငံရေးသဘောတရားအယူအဆများကို ဆွေးနွေးလေ့ရှိသည်။ ဆွေးနွေးသမျှတို့မှာ လက်အောက်ခံဘဝမှ ရုန်းထွက်ရေးထက်၊ တစ်မျိုးသားလုံး အခွင့်အရေး ပိုမိုရရှိရေးမျှသာ ဖြစ်သည်။ အခြေအနေအရ ထိုခေတ်က ထို့ထက်ပို၍ လုပ်နိုင်ကြသည်မဟုတ်။ ၁၉၂၀ သည်ဘက်သို့ ရောက်လာသောအခါ၌ မြန်မာတိုင်းရင်းသားတို့သည် ဒိုမီနီယံအုပ်ချုပ်ရေးကို မျက်မှန်းတမ်းမိကြလေပြီ။ ထို့ထက်တိုးတက်လိုသော ပုဂ္ဂိုလ်တို့ကမူ၊ အမေရိကန်ပြည်ထောင်စု အကြောင်းကို စိတ်ဝင်စားစပြုလာကြပေပြီ။ ထို့ကြောင့်လည်း ကျွန်တော်မှတ်မိသ၍ဆိုလျှင် သူရိယတိုက်ထုတ် အမေရိကန်ပြည်ထောင်စုအကြောင်း စာအုပ်မှာ အတော်ပင်တွင်ခဲ့ပေသည်။

ဦးဥတ္တမခေတ်သို့ ရောက်သောအခါ အရှေ့ဖျားတွင် လွတ်လပ်သော လူမျိုးတစ်မျိုးအနေဖြင့် ဂျပန်ပြည်ရှိနေသည်ကို ကျွန်ုပ်တို့ သတိထားမိကြသည်။ သို့ရာတွင် ဂျပန်ကို မည်သူမျှ အထင်မကြီးမိကြချေ။

နိုင်ငံရေးစိတ်ဓာတ်နှင့်ယှဉ်၍ ဘာသာရေးစိတ်ဓာတ်လည်း ဝင်ခဲ့သည်။ ထိုခေတ်က ပီမိုးနင်းသည် 'ဒဂီး' ဟူသော ကလောင်အမည်ဖြင့် ရေးသားခဲ့ဖူးသည်ဟု ကျွန်တော် မှတ်မိဖူး

www.burmeseclassic.com

www.burmeseclassic.com



သည်။ တပ်အပ်ဟူ၍ကား မဆိုနိုင်ပါ။ မှတ်မိသမျှကို မှတ်တမ်းတင်ရခြင်းဖြစ်ရာ ကျွန်တော်အမှတ်မှားလျှင် ပြင်၍သာဖတ်ကြပါကုန်။

ပညာ့အလင်းတွင် 'ဒဂီး' ၏ဆောင်းပါးလေသံမှာ ပီမိုးနင်း၏ အသံပင်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ပီမိုးနင်းသည် 'ဒဂီး' ဘဝနှင့် မဇ္ဈိမဒေသကို လှည့်လည်သည်။ သီဟိုဠ်ကျွန်း အနုရာဓပူရကို သွားသည်။ အိဂျစ်ကိုလည်းရောက်သည်။ 'ဒဂီး' ကြီး ကမ္ဘာကိုစိတ်ကူးနှင့်ပတ်ချာလှည့်နေစဉ်၊ ဘာသာရေးဆိုင်ရာ အတွေးအခေါ်တို့ကို သူ့ဌာနနှင့်သူ၊ သူ့ဒေသနှင့်သူ ဖော်ပြသွားသည်။ ဘာသာစုံကို ယှဉ်၍ယှဉ်၍ပြရင်း ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာ ဒေသနာကို သာမန်လူတို့ သဘောပေါက်နိုင်စေရန် ရေးသားခဲ့သည်။ သို့သော် 'ဒဂီး' ၏အတွေးအခေါ်တို့မှာ ခေတ်၏ရှေ့သို့ ရောက်၍နေရာ၊ ထိုစဉ်က 'ဒဂီး' ၏အတွေးကို မည်သူကမျှ ကောင်းစွာသဘောပေါက်မိကြလိမ့်မည် မဟုတ်ဟု ကျွန်တော် ထင်မြင်မိပါသည်။ ပီမိုးနင်းသည် ဒဂီးအမည်ဖြင့် ဆောင်းပါးများ ရေးရင်း၊ အင်္ဂလိပ်စာသင်ခန်းစာများကိုလည်း ရေးထုတ်သည်။ ပညာ့အလင်း၌လည်း ကြော်ငြာသည်။ စိတ်ပညာဆောင်းပါးများတို့ လည်း ရေးသားတတ်သည်။ အထူးသဖြင့် နီတိကျမ်းများကို ထိုစဉ်က ပီမိုးနင်းသည် အတော်များများရေးခဲ့သည်။ နောက်တရွေ့ရွေ့နှင့် ပီမိုးနင်းသည် ဝတ္ထုရေးဆရာအဖြစ်နှင့် ကျော်ကြားလာခဲ့လေသည်။

'ပွဲစားကြီးဂရာရွတ်ကို မြာချွတ်သော' ဝတ္ထုဟု ခေါ်တွင်သည့် ပွဲစားကြီးသားအဖနှင့် မြမြ ဝတ္ထုမှာ ကျွန်တော်မှတ်မိသ၍ ပီမိုးနင်းနာမည်ကြီးလာစေသော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုမှာ အတော် အရောင်းရ ကောင်းခဲ့သည်။ ဝတ္ထုကြော်ငြာကို တွေ့လျှင်



တွေ့ချင်း ကျွန်တော်စာတိုက်က မှာဖူး၏။ သို့သော် စာအုပ်ကုန်သွား၍ မရလိုက်ပါ။ သူတစ်ပါးထံမှ ငှားရမ်းကြည့်ရှုဖူးပါ၏။ သို့ရာတွင် နင်း၏ဝတ္ထုသွားကိုပင် မေ့နေပြီ။

ပီမိုးနင်းကို ယခုကာလ၌ ဝတ္ထုရေးဆရာ၊ နီတိဆရာ၊ စိတ်ပညာဆရာအဖြစ်နှင့်သာ သိကြသည်။ မည်သူကမျှ ပီမိုးနင်းကို ဗိန္ဓောဆရာဟု ယူဆကြလိမ့်မည်မဟုတ်။ သို့သော် ပီမိုးနင်းသည် ပထမကမ္ဘာစစ်ကြီးခေတ်က 'ပီမိုးနင်း၏ရေကုထုံးကျမ်း' ကို ရေးသားဖူးသည်။

ထိုကျမ်းမှာ ရေဓာတ်နှင့် ကာလဝမ်းရောဂါကို ကုသသောနည်းတို့ကို ဖော်ပြသည့်ကျမ်းဖြစ်သည်။ ဝမ်းချုပ်တတ်သော သူတို့ကို ရေဖြင့်ဝမ်းမှန်အောင်မည်သို့ ကုစားရသည့်နည်းများလည်းပါသည်။

နိုင်ငံရေးမှသည် ဘာသာရေးစာပေဗဟုသုတစသည်တို့ ပြန့်လည်ထွန်းကားစအချိန်ဝယ်၊ ပညာ့အလင်းမဂ္ဂဇင်းသည် လောကဓာတ်ပညာရပ်များကိုပါ အများလေ့လာနိုင်စေရန် ဆောင်းပါးများ ထည့်သွင်းပေးသည်။ ၁၉၁၈ ခုနှစ် ဩဂုတ်ထုတ် မဂ္ဂဇင်း၌ လောကဓာတ်ပညာခန်းတွင် 'အုတ်ဇူဇင်' ဓာတ်အကြောင်း၊ ဆွဲငင်တတ်သော သတ္တိအကြောင်း၊ ချူတန်၏လှုပ်ရှားခြင်း နိယာမသဘောအကြောင်း စသည်တို့ကို ထည့်သွင်းရေးသားထားပေသည်။ ထိုလောကဓာတ်ပညာခန်းမှာ ဗဟုသုတကြွယ်ဝစေဖွယ် ရာဖြစ်သော်လည်း ရေးပုံသားပုံမှာ ယောအတွင်းဝန်ဦးလှိုင်၏ 'ဓာတုသံပြကျမ်း' ခပ်ဆင်ဆင်ဖြစ်၍ လူအများနှင့် မလျော်ဘဲ ပညာရှင်တို့နှင့်သာ လျော်သော ဆောင်းပါးမျိုးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့ကား ပထမသပိတ်ခေတ်မရောက်မီ တစ်နှ[illegible] နှစ်နှစ်အတွင်း အခြေအနေကို စာဟောင်းစာမြင်းဖြစ်သော ပညာ[illegible] အလင်းမဂ္ဂဇင်းများကို ပြန်လှန်ဖတ်ရှုခြင်းဖြင့် ကျွန်တော်သည် အတိတ်ကို တစေ့တစောင်းငဲ့၍ကြည့်ခြင်းပင် ဖြစ်ပါသည်။

(ရှုမဝ၊ စက်တင်ဘာ၊ ၁၉၅၃)

# တော်လှန်ရေး

[illegible]တော်လှန်ရေးဟူသည်မှာ လူ့သမိုင်း၏ သခ်ီရတစ်ရပ်ဖြစ်သည်။

တော်လှန်ရေးသည် အကြောင်းမဲ့မဖြစ်။ အကြောင်းရှိမှ[illegible]သာ ပေါ်ပေါက်သည်။

တော်လှန်ရေးသည် ဤအကြောင်းကြောင့် ဤအကျိုးဖြစ်[illegible]တည်းဟူသော ပဋိစ္စသမုပ္ပါဒ်၌ အကျုံးဝင်လေသည်။

ထို့ကြောင့် ထိုခေတ်သမိုင်း၌ ထိုသို့ဖြစ်ခဲ့ရခြင်းကြောင့် [illegible]ဤခေတ်သမိုင်းတွင် ဤသို့ဖြစ်ရသည်။ ထိုခေတ်၌ ထိုသို့မဖြစ်ခဲ့[illegible]လျှင် ဤခေတ်၌ ဤသို့မဖြစ်နိုင်ရာ။

ထို့ကြောင့်လည်း အင်္ဂလိပ်ကိုတော်လှန်လျှင် ပြီး၏၊ ဂျပန်[illegible] တော်လှန်လျှင် ပြီး၏ဟူ၍မဆိုသာ၊ အင်္ဂလိပ်ကိုတော်လှန်သည့်[illegible]ည်းတူ၊ ဂျပန်ကိုတော်လှန်လျှင် တော်လှန်ရေးနိဋ္ဌိတံဟု မပြော[illegible]သာ၊ ကမ္ဘာတည်စက ကမ္ဘာဆုံးသည်အထိတော်လှန်ရေးတည်းဟူ[illegible]သော သခ်ီရသည် သံသရာတစ်လျှောက်လုံး၌ ရေအယဉ်ကဲ့သို့ [illegible]င်းနေလိမ့်မည်။ ထိုသခ်ီရကြီး ရပ်တန့်သွားပြီဟုဆိုလျှင် လူ့ဘုံ

www.burmeseclassic.com

www.burmeseclassic.com



တုခေါ်ဝေါ်အပ်သော ဤကမ္ဘာကြီးသည် ရပ်တန့်သွားရပေလိမ့်မည်။ ဤကမ္ဘာရပ်တန့်သွားသည်ဆိုသည်မှာ ဤကမ္ဘာကြီးပျက်စီးသွားသည်ပင်ဖြစ်သည်။

တော်လှန်ရေးဟူသည်မှာ နိစ္စမဟုတ်၊ အနိစ္စဖြစ်၏။ အကယ်၍ နိစ္စဟူငြားအံ့၊ အင်္ဂလိပ်တို့၏ စက်မှုလက်မှုတော်လှန်ရေးခေတ်သည် ယနေ့အထိ တည်လျက်ရှိရမည်ဖြစ်၏။ ပြင်သစ်အရေးတော်ပုံလည်း ယနေ့တိုင်အောင် တည်ရမည်ဖြစ်၏။ အောက်တိုဘာတော်လှန်ရေးလည်းယနေ့တိုင်အောင် တည်ရမည်ဖြစ်၏။ သို့သော် လူ့သမိုင်းသည် နိစ္စသဘောဖြင့် ရပ်တန့်၍မနေချေရကား ဆိုခဲ့ပြီးသော တော်လှန်ရေးခေတ်တို့သည် ကုန်ခဲ့၍ အသစ်အသစ်သော တော်လှန်ရေးတို့ကိုသာ ယနေ့တွေ့ကြုံနေရသည်။

အနိစ္စသဘောမှာ ရပ်တည်ခြင်းမရှိ။ တည်ပြီးလျှင်တန့်၍မနေ။ ဥပါဒ်ဟူ၍ ဖြစ်ပြီးနောက် ဌီဟူ၍တည်ပြီးလျှင် ဘင်ဟူ၍ပျက်သတည်း။ သံသရာတစ်လျှောက်လုံး ဥပါဒ်၊ ဌီ၊ ဘင်တို့သည် တဖွားဖွားနှင့် ရှိသတည်း။

မီးတောက်၏အစဉ်ကို လူ့မျက်စိနှင့်တစ်ဆက်တည်းမြင်၍ ထိုမီးတောက်သည် မပြောင်းမလွဲတည်နေ၏ဟု ထင်မှတ်ရ၏။ သို့သော် မြင်စကမီးတောက်၌ ကာဗွန်အနုမြူတစ်ခုနှင့် အောက်ဆီဂျင်အနုမြူနှစ်ခုတွဲတို့ ထိတွေ့ပေါက်ကွဲ၍ သွားခဲ့သည်။ မြင်ပြီးခဏ၌ မူလကကာဗွန်နှင့် မူလက အောက်ဆီဂျင်တို့တစ်ဖြစ်လဲ သွားခဲ့ပြီ။ ဒုတိယအဆိုင်းဖြစ်သော ကာဗွန် ၁ ခုနှင့် အောက်ဆီဂျင် ၂ ခုသည် ထိတွေ့ပေါက်ကွဲကြပြန်သည်။ ထိုဒုတိယပေါက်ကွဲမှုကို ပထမပေါက်ကွဲမှုနှင့် အတူတူဟု ထင်သော် မှားလိမ့်မည်။ သို့သော် ပထမမျက်စိ၌ကား ပထမပေါက်ကွဲမှုနှင့် ဒုတိယပေါက်ကွဲမှုသာမက



အားလုံးသော ပေါက်ကွဲမှုတို့သည် တစ်ဆက်တည်းဖြစ်၍ "တစ်ခုတည်းသောအခြင်းအရာဟု ထင်မှတ်မှားနေကြသည်။

လူသမဂ္ဂတစ်ခုလုံး အနိစ္စသဘော ရွေ့လျားနေသည်ကို အနိစ္စသဘောအနေဖြင့် မစဉ်းစားနိုင်ကြဘဲ၊ နိစ္စသဘောအနေဖြင့် စဉ်းစားကြသောကြောင့် အချို့က တော်လှန်ရေးကြီးပြီးဆုံးပြီဟု ဆိုကာ နှစ်သိမ့်နေကြ၏။ အချို့က အတိတ်ကာလက တော်လှန်ရေးကို မျက်မှောက်ခေတ်တော်လှန်ရေးဟု ထင်မှတ်မှားနေကြ၏။

ထို့ကြောင့် နိုင်ငံရေး၌ ဥရောပအလယ်ခေတ်က အတွေးအခေါ်တို့နှင့် မြန်မာ့ဧကရာဇ်ဘဝရှင်မင်းတရားလက်ထက်က အတွေးအခေါ်တို့သည်ခွေးရောဝက်ရောဖြစ်နေကြသည်။ ပါးစပ်က ဒီမိုကရေစီဟု အမြုပ်တစီစီနှင့် ရွတ်ဖတ်သရဇ္ဈာယ်နေကြ၏။ အလုပ်၌ကား မင်းစိုးရာဇာစိတ်သည် ပို၍ပင်ပြန်လည်သစ်ဆန်းနေ၏။ လူထု၏ ပြဋ္ဌာန်းချက်သည် အကောင်အထည်မပေါ်နိုင်သေး။ လူတစ်ဦးတစ်ယောက်၏ ပြဋ္ဌာန်းချက်နှင့် လူတစ်စု၏ ပြဋ္ဌာန်းချက်တို့သာလျှင် တာစား၍နေသည်။ လူထုသည် ဒီမိုကရေစီကို လက်ခံရန်အတွက် ပြင်ဆင်မှုမရှိခဲ့။ မပြည့်ဝသူတို့က ဟစ်အော် ကြွေးကြော်နေသည်ကိုပင် ဟုတ်နိုးနိုးနှင့်နေကြသည်။ ဤအကြောင်းကြောင့်၊ ဒီမိုကရေစီဟူသည်မှာ လူစု၍ 'ငါ့ဖို့' အခွင့်အရေးတောင်းဆိုခြင်း ဖြစ်သည်ဟူ၍သာ အသိများကြသည်။ လူထု၏ဆန္ဒ ပြည့်ဝလေအောင် လူအများစုပေါင်း၍ အညီအညွတ်ဆောင်ရွက်ကြရသည်ဟူသော သဘောသည် ပျောက်ကွယ်အံ့လောဟု စိုးရိမ်စရာပင် ဖြစ်သည်။

စီးပွားရေး၌လည်း ထို့အတူပင်။ သူတစ်ပါးနိုင်ငံတွင် ဘဝအခြေအနေက ဖန်တီးသောကြောင့်၊ စက်မှုလက်မှုတော်လှန်ရေး

www.burmeseclassic.com



ပေါ်လာခဲ့သည်။ ကျွန်ုပ်တို့နိုင်ငံ၌ ဘဝအခြေအနေက ဖန်တီးသည်
မဖန်တီးသည်ကို နားမလည်။ ဟိုတိုင်းနိုင်ငံမှာ ဟိုလိုဖြစ်ခဲ့လျှင်
ဒီတိုင်းနိုင်ငံမှာ ဒီလိုဖြစ်ရမည်ဟု ယူဆကာ၊ သူတစ်ပါးနိုင်ငံတို့
တုပသော စီးပွားရေးလုပ်ငန်းများကိုသာ အာရုံပြုနေကြ၏။
ထင်လွယ်မြင်လွယ်အောင် ဥပမာပြရလျှင် ငပိနှင့်ကြီးပြင်းလာသော
နိုင်ငံအတွက် ဒိန်ခဲလုပ်ငန်းကို ဖွံ့ဖြိုးအောင် ပြုလုပ်နေသကဲ့သို့ရှိ၏။
မြန်မာတို့၌ ငပိလုပ်ငန်းသည် ဘိုးတော်ဘုရားခေတ်က နည်းနိ
အတိုင်းသာလျှင် ရှိသေးသည်။ အကယ်၍ ထိုငပိလုပ်ငန်းကို ဆုံဖြ
ထောင်းရသောစံနစ်မှ စက်မှုလက်မှုနှင့် ကြိတ်ရသော စံနစ်သို့
ပြောင်းလဲနိုင်လျှင် ငပိတော်လှန်ရေးကြီး ဖြစ်ထွန်းလာသည်ဟု ဆို
နိုင်၏။ လောက်တက်သောငပိကို တောင်စင်ဖက်နှင့်ထုပ်၍ ရောင်း
သောစံနစ်မှ၊ သန့်ရှင်းသောငပိကို စယ်လိုဖိန်းစက္ကူနှင့် လေလုံ
ထုပ်ရောင်းသောစံနစ်သို့ ကူးပြောင်းလာလျှင် ငပိတော်လှန်ရေးကြီး
ပြီးမြောက်လာသည်ဟု ဆိုနိုင်သည်။ တောသူတောင်သားတို့ ငတ်
အရည်ကျိုစားနေရသည့်ဘဝကို စည်သွပ်ဘူးလချောင်စားရသော
ဘဝသို့ ပို့ဆောင်နိုင်လျှင် တော်လှန်ရေးကြီးအောင်မြင်ပြီဟု ဆိုနိုင်
သည်။ သို့သော် ယခုအခါ၌မူကား ငပိ၌ပါသော ကယ်လစီယံ
စဖိတ် အာဟာရဓာတ်ကိုပစ်ထား၍ နွားနို့၊ နို့ဆီ၊နို့ဘူး။ ထောပတ်
ဒိန်ခဲတို့၏ ဗီတာမင်ကိုသာလျှင် ပို၍ အရေးထားနေပြန်ရတော့
ကျွန်ုပ်တို့၏ တော်လှန်ရေးမှာ ဗြိတိသျှ၊ အမေရိကန်၊ ဒိန်းမတ်၊
ဟော်လန်၊ အိန္ဒိယ၊ ပါကစ္စတန် စသည့်နိုင်ငံတို့အတွက် တော်လှန်
ရေးပမာတမျှ ဖြစ်နေကြရပြန်သည်။ ဆိုလိုရင်းကား မြန်မာ့အစွမ်း
မြန်မာ့သတ္တိ၊ မြန်မာ့ပစ္စည်းထွက်အောင်လုပ်မှ မြန်မာ့တော်လှန်ရေး
ဖြစ်နိုင်မည်ဟု ဆိုလိုခြင်းပင်ဖြစ်၏။ ခေတ်အလျောက် လူ့အသုံး



အဆောင်ပစ္စည်းတို့ကို ပယ်ရမည်ဟု ဆိုလိုရင်းမဟုတ်ချေ။

လူမှုရေး၊ ယဉ်ကျေးမှု စသည့် ကိစ္စတို့၌လည်း အထက်ပါ သဘောသွားအတိုင်း ဆက်စပ်၍ စဉ်းစားကြည့်ပါလေ။

ဥပမာ ကျွန်ုပ်တို့သည် ပုဆိုးကို တော်လှန်၍ ဘောင်းဘီကို ယဉ်ကျေးမှုအသစ်ဟု ယူဆကြသည်ဆိုပါစို့။ ကျွန်ုပ်တို့၏ တော်လှန်ရေးမှာ ညနေလက်ဖက်ရည်ပွဲကို ဒင်နာဂျက်ကက် (ညဝတ်ဘောင်းဘီအကျီစုံ) ဝတ်၍တက်သော တော်လှန်ရေးနှင့်သာ တူနေပေလိမ့်မည်။

ဤသို့ဖြစ်ရသည်မှာ ကျွန်ုပ်တို့၏ အပြစ်ချည်းဖြစ်သည်ဟု ခဆိုသာ။ ကျွန်ုပ်တို့သည် သူတစ်ပါးလက်အောက်တွင် နှစ်ပေါင်း တစ်ရာကျော်မျှ လောင်းရိပ်မိနေခဲ့သည်။ ထိုနှစ်ပေါင်းတစ်ရာကျော်မှာ ကျွန်ုပ်တို့သည် ကမ္ဘာအရပ်ရပ်နှင့် အဆက်ပြတ်နေသော ခေတ်ဖြစ်သည်။

အကယ်၍သာ ခရစ်နှစ် ၁၈၇၄ ခုနှစ်က ကင်းဝန်မင်းကြီးနှင့် ယောအတွင်းဝန်ဦးလှိုင်တို့၏ အကြံအစည်သာ အထမြောက်ပါခဲ့မူကား၊ ကျွန်ုပ်တို့သည် နှစ်ပေါင်းတစ်ရာကျော်မျှ အမှောင်ခေတ်ထဲသို့ ကျရောက်နေကြရမည်မဟုတ်။

ဂျပန်နိုင်ငံ မိဂျီမင်းလက်ထက်၌ ဂျပန်ပညာတော်သင်များသည် ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးမှ အတွေးအခေါ်နှင့် ပညာဗဟုသုတ အရပ်ရပ်တို့ကို ဂျပန်လူထုအား ဖြန့်ချိပေးနိုင်သကဲ့သို့ ကင်းဝန်မင်းကြီးက စေလွှတ်ထားသော ပညာတော်သင်တို့သည် ကမ္ဘာ့အတွေ့အကြုံဗဟုသုတတို့ကို မြန်မာလူထုအား ဖြန့်ချိပေးနိုင်ခဲ့မည်။ ဤသို့သာ ဖြစ်ခဲ့လျှင် မြန်မာ့တော်လှန်ရေးသည် နှစ်ဆယ်ရာစုနှစ်ဆန်းလာသည်နှင့်တစ်ပြိုင်နက် စတင်ဖြစ်ပေါ်လာရပေ

www.burmeseclassic.com



လိမ့်မည်။ ဤသို့သာ ဖြစ်ပေါ်လာခဲ့လျှင် ကျွန်ုပ်တို့သည် အင်္ဂလိပ်တို့ စောစောကပင် တော်လှန်နိုင်ခဲ့လိမ့်မည်။

သို့သော် ရာဇဝင်ကား တစ်မျိုးတစ်ဖုံ ဖြစ်ခဲ့လေသည်။

အကယ်၍သာ ၁၉ ရာစုနှစ်နှင့် ၂၀ ရာစုနှစ်အကူးတွင် မြန်မာ့တော်လှန်ရေးစတင်ခဲ့ပါလျှင်၊ ယနေ့အဖို့ ကျွန်ုပ်တို့သည် တော်လှန်ရေး၌ တွေဝေခြင်း၊ သွေဖည်ခြင်း၊ ဖောက်ပြန်ခြင်း မရှိနိုင်ရာ။ တော်လှန်ရေးအမိပ္ပာယ်ကို အကောက်မမှားနိုင်ရာ။

ယခုအချိန်၌ တော်လှန်ရေးအနှယ်မထိုင်သေးသဖြင့် အမိပ္ပာယ်အကောက်မှားလျက် ရှိကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ တော်လှန်ရေးမှာ မြန်မာ့တော်လှန်ရေးသာဖြစ်ရမည်ဟူသော သဘောကို နားမဝင်နိုင်ကြသေး။

တော်လှန်ရေးကို ‘ကာဗွန်ကော်ပီ’ ကူးသလို ပုံတူကူးချနိုင်မှသာ တော်လှန်ရေးဖြစ်ရမည်ဟု ယူဆနေကြ၏။ သို့သော် ၎င်းတို့ ကူးချနေသော ပုံတူမှာ နှစ်ဆယ်ရာစုနှစ်က ပုံမဟုတ်။ ဥရောပ အလယ်ခေတ် တော်လှန်ရေးအနှယ်မထိုင်ခင်က ပုံများဖြစ်သတည်း။

၎င်းတို့ ကူးချနေသောပုံသည် မည်မျှဟောင်းနွမ်းဆွေးမြေ့ နေသည်ကို ၎င်းတို့မသိကြ။

သားကအဖေကို ပုန်ကန်လျှင်သော်လည်းကောင်း၊ တပည့် က ဆရာကိုပုန်ကန်လျှင်သော်လည်းကောင်း၊ လူငယ်က လူကြီးကို ပုန်ကန်လျှင်သော်လည်းကောင်း၊ တော်လှန်ရေးမည်၏ဟု ထင်မှတ် နေကြ၏။ ထိုထင်မှတ်ချက်ဖြင့် ဆဲရေးတိုင်းထွာနေကြ၏။

သို့သော် တော်လှန်ရေးသဘာဝကို နားလည်သော နိုင်ငံ တို့၌ကား သားသည် အဖထက် ခေတ်မီအောင် ကြိုးပမ်းနေကြ၏။



တပည့်သည် ဆရာထက် လက်စောင်းထက်ရန် ကြိုးပမ်းနေကြ၏။ လူငယ်သည် လူကြီးထက် ထက်မြက်အောင် ကြိုးပမ်းနေကြ၏။

မိမိထက်သာသော သားကို အဖေက ပိုချစ်၏။ မိမိထက် သာသော တပည့်ကို ဆရာက ချီးကျူး၏။ မိမိထက်သာသော လူငယ်ကို လူကြီးက မျက်နှာသာပေး၏။ သို့သော် သားသည်လည်း ကောင်း၊ တပည့်သည်လည်းကောင်း၊ လူငယ်သည်လည်းကောင်း၊ မာနတံခွန်မထူ၊ အဆင့်ဆင့် တိုးတက်ကြဖို့ကိုသာ ရည်စူးကြပေ သည်။

တိုင်းသူပြည်သားနှင့် အစိုးရတို့ဆက်ဆံမှု၌လည်း အထက် ပါနည်းအတိုင်း စဉ်းစား၍ကြည့်လေ။ နက်နဲစွာ စဉ်းစားသူအဖို့ နက်နဲသောအမိပ္ပာယ်ပေါ်လာလိမ့်မည်။ စဉ်းစားမှု၌ သွေဖည် တတ်သူတို့အဖို့ကား၊ မည်သို့စဉ်းစားစဉ်းစား အမိပ္ပာယ်မှန်ကို ရကြ လိမ့်မည်မဟုတ်ချေ။

(မြဝတီ၊ ဖေဖော်ဝါရီ၊ ၁၉၅၅)

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့နိုင်ငံရေးသုခမိန်

ကျွန်ုပ်တို့နိုင်ငံတွင် နိုင်ငံရေးကို သက်မွေးဝမ်းကျောင်းအလုပ်တစ်ခု ပမာ ထင်မှတ်ကာ နိုင်ငံရေးလုပ်စားနေကြသောသူတို့ ပေါများလှ၏။ ထို့ကြောင့် သဘောတရားအားဖြင့် မပြည့်ဝဘဲ နောက်လိုက်စု နိုင်လျှင် လူထုအာဏာကို ရစမြဲဖြစ်သည်။ အာဏာရလာလျှင် ဘာမဆိုလုပ်၍ တင့်တယ်သည်ဟု ထင်မှတ်မှားနေကြ၏။ ဤထင် မှတ်မှားခြင်းသည် နိုင်ငံ၏ကောင်းကျိုးကို ဖြစ်ထွန်းစေနိုင်သည် မဟုတ်။

ကျွန်ုပ်တို့သည် အနောက်နိုင်ငံနယ်ချဲ့သမားတို့နှင့် စစ်မြေ ပြင်တွင် နဖူးတွေ့ ဒူးတွေ့ခဲ့ရသော ၁၈၂၅ ခုနှစ်မှစ၍ ၁၉၄၈ခုနှစ် တိုင်အောင် လွတ်လပ်ရေးကို ကြိုးပမ်းခဲ့ကြရ၏။ နိုင်ငံတော်ကြီး ထင်းအစည်းပြေသကဲ့သို့ မဖြစ်ရအောင် ကြိုးပမ်းခဲ့ကြရ၏။ သို့ သော် ထိုမျှရှည်လျားသောကာလပရိစ္ဆေဒအတွင်းတွင် နိုင်ငံနှင့် လူမျိုးတို့အတွက် နိုင်ငံရေးလမ်းစဉ်ကို ချမှတ်ပေးသော နိုင်ငံရေး သုခမိန်ဟူ၍ မြန်မာ့သမိုင်းတွင် များများစားစားမပေါ်ထွန်းခဲ့ချေ



ယောအတွင်းဝန်ဦးဘိုးလှိုင်ကဲ့သို့သော ပုဂ္ဂိုလ်များထွန်းကားခဲ့ပါ သည် ဟု လက်ညှိုးထိုး၍ ပြရန်ရှိပါ၏။ သို့သော် ဦးဘိုးလှိုင်မှာ သူ၏တော်လှန်ရေးဆံသော နိုင်ငံရေးအတွေးအခေါ်တို့ကြောင့် မကြာခဏ မင်းပြစ်မင်းဒဏ် သင့်လျက်ရှိရကား၊ ရှေ့ဆောင်လမ်းပြ ပြုလုပ်နိုင်ခဲ့ စေကာမူ၊ လူထုစည်းရုံးမှုကြီးကို မဆောင်ရွက်နိုင်ခဲ့ချေ။ ကင်းဝန်မင်းကြီးခေတ်၌ ဥရောပပြန် မြန်မာတို့သည် ဥရောပ တိုက်၏ နိုင်ငံရေးအဆင့်အတန်းကို မြင်ခဲ့ပြီးလျှင် မြန်မာမင်း အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် ကြံစည်အားထုတ်ခဲ့ကြ၏။ သို့သော် သီပေါမင်းခေတ်၌ ကင်းဝန်မင်းကြီးသည် မှုန်ခြေမပေါက် ခဲ့ချေ။

ဗြိတိသျှခေတ် ၁၉၂၀ ပြည့်နှစ် တစ်ဝိုက်လောက်၌ လူထု တစ်ရပ်လုံး နိုးကြားထကြွ၍ လူထုစည်းရုံးမှုကြီး ပေါ်ပေါက်လာခဲ့ပါ ၏။ ဂျီ-စီ-ဘီ-အေ နဝမကွန်ဖရင့်သည် ဗိုလ်ချုပ်အောင်ဆန်းခေတ် ၌ ပေါ်ပေါက်လာသော ဖ-ဆ-ပ-လ၏ တိုင်းပြည်ပြုလွှတ်တော် ပဏာမညီလာခံအတွက် ရှေ့ပြေးဖြစ်သည်ဟု ဆိုလောက်ပါ၏။ သို့သော် ဂျီ-စီ-ဘီ-အေ ခေတ်၌လည်း နိုင်ငံရေးသုခမိန်ဟူ၍ မပေါ်ထွန်းနိုင်ဘဲ၊ နိုင်ငံရေးကို ဆက်ကြေးရရေးအတွက်သော် လည်းကောင်း၊ ကုမ္ပဏီထောင်၍ အုပ်စားရေးအတွက်သော်လည်း ကောင်း၊ ရာထူးရရေးအတွက်သော်လည်းကောင်း မဖွယ်မရာ အသုံးချ၍ နိုင်ငံရေးလုပ်စားခြင်းတို့သာ လွှမ်းမိုးလာခဲ့ပြန်ကြောင့်၊ နိုင်ငံရေးသုခမိန်အရာ၌ တည်သင့်သော ပုဂ္ဂိုလ်တို့သည်ပင်လျှင် ထိမ်ကော၍သွားကြရကုန်သည်။ ထိုခေတ်က ပေါ်ပေါက်ခဲ့သော အစိုးရနှင့် မဆက်ဆံရေးဝါဒ၊ အာဏာဖီဆန်ရေးဝါဒ၊ အခွန်မပေး ရေးဝါဒ၊ အုပ်ချုပ်ရေးတိုက်ဖျက်ရေးဝါဒတို့မှာ မြန်မာပြည်က

www.burmeseclassic.com



အိန္ဒိယပြည်မှ ကာဗွန်စက္ကူခံ၍ ပုံတူကူးချသော ဝါဒများသာလျှင် ဖြစ်ခဲ့၏။ မြန်မာ့အခြေအနေမှန်ကို သုံးသပ်၍ ထိုအခြေအနေမှန် အပေါ်၌ တည်ဆောက်သော သဘောတရားဟူ၍ မထွန်းခဲ့ချေရ ကား ဒိုင်အာခီအုပ်ချုပ်ရေး၏ နည်းပရိယာယ်တို့ကြောင့် ဝံသာနု ဂျီစီဘီအေ၊ ၂၁ ဦး၊ လှိုင်ပုကျော် ဂျီ-စီ-ဘီ-အေ၊ ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေ၊ ဦးစုဂျီ-စီ-ဘီ-အေ၊ သရာဇပါတီ၊ ရွှေတောင်ကြားပါတီ၊ လှိုင်မြတ်ပေါ်ပါတီ၊ မော်မြင့်ဖြူ ပါတီ၊ ပြည်သူ့ပါတီ၊ မျိုးချစ်ပါတီ၊ ဆင်းရဲသားဝံသာနုပါတီ စသဖြင့် တဖြည်းဖြည်း အစိတ်စိတ် အမွှာမွှာ ကွဲကာ လူထုသည် ထင်းအစည်းပြေသကဲ့သို့ ပြေလာခဲ့ သည်။

နိုင်ငံရေးခေါင်းဆောင် ရင့်မကြီးတို့ ယင်းကဲ့သို့ ကွဲကြပြိုကြ သောအခါ လူငယ်များကြီးမှုသည့် ဒို့ဗမာအစည်းအရုံးဟူ၍ ပေါ်လာခဲ့ပေသည်။ သို့သော် ထိုလူငယ်များလည်း လူကြီးတို့၏ ခြေရာကိုနင်းကာ အစိတ်စိတ်အမွှာမွှာ ဖြစ်လာပြန်သည်။

ဤအချိန်တွင် တက္ကသိုလ်သမဂ္ဂမှ မောင်အောင်ဆန်း သည် နိုင်ငံရေးစခန်းထလေသည်။ တက္ကသိုလ်သမဂ္ဂမှ ဒို့ဗမာ အစည်းအရုံးသို့ မောင်အောင်ဆန်းကူးပြောင်းလာခဲ့ရာတွင် လူငယ် တို့၏အင်အားစုသည် စည်းရုံး၍လာခဲ့သည်။

ထိုအချိန်ကား ၁၉၃၈ ခု အောက်တိုဘာလဖြစ်သည်။ မြန်မာတစ်မျိုးလုံးသည် ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရေး ကို နိုင်ငံရေးစနစ်ဖြင့် ကြိုးပမ်းခဲ့ကြသည်။ ယင်းသို့ကြိုးပမ်းခဲ့ကြ သည်မှာ ၅၀၀၀ိ/- စား ရာထူးတွင် အဆုံးသတ်ကြလေသည်။

မောင်အောင်ဆန်းကား ယင်းကဲ့သို့ ၅၀၀၀ိ/- စား ရာထူး တွင် ခြေကုန်နေသော နိုင်ငံရေးကို လွတ်လပ်ရေးကြိုးပမ်းမှု မယူဆချေ။ နိုင်ငံရေးစနစ်အရ ကြိုးပမ်းမှုသည် ကျွန်ခေတ်၌ သံသရာရှည်ဖို့သာဖြစ်မည်ဟု အယူရှိခဲ့သည်။ ၁၉၃၈ ခုနှစ် အောက်တိုဘာလ၌ မောင်အောင်ဆန်းက ဒို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့သည်မှာ အခြားကြောင့်မဟုတ်၊ ဒို့ဗမာအစည်းအရုံးသည် အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်ပြီးလျှင် လက်ရုံးရည်ကို အားကိုး ကာ စစ်စိတ်စစ်မာန်ဝင်နေသော အစည်းအရုံးဖြစ်သည်ဟု ယူဆ သောကြောင့် ဖြစ်သည်။

ထိုခေတ်အမြင်နှင့်ကြည့်လျှင် လက်ရုံးရည်အားကိုးဖြင့် နိုင်ငံရေးကြိုးပမ်းရမည်ဟူသည်မှာ စိတ်လိုက်မာန်ပါ ပြုကျင့်တတ် သော လူငယ်တို့၏ မိုက်ရူးရဲအလုပ်သာဖြစ်သည်ဟု ဆိုကြရပေ မည်။ စင်စစ်ထိုခေတ်က လူကြီးများသာမက လူငယ်များကပါ ဤ ကဲ့သို့ ဆိုခဲ့ကြ၏။ သို့သော် နိုင်ငံရေးအတွေးအခေါ်အမြော်အမြင် ရှိသူ မောင်အောင်ဆန်းအဖို့ကား လက်ရုံးအားကိုးဖြင့် သိမ်းပိုက် ထားသော နိုင်ငံကို လက်ရုံးအားကိုးဖြင့်သာ လွတ်လပ်အောင် ဆောင်ရွက်ရမည်ဟု ပိုင်းဖြတ်ထားသည်။ ဤခေတ်၌ကား ဤသို့ မောင်အောင်ဆန်းပိုင်းဖြတ်ထားသော အတွေးအခေါ်တို့သည် အခြေအနေဖြင့် ဟပ်မိသည်ဟု ဝန်ခံကြရပေပြီ။

ဤမျှနှင့်ပင် မောင်အောင်ဆန်းအား နိုင်ငံရေးသုခမိန်ဟု ဘွဲ့ထူးတပ်ရမည်လော။

မဟုတ်ပါ။ နိုင်ငံရေးသုခမိန်အရာသို့ ရောက်စေသော အခြားအတွေးအခေါ်များ ရှိပါသေးသည်။

ဒို့ဗမာအစည်းအရုံး၌ တစ်နှစ်မျှ အလုပ်လုပ်ခဲ့သောအခါ သခင်အောင်ဆန်းသည် မြန်မာ့နိုင်ငံရေးသဘောတရားများကို ထပ်မံမြင်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်က မြန်မာ့နိုင်ငံရေးသမား လက်ဟောင်းကြီးတို့သည် မြန်မာအမျိုးသားကြီးပွားရေးမူရင်းကို ချခဲ့ကြသည်။

"မြန်မာပြည်သည် လယ်ယာကိုင်းကျွန်းကို အားထားရသောပြည်ဖြစ်၍ မှီခိုအားထားရန် အရေးအကြီးဆုံးသော အချက်သည် ကောက်ပဲသီးနှံထွန်းကား၍ ဈေးကောင်းကောင်းနှင့် ရောင်းနိုင်ခြင်းပင်ဖြစ်၏။"

"လယ်သမားတို့၏လက်၌ လယ်မြေယာခြေမရှိသလောက်ဖြစ်၍ နိုင်ငံခြားသားချစ်တီးများနှင့် မနရှင်တို့လက်ထဲသို့ လယ်မြေယာမြေရောက်ကုန်ပြီ။ ထိုဘေးမှကာကွယ်ရန် လိုနေသည်။"

"ယခု အုပ်ချုပ်ရေး[1]အရ ပြည်သူတို့ တင်မြှောက်သော အမတ်တို့က မြေသိမ်းဥပဒေလုပ်နိုင်သည်။"[2]

ဤနိုင်ငံရေးအမြင်သည် ယခုခေတ်လယ်ယာမြေ ပြည်သူပိုင်ပြုလုပ်ရေးအတွက် လမ်းခင်းပေးသော အမြင်ဟု ဆိုနိုင်ပါ၏။ သို့သော် လူမျိုးနှင့်နိုင်ငံလွတ်လပ်ရေးအတွက် ပြည့်စုံသောအမြင် မဟုတ်သေး။ ထို့ကြောင့် ဒို့ဗမာအစည်းအရုံးအထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းက. . .

ဆရာစံသူပုန်ဟူ၍ အဘယ့်ကြောင့်ပေါ်လာရပါသနည်း။

ကုလားမြန်မာအဓိကရုဏ်းဖြစ်ပွားသော အကြောင်းရင်းကား အဘယ်နည်း။

မြန်မာတို့၏ အခြေခံလူ့ဘောင်အဖွဲ့အစည်းကား မည်သို့ပါသနည်း။

1 ၁၉၃၅ ခု၊ မြန်မာနိုင်ငံအက်ဥပဒေအရ ပေးအပ်သော ၉၁ ဌာန အုပ်ချုပ်ရေး
2 အမျိုးသားကြီးပွားရေးမူရင်း၊ အင်ဒီပင်းဒင့်ပါတီ၊ ၁၉၃၄-၃၅။



မြန်မာ့စီးပွားရေးသည် မည်သည့်ကိုအခြေခံပြုပါသနည်း။

အင်ပိုင်ယာဝါဒသမားတို့၏ ဗျူရိုကရေစီသည် မြန်မာတို့အပေါ်၌ မည်သို့ဖိစီးနေပါသနည်း။

တစ်မျိုးသားလုံးနှင့်ဆိုင်သော လူထုစည်းရုံးမှုကို မည်သို့လုံ့ဆော်ရပါမည်နည်း။

ဆူးအက်တူးမြောင်းဖွင့်သည်နှင့် တပြိုင်နက်ချစ်တီးများကို ဖိတ်ခေါ်လာသော မြေယာစံနစ်ကို မည်သို့တော်လှန်မည်နည်း။ ဟူသော အချက်တို့ကို ဆန်းစစ်ကြည့်လိုသည်။

၁၉၃၉ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံးအထွေထွေအတွင်းရေးမှူးသခင်အောင်ဆန်းသည် ဒို့ဗမာအစည်းအရုံး၏ပေါ်လစီဝါဒနှင့် လုပ်ငန်းစဉ်ကို ချမှတ်ခဲ့သည်။ ထိုပေါ်လစီနှင့် လုပ်ငန်းစဉ်ညွှန်ကြားချက်တို့ကို ဖတ်ရှုကြခဲ့ပါလျှင် ထိုအချိန်က သခင်အောင်ဆန်း၏ အတွေးအခေါ်တို့တွင် အထက်ပါမေးခွန်းများပေါ်ပေါက်ခဲ့သည်၊ ထိုပေါ်ပေါက်လာသောမေးခွန်းများ၏ အဖြေကိုလည်း ရှာဖွေ၍ တွေ့ခဲ့သည်ဟူသော အချက်တို့သည် ပေါ်လွင်လာပေလိမ့်မည်။

သခင်အောင်ဆန်း၏ အမြင်သည် မည်သို့ရှိခဲ့သနည်း။ ဤကိစ္စနှင့်စပ်လျဉ်း၍ ဤခေတ်၌ ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအတွေးအခေါ်များကို လေ့လာရန်အလို့ငှာ ဗိုလ်ချုပ်ပြောဆိုခဲ့သော မိန့်ခွန်းများ၊ ဗိုလ်ချုပ်ရေးသားခဲ့သော ကြေညာစာတမ်းများ၊ အဆိုကြမ်းများ၊ လုပ်ငန်းစဉ်များ စသည်တို့ကို ရှာဖွေစုဆောင်းထားဖို့ လိုပေသည်။ ယခု ကျွန်တော် တင်ပြရသည်မှာ များသောအားဖြင့် စိတ်မှတ်နှင့်သာဖြစ်သည်၊ စံနစ်တကျလေ့လာဖို့ရာမှာ စံနစ်တကျ သုတေသနပြုဖို့ လိုပေသည်။ ယခုဤ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးအဖို့ကား ကျွန်တော်မှတ်မိသော ၁၉၃၉ ခု ဒို့ဗမာ အစည်းအရုံး လုပ်ငန်းစဉ်ကြေညာစာတမ်း၊ ၁၉၄၅ ဗိုလ်ချုပ်၏ပြော ချက်များ၊ ၁၉၄၆ ဗိုလ်ချုပ်၏ ဖ-ဆ-ပ-လ လုပ်ငန်းစဉ်နှင့် အခြား မိန့်ခွန်းများကို အခြေတည်၍ ပြောရပေလိမ့်မည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် သက်ဦးဆံပိုင်ဘုရင် စနစ်၌ အခြေတည်ခဲ့သည်။ ပဒေသရာဇ် ကေရာဇ်စနစ်၌ အရင်း တည်ခဲ့သည်ဟူသည်တို့ကို ဗိုလ်ချုပ်သည် အသိအမှတ်ပြုခဲ့၏ သို့သော် ဗိုလ်ချုပ်က ဤအခြေကို သဘောပေါက်သည်မှာ နိုင်ငံခြား မှ အယူအဆတို့ကို အခြေခံခဲ့သည်မဟုတ်။ မိမိနိုင်ငံ၏ အခြေတို့ မိမိလေ့လာပြီးမှ သဘောပေါက်ခြင်းဖြစ်၏။ ထို့ကြောင့် ၁၉၄၅ခုနှစ် ဟောပြောပွဲတစ်ခုတွင် မြန်မာ့နိုင်ငံ၏ ကံကျွေးစနစ်ဟူသည်မှာ အနောက်နိုင်ငံနှင့်မတူဘဲ လူတန်းစားတစ်ရပ်က အခြားလူတန်း စားတစ်ရပ်ကို စီးပွားရေးချယ်လှယ်ခြင်းမရှိကြောင်း၊ ပဒေသရာဇ် ကေရာဇ်ခေတ်ပင်ဖြစ်သော်လည်း လူထုအားလုံး၏ ပညာရေးမှာ အောက်ကျနောက်ကျ မရှိခဲ့ကြောင်း၊ ပဒေသရာဇ် ကေရာဇ်ခေတ် ၌ပင် မျိုးရိုးကိုမလိုက်ဘဲ ပညာအရည်အချင်းကိုလိုက်၍ ရာထူးဌာ နန္တရများကို ခန့်အပ်ကြောင်း၊ မြန်မာမိန်းမတို့၌ လွတ်လပ်မှုနှင့် တန်းတူအခွင့်အရေးရှိကြောင်း၊ လူထုစီးပွားရေးမှာ သမဝါယ သဘောကို အခြေခံ၍ ပြည်တွင်းဖူလုံမှုအပေါ်၌ တည်ရှိခဲ့ကြော စသည်ဖြင့် ပတ်ဝန်းကျင်အခြေအနေမှန်ကို နိုင်ငံသုခမိန်ပီသစွာ သုံးသပ်ခဲ့သည်။

ဤအခြေမှန်ကို မြင်သောကြောင့်သာလျှင် ၁၉၃၉ ခုနှ က တောင်သူလယ်သမား စည်းရုံးမှု၊ အလုပ်သမားစည်းရုံးမှုတို့ လှုံ့ဆော်ရန်လိုအပ်ကြောင်းဖြင့် ဗိုလ်ချုပ် သဘောပေါက်ခဲ့ခြင်း



၏၊ စည်းရုံးရာ၌လည်း ၉၁ ဌာနအုပ်ချုပ်ရေး၏ အပြစ်တို့ကို လူထုနားလည်သဘောပေါက်စေ၏။ ယင်းအပြစ်တို့ကို ကုစားရန် အလို့ငှာ တိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့စည်းရန် တောင်းဆိုခဲ့၏။ ထိုတိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့စည်းပါမှ ပြည်သူလူထု၏ ဆန္ဒ အလျောက် ဖြစ်ပေါ်လာသော အုပ်ချုပ်ရေးအခြေခံဥပဒေကို အတည်ပြုနိုင်မည်ဖြစ်သည်ကိုလည်း လူထုအား နားလည်သဘော ပေါက်စေ၏။ ဤသို့မှ တိုင်းပြုပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းမပေး နိုင်ပါက ဗြိတိသျှအုပ်ချုပ်ရေးကို အပြုတ်တိုက်ရန် ကျောင်းသူ ကျောင်းသား၊ အမျိုးသမီး၊ တောင်သူလယ်သမား၊ အလုပ်သမား လူလတ်တန်းစား စသည့် လူထု၏အစိတ်အပိုင်းအားလုံးက အကြီး အကျယ်သပိတ်မှောက်ကြဖို့ရာ ဒို့ဗမာအစည်းအရုံး အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းက လှုံ့ဆော်ခဲ့လေသည်။ သခင် အောင်ဆန်းအမြင်၌ ဗြိတိသျှအုပ်ချုပ်ရေးသည် အဆင့်သုံးဆင့်ရှိ သည်။ ပထမအဆင့်မှာ ဗျူရိုကရေစီ၊ ဒုတိယအဆင့်မှာ ဒိုင်အာခီ၊ တတိယအဆင့်မှာ အမြင်ကောင်းအောင် ပိုမိုမွမ်းမံခြယ်လှယ်ထား သော ဒိုင်အာခီ (၉၁ ဌာနအုပ်ချုပ်ရေး) ဟူ၍ မြင်လေသည်၊ ထို အဆင့်သုံးဆင့်ကို ဖြိုရန် လူထုစည်းရုံးမှုသာလျှင် ရှိသည်ကို ၁၉၃၉ ခုနှစ် ဒို့ဗမာအစည်းအရုံး ကြေညာစာတမ်း၌ အတိအလင်းပြဆို ခဲ့ပေသည်။

သခင်အောင်ဆန်း၏ နိုင်ငံရေးသုံးသပ်ချက်တို့မှာ ဗြိတိသျှနယ်ချဲ့၏ အရိုက်ကို ထိုးလိုက်ခြင်းဖြစ်၏။ ဗြိတိသျှတို့သည် သခင်အောင်ဆန်း၏ နိုင်ငံရေးကျားကွက်ကို တစေ့တစောင်းမြင် သဖြင့် များစွာတုန်လှုပ်ထိတ်လန့်ကြ၏။ အထူးသဖြင့် လွတ်လပ်ရေး ဆို လိုလားကြသော နိုင်ငံရေးပါတီအားလုံးတို့၏ 'လွတ်မြောက်ရေး

www.burmeseclassic.com



တပ်ဦး'*၌ သခင်အောင်ဆန်းသည် ခြေသည်းလက်သည်းဖြစ်လာသောအခါ၊ ဗြိတိသျှတို့သည် သခင်အောင်ဆန်းအား တွေ့ရာသချိုင်း၊ ဓားမဆိုင်းဘဲ လိုက်လံဖမ်းဆီးလေသည်။

သို့သော် သခင်အောင်ဆန်း၏ နိုင်ငံရေးအတွေးအခေါ်၌ လွတ်လပ်ရေးကို ကျွန်ုပ်တို့ချည်း ပြည်တွင်းရေးတစ်ရပ်အနေဖြင့် အတွင်းကျိတ်တိုက်၍မရ၊ နိုင်ငံခြား၌ ဝါဒဖြန့်၍ နိုင်ငံခြားအကူအညီဖြင့် တိုက်ယူရမည်၊ ဂျပန်သည် မြန်မာနိုင်ငံကို ကျူးကျော်လာနိုင်သည်။ သို့သော် ဂျပန်၏ကျူးကျော်မှုကို မိမိတို့က ဦးအောင်လွတ်လပ်ရေးကြေညာခြင်းဖြင့် ခံတိုက်နိုင်ရမည်ဟူ၍ စဉ်းစားထားခဲ့သည်။ ဒေါက်တာဘမော်နှင့် ဒေါက်တာသိန်းမောင်တို့က သခင်အောင်ဆန်းအား ဂျပန်အကူအညီကို ယူကြည့်ပါဟု ပြောသည်။ သခင်အောင်ဆန်းကား၊ တရုတ်သော၊ ယိုးဒယားသော၊ ဂျပန်သော ရွေးချယ်ရန် အချိန်မရချေ။ ရရာအကူအညီကိုယူမည်ဟု သန္နိဋ္ဌာန်ချမှတ်ခဲ့သည်။ သို့သော် တရုတ်ပြည်သို့ ခြေဦးလှည့်၍ တရုတ်ထံမှ အကူအညီတောင်းရန် ပို့၍ရည်သန်ခဲ့သည်။ အခြေအနေအရ တရုတ်နှင့် ဖူးစာမဆုံရဘဲ၊ ဂျပန်နှင့်ဖူးစာဆုံခဲ့ရသည်။

ဂျပန်၏အကူအညီကို ယူခဲ့စေကာမူ ဂျပန်၏ကတိမတည်မှုကြောင့်၊ ကျွန်ုပ်တို့သည် ဂျပန်ကို ပြန်ချရမည်ဟူသော သဘောတရားကိုလည်း မောင်အောင်ဆန်းသည် ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာသောအခါ တစ်နေ့တခြား ပိုမို၍မြင်လာခဲ့၏။ ဂျပန်ကို ခံချရာ၌လည်း ဗိုလ်ချုပ်၏စစ်ဥပါယ်မှာ နိုင်ငံရေးသုခမိန်ဆန်လှ

* ထိုခေတ်က ၎င်းကို Freedom Bloc ဟု ခေါ်သည်။ ထိုလွတ်လပ်ရေးတပ်ဦး၏ သဘောတရားသည် ၁၉၄၄-၄၅ ၌ တည်ထောင်သော ဖ-ဆ-ပ-လူထုတပ်ပေါင်းစုံသဘောတရား၏ ရှေ့ပြေး ဖြစ်သတည်း။



သည်။ ဂျပန်ကို ချကြရတော့မည်ဟု ပိုင်းဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဗိုလ်ချုပ်သည် ၁၃ ရာစုနှစ်က ကျွန်ုပ်တို့ မြန်မာအမျိုးသားလူထုတစ်ရပ်လုံး အုံကြွကာ ပြောက်ကျားတိုက်ခိုက်နည်းစနစ်ဖြင့် ကျူးကျော်သူ ကူဗလိုင်ခန့်ကို မြန်မာနိုင်ငံမှ နှင်ထုတ်ခဲ့သည့် နည်းပရိယာယ်ကို တွေးမိလေသည်။ ထို့ပြင် ၁၇ ရာစုနှစ်က အလောင်းဘုရားသည် မြန်မာနိုင်ငံတော်၏ စည်းရုံးမှုကိုရလေအောင် ရန်သူတို့အား ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်ခဲ့ရပုံကိုလည်း ဗိုလ်ချုပ်သတိရမိသည်။ နောက်ဆုံး၌ အခြေအနေမှန်ကို ကြည့်၍ တွေးတောတတ်သော အမြော်အမြင်ကြောင့် ဗိုလ်ချုပ်၏ တော်လှန်ရေးသည် အောင်မြင်ခဲ့လေသည်။

ဂျပန်တော်လှန်ရေးကြီး အောင်မြင်ခဲ့ပြီးသော်၊ မြန်မာနိုင်ငံတော် အက်ဥပဒေပုဒ်မ ၁၃၅ ကို တော်လှန်၍ လွတ်လပ်ရေးကို ကြိုးပမ်းဖို့ရာ အခြေအနေပေါ်လာခဲ့ပြန်သည်။ ထိုအခါ ဗိုလ်ချုပ်သည် ၁၉၃၉ ခုနှစ် ဒို့ဗမာအစည်းအရုံး၏ လုပ်ငန်းစဉ်ကြေညာချက်ကို အစဉ်အလာမပျက်စေဘဲ ဆက်လက်သုံးစွဲသွားပြန်သည်။ ၎င်းသို့ ပြောရခြင်းမှာ အခြားကြောင့်မဟုတ်၊ ၁၉၄၆ ခု ဇန်နဝါရီလ ၁၂ ရက်နေ့စွဲနှင့် ဖ-ဆ-ပ-လလုပ်ငန်း အစီအစဉ်ကြေညာချက်မှာ ဗိုလ်ချုပ်သည် သခင်အောင်ဆန်းဘဝက ကြေညာခဲ့သော လုပ်ငန်းစဉ်များနှင့် နှိုင်းယှဉ်ကြည့်လျှင် သဘောသွားချင်း အလားတူဖြစ်သောကြောင့်ပေတည်း။

အထက်ဖော်ပြခဲ့သော ဖ-ဆ-ပ-လလုပ်ငန်းစဉ်၌ ဗိုလ်ချုပ်သည် သခင်အောင်ဆန်းဘဝက နိုင်ငံရေးအတွေးအခေါ်တို့ကို လက်တွေ့အသုံးချသည်ဟုလည်း ဆိုနိုင်သည်။ လွတ်လပ်ရေးကြိုးပမ်းရာ၌ 'လွတ်လပ်ရေးကို လိုလားနှစ်သက်သော လူမျိုးများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ယဉ်ကျေးမှုတွင်လည်းကောင်း၊ နိုင်ငံရေးတွင်လည်းကောင်း ပိုမိုရင်းနှီးစွာ ဆက်သွယ်နိုင်စေရန် စီစဉ်ရမည်' ဟူ၍လည်းကောင်း 'အင်ဒိုနီးရှားနှင့် အင်ဒိုချိုင်းနားပြည်များရှိ အမျိုးသားလွတ်လပ်ရေး လုပ်ငန်းနှင့် ကမ္ဘာလုံးဆိုင်ရာ နှိမ်နင်းချုပ်ချယ် ကျွန်တမယ်မှုဖြစ် နေကြရသော လူမျိုးအပေါင်းတို့၏ လွတ်လပ်မှုလုပ်ငန်းကြီးနှင့် ရင်းနှီးစွာဆက်သွယ်နိုင်အောင် စီစဉ်ရမည်' ဟူ၍လည်းကောင်း ဖ-ဆ-ပ-လ ကြေညာခဲ့သည်မှာ သခင်အောင်ဆန်းဘဝက ယူဆ ထားသော 'နိုင်ငံခြားအဆက်သွယ်ယူ' သည့် သဘောတရား၏ အဆက်ဖြစ်ပေသည်။

ထိုမျှမကသေး၊ လူထုထပ်ပေါင်းစု ဖြစ်စေရန် အလို့ငှာ ဖ-ဆ-ပ-လ၏ နိုင်ငံရေးလုပ်ငန်းများ၌ 'မြန်မာနိုင်ငံ ပြန်လည် တည်ဆောက်ရေး၊ နိုင်ငံသစ်စီမံဖန်တီးရေးကိစ္စများကို ပါတီ သဘော နိုင်ငံရေးသဘော မသက်ရောက်သော အဖွဲ့များထား ဆောင်ရွက်ရမည်။ သို့မှသာလျှင် ဤကိစ္စများတွင် တတ်ကျွမ်းနား လည်သူများနှင့် အစိုးရအမှုထမ်းများလည်း ဤအမျိုးသားလုပ်ငန်း ကြီးတွင် ပါဝင်ဆောင်ရွက်နိုင်ကြပေလိမ့်မည်' ဟု ဖော်ပြထား သည်။ ဤစကားကို ကျွန်တော်အကျယ်ချဲ့၍ အဓိပ္ပာယ်ဖော်ပြနေ စရာမလိုချေ။ နိုင်ငံရေး၌ သဘောတရားမှန်ကန်မှုသည် အရေး ကြီးလေရာ၊ ဗိုလ်ချုပ်၏သဘောတရားတို့သည် မည်မျှမှန်ကန်ရေး သည်ကို ဤခေတ်လူထုသည် လက်တွေ့သိရှိနေကြပြီးဖြစ်လိမ့်မည် ဟု ကျွန်တော် ယုံကြည်သည်။

ထို့ပြင် လွတ်လပ်ရေးကြိုးပမ်းမှု၌ ရခိုင်၊ မွန်၊ ကရင် စသော အမျိုးသားများနှင့်တကွ၊ တောင်တန်းသားအားလုံးတို့ အပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းထားရှိသော စေတနာသည်



သန့်ရှင်းမှန်ကန်သည်ကိုလည်း မည်သူမျှ စောဒကမတက်နိုင်ကြ ချေ။ ဖ-ဆ-ပ-လလုပ်ငန်းစဉ် ကြေညာချက်၌ အမျိုးသားလူနည်းစု များသည် လူများစုအခွင့်အရေးကို ရထိုက်သည်ဟု ဖော်ပြထား သည်မှာ ဗိုလ်ချုပ်၏အမြော်အမြင်ကြီးမှုကို ထင်ရှားစေသည်။ လူနည်းစုတို့သည် လူများစုတို့၏ အခွင့်အရေးကို တန်းတူရနိုင်သည့် နောက်၊ လူနည်းစုအခွင့်အရေးဟု ပြောနေရန် အကြောင်းမရှိတော့ ပြီ။ ဤမှန်ကန်သော စေတနာအကျိုးဆက်ကြောင့် ဗိုလ်ချုပ်က 'လွတ်လပ်ရေး တစ်နှစ်အတွင်းရရမည်' ဟု ကြုံးဝါးလိုက်သောအခါ မြေပြန့်သားရော တောင်တန်းသားပါ ဗိုလ်ချုပ်၏နောက်တွင် မားမားမတ်မတ်ရပ်၍ တညီတညွတ်တည်း ရှိခဲ့လေသည်။ မြန်မာ နှင့် သွေးနီးသော အမျိုးသားတို့ကို မဆိုထားဘိဦး၊ တစ်ခေတ်က ရန်သူဖြစ်ခဲ့ဖူးသော ဗြိတိသျှအမျိုးအနွယ်တို့ကိုပင်လျှင် ဗိုလ်ချုပ် သည် တစ်မြေတည်းနေ တစ်ရေတည်းသောက်သည် ဟူသော စိတ်ဓာတ်ဖြင့်၊ တိုင်းရင်းသားချင်း အမျိုးတော်စပ်သည်ဟူသော သဘောတရားကို ချမှတ်ပေးခဲ့လေသည်။

"ကျွန်တော့်ကို ခင်ဗျားတို့က လာပါဆိုလို့ ကျွန်တော် လာခဲ့ရတာပါပဲ။ အမျိုးဘာသာမရွေး ဒီတိုင်းပြည်က လူများရဲ့ ကြီးပွားချမ်းသာရေးကို ဆောင်ရွက်ဖို့တာဝန်ဆို တာဟာ ကျွန်တော် ဆောင်ရွက်ရမယ့် တာဝန်ပါပဲ။ ကျွန်တော့် ဘဝတစ်သက်လျှာမှာ ဒီတာဝန်ကို အစဉ် ဆောင်ရွက်သွားရဖို့ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့စစ်အတွင်း မှောင်အတိကျသလို ဖြစ်နေတဲ့ အချိန်အခါမျိုးမှာ ခင်ဗျားတို့ (အင်္ဂလိပ်ကပြား) လူစုထဲက မြန်မာနိုင်ငံမှာ ကျန်ရစ်ခဲ့တဲ့လူတွေဟာ တစ်ခါမျှ မကြုံခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးတဲ့ အတိဒုက္ခကို ကြုံခဲ့ရပါတယ်။ ခင်ဗျားတို့ဒုက္ခဖြစ်ရတာတွေသိရတော့ ဝမ်းနည်းမိပါတယ်။ စိတ်လဲနာကျည်းမိပါတယ်။ ဒါကြောင့် ခင်ဗျားတို့ရဲ့ဒုက္ခတွေ ပြေရာပြေကြောင်းကို ကျွန်တော့် ဘာသာကျွန်တော် တတ်နိုင်တဲ့နည်းနဲ့ ဟိတ်ဟန်မထုတ်ဘဲ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော် ဒီထက်ပိုမလုပ်နိုင်ခဲ့တာကိုပဲ ဝမ်းနည်းနေရပါတယ်။ ကိုင်း ယခု ခင်ဗျားတို့က ဒီကိုလာပြီး မိန့်ခွန်းပေးပါဆိုတော့ ကျွန်တော် မှန်တာတွေကို အမှန်အတိုင်း အစီရင်ခံခဲ့ပါပြီ။ ကျွန်တော်တို့တိုင်းပြည်ဟာ လွတ်လပ်တော့မယ်။ ကမ္ဘာကြီးဟာ အကြီးအကျယ်ပြောင်းလဲနေပါတယ်+++ ဒီလိုပြောင်းလဲနေတဲ့အခြေအနေမှာ ခင်ဗျားတို့ဟာ အသိတရားအသစ်တွေကို သိလာကြပြီး တန်ဖိုးအသစ်တွေကို နားလည်ကာ နိုးကြားလာဖို့ လိုပါတယ်။ လွတ်လပ်တဲ့ မြန်မာနိုင်ငံဟာ ရှေ့ကို အလားအလာအများကြီး ရှိပါတယ်+++ ကျွန်တော်တို့နိုင်ငံသားများအတွက် မျှော်ကိုးစရာတွေ အများကြီးရှိပါတယ်။ မြန်မာနိုင်ငံမှာ လူဦးရေရှိတာထက်ပိုပြီး အလုပ်အကိုင်တွေက များလာပါလိမ့်မယ်+++ ခင်ဗျားတို့အထဲမှာ ဒီကိစ္စနဲ့အလားတူ အခြားကိစ္စများမှာ စိုးရိမ်ကြောင့်ကြဖြစ်နေကြတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ခင်ဗျားတို့သာ ဒီတိုင်းပြည်မှာရှိတဲ့ လူတွေနဲ့ တစ်သွေးတည်း တစ်သားတည်း ဖြစ်ပါတယ်ဆိုတာကို ပြကြရင်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ခင်ဗျားတို့ ဘာမျှကြောင့်ကြစရာရှိဖို့ မလိုဘူးဆိုတာကို ကျွန်တော် ယခု ပြောခဲ့ပါတယ်. . . "



ဗိုလ်ချုပ်သည် အထက်ပါစကားရပ်တို့ကို ၁၉၄၆ ခု ဒီဇင်ဘာလတွင် အင်္ဂလိပ်မြန်မာ အမျိုးသားကောင်စီ၏ အစည်းအဝေး၌ ပြောကြားခဲ့၏။ နိုင်ငံရေးသုခမိန်ပီသစွာ ကြွေရရဖြင့် စေတနာအရင်းခံအမှန်တို့ကို စိတ်အားထက်သန်စွာ ပြောကြားခဲ့လေသည်။ ဗိုလ်ချုပ်သည် ကရင်၊ ရခိုင်၊ ရှမ်း၊ ချင်း၊ ကချင်၊ ကယား စသော အမျိုးသားများ၏ အသည်းစွဲသာမက၊ အင်္ဂလိပ်မြန်မာအမျိုးသားတို့၏ အသည်းစွဲလည်း ဖြစ်ခဲ့လေသည်။ ယနေ့တိုင် အင်္ဂလိပ်မြန်မာ အမျိုးသားတို့သည် ဗိုလ်ချုပ်၏စကားကို နားထဲ၌ စွဲ၍နေကြလေသည်။

လွတ်လပ်ရေးရခဲ့ပြီဟုဆိုလျှင် ငြိမ်းချမ်းရေးကို ရရတော့မည်ဟု ဗိုလ်ချုပ်သည် မျှော်ကိုးခဲ့၏။ ဗိုလ်ချုပ်တောင့်တသော ငြိမ်းချမ်းရေးမှာ သင်္ချိုင်းထဲက ငြိမ်းချမ်းရေးမဟုတ်၊ လွတ်လပ်ရေး တိုးတက်ရေးနှင့် ကြီးပွားချမ်းသာရေးကို ဖန်တီးမည့် ငြိမ်းချမ်းရေး* သာလျှင် ဖြစ်တိ၏။

ဗိုလ်ချုပ်လွန်ခဲ့သည်မှာ ရှစ်နှစ်ရှိပြီ။ မြန်မာနိုင်ငံသားတို့ အဖို့ကား ဗိုလ်ချုပ်လွန်ခဲ့သည်မှာ မနေ့တနေ့ကလိုလို ထင်မိကြ၏။ ဗိုလ်ချုပ်ကို ချစ်သည့်ဇောဖြင့် အများပင်တမ်းတကြ၏။ သို့သော် ဗိုလ်ချုပ်၏ အတွေးအခေါ်တို့ကိုကား သတိရမှုရှိကြပေလိမ့်မည်။ စင်စစ်ဗိုလ်ချုပ်သည် နုပျိုသောအရွယ်၌ နိုင်ငံရေးကို ဆောင်ရွက်ခဲ့ရသော်လည်း သူ၏အတွေးအခေါ်တို့မှာ ဝါရင့်သော နိုင်ငံရေး သုခမိန်တို့၏ အတွေးအခေါ်မျိုးဖြစ်ရကား၊ ဗိုလ်ချုပ်အား တကယ်

---

* "a peace not of the graveyard, but creative of freedom, progress and prosperity" ၁၉၄၅ ခု ဩဂုတ်လတွင် မဟာမိတ်တပ်မတော်တို့၏ နေ့လည်စာစားပွဲ၌ ဗိုလ်ချုပ်မိန့်ကြားသောမိန့်ခွန်းမှ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ပါသည်၊ ခင်ပါသည်၊ သတိရပါသည်ဟုဆိုလျှင် ပညာရှင်ဆံသော ဗိုလ်ချုပ်၏အတွေးအခေါ်များ ရင့်သန်လာခဲ့သည့်နည်းတူ လူထု၏စဉ်းစားဉာဏ်လည်း ရင့်သန်လာကြစေရန် လူထုတစ်ရပ်လုံး ကြိုးစားသင့်လှပေသည်။ နိုင်ငံရေးသမားပေါ်သလောက်၊ နိုင်ငံရေးသုခမိန်ရှားလှသော ဤနိုင်ငံတွင် နိုင်ငံရေးသုခမိန်များ ထွန်းပေါ်လာပါစေရန် ရည်သန်၍ ကျွန်တော် မှတ်မိသမျှ ဗိုလ်ချုပ်၏ ဟောပြောချက်၊ ကြေညာချက်၊ မိန့်ကြားချက်တို့ကို ယခုတင်ပြပါသည်။ ဗိုလ်ချုပ်ကို ၂၀ ရာစုနှစ် မြန်မာ့နိုင်ငံရေးသုခမိန်ဟု ကျွန်တော် ယူဆလျှင် ယုတ္တိတန်၏၊ မတန်၏ကို စာရှုသူတို့ ဂဏသေချာပိုင်းခြားဝေဖန်နိုင်ကြပါစေသတည်း။

(မြဝတီ၊ ဩဂုတ်၊ ၁၉၅၅)

# မြန်မာ့လူမှုတော်လှန်ရေးသို့

၁၉၅၈ ခု မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တော်လှန်ရေးသက္ကရာဇ်သည် ၁၃ နှစ် တင်းတင်းပြည့်ပြီ ဖြစ်၏။

တော်လှန်ရေးသက္ကရာဇ် ၁၃ နှစ် တင်းတင်းပြည့်သည့်နောက်တစ်နေ့ (၁၉၅၈ ခု မတ်လ ၂၈ ရက်နေ့) သည်ကား ပြည်တွင်းသောင်းကျန်းမှုကြီး ဖြစ်ပွား၍ ၁၀ နှစ်ပြည့်သောနေ့ဖြစ်၏။

ဤနေ့နှစ်နေ့ ရှေ့ဆင့်နောက်ဆင့်ဖြစ်ရသည်မှာ အဘယ်ဒေဒင်ဆရာက အဘယ်ကိန်းကို စီရင်ခဲ့၍မသိ၊ နောင်ခေတ်၌ မြန်မာ့သမိုင်းကို သင်ကြားမည့်သူ ကျောင်းသားသူငယ်လူမမယ်တို့အဖို့ကား စာမေးပွဲအတွက် များစွာ အမှတ်ရလွယ်မည်ဖြစ်၍ ၎င်းတို့အတွက် အကျိုးရှိကောင်း ရှိပေလိမ့်မည်။

သို့သော် ကျွန်တော်တို့ကဲ့သို့ မျက်မှောက်သမိုင်းကို သိလာနေကြသူတို့အဖို့ကား ဤနှစ်နေ့ ရှေ့ဆင့်နောက်ဆင့်တွင် ဖြစ်ရသည့် သမိုင်းတကွက္ကသည် ငြီးငွေ့ဖွယ်ကောင်းလာခဲ့ပြီ။

မြန်မာ့တော်လှန်ရေးကို စတင်၍ သုံးနှစ်မျှပင် မပြည့်မီ

www.burmeseclassic.com



ကျွန်တော်တို့ လွတ်လပ်ရေးကို ရခဲ့ကြ၏။ ထိုအခါ ပြည်ထောင်စု မြန်မာနိုင်ငံသားတို့သည် 'ကျွန်တော် အလွန်ပျော်တာ' ဟူသော ပြဇာတ် သီချင်းမျိုးကို သီဆို၍ အူမြူးခဲ့ကြလေသည်။

သို့ရာတွင် အူမြူး၍ ခုန်ပေါက်နေစဉ်၊ ရှေ့ရေးနောက်ရေး ရင်မအေးစရာအကြောင်းတို့သည် သောခန်း၏အဆုံး၌ လွမ်းခန်း ကို စကာ ငိုချင်းချဖို့ရာ ဖန်တီးပေးတော့မည်လောဟူသော အတွေး တစ်ခုကြောင့် ကျွန်ုပ်တို့မှာ စိုးနှောင့်ဗျာပါ ကြွယ်ခဲ့ကြရ၏။

'ငါတို့ လွတ်လပ်ပြီ။ ထို့ကြောင့် တော်လှန်ရေးကြီး ပြီးဆုံး ပါပြီလော။'

ရင်တဖိုဖိုဖြင့် ကျွန်ုပ်တို့သည် ထိုသို့မိမိကိုယ်ကို မိမိမေးမိ ၏။

'မပြီးဆုံးသေးသော တော်လှန်ရေး' ဟူ၍ သမိုင်းပါရဂူတို့ က မြန်မာ့အဖြစ်သနစ်ကို ဝေဖန်ကြ၏။

အူမြူးရင်းမတ်တတ်က ငိုမဲ့မဲ့ဖြစ်ကြရမည့် ကျွန်ုပ်တို့သည် ထိုဝေဖန်ချက်ကို အလေးအနက်မစဉ်းစားခဲ့ကြ။

သို့သော် တော်လှန်ရေး၏ရုပ်ဆင်းသဏ္ဌာန်ကို မွမ်းမံခြယ် လှယ်ထားသော လွတ်လပ်ရေးသနပ်ခါးကို ကြည့်၍၊ ထိုလွတ်လပ် ရေးသနပ်ခါးမှုန့်သည် ရွှေဘိုသနပ်ခါးအစစ် ဟုတ်မဟုတ်ဟူ၍ကား အကဲဖြတ်ကြ၏။

ဂျပန်ခေတ်က ၁၉၄၃ ခု ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ကြေညာခဲ့ကြဖူး၏။ ထိုစဉ်ကလည်း ကျွန်ုပ် တို့သည် 'လွတ်လပ်ပြီ၊ လွတ်လပ်ပြီ၊ ဒို့ပြည်လွတ်လပ်ပြီ' ဟူ၍ အူမြူး ခဲ့ကြသည်။ သို့ရာတွင် လွတ်လပ်ရေးသီချင်းသံမစဲမီ မဟာမိတ်တို့၏ နင်းပြားဖြစ်ခဲ့ရ၏။



လွတ်လပ်ရေးရနေသည့်အထဲကပင်လျှင် မြန်မာ့လွတ် လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ထိုရနေသော လွတ်လပ်ရေး၏ အနှစ်သာရကင်းမဲ့ပုံကို လွတ်လပ်ရေးနှစ်ပတ် လည် အခမ်းအနားတစ်ခုတွင် ဂျပန်မျက်မှောက်၌ ရဲရဲတောက် ဖွင့်ချခဲ့၏။

ထို့ကြောင့် လွတ်လပ်ရေးသနပ်ခါး စစ်မစစ်အကဲဖြတ်ကြ သည်မှာ သဘာဝကျ၏။

စင်စစ်ဗြိတိသျှတို့ အာဏာလွှဲပြောင်းပေး၍ ကျွန်ုပ်တို့က လွတ်လပ်ရေးကြေညာသည်ဟူသည်မှာ ကျွန်ုပ်တို့၏ဘိုးဘွားပိုင် မြေပိုင်ဆိုင်ခွင့်ကို ကျူးကျော်သူတို့၏လက်ထဲမှ ပြန်ရခြင်းသာဖြစ် ၏။

ကျွန်ုပ်တို့ပိုင်ဆိုင်ခွင့်ရပြီမှန်၏။ သို့သော် လက်ရှိတို့ကို နှင်မထုတ်နိုင်ကြသေး။

ကျွန်ုပ်တို့သည် နိုင်ငံရေး၌ လွတ်လပ်ပြီဖြစ်၍ အချုပ် အချာအာဏာကို လက်ဝယ်သိမ်းပိုက်မိပြီမှန်၏။ သို့သော် နှစ်လုံး ပြူးသေနတ်နှင့် အထူးအာဏာရသော သူကြီးမင်းကဲ့သို့ မိမိပိုင်နက် ဖြစ်သော ရွာရိုးတွင်လျှောက်ကာ သေနတ်ကြီးကို အင်္ဂလိပ်ရင်ဝ၊ တရုတ်ရင်ဝ၊ အိန္ဒိယသားရင်ဝ၊ ပါကစ္စတန်သားရင်ဝ စသည်ဖြင့် မိမိနှင့် အခန့်မသင့်သူတိုင်းတို့၏ ရင်ဝကို မချိန်နိုင်သေး။

အာဏာကို ထိုကဲ့သို့ အရမ်းမဲ့သုံးရန်ကို မဆိုထားဘိ၊ ပိုင်ဆိုင်ခွင့်ရရှိနေစေကာမူ လက်ရှိတို့ကို မြန်မာ့မြေပေါ်မှ နှင်ထုတ် နိုင်ခြင်းမရှိသေး။

လွတ်လပ်ပြီဆိုသဖြင့် စီးပွားရေး၌ ကျွန်ုပ်တို့အားသာ ကျွန်ုပ်တို့ လုပ်ခွင့်ရှိသည်ကို မလုပ်နိုင်သေး။ ချစ်တီးမြေကို မသိမ်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်သေး။ ဘီအိုစီကို ပြည်သူပိုင်မလုပ်နိုင်သေး။ သတ္တုတွင်းကို အပိုင်မစီးနိုင်သေး။ သတ္တုတွင်းကို ဖယ်ထား၊ ယနေ့လွတ်လပ်ရေးသက္ကရာဇ် ၁၀ နှစ်အတွင်း အဘယ်ကဲ့သို့သော မြန်မာအမျိုးသားသည် အဘယ် 'ဖွတ်' ကားကို အပိုင်စီးနိုင်ပါသေးသလဲ။

အူဝဲဟု တစ်ချက်အော်ရင်း လူ့ဘောင်သို့ ရောက်သည့်အချိန်မှစ၍ ကြို့တစ်ချက်ထိုးပြီးလျှင် လူ့ဘောင်မှ ဖဲကြဉ်သောအချိန်အထိ စားဝတ်နေရေး မကြောင့်ကြရလေအောင် အဘယ်သားဖွားရုံ၊ အဘယ်လူအိုရုံ၊ အဘယ်ဆေးရုံ၊ အဘယ်အနားယူစခန်းတို့ကို အဘယ်ဆရာဝန်၊ အဘယ်သူနာပြုဆရာမ၊ အဘယ်လူမှုဝန်ထမ်းသမားက အဘယ်နိုင်ငံတော်ဝါဒဖြင့် ဆောင်ကြဉ်းပေးနိုင်ပါသနည်း။

စင်စစ် လွတ်လပ်ရေးရခြင်းသည် တော်လှန်ရေးပြီးဆုံးခြင်းမဟုတ်။ တော်လှန်ရေးကို မိမိစိတ်ကြိုက်လုပ်နိုင်ခွင့် ရခြင်းသာဖြစ်၏။

သို့သော် ကျွန်ုပ်တို့ ရပြီဆိုသော လွတ်လပ်ရေးကို ကောင်မလေးအသွင် ဥပမာထား၍ ရှုစားကြပါဦး။

သူ့ခမျာ မူလကပင် လွတ်လွတ်ကင်းကင်းမဟုတ်ပါ။

ပေါ်တူဂီတို့နှင့် ဘာလိုလိုကြားရဖူးပါ၏။ ဒပ်ချ်တို့နှင့်လည်း မကင်းပါ။

တစ်ရံရောအခါက ပြင်သစ်တစ်လှည့် အင်္ဂလိပ်တစ်လှည့်သူ့ကို လုယျိုလှည့်ကြပါ၏။ အင်္ဂလိပ်က အိမ်ရှေ့ပေါက်က တက်ပါသည်။ ပြင်သစ်က နောက်ဖေးပေါက်က တက်ပါသည်။

မည်သူ့ကိုမျှ အလိုမတူသော ကောင်မလေးကို အင်္ဂလိပ်က ပထမ ပန်းဦးပန်ခဲ့သည်။ သို့သော် အင်္ဂလိပ်သည် သားမှတ်မှတ်မယားမှတ်မှတ် ပေါင်းသည်မဟုတ်။ ကောင်မလေးကို ဥရောပတိုက်သားတို့နှင့်လည်း လွှတ်ပေး၏။ အိန္ဒိယသားတို့နှင့်လည်း လွှတ်ပေး၏။ ပါကစ္စတန်တို့နှင့်လည်း လွှတ်ပေး၏၊ တရုတ်တို့နှင့်လည်း လွှတ်ပေး၏။ ထို့နောက် အရှေ့တောင်အာရှမှ မဟာမိတ်ဆိုသော နွားသိုးကြီးပြတ်တို့ ထွက်ပြေးကြသောအခါ ဂျပန်က မုဒိမ်းကျင့်ခဲ့၏။

လူတကာနှင့် ဖွတ်ဖွတ်ကြေခဲ့ပြီးမှ ထိုကောင်မလေးနှင့်ကျွန်တော်တို့ ပြန်ပေါင်းခဲ့ရ၏။ မေတ္တာစစ်မေတ္တာမှန် ဖြစ်ခဲ့သောကြောင့် အဘယ်မျှ ဖွတ်ဖွတ်ကြေစေကာမူ ကျွန်တော်တို့သည်ရေဆေး၍ ပေါင်းကြရမည်ဖြစ်၏။

သို့သော် လွတ်မြောက်ပြီးစ မြန်မာ့အခြေကား ညစ်ပတ်ပေရေ ပျက်စီးယွင်းယိုနေသော အခြေဖြစ်သည်။

ဤအခြေတွင် ပိုင်ဆိုင်ခွင့်ကိုရပါပြီဟု ဆိုသော်လည်း နိုင်ငံရေး၌လည်းကောင်း၊ စီးပွားရေး၌လည်းကောင်း၊ လူမှုရေး၌လည်းကောင်း။ မြန်မာတိုင်းရင်းသားတို့က ကိုယ်ထိလက်ရောက် အပိုင်စီးရဦးမည်။

စင်စစ်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ပြရသော်လည်း ယင်းတို့ကိုပင် လူမှုဟု ခြုံ၍ဆိုနိုင်သည်။

ထို့ကြောင့် တစ်နည်းအားဖြင့်ဆိုသော် မြန်မာ့လူမှုရေးကိုအပိုင်စီးရဦးမည်။

လွတ်လပ်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးသည်မြန်မာ့လူမှုရေး၏ စူဠနိဒါန်းမျှသာရှိသေးသည်။ သူ့ထက်ကြီးကျယ်သော တော်လှန်ရေးကို လုပ်ရဦးမည်။ ထိုတော်လှန်ရေးသည်မြန်မာ့လူမှုရေး၏ မဟာနိဒါန်းဖြစ်ရမည်၊ အကျဉ်းချုပ်လိုက်သော်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် လွတ်လပ်ရေးကြေညာသည့် နေ့ကစ၍ မြန်မာ့လူမှု တော်လှန်ရေးကြီးကို လုပ်ဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် လည်း မြန်မာ့တော်လှန်ရေးကို မပြီးဆုံးသေးသော တော်လှန်ရေး ဆိုကြခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို ပြာပုံဘဝမှစ၍ တည်ထောင်ခဲ့ကြသည်။

ယနေ့ ၁၀ နှစ်ပြည့်ပြီးသော လွတ်လပ်ရေးသက္ကရာဇ်၌ ပြာပုံသည်ပြာပုံပင်ဖြစ်နေသည်။ ရှေးကပြောခဲ့သော ပြာပုံမှာ စကားဥပမာမျှသာဖြစ်သည်။ ယခုကျွန်ုပ်တို့တွေ့ရသော ပြာပုံမှာ တကဲ့ပြာပုံဖြစ်၏။

သေနတ်တစ်လက် လက်ထဲရှိတိုင်း တော်လှန်ရေးဖြစ်နိုင် သည်မဟုတ်၊ ဥပမာပြင်သစ်အစိုးရအား မြောက်ပိုင်းဗီယက်နမ်တို့ တော်လှန်ခဲ့ပုံကို ကြည့်ပါ။

ဟိုချီမင်းသည် ပြင်သစ်တို့ကို တော်လှန်ရာ၌ သေနတ်ထို စာကလေးခြောက်သော လက်နက်သဖွယ် အသုံးပြု၍ လူထုစည်းရုံး မှုဖြင့် ထုတ်လုပ်အားတို့ ပိုမိုအောင် ကြိုးပမ်းခဲ့ရသည်။

လိုရင်းမှာ လူထုစည်းရုံးမှုပင်ဖြစ်၏။

ယနေ့မြန်မာနိုင်ငံ၏ လူထုစည်းရုံးမှုကို ပြပါဟုဆိုလျှင် နိုင်ငံရေးသမားတို့၏ ပေးစာကမ်းစာကို ဝင်နှိုက်ပြီးသော်၊ ချောင် တစ်ချောင်တွင် သီးသန့်နေရာယူကာ 'သူတို့ချင်း စာရင်းရှင်းပေစေ' ဟူသော မျက်နှာထားဖြင့် ကင်းကင်းရှင်းရှင်း ဘေးထိုင်နေသော လူတစ်စုကို ပြရမည်ဖြစ်၏။

မြန်မာ့လူမှုတော်လှန်ရေးလမ်းစတွင် မိမိနှင့်အတူ ခေါ် ဆောင်သွားရမည့် မြန်မာလူထုကို စနစ်တကျ စည်းရုံးရန်လိုပေ သည်။



သို့သော် လူထုသည် အူမမတောင့်သောအခါ တော်လှန် ရေးသီလကို မစောင့်နိုင်ချေ။

ထို့ကြောင့် မြန်မာ့စီးပွားရေးကို ကိုင်ကြရမည်ဖြစ်၏။

ထုတ်လုပ်ရေးကို ပို၍ပို၍ လုပ်ကြရမည်ဖြစ်၏။

ထိုကိစ္စအတွက် ငွေရှိရုံနှင့်မပြီး၊ ပစ္စည်းရှိရုံနှင့်မပြီး၊ လုပ် မည့်သူ ရှိရုံနှင့်မပြီး၊ လုပ်တတ်ရုံနှင့်လည်းမပြီး။

အရင်းနှင့်ပစ္စည်းအင်အား၊ လူအင်အား၊ ကျွမ်းကျင်မှု အင်အားတို့ကို ပေါင်းစပ်၍ ဝီရိယစိုက်ထုတ်ကာ လုပ်နိုင်မှ ပြီးမည်။

ကျွန်ုပ်တို့၌ အရင်းအနှီးဟူ၍ မူလကပင် သုညနှစ်လုံးသာ ရှိသည်။ ယခု ဘိုးဘိုးအောင်တန်ခိုးကြောင့် သုညများသာ အများ ကြီး ပေါ်သည်။

ပစ္စည်းဟူသည်မှာလည်း အသူတရာနက်သော မြောက်ထဲ ၌ အများကြီးရှိသည်ဟုဆိုပါ၏။ သို့သော် တိုင်းရင်းသားလက်ထဲ တွင် ကျောက်စရစ်ခဲတစ်လုံးပြည့်အောင် မရှိ။

လူအင်အားသန်းပေါင်း ၂၀ နီးပါးအနက်၊ အလုပ်လုပ်နိုင် သူ တစ်ဝက်မျှပင်မရှိ။ ၎င်းတို့အထဲတွင် စီးပွားရေးထုတ်လုပ်မှုကို လုပ်နေသူတို့မှာလည်း သုံးပုံပုံတစ်ပုံမျှ ရှိနိုင်မည်လော။

ရှိသမျှလူထဲတွင် သဘောကွဲလွဲနေကြသည်ချည်းဖြစ်၏။

ကျွမ်းကျင်မှု၌ မြန်မာလူမျိုးက မြန်မာသည်အလွန်တော်ပါ သည်ဟု ထောက်ခံချက်ပေးနေသော်လည်း ရှေးကအရင်းရှင်သွေး စုပ်တို့၏ နေရာကွက်လပ်တွင် နိုင်ငံခြားပါရဂူနှင့် ၎င်းတို့၏ လက်နက်ကိရိယာတို့ကိုသာ တွေ့နေရ၏။

ရှေးကအိန္ဒိယ ပဋိညဉ်ခံဝန်ထမ်းတို့ကို မိုးကျရွှေကိုယ်ဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြ၏။ ယခုခေတ် ပါရဂူတို့ကား ထာဝရဘုရားစံရာ ကောင်းကင်ဘုံမှ ကျလာသော ရွှေကိုယ်များဖြစ်ကြ၏။

၎င်းတို့ကြောင့် မြန်မာ့အုပ်ချုပ်ရေးစနစ်သည် ခေါင်းကြီး၍ ကိုယ်မရှိဖြစ်နေ၏။

ဤမျှ ပြောင်းဆန်နေသောအခြေကို ငြိမ်းချမ်းသော မြန်မာ့တော်လှန်ရေးစနစ်ကြီးဖြင့်သာ ပြန်လည်ထူထောင်နိုင်စရာ နည်းလမ်းရှိ၏။

လက်နက်ကြီးတကိုင်ကိုင်နှင့် ဝရုံးသုန်းကား လုပ်ကြစတမ်းဟုဆိုလျှင် မြန်မာနိုင်ငံသည် ဒုတိယအကြိမ် ပါတော်မူဖြစ်ရဖို့ရှိ၏။

မြန်မာနိုင်ငံ၏ သော့ချက်လုပ်ငန်းဟူသမျှတို့ကို နိုင်ငံခြား အသီးသီးတို့၏ ပါရဂူများက အုပ်စီးပြီးဖြစ်၍ ရှေးခေတ်ကလို ဧရာဝတီမြစ်ကြောင်းကို ဆန်တက်၍ မြန်မာနိုင်ငံကို သိမ်းပိုက်စရာမလို ရန်ကုန်မြစ်ဝသို့ရောက်လျှင် ကိစ္စတုံးနိုင်သည်။

ထိုအခါ နိုင်ငံခေါင်းဆောင်ကြီးတို့ တဖွဖွရေရွတ်တိုင်းထွာနေသော နိုင်ငံရေးခြ၊ ဖြုတ်၊ ခွတုတ်၊ လောက်ကောင်၊ မနုဿ အစရှိသော အချောင်သမားတို့သည် ၎င်းတို့၏ လောကနိဗ္ဗာန်ကြီး တည်ဆောက်ကြကုန်လတ္တံ့။

ထိုအချိန်တွင် ပေါက်ကွဲမှုကြီးပေါ်လိမ့်မည်။ ကျွန်ုပ်တို့ ရည်မှန်းကြသော မြန်မာ့လူမှုတော်လှန်ရေးကြီးသည် မီးကုန်ယမ်းကုန် ပေါက်ကွဲမည်။

တကယ့်တော်လှန်ရေးစိတ်ဓာတ်ဖြင့် အမျိုးနှင့်နိုင်ငံ အကျိုးပြုလိုသူတို့အချင်းချင်း အညီအညွတ်တိုင်တိုင်ပင်ပင် မဆောင်ရွက်နိုင်သမျှ ကာလပတ်လုံး၊ ထိုပေါက်ကွဲမှုကြီးသည်



မြန်မာလူထုကို ဘီလူးစီးသကဲ့သို့ စီးလိမ့်မည်။

မြန်မာနိုင်ငံရေးသည် ယခုအတိုင်းသာ လုံးလည်လိုက်ရှိနေသည်ဟုဆိုလျှင် နောင်တစ်ခေတ်တွင် ပေါက်ကွဲမှုကြီးလာတော့မည်။

နောင်တစ်ခေတ်ဆိုသည်မှာ များစွာကြာလိမ့်မည်မဟုတ်၊ နက်ဖြန်လား၊ သန်ဘက်ခါလား၊ ဖိန်းနွှဲခါလား တပ်အပ်သေချာ မပြောတတ်ပါ။

သိချင်လျှင် နောက်ထပ်ပါရဂူတစ်ယောက်ကိုခေါ်၍ မေးကြည့်ဖို့သာရှိ၏။

သို့သော် ကျွန်ုပ်တို့ အချင်းချင်းကား မြန်မာလူမှုတော်လှန်ရေးကြီးကို အချိန်မီစံနစ်တကျ ဆောင်ရွက်သွားကြရန် လုပ်ငန်းသာ ကျန်တော့၏။

ထိုလုပ်ငန်းကို အေးအေးချမ်းချမ်း၊ ကျေကျေလည်လည်၊ အညီအညွတ်၊ တိုင်တိုင်ပင်ပင် လုပ်နိုင်မှ မြန်မာပြည်ထောင်စုသည် ထွတ်မြောက်သည် မည်ပေလိမ့်မည်။

(ပေဖူးလွှာ၊ မေ၊ ၁၉၅၈)

www.burmeseclassic.com

www.burmeseclassic.com

# အနာဂတ် မြန်မာ့နိုင်ငံရေး

ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ဒုတိ
ဝန်ကြီးချုပ်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့ဖူးသော ပြည်ထောင်စုတ
လွှတ်တော်ချုပ် တရားဝန်ကြီးချုပ်ဟောင်း ဦးသိမ်းမောင်သ
နိုင်ငံရေးကိုစတင်၍ လိုက်စားသည့်အခါက "နိုင်ငံရေးသ
ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာအလုပ်ဖြစ်သည်" ဟု စိတ်ပျက်စကာ
ပြောကြားခဲ့ဖူးသည်။

ဤကား ယခုခေတ်သမယ၌ ပို၍မှန်နေသည်ကို ဒုတိ
ဝန်ကြီးချုပ်ဟောင်းဦးသိမ်းမောင်သည် ကျွန်တော့်ထက်ပို
သဘောပေါက်လိမ့်မည်ဟု ယူဆမိသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်
သည် နိုင်ငံရေးကို မဆောင်ရွက်ဘဲမနေနိုင်။ နိုင်ငံရေးထဲ၌ ပါဝ
သာ နေရသည်။

စင်စစ်နိုင်ငံရေးသည် မည်မျှပင်စိတ်ပျက်စရာကောင်
ကာမူ၊ နိုင်ငံရေးကို မကောင်းသည့်အထဲက ကောင်းလာအော
ဆောင်ရွက်ဖို့ကိစ္စသည် လောက၏ အကျိုးစီးပွားကို ရှေးရှုသူ



တာဝန်တစ်ရပ်ဖြစ်ပေသည်။

နိုင်ငံရေးစိတ်ပျက်စရာကောင်းနေသည်မှာ အခြား ကြောင့်မဟုတ်၊ ကျွန်ခေတ်က လွဲမှားသော အယူအဆတစ်ရပ်ကို ယခုခေတ်လူတို့ မတော်လှန်နိုင်ခြင်းကြောင့် ဖြစ်၏။

ထိုအယူအဆမှာ နိုင်ငံရေးအလုပ်ကို အသက်မွေးဝမ်းကျောင်းအလုပ်ဟူ၍ ယူဆသော အယူအဆဖြစ်၏။

ဤစကားမှာ ယေဘုယျအားဖြင့် ပြောရသောစကားဖြစ်၍ လွတ်လပ်ရေးကို တရားဥပဒေနည်းဖြင့် ကြိုးပမ်းသောခေတ်တွင် သတင်းစာဆရာများ၊ ဝတ်လုံတော်ရရှေ့နေများ၊ ဆရာဝန်များ၊ မြေပိုင်ရှင်များ၊ ကုန်သည်ပွဲစားများ အစရှိသော အမျိုးကောင်းသားတို့သည် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းကို လုပ်ကိုင်ရင်းနှင့် နိုင်ငံရေးဆောင်ရွက်ကြသည်ကို ကျွန်ုပ်တို့ရည်စူး၍ အပြစ်မတင်သင့်ချေ။ သို့ရာတွင် ထိုထိုသောခေါင်းဆောင်တို့ကို တုပကာ ကိုယ်ပိုင်အလုပ် ဘာမျှမရှိသဖြင့် နိုင်ငံရေးဝင်လုပ်သော ယောင်သုံးဆယ်လူစားမျိုးကား ယခု ကျွန်တော်ပြောသည့်အထဲတွင် အကျုံးဝင်၍နေလေသည်။

သို့ရာတွင် ထိုထိုသော ယောင်သုံးဆယ်တို့၏ ပယောဂကြောင့် နိုင်ငံရေးတည်းဟူသော လောကဟိတလုပ်ငန်းကို အမျိုးနှင့်နိုင်ငံရေးချစ်သူတို့သည် နှာခေါင်းရှုံ့၍မဖြစ်ချေ။ တစ်ခေတ်၌ကောင်းလျှင် နောင်တစ်ခေတ်၌ ကောင်းအောင်ကြိုးစားရမည်မှာ မြန်မာနိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

ရှေးခေတ်က နိုင်ငံရေးသမားတို့နှင့် ဆက်ဆံပေါင်းသင်းမိသောအခါ ထိုနိုင်ငံရေးသမားတို့ ပြောလေ့ပြောထရှိသော အချက်တို့ကို ကျွန်တော် ယခု ပြန်၍တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနိုင်ငံရေးသမားတို့သည် လူနှင့်တွေ့လျှင် 'ခင်ဗျား ဘာ
လုပ်စားသလဲ' ဟု မေးတတ်သည်။ ထိုအခါ ခင်ဗျားတ သူ့ထို
'ကျွန်တော် စာရေးပါ၊ မြို့အုပ်ပါ၊ ဝန်ထောက်ပါ၊ ဆရာဝန်ပါ
ရှေ့နေပါ၊ ကုန်သည်ပါ၊ ပွဲစားပါ၊ ဈေးသည်ပါ' ဟူ၍ ပြောလျှင်
'ခင်ဗျား နိုင်ငံရေးသမားမဟုတ်ဘူး' ဟု ဆိုလေ့ရှိပါသည်။
အဓိပ္ပာယ်မှာ ခင်ဗျားနှင့်ကျွန်တော်တို့က မိမိဝမ်းစာကို မိမိရှာဖွေ
နိုင်သော အလုပ်အကိုင်ရှိသူများဖြစ်၍ နိုင်ငံရေးသမားမဟုတ်
သူသာလျှင် ကိုယ့်ဝမ်းကိုယ်မရှာတတ်၍ နိုင်ငံရေးသမားဖြစ်ပြီး
သော အဓိပ္ပာယ်တည်း။

ထိုနိုင်ငံရေးသမား၏ အတွေးအခေါ်သည် မည်မျှမြင့်
မြတ်ပါသနည်း။ မည်မျှနက်နဲပါသနည်း။ ဤလောကကြီး၌ ထိုကဲ့သို့
သော အတွေးအခေါ်များနှင့် လူဖြစ်၍လာကြရသည်မှာ သနား
ဖွယ်ကောင်းလေစွ။

ကျွန်ုပ်တို့သည် ကျွန်ခေတ်မှရုန်းကန်၍ ထွက်လာကြ
သည်၊ သို့ပါလျက်နှင့်လည်း ယနေ့အဖို့ဆိုလျှင် ကျွန်ခေတ်
အတွေးအခေါ်များသည် တရားသေသမားများ၏ ဦးနှောက်ထဲ
ကုန်စင်အောင် ထွက်မသွားကြသေးချေ။ ရှေးရိုးသမား တစ်စော
ကန်းတို့မှာကား ခေတ်ဟောင်းမှ အတွေးအခေါ်တို့ကို ယနေ့တို
ဖက်၍ ထားကြသည်၊ ထို့ကြောင့်လည်း ယနေ့တိုင်ပင်လျှင် အ
အချို့သော ခေါင်းဆောင်အမည်တို့ကို ခံယူထားသူတို့သည် နိုင်
ရေး•ကို ၎င်းတို့သာလျှင် ဆိုင်ထိုက် ပိုင်ထိုက်သော ဝမ်းရေးလုပ်
ကြီးတစ်ရပ်ဖြစ်သည်ဟု ယူဆကြသည်၊ အခြားအခြားသော
ကုန်သည်၊ ပွဲစား၊ စာရေး၊ စာချီ၊ ဆရာဝန်၊ ရှေ့နေ၊ အင်ဂျင်နီ
စက်မှုလက်မှုလုပ်ငန်းသမား၊ ကုန်ထုတ်လုပ်ငန်းသမား၊ အရော

အဝယ်သမားတို့နှင့် လားလားမျှမထိုက်ဟု ထင်မှတ်နေကြသည်။
ထို့ကြောင့်လည်း နိုင်ငံရေးဆောင်ရွက်ခြင်းဆိုသည်မှာ ဝန်ကြီးချုပ်၊
သမ္မတအဖြစ်၌ အဆုံးသတ်သည်ဟု ယူဆနေကြသည်။ နိုင်ငံရေး
သမားသည် ရာထူးကို ရခွင့်ရထိုက်သည်ဟု မှတ်ယူနေကြသည်။
တစ်နည်းဆိုလျှင် နိုင်ငံရေးလုပ်ငန်းသည် ရာထူး၌ အဆုံးသတ်
သည်ဟု ဆိုရပေလိမ့်မည်။

ကျွန်ခေတ်က လခစားရာထူးကို မက်သည့်ဉာဉ်မှာ ယနေ့
တိုင် မကုန်သေးချေ။

ထို့ကြောင့်လည်း မြန်မာ့နိုင်ငံ•ရေးသည် ရာထူးအရေးဖြစ်
သည်။ ရာထူးထက်ပို၍ မြင်တတ်သော မျက်စိရှိသူတို့ကလည်း
အာဏာ-အာဏာဟု အာဏာပါဏာကမ္မဋ္ဌာန်းကို စီးဖြန်းနေကြ
သည်။ သို့သော် ၎င်းတို့စဉ်းစားမိသော အာဏာမှာ အမျိုးနှင့်
နိုင်ငံတိုးတက်အောင် လုပ်ဆောင်နိုင်ခွင့် အာဏာမဟုတ်၊ ရာထူးရဖို့
အာဏာ၊ ရာထူးဝေဖို့ အာဏာဖြစ်လေသည်။

ထို့ကြောင့်လည်း ယနေ့အဖို့၌ ရာထူးနှင့်အာဏာ
လျှောကျရသည်နှင့်တစ်ပြိုင်နက် နိုင်ငံရေးအလုပ်ကို လုပ်နိုင်ခွင့်မရှိ
တော့ဘိသကဲ့သို့ စိတ်ဗယာက်ဗယက်ဖြစ်နေကြခြင်းပင်။

ဤကဲ့သို့ အတွေးအခေါ်တို့ ဆွေးမြည့်စပြုနေသောအခါ
ခေတ်ဟောင်းကြွေခါနီးမို့ ရွက်သစ်များ ဝေတော့မည့်ပုံသဏ္ဍာန်ကိုပါ
ကျွန်တော် မျှော်မှန်းကြည့်မိသည်။

ယနေ့အဖို့ လူထု၏ဝမ်း၌ စိတ်သစ်တို့သည် ပဋိသန္ဓေ
တည်စပြုပြီ။

လူငယ်တို့၏ လှုပ်ရှားမှုသမိုင်းကို ပြန်ပြောင်းကြည့်သော်
ကျွန်ုပ်တို့ခေတ်သို့ ရောက်ခါမှပင် လူငယ်တို့သည် ထထကြွကြွနှင့်

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်လာကြသည်ဟု မယူဆသင့်။ ဤအယူသည် သမိုင်းနှင့် အဆက်ပြတ်၍ အတိမာနလွှမ်းသော အယူဖြစ်၏။ စင်စစ်မြန်မာ့ သမိုင်းကို ပြန်ကြည့်လျှင် အနော်ရထာမင်းသည် အသက် ၃၀ အရွယ်တွင်လည်းကောင်း၊ ကျန်စစ်သားမင်းသည် အသက် ၃၂ နှစ် အရွယ်တွင်လည်းကောင်း မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုကို စတင်ကြိုးပမ်းသည်။ တပင်ရွှေထီးသည် အသက် ၁၇ နှစ်အရွယ် ကပင် စတင်၍ မွန်/ဗမာဟု တကွဲတပြားဖြစ်နေသည်ကို ပြန်လည်ပေါင်းစည်းနိုင်ရန် လက်ရုံးရည်တော်လှန်ရေးကို စတင် ကြံဆောင်သည်။ တပင်ရွှေထီးထက်တစ်နှစ်မျှသာ အသက်ကြီး သော ဘုရင့်နောင်သည် လက်ရုံးရည်တော်လှန်ရေးမှ နှလုံးရည် တော်လှန်ရေးသို့ ဆင့်ကဲပြောင်းလဲအောင် ကြိုးပမ်းခဲ့သည်။ ထိုနည်း တူစွာ အလောင်းမင်းတရား၊ ဆင်ဖြူရှင်စသော ပုဂ္ဂိုလ်တို့သည် မြန်မာ့ရိုးရာ တော်လှန်ရေးသဘောတရားတို့ကို တည်ဆောက်ခဲ့ကြ သည်မှာ လူငယ်ဘဝနှင့်အစပြု၍ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

ထိုသမိုင်းအစဉ်အဆက်ရှိသော ကျွန်ုပ်တို့သည် ဗြိတိသျှ ခေတ်တွင် တော်လှန်ရေးအမျိုးမျိုးတို့ကို ကြိုးပမ်းခဲ့ကြသည်။ သမိုင်း အစဉ်ကို ဖော်ပြရလျှင် ဆုံးနိုင်မည်မဟုတ်။ ကျွန်ုပ်တို့ခေတ်၏ လက်လှမ်းမီသမျှကို ပြန်ပြောင်းကြည့်သော် ၁၉၂၀ ပြည့်နှစ်လူငယ် များ၏ လှုပ်ရှားမှုကြောင့် အမျိုးသားစိတ်ဓာတ်ပြင်းပြလာခဲ့သည်။ ၎င်းနောက် ၁၉၃၆ ခုနှစ် တောင်သူလယ်သမားအလုပ်သမား လှုပ်ရှားမှုမှ ဆက်၍ဆက်၍လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တော်လှန် ရေးကြီးတို့ ဖြစ်ပေါ်လာခဲ့ကြသည်။ ခေတ်အဆက်ဆက်၏ သဘော ကို ကြည့်လျှင် ၁၉၂၀ ပြည့်နှစ်က လူငယ်သည် ၁၉၃၀ ပြည့်နှစ် လူငယ်ကို မွေးထုတ်ပေးခဲ့၏။ ၁၉၃၀ ပြည့်နှစ်က လူငယ်သည်



၁၉၄၀ ပြည့်နှစ်လူငယ်ကို မွေးထုတ်ပေးခဲ့၏။ အစဉ်အဆက်ဟူ၍ ကား မပြတ်ခဲ့ချေ။ သို့သော် ရှေးကလူသည် နှောင်းကလူနှင့် အတူ မလိုက်နိုင်ခဲ့ကြချေ။

ဤစကားကို ရှင်းအောင် သာဓကဆောင်ဦးအံ့။

၁၉၂၀ ပြည့်နှစ်တွင် အမျိုးသားလှုပ်ရှားမှု ပေါ်လာ သည်။ သို့သော် ထိုခေတ်လူငယ်များသည် ၁၉၃၀ ပြည့်နှစ် ဒို့ဗမာ အစည်းအရုံးခေတ်သို့ ရောက်သောအခါ ခေတ်နှင့်အတူ မလိုက်နိုင် ဘဲ နောက်ချန်ရစ်ခဲ့ကြသည်။ ၁၉၄၀ ပြည့်နှစ်တွင် လွတ်လပ်ရေး ကြိုးပမ်းကြသောအခါ ဒို့ဗမာအစည်းအရုံးတည်ထောင်ကြသူ လက် ဟောင်းသမားကြီးတို့သည် နောက်၌ကျန်ရစ်ခဲ့ကြပြန်သည်။ ၁၉၄၀ ပြည့်နှစ်မှစ၍ ၁၉၄၇ ခုနှစ်အထိ ခေတ်သည် ဒုတိယကမ္ဘာစစ်ကြီး နှင့် ရင်ဆိုင်ရသောခေတ်ဖြစ်ရာ ထိုခေတ်တွင် သမိုင်းအစဉ်ပြတ်ဘိ သကဲ့သို့ရှိသည်။ သို့သော် တော်လှန်ရေးအစဉ်အဆက်ကား မပြတ် ခဲ့ချေ။ ၁၉၄၈ မှသည် ၁၉၅၈ ခုနှစ်အတွင်း လွတ်လပ်ရေး ၁၀ နှစ်၌ကား တော်လှန်ရေးသမားတို့၏ ဘဝသည် အမျိုးမျိုးပြောင်းလဲ ခဲ့ပြန်သည်။ ယခု ၁၉၅၈ ခုနှစ်မှ လွတ်လာသောအခါ ရှေးကလူငယ် တို့သည် လူကြီးဖြစ်လာ၍ ခေတ်နှင့်အတူ မလိုက်နိုင်ဘဲ နောက်၌ ချန်ရစ်ခဲ့တော့မည့်ပုံ အသွင်ကို ဆောင်နေကြလေသည်။

အမျိုးသားလှုပ်ရှားမှုခေတ်က လူငယ်တို့သည် ယနေ့အဖို့ ၌ အိုမင်းမစွမ်းရှိလာကြပြီ။ ၎င်းတို့သည် ဥပဒေတွင်း ကြိုးပမ်းမှု၌ လူစွမ်းကောင်းများဖြစ်ခဲ့ကြသော်လည်း၊ လက်နက်ကိုင်တော်လှန် ရေးခေတ်တွင် လူငယ်တို့ကို ခေါင်းဆောင်မှုမပေးနိုင်ခဲ့ကြချေ။

ဒို့ဗမာအစည်းအရုံးခေတ်က လူငယ်များသည် ဆူပူကြွမှု တို့ဖြင့် တော်လှန်ရေးစိတ်ဓာတ် တက်ကြွအောင် လှုံ့ဆော်ရာ၌

www.burmeseclassic.com



လူစွမ်းကောင်းများ ဖြစ်ကြသည်။ သို့သော် အချို့သော သူတို့၏ အတွေးအခေါ်သည် ဝါးဖတ်ဦးထုပ်ထဲ၌လည်းကောင်း၊ ပင်နီအကျီ ထဲ၌လည်းကောင်း၊ အိမ်တော်ရာထီးထဲ၌လည်းကောင်း၊ ခုံဖိနပ်ထဲ ၌လည်းကောင်း ကျန်ရစ်ခဲ့သည်။ ၎င်းတို့အယူအဆများသည် နိုင်ငံ ရေးကို အဆိုပါဝါးဖတ်ဦးထုပ် ခုံဖိနပ်နှင့် အရင်းတည်၍ ရာထူး အမြတ်ပေါ်လျှင် ကြိုးပမ်းမှုပြီးဆုံးပြီ ဟူသော အယူအဆဖြစ်ဟန်တူ လေသည်။

ထို့နောက် တော်လှန်ရေးခေတ်သို့ ရောက်လာကြသည်။ လက်နက်ကိုင်တော်လှန်ရေးဆိုသည့်အတိုင်း လက်နက်ကိုင်၍ အလုပ်လုပ်ကြရသည့်အရာ၌ ကျွန်ုပ်တို့၏ တော်လှန်ရေးသမားများ သည် လူစွမ်းကောင်းများဖြစ်ကြသည်။ သို့သော် လက်နက်ကိုင်ရင်း ကိုင်ရင်းနှင့် အနုမြူခေတ်ထဲသို့ ကျွန်ုပ်တို့ရောက်လာပြီကို ၎င်းတို့ သတိထားမိကြဟန်မတူ။ သိပ္ပံပညာ၏ တိုးတက်မှုကို ၎င်းတို့၏ စတင်းဂန်းနှင့် ဘရင်းဂန်းတို့သည် အမီမလိုက်နိုင်။

ဤအတွင်း တော်လှန်ရေးခေတ်မှ ထွက်ပေါ်လာသော အပျက်တရားတို့ကို ပြန်လည်ပြုပြင်ရမည့် လုပ်ငန်းပိုင်းသည် ရောက်ရှိလာသည်။

ထိုအခါ လက်ရုံးအားကိုးသမားသည် နှလုံးရည် တော်လှန် ရေးကို ဘယ်ကစ၍လုပ်ရမည်မသိ ဖြစ်ခဲ့၏။

ထို့ကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းပိုင်းသို့ရောက် သောအခါ တစ်ခါက ကျွန်ုပ်တို့အားကိုး အားထားပြုခဲ့ရသော လူငယ်ခေါင်းဆောင်တို့သည် အမှားတစ်ခုကို နောက်ထပ်အမှား နှစ်ခုနှင့်ပြုပြင်ရန် ကြိုးပမ်းလာကြသည်။

ခေတ်သည် ၎င်းတို့ကို စောင့်၍မနေ။



ရှေ့သို့တိုး၍တိုး၍ သွားသည်။

ကျွန်ုပ်တို့ အားကိုးအားထားပြုခဲ့သော ခေါင်းဆောင်တို့ တား နောက်သို့ဆုတ်ဆုတ်၍သွားနေကြသည်။

၎င်းတို့သည် ဂျီ-စီ-ဘီ-အေ ခေတ်ထဲသို့ အတင်းတိုး၍ ဝင်နေကြသည်။

●

မနေ့ကလူငယ်ဟု ဆိုသော ပုဂ္ဂိုလ်တို့သည် ယနေ့လူကြီးဖြစ်လာကြ ပြီ။

ထိုလူကြီးတို့သည် မျက်မှန်ကြီးကိုတပ်၍ မဂ္ဂါစ်စ်ဝါဒ (ပထမနိုပ်ခြင်း) စာအုပ်အဟောင်းကြီးကို ဖတ်၍ စီမံကိန်းထုတ် လျက်ရှိကြသည်။

ဥရောပတိုက်ဆိုရှယ်လစ်နိုင်ငံတို့ အဦးအစ၌ မှားခဲ့၍ နှိပ်စက်သောအရာတို့ကို အဆိုပါ လူကြီးများသည် အသစ်အဆန်း တု ယူဆကာ ကောက်၍ သုံးနေကြ၏။

၎င်းတို့က ခေတ်ဆံသည်ဟု ယူဆကာ မိမိတို့နိုင်ငံကို လက်ဝဲနိုင်ငံဟူ၍ပင် ကြေညာလိုက်သေး၏။

ဤအချိန်တွင် ရှေးက ၁၆ နှစ်သားအရွယ် အမိနို့မှမစင် သေးသော လူငယ်တို့သည် ၂၆ နှစ်အရွယ်သို့ ရောက်လာကြသည်။

၎င်းတို့သည် မနေ့က ငယ်၍ယနေ့ကြီးလာသော လူကြီး များ၏ အမှားတော်ပုံဇာတ်လမ်းကို ကြည့်၍ ဝေဖန်နေကြသည်။

ယနေ့လူငယ်တို့သည် မက်ထရစ်စာမေးပွဲကို ဖြေရင်း၊ ဥစာစာမေးပွဲကို ဖြေရင်း၊ ဝိဇ္ဇာသိပ္ပံစာမေးပွဲကိုဖြေရင်း လူကြီးတို့ ဆောင်နေကြသော နိုင်ငံရေးသမိုင်းကို လက်တွေ့လေ့လာနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ယနေ့လူငယ်တို့သည် အုပ်ချုပ်ရေးသမားအဖြစ်ဖြင့် အောက်ဆုံးလေ့ကားထစ်မှနေ၍ မျက်မှောက်နိုင်ငံရေးကို ဝိပဿနာတင်ကြသည်။ စီးပွားရေးသမားအဖြစ်ဖြင့် အင်ပို့လိုင်စင်ဆိုင်းဘုတ်ကို ချိတ်ရင်း ဝိပဿနာတင်ကြသည်။ စက်မှုလက်မှုသမားအဖြစ်ဖြင့် ဆပ်ပြာချက်ရင်း ဝိပဿနာတင်ကြသည်။ ကာကွယ်ရေးတပ်သားအဖြစ်ဖြင့် သေနတ်ပြောင်းတိုက်ရင်း ဝိပဿနာတင်ကြသည်။

မနေ့ကလူငယ်ဖြစ်၍ ယနေ့လူကြီးဖြစ်နေကြသော သူတို့သည် ၎င်းတို့အား ယနေ့လူငယ်တို့က စောင့်ကြည့်နေကြသည်ကို မမြင်တကား။

ယနေ့လူကြီးတို့သည် မည်သူမျှ သူတို့ကို ကြည့်နေကြသည် မဟုတ်ဟု ထင်မှတ်၍ အမှားဟူသမျှကို တစ်ခုပြီးတစ်ခု လက်တည့်စမ်းကြည့်နေကြသည်။

သို့သော် အုပ်ချုပ်ရေးသမားလူငယ်တို့သည် လူထုနှင့်အတူ ရပ်၍လူထု၏ ခံစားချက်တို့ကို သမ္မာရပရိစ္ဆေဒပြုနေပြီ။

စီးပွားရေးသမားလူငယ်သည် စိတ်ကူးယဉ်စီးပွားရေးစီမံကိန်းတို့ကို လက်တွေ့စီးပွားရေးနှင့် နှိုင်းယှဉ်၍ကြည့်နေပြီ။

စက်မှုလက်မှုသမားလူငယ်သည် စက္ကူပေါ်တွင် ရေးဆွဲထားသော ပုံစံကြီးကို လက်တွေ့လုပ်ကြည့်မှ ဖြစ်နိုင်သော စက်ကြီးနှင့် ဟပ်ကြည့်ပြီးလျှင် ဝေဖန်ချက်ထုတ်နေပြီ။

စစ်သားလူငယ်သည်လည်း ပါးစပ်တော်လှန်ရေးနှင့် လက်တွေ့တော်လှန်ရေးကွာခြားချက်သည် ကိုက်ပေါင်းမိတာပေါင်း မည်မျှရှိသည်ကို တိုင်းတာ၍နေလေပြီ။



ယနေ့လူငယ်သည် ကမ္ဘာတစ်ခွင်ကို လှည့်လည်ခဲ့ပြီ။ စက်ရုံ၊ အလုပ်ရုံ၊ လက်နက်ကြီးများကို မြင်ခဲ့ပြီ။ အလုပ်ရုံများထဲတွင် ကိုယ်တိုင်ဝင်၍ တူထုခဲ့ပြီ။ နိုင်ငံတကာရှိ လယ်ယာများထဲတွင် ကိုင်တိုင်ဝင်၍ ထွန်ယက်စိုက်ပျိုးခဲ့ပြီ၊ နိုင်ငံတကာရှိ နိုင်ငံဝန်ထမ်းလုပ်ငန်းတို့ကို လေ့လာမှတ်သားခဲ့ပြီ။ နိုင်ငံတကာရှိ စစ်တပ်အဖွဲ့အစည်းများထဲတွင် နည်းနိသျတို့ကို ခံယူခဲ့ပြီ။ နိုင်ငံတကာရှိ နိုင်ငံရေးလှုပ်ရှားမှုထဲတွင် ပါဝင်ကြည့်ရှုလေ့ လာသုံးသပ်ခဲ့ပြီ။

ယင်းလူငယ်တို့သည် မာ့က်စ်ဝါဒကို စာအုပ်ထဲမှာရှာ၍ကြည့်သူများမဟုတ်။ အရင်းရှင်ဝါဒကို ဖတ်စာထဲ၌သာ ဖတ်ဖူးကြသူများမဟုတ်။ ဆိုရှယ်လစ်ဝါဒကို စာရွက်စာတမ်း၌သာ မြင်တွေ့ဖူးကြသူများမဟုတ်။ ကွန်မြူနစ်ဝါဒကို တလွဲဘာသာပြန်ထားသော စာအုပ်ထဲမှ ကူးချသူများမဟုတ်။

လူငယ်များသည် မိမိတို့ကိုယ်တိုင် အရင်းရှင် နိုင်ငံရှိ လူထု၏ ဒုက္ခသုခများ၊ ဆိုရှယ်လစ်နိုင်ငံရှိလူထု၏ ဒုက္ခသုက္ခများ၊ ကွန်မြူနစ်နိုင်ငံရှိ လူထု၏ ဒုက္ခသုက္ခများ အစရှိသည်တို့ကို ကိုယ်တွေ့ခံစားခဲ့ကြရပြီ။

ဤအခြေမျိုးတွင် မနေ့ကငယ်ပြီး ယနေ့ကြီးလာသူတို့က နိုင်ငံရေးဟူသည် အလုပ်သမား လယ်သမားခေါင်းဆောင်၊ တုန်သည်ပွဲစားခေါင်းဆောင်၊ စက်မှုလက်မှုသမားခေါင်းဆောင်၊ သာသနာရေးခေါင်းဆောင် ဟူသည်တို့သာလျှင် ပိုင်ထိုက် ဆိုင်ထိုက် လုပ်ထိုက်သော အရေးဟု ဆိုကာ သူတို့အတွက်ချည်းသာ မူပိုင်လုပ်၍ မရနိုင်ချေ။

လက်ရုံးရည်ဖြင့် ကြိုးပမ်းမှုကို နှလုံးရည်ဖြင့် ကြိုးပမ်းမှုက တော်လှန်လျက်ရှိသည့်အချိန်တွင် အတွေ့အမြင်၊ အကြား၊ ဗဟု

www.burmeseclassic.com

www.burmeseclassic.com



သုတ၊ ပညာဉာဏ် အရည်အချင်းရှိသူတို့သည် နိုင်ငံ၏အရေးကို တတ်နိုင်သည့်ဘက်က တာဝန်ယူကြရမည်ဖြစ်သည်။

ဤအချက်ကို သိကြားမင်း နားကင်းဖြင့်ဆင်း၍တားသော်လည်း မရနိုင်ပြီ။

အနာဂတ်နိုင်ငံရေး၏ အလားအလာကို စိစစ်ကြည့်လျှင် မနေ့ကငယ်ခဲ့၍ ယနေ့ကြီးလာသောလူတို့သည် အနာဂတ်တွင် ယနေ့လူငယ်များအား နေရာပေးကြရချေဦးမည်။

နိုင်ငံရေးသံသရာသည် လည်မြဲလည်ရပေလိမ့်မည်။

ရွက်ဟောင်းတို့ ကြွေလေသော် ရွက်သစ်တို့ ဝေလတ္တံ့။

(မြဝတီ၊ မေ၊ ၁၉၅၉)

# လူငယ်တို့၏ ရှေ့ဆောင်ပုဂ္ဂိုလ်

ငယ်စဉ်က ကဗျာတစ်ပုဒ်ကို ဖတ်ဖူး၏။ ထိုကဗျာ၏အဓိပ္ပါယ်မှာ ဝက်သစ်ချပင်ကြီးကဲ့သို့ နှစ်ပေါင်းများစွာ ရှင်သန်ကြီးထွားနေပါသော်လည်း၊ လောကကောင်းကျိုးကို ဘာတစ်ခုမျှမဆောင်ရွက်နိုင်လျှင် အချည်းနှီးတည်း။ ပန်းပင်ကလေးများမှာ လောကထဲတွင် ခဏတာမျှ ရှင်သန်ကြီးထွားခဲ့ကြရသည် ဖြစ်သော်လည်း၊ လူသားအားလုံး၏ ဟဒယကို ရွှင်လန်းအောင်ဖန်တီးနိုင်ခြင်းကြောင့်၊ ပန်းကလေး၏ဘဝသည် မြင့်မြတ်လှပေသည်ဟူ၍ ဖြစ်၏။

မြန်မာ့သမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းဟူသော အမည်နာမည်ဖြင့် စခန်းထစဉ်က ဗိုလ်ချုပ်သည် လူငယ်တစ်ဦးပင်ဖြစ်သည်။ ဗိုလ်ချုပ်မှာ အသက် ၃၃နှစ်ထဲဝင်လာသည့် အရွယ်၌ ကွယ်လွန်ခဲ့ရသည်။

သို့သော် ထိုမျှတိုတောင်းလှသော ဘဝအတွင်း ဗိုလ်ချုပ်သည် မောင်အောင်ဆန်းဘဝ၌လည်းကောင်း၊ သခင်အောင်ဆန်းဘဝ၌လည်းကောင်း၊ ဗိုလ်တေဇဘဝ၌လည်းကောင်း၊ ဗိုလ်ချုပ်

www.burmeseclassic.com



အောင်ဆန်းဘဝ၌လည်းကောင်း တိုင်းပြည်နှင့်လူမျိုးအတွက် ဆောင်ရွက်ခဲ့၏။ ထို့ကြောင့်လည်း လူပင်သေသော်လည်း အမည်မသေဘဲ မြန်မာသမိုင်းတစ်လျှောက်လုံးတွင် ဥဒါန်းတွင်လျက် ရှိနေပေဦးမည်။

ထို့ကြောင့် သူ့ဘဝမှာ တိုတောင်းလှပါသော်လည်း မြန်မာ့လူ့ဘောင်လောကအတွက် မွန်မြတ်သော အကျိုးတရားတို့ကို ဆောင်ကြဉ်းခဲ့သောကြောင့်၊ ဗိုလ်ချုပ်၏ဘဝသည် အထက်အဆိုပါကဗျာတွင် ပါဝင်သော ပန်းပင်ကလေး၏ဘဝကဲ့သို့ပင် မွန်မြတ်လှပေသည်။

လောက၌ လူဖြစ်လာကြသည်မှာ လူ့သမိုင်းနှင့် နှိုင်းစာကြည့်လျှင် သမုဒ္ဒရာရေမျက်နှာပြင်ထက် ခဏပွက်သည်မျှသာကြာသည်။ ထိုတစ်ခဏမျှသောကာလအတွင်း လူသက်တမ်းကုန်သည့်တိုင်အောင်တိုင်းပြည်အကျိုးကို ဆောင်ရွက်ခြင်းငှာ မတတ်သာသော ဗိုလ်ချုပ်၏ဘဝသည် နမြောဖွယ်ဖြစ်၏။ သို့သော် ကံတံ၏အကျိုးအတိုင်းဖြစ်ရသော တိုတောင်းလှသည့် တစ်ခဏအတွင်းမြန်မာတို့၏ ကောင်းကျိုးကို ဆောင်ရွက်ခဲ့သည်မှာ တစ်မျိုးသားလုံးကျေးဇူးတင်၍ မဆုံးနိုင်အောင်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၁၅ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နတ်မောက်မြို့၌ ဖွားမြင်သည်။

အသက် ၁၇နှစ်ကျော်အရွယ်ခန့်တွင် ထိုခေတ်လူငယ်တို့တတ်ကျွမ်းအပ်သော အထက်တန်းကျောင်းပညာရပ်တို့ကို တတ်မြောက်၍ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ရာ အသက်၂၁နှစ် ပြည့်မြောက်ပြီးသောအခါ ဝိဇ္ဇာဘွဲ့ကိုရရှိလေသည်။ ထိုနောက် ဥပဒေဘွဲ့ကိုရရှိရန် ပညာဆက်လက်သင်ကြားနေစဉ် မလွတ်လပ်သေးသောတိုင်းပြည်တို့၏ သဘာဝအတိုင်းကျောင်းသားခေါင်းဆောင်တစ်ဦးအနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကို စတင်ဆောင်ရွက်ခဲ့လေသည်။



ထိုအချိန်မှစ၍ ရေတွက်လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့နိုင်ငံရေးထဲတွင် ၁၂နှစ်တာကာလမျှသာ ကျင်လည်ခဲ့ရသည်။ သို့သော် ထို ၁၂နှစ်ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းဆောင်ရွက်ခဲ့သည့် လွတ်လပ်ရေးလုပ်ငန်းသည် များပြားလှစွာ၏။

တက္ကသိုလ်ကျောင်းသားများနှင့် မြန်မာတစ်နိုင်ငံလုံးအထက်တန်းကျောင်းသားများအားလုံး၏ ခေါင်းဆောင်ဖြစ်လာသောအချိန်၌ ဗိုလ်ချုပ်သည် အသက် ၂၃နှစ်အရွယ်မျှသာရှိသည်။ ထိုအရွယ်တွင် ရန်ကုန်တက္ကသိုလ်ဖွဲ့စည်းရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအတွက် ကော်မတီဖွဲ့စည်းရာ၊ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုကော်မတီ၌ ကျောင်းသားလောကဘက်မှနေ၍ ပြောင်မြောက်ထူးချွန်စွာ ဆောင်ရွက်ခဲ့သည်။

ဤအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် တို့ဗမာအစည်းအရုံးဝင်ဖြစ်လာပြီးလျှင် ထိုအစည်းအရုံး၌အရေးပါသော အတွင်းရေးမှူးနေရာ၌ ဆောင်ရွက်ခဲ့ပြီးလျှင်၊ အသက် ၂၄ နှစ်အရွယ်တွင် ဖရီးဒမ်းဘလောက် ဟုခေါ်သော လွတ်လပ်ရေးတပ်ဦးတွင် ပါဝင်ခဲ့သည်။

အသက်၂၅နှစ်အရွယ်၌ အိန္ဒိယနေရှင်နယ်ကွန်ဂရက်ကကျင်းပသော ကွန်ဂရက်အစည်းအဝေးသို့ တို့ဗမာအစည်းအရုံး၏ကိုယ်စားလှယ်အဖြစ်ဖြင့် တက်ရောက်ခဲ့ရာ၊ နိုင်ငံရေး အမြင်ကျယ်ခန်းလာသည်ဟု ဆိုရန်ရှိလေသည်။

ထိုစဉ်က သခင်အောင်ဆန်း၏ နိုင်ငံရေးခြေလှမ်းသည်

www.burmeseclassic.com

www.burmeseclassic.com



ကျယ်၍ကျယ်၍လာလေရာ၊ ဗြိတိသျှအစိုးရတို့က ဖမ်းဆီးရန် ကြံရွယ်သည်နှင့်၊ သခင်အောင်ဆန်းသည် မြေအောက်တော်လှန်ရေးလုပ်ငန်းတို့ကို စတင်လုပ်ကိုင်ခဲ့သည်။ ဖေါ်မိုဆာ၊ ဂျပန်စသောနိုင်ငံတို့သို့သွားရောက်၍ စစ်ပညာသင်ကြားပြီးလျှင်၊ တော်လှန်ရေးအတွက် ရဲဘော်သုံးကျိပ်ကို စုဆောင်းခဲ့သည်။ အသက် ၂၆နှစ်အရွယ်တွင် မြန်မာ့လွတ်လပ်ရေးကိုရည်စူး၍ စစ်ပညာသင်ကြားခဲ့ပြီးလျှင် အသက် ၂၇နှစ်အရွယ်၌ မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို ဘန်ကောက်မြို့တော်၌စတင်ဖွဲ့စည်းလေသည်။

ဗိုလ်တေဇအဖြစ်ဖြင့် မြန်မာနိုင်ငံသို့ ဂျပန်တို့နှင့်အတူ ဝင်ရောက်လာခဲ့ပြီးနောက်၊ အသက်၂၈နှစ်အရွယ်တွင် ဗိုလ်ချုပ်ဖြစ်လာ၍၊ လွတ်လပ်သော မြန်မာနိုင်ငံအစိုးရတည်ထောင်သောအခါ စစ်ဝန်ကြီးဖြစ်လာခဲ့လေသည်။

အသက် ၂၉နှစ်အရွယ်တွင် ဂျပန်တော်လှန်ရေးအတွက် ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ကို လျှို့ဝှက်စွာဖွဲ့စည်းခဲ့ပြီးလျှင်၊ အသက် ၃၀ အရွယ် ၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် ဂျပန်တော်လှန်ရေးကို ဦးစီးခေါင်းဆောင်ပြုလေရာ ဂျပန်တို့ထွက်ပြေးကြရလေသည်။ ထို့နောက် ဖဆပလအဖွဲ့ကြီးကို ဥက္ကဋ္ဌအဖြစ်ဖြင့် ခေါင်းဆောင်မှုပေးခဲ့သည်။

အသက် ၃၁နှစ်အရွယ်တွင် ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ရာ၊ နောက်ဆုံးတွင် လွတ်လပ်ရေးရဖို့ရာ သေချာလာသည့်အခါ ဘုရင်ခံ၏အတိုင်ပင်ခံအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်နေရင်းမှ၊ ရန်သူတို့လက်ချက်ဖြင့် ကွယ်လွန်ခဲ့ရလေသည်။ ကွယ်လွန်သောအချိန်၌ အသက် ၃၃နှစ်ထဲသို့ရောက်နေပြီဖြစ်သည်။



ကိုလိုနီနယ်ချဲ့တို့အား လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့ရသောအချိန်၌ ဗိုလ်ချုပ်မှာ အသက် ၂၇နှစ်အရွယ်မျှသာရှိ၍၊ ဖက်ဆစ်တို့ကို မောင်းထုတ်သောအချိန်၌ အသက်၃၀အရွယ်မျှသာ ရှိသေးသည်။

မြန်မာ့သမိုင်းကို ပြန်ကြည့်လျှင် တပင်ရွှေထီး၊ ဘုရင့်နောင်၊ အလောင်းဘုရားစသည့် ပုဂ္ဂိုလ်များသည် ငယ်ငယ်ရွယ်ရွယ်တပင်လျှင် မြန်မာနိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ ပေါင်းစည်းရေးများအတွက် တာဝန်ယူခဲ့ကြရပေသည်။

ဤသို့တာဝန်ယူနိုင်ကြခြင်းမှာ လူပင်ငယ်သော်လည်း လူကြီးတို့၏ စိတ်နေစိတ်ထား သဘာဝ ဖွံ့ဖြိုးလာခြင်းကြောင့် တာဝန်ယူနိုင်ခြင်း၊ ဖြစ်သည်။

အရွယ်ငယ်သော်လည်း စိတ်ထားမြင့်မြတ်ကြီးမားသောကြောင့် နိုင်ငံ့တာဝန် လူမျိုးတာဝန်ကို ဆောင်ရွက်နိုင်ခြင်းပင် ်သည်။

အကယ်၍ ငယ်သောအရွယ်အတိုင်း ကြီးပြင်းလာကြလျှင်၊ ဗိုလ်ချုပ်နှင့်တကွသော ခေါင်းဆောင်ကြီးများမှာ ဤနေ့ဤအခါတွင် သမ္မာရင့်နေကြသော နိုင်ငံရေးခေါင်းဆောင်ကြီးများအဖြစ်နှင့် ယနေ့လူငယ်တို့ဆက်လက်ဆောင်ရွက်နေကြသည့် တိုင်းကျိုးပြည်ကျိုးဆောင်လုပ်ငန်းတို့တို မမှားမယွင်းရလေအောင် စောင့်ရှောက်ပေးနိုင်ကြပေလိမ့်မည်။

သို့သော် အာဇာနည်ခေါင်းဆောင်ကြီးများ မရှိသော်လည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်မှာ အညွန့်အလူလူနှင့်ပင် ကျန်ရစ်လေသောကြောင့်၊ ခေတ်လူငယ်တို့သည် တလူငယ်များ လူကြီးစိတ်ဖြင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



နိုင် ဘိသကဲ့သို့ ကြိုးစားဆောင်ရွက်သွားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။

(ရှေ့ဆောင်လူငယ်၊ ဇူလိုင်၊ ၁၉၆၆)

# မိုးပြိုသောနေ့

နေ့က ရန်ကုန်မြို့အတွင်းဝန်ရုံးတွင် အလုပ်လုပ်နေကြသော ရာရှိကြီးငယ် ရုံးသူရုံးသားတို့သည် မည်သည့်ခေတ်ကာလကမျှ ကြားခဲ့ရဖူးသော 'အုံး' ကနဲအသံကြီးတစ်ခု ကြားလိုက်ကြလေသည်။ သူတို့စိတ်ထဲတွင် အတွင်းဝန်ရုံးကြီး ပြိုကျသည်ဟု ထင်မိတ်ကြသည်။ အချို့က မိုးပြိုပြီဟူ၍ပင် ပြောဆိုကြလေသည်။

ထိုနေ့ကား ၁၉၄၇-ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့ ဖြစ်သည်။ သကဲ့သို့သော အသံကိုကြားရသည်မှာ နံနက် ၁၀-နာရီ ၄၅-ခန့် ဖြစ်သည်။

စင်စစ်ထိုအသံသည် မိုးပြိုသောအသံမဟုတ်၊ သို့ရာတွင် ာနိုင်ငံတစ်ဝန်းလုံးအဖို့ ထိုအသံဆိုး လွှမ်းမိုးသောအချိန်သည် ညည်ထက်ပင် ပို၍ဆိုးသော အချိန်ဖြစ်လေသည်။ အကြောင်း နိုင်ငံရေးလုပ်ကြံသူတစ်စုတို့သည် မြန်မာပြည်ဘုရင်ခံ၏ အမှု င်းအဖွဲ့ဒုတိယဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်း ကြီးခြောက်ဦးတို့အပြင် အတွင်းဝန်ဦးအုန်းမောင်နှင့် အပါး

www.burmeseclassic.com

www.burmeseclassic.com



တော်မြကိုထွေး တို့ကို ရက်စက်စွာ သတ်ဖြတ်လိုက်ကြသောကြော
ဖြစ်လေသည်။

အဆိုပါလုပ်ကြံမှုကြီးကို တရားသူကြီး ဦးကျော်မြင့် ခေါ်
ဆောင်၍ တရားသူကြီး ဦးအောင်သာကျော်နှင့် ဦးစိဘူးတို့ အဖွဲ့ဝင်
အဖြစ် ပါဝင်သော ခုံရုံးက စစ်ဆေးသည်။ ထိုသို့အမှုကို စစ်ဆေးရာ
၌ ပေါ်ပေါက်လာသော သက်သေထွက်ချက်များအရ မောင်စိုး
သက်နှင်း၊ ရန်ကြီးအောင်နှင့် မောင်စိန်တို့သည် မှုန်ကြီးက လမ်း
၍ အတွင်းဝန်ရုံးအမှုဆောင်ကောင်စီ အစည်းအဝေးခန်းမကြီး
သို့ဝင်ပြီးလျှင် အစည်းအဝေးကျင်းပနေသော ဝန်ကြီးအဖွဲ့တစ်
လုံးကို စတင်းဂန်းဖြင့် ပစ်ခတ်သည်ဟု သိရ၏။ ထိုလူသတ်သမား
လေးဦးကို သုခက အတွင်းဝန်ရုံးသို့အရောက် ဂျစ်ကားနှင့် ပို့ဆေ
သည်။

ထို့နောက် အတွင်းဝန်ရုံးမှ သေနတ်ပစ်သံများကြားရ
သောအခါ လုပ်ကြံသော ဂိုဏ်းသားအားလုံးတို့သည် အတွင်းဝန်
မှ ဂျစ်ကားထရပ်ကားများဖြင့် ထွက်ခွာသွားကြပြီးလျှင် ဦးစော
သို့ အရောက်မောင်းလေသည်။ ဦးစောအိမ်သို့ ရောက်သောအ
ဦးစော၊ မောင်စိုး၊ သက်နှင်း၊ သုခ၊ မောင်စိန်နှင့် ရန်ကြီးအော
တို့က "အောင်ပြီ အောင်ပြီ" ဟု ကြွေးကြော်ကြလေသည်။ သို့သေ
ထိုလူသတ်သမားတို့၏ အောင်ပွဲသည်ကား ပြည်ထောင်စုမြန်
နိုင်ငံဟု ဖွဲ့စည်းလတ့်သော မြန်မာပြည်အတွက် ရောမဆုံး
တစ်ရပ် ဖြစ်သောကြောင့်၊ ဤလုပ်ကြံမှုကြီးသည် မိုးပြိုသည်
ဆိုးရွားလှစွာသော ဖြစ်ရပ်ကြီး တစ်ခုပင်တည်း။

ထိုလုပ်ကြံမှုတွင် ခုံရုံးက မောင်စိုး၊ သက်နှင်း၊ မောင်
ရန်ကြီးအောင်တို့သည် ကာယကံမြောက်လူသတ်မှုကို



သည် ဖြစ်သောကြောင့် မသေမချင်း လည်ပင်းကြိုးတပ်၍ သေစေ
ဟု အပြစ်ပေးသည်။ ဦးစော၊ သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့်
မှုန်ကြီးတို့မှာကား လူသတ်မှုတွင် ဆက်စပ်ကြံရာပါများ ဖြစ်သော
ကြောင့် ၎င်းတို့ကိုလည်း အလားတူ သေစားသေစေဟု အပြစ်ပေး
သည်။ ထိုသို့ အပြစ်ပေးသော နေ့ကား ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ
၃၀ ရက်နေ့ ဖြစ်လေသည်။ ဘညွန့်ကား အစိုးရသက်သေဖြစ်ခြင်း
ကြောင့် တရားခံစာရင်းတွင် မပါဝင်ချေ။

တည်ဆဲတရားဥပဒေများအရ တရားခံတို့သည် ပြည်
ထောင်စု တရားလွှတ်တော်ချုပ်အထိ အဆင့်ဆင့်အယူခံဝင်ကြလေ
သည်။ ထိုအခါ သုခ၊ ခင်မောင်ရင်နှင့် မောင်နီတို့ကို နိုင်ငံတော်
သမ္မတက ကြိုးမိန့်မှ တစ်သက်တစ်ကျွန်းသို့ အပြစ်ဒဏ်ကျခံစေဟု
အမိန့်ချသည်။ ထို့ကြောင့် ၎င်းကံကြီးသူတရားခံ သုံးဦးမှာ အသက်
မလွတ်သည်။ သို့သော် ၎င်းတို့မှကျန်ရှိသော အခြားတရားခံများ
ကား မလွတ်ချေ။ ၁၉၄၈ ခုနှစ်၊ မေလ ၈ရက်နေ့ နံနက် အရုဏ်
တက်တွင် ဦးစော၊ မောင်စိုး၊ သက်နှင်းနှင့် မှုန်ကြီးတို့သည် အင်းစိန်
အကျဉ်းထောင်အတွင်း၌ ကြိုးပေးခံရသည်။ စိန်ကြီးနှင့် ရန်ကြီး
အောင်တို့ကိုမူကား ရန်ကုန် ဗဟိုအကျဉ်းထောင်အတွင်း၌ (ဆိုင်ရာ
းကွက်အာဏာသားတို့က) ကြိုးပေးလိုက်ကြသည်။ ဤသည်တွင်
ပ်ကြံမှုကြီး၏ဇာတ်လမ်းသည် ချုပ်ငြိမ်းလေတော့သတည်း။

သို့ရာတွင် လူသတ်ဝါဒ၏ဒဏ်ရာဒဏ်ချက်တို့သည်ကား
နေ့တိုင် မချုပ်ငြိမ်းနိုင်ကြသေးချေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့်
တွသော အာဇာနည်ပုဂ္ဂိုလ်တို့ ကွယ်လွန်ခဲ့သည်မှာ ၂၃ နှစ်မျှ
ပြီဖြစ်သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည်
သတ်ဝါဒသမား အကြွင်းအကျန်တို့ကို ယနေ့တိုင် လိုက်လံ

www.burmeseclassic.com

www.burmeseclassic.com



နိမ်နင်းလျက်ရှိလေသည်။ ဤသည်မှရှေ့အဖို့သို့ လှမ်းမျှော်ကြည
လျှင် ကျွန်ုပ်တို့နိုင်ငံ၌ လူသတ်ဝါဒချေမှုန်းရေးကို အင်တိုက်အာ
တိုက် တက်တက်ကြွကြွဆောင်ရွက်ကြရန် ရှိနေသည်။ ယနေ့လူ
သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တော်လှန်ရေးလမ်းစဉ်
တစ်လျှောက်လုံးတွင် ကြုံတွေ့ခဲ့ရသော ဗဟုသုတများနှင့် ပြည့်
သင့်သရွေ့ ပြည့်စုံလာကြပြီဖြစ်သည်။ ထို့ကြောင့် ယခုအခြေအ
တွင် သောင်းကျန်းသော လူသတ်သမားတို့အား ဆန့်တျင်သည
စိတ်ဆန္ဒတို့သည် ပြင်းထန်လျက်ရှိနေလေသည်။ သောင်းကျန်း
ဆန့်ကျင်ရေးဆိုသည်မှာ လူနှင့်လူချင်း ညီရင်းအစ်ကို ချစ်ခင်
ဆက်ဆံပေါင်းသင်း၍ ငြိမ်းချမ်းစွာ လုပ်ကိုင်စားသောက်နိုင်စေရ
ရည်မှန်းရသော ဝါဒဖြစ်သည်။ ဤမှန်ကန်သော သဘောတရာ
ကြောင့် ကျွန်ုပ်တို့၏ အမိအဖနှင့်တူသော ပြည်ထောင်စုကြီးသည
အေးချမ်းသာယာပါစေဟု ဆုတောင်းလိုက်ရပေသည်။

ကျွန်ုပ်တို့သည် ထိုနေ့ထိုရက်က အပူမီးကြွခဲ့သည်မှ
သည်။ သို့သော် ပရိဒေဝမီးတောက်လောင်ခြင်းဆိုသည်မှာ သော
နသ သဟဂုတ်ဆိုသော စိတ်မျိုးမဟုတ်ချေ။ သမိုင်းမှအဖြ
အပျက်တို့သည် ကျွန်ုပ်တို့အားဆရာသမားကဲ့သို့ ဆိုဆုံးမလျက်
သည်။ ဤအဆုံးအမကိုခံယူ၍ တိုင်းပြည်တိုးတက်ရာတိုးတ
ကြောင်း ငြိမ်းချမ်းရာငြိမ်းချမ်းကြောင်း လုပ်ငန်းတို့ကို ဗိုလ်ချုပ်
မှန်းခဲ့သည့်အတိုင်း ဆက်လက်ဆောင်ရွက်ကြရန် ရှိပေသည
ထို့ကြောင့် ထိုနေ့ထိုရက်က လုပ်ကြံမှုကြီးကို ကြားသည်နှင့်တ
နက် လူထုတစ်ရပ်လုံး မည်ကဲ့သို့ ခံစားခဲ့ရသည်ကို အနည်း
ပြန်ပြောင်း၍ ပြောပြလိုသည်။

ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်စဉ်က ဗိုလ်ချုပ်၏မိ



အမေစုပြောပြခဲ့သော စကားများသည် သားတို့၌ ချစ်ခြင်းဖြင့်
ခင်၏ရင်ထဲမှ ထွက်ပေါ်လာသော စကားရပ်များဖြစ်သည်။
အမေစုက သားသေသည်ဟု ကြားရသောအခါ ဝမ်းနည်းရုံမျှသာ
က အံ့လည်းအံ့ဩသည်ဟု ဆိုသည်။ ဤအချက်သည် အလွန်
ရစမွှပြုဖွယ်ကောင်းသော အချက်ဖြစ်၏။ အမေစု အံ့ဩရသည်
ာ အခြားကြောင့်မဟုတ်၊ တစ်နိုင်ငံလုံးက မေတ္တာထားသော
ဂ္ဂိုလ်တစ်ဦး ဤကဲ့သို့ ရေတိမ်တွင် နစ်ရခြင်းအတွက် အံ့ဩရခြင်း
ဖြစ်သည်။ အမေစုက "ကျုပ်သားဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ
ိလိုသတ္တိကြောင်တဲ့ အမှုမျိုးကို ငယ်ငယ်ရွယ်ရွယ်ကလေးကပင်
တ်ချခဲ့တဲ့ လူဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်က မျိုးချစ်ခေါင်းဆောင်ကြီး
းစောကို မသမာသူတို့ ချောင်းမြောင်းပြီး သေနတ်နဲ့ ပစ်စဉ်က
လ်ချုပ်ကိုယ်တိုင်အများကြီး ကဲ့ရဲ့ရှုတ်ချတဲ့ စကားတွေကို ပြောခဲ့ပါ
ယ်။ ဟိုတုန်းက ဗိုလ်ချုပ်ဟာ နယ်လှည့်ရင်း ကျုပ်ထံဝင်ပြီး
န်တော့သွားတယ်။ အဲဒီတုန်းက ကျုပ်က စိုးရိမ်လွန်းလို့ 'သား
ယ်၊ လူဆိုတာ အထက်ရောက်နေရင် သူတစ်ပါးက မနာလိုလို့
ကောင်းကြံစည်တာမျိုး ခံရတတ်တယ်၊ အစစအရာရာ သတိထား
ကွယ်' လို့ ပြောမိပါတယ်။ ဒီတော့ ကျုပ်သားက 'ဗျာ ဒါကတော့
ရားတောင်မှ အတိုက်အခံရှိသေးတာပဲ၊ ကိုယ်ကသာ လမ်းမှန်က
ပြီး မှန်တဲ့ အလုပ်ကိုလက်ကိုင်ထားရင် ဘာမှကြောက်စရာ
ိပါဘူး၊ အမေရယ် မစိုးရိမ်ပါနဲ့၊ စစ်တိုက်နေတုန်းကတောင်
သခဲ့သေးတာ၊ အခု တိုင်းပြည်နဲ့ လူထုဟာ အရင်လိုမဟုတ်
ာ့ပါဘူး၊ အကောင်းအဆိုး ဝေဖန်တတ်ပါပြီ' လို့ အားရပါး
ရယ်မောမောနဲ့ ပြောသွားခဲ့ပါတယ်။ အခုတော့ ကျုပ်သား
ာင်ဆန်းဟာ သူအလွန်မုန်းတီးစွဲရှာတဲ့ လုပ်ကြံနည်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တွယ်လွန်သွားရရှာပြီ။ ကျုပ် မှာချင်တာကတော့ သူ့ကိုလေးစားကြ သလို ခေါင်းဆောင်များရဲ့ ညွှန်ကြားချက်ကို ပြည်သူလူထု ယုံယုံကြည်ကြည်ခလေးလေးစားစားနဲ့ လိုက်နာပြီး မိမိတို့လိုလား ခရီးကို ရောက်အောင် ဆောင်ရွက်ကြဖို့ပါပဲ။ ဒီလိုဆောင်ရွက် ရည်ရွယ်ချက်ကိုရောက်ကြပြီဆိုရင် အခေါ်မှာ ခံစားရတဲ့ သား ယောက်ဆုံးရတဲ့ အပူမီးဟာ ငြိမ်းတန်သလောက်ငြိမ်းပါလိမ့်မယ် ဟူ၍ ပြောပြခဲ့လေသည်။ အမေစုသည် အာဇာနည်မိခင်ဖြစ် သည်။ သို့သော် သူတစ်ပါးထက် ထူးခြားသောအချက်မှာ အာဇာ နည်သားကောင်းနှစ်ယောက် ဆုံးရှုံးရခြင်းဖြစ်သည်။ ဗိုလ်ချုပ် အောင်ဆန်းနှင့်အတူ လုပ်ကြံခံရသူမှာ အစ်ကိုဦးဘဝင်း ဖြစ် သည်။ ဦးဘဝင်းသည် ညီ၏ အမှုဆောင်ကောင်စီထဲတွင် ဝန်ကြီး တစ်ဦးအဖြစ်ဖြင့် တိုင်းပြည်တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခဲ့သော အာဇာနည်ပုဂ္ဂိုလ်ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသည်ဟူသော သတင်း ကြားလျှင်ကြားခြင်း ပထမဆုံး သောကမီးတောက်လောင်ခြင်း ခံရသူမှာ ဗိုလ်ချုပ်ဇနီး ဒေါ်ခင်ကြည်ပင် ဖြစ်သည်။ ဒေါ်ခင်ကြည် သည် မိမိခင်ပွန်းအလောင်းကို နေအိမ်သို့ ယူဆောင်လာသော ခင်ပွန်းအား မြန်မာ့ဂါရဝတရားအတိုင်း ဦးသုံးကြိမ်ချလေသည်။ သူ၏မျက်စိတွင် မျက်ရည်စများ အများနည်းတူ တွေ့ကောင်း ရလိမ့်မည်။ သို့သော် ဒေါ်ခင်ကြည်သည် စိတ်မာန်ကိုတင်း၍ ကိုယ်ကိုမိမိ ချုပ်တည်းနိုင်သော အမျိုးသမီး ဖြစ်ပေသည်။

"ကျွန်မရဲ့ ခင်ပွန်း ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည် လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလပ်မှာ ကျဆုံးခဲ့ရပါပြီ"

ဒေါ်ခင်ကြည်သည် မိမိ၏ ခင်ပွန်းအပေါ်၌ ဇနီးကော



ရာသက်ပန်ကဲ့သို့ သဘောထား၍သက်ဆုံးတိုင် ဘဝခရီးကိုအတူတူ သွားကြရလိမ့်မည်ဟု ထင်မှတ်ခဲ့ပေလိမ့်မည်။ ထို့ကြောင့် မိမိ၏ လင်သားဆုံးရှုံးသောအခါ မည်မျှလောက် ဝမ်းနည်းပူဆွေးမည်ကို ကိုယ်ချင်းစာတရားရှိသောသူတို့ ချင့်ချိန်၍သာ ကြည့်ကြပါတော့။ သို့သော် သူသည် ဗိုလ်ချုပ်၏အလုပ် ဘာလဲဆိုသည်ကို သိသူဖြစ် သည်။ ထို့ကြောင့် သူက ဆက်လက်၍ "လူထုကို ကျွန်မ ပြောလို တာကတော့ မိမိတို့အားကိုးယုံကြည်လေးစားသော ခေါင်းဆောင် ကြီးကို ရက်ရက်စက်စက် လုပ်ကြံလိုက်ကြတဲ့အတွက်ကြောင့် ဒေါသ ထွက်ပြီး စိတ်လိုက်မာန်ပါ မလုပ်ကြဖို့ ပြောချင်ပါတယ်။ သူ ချခဲ့တဲ့ လမ်းစဉ်အတိုင်း တစ်သွေမတိမ်း လိုက်နာကျင့်ဆောင်ပြီး သူ ရည်မှန်းခဲ့တဲ့ လွတ်လပ်ရေးကို မရမနေကြိုးပမ်းကြပါ" ဟူ၍ ပြောခဲ့ လေသည်။

ဗိုလ်ချုပ်အား လုပ်ကြံသော အမှုကြီးသည် ကျွန်ုပ်တို့၏ ပြည်တွင်းရေးသာ ဖြစ်သည်။ သို့သော် ဤအဖြစ်သည် ကမ္ဘာအနှံ့ ဂယက်ရိုက်ခဲ့လေသည်။ ထိုစဉ်က ကျွန်ုပ်တို့မှာ လွတ်လပ်ရေးရဖို့ရာ လက်တစ်ကမ်းသာ လိုတော့သည်။ သို့သော် ဗြိတိသျှတို့နှင့် အဆက် ပြတ်ကြသေးသည်မဟုတ်။ စင်စစ်မှာ ကျွန်ုပ်တို့နိုင်ငံသည် ဗြိတိသျှ အစိုးရနှင့် ဆက်သွယ်၍ မြန်မာ့လွတ်လပ်ရေးတည်ဆောက်ရန် အလို့ငှာ စီစဉ်စရာလုပ်ငန်းများ ကျန်နေသေးသည်။ ထို့ကြောင့် ထိုအချိန်ကဆိုလျှင် ကျွန်ုပ်တို့မှာ ဗြိတိသျှအင်ပိုင်ယာ၏ အစိတ် အပိုင်းတစ်ခုသာ ဖြစ်နေသေးသည်။

ဤကဲ့သို့ ဗြိတိသျှအင်ပိုင်ယာ၏ အစိတ်အပိုင်းတစ်ခုဖြစ် နေသည်မှာ ကျွန်ုပ်တို့ချည်းသာမဟုတ်၊ ကျွန်ုပ်တို့၏ အိမ်နီးချင်း အိန္ဒိယနိုင်ငံသည်လည်း ဤကဲ့သို့ အလားတူပင်ဖြစ်သည်။ ထို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရှေးဦးစွာ အိန္ဒိယခေါင်းဆောင်ကြီးမဟတ္တမဂန္ဒီက ဗိုလ်ချုပ်အောင်ဆန်း၏ သတင်းကိုကြားသည်နှင့် တပြိုင်နက် အောက်ပါစကားရပ်တို့ကို ပြောကြားလေသည်။

"မြန်မာ့လွတ်လပ်ရေးကို တိုက်ပြီးလျှင် မြန်မာ့လွတ်လပ်ရေးကို မြန်မာတို့၏ အိမ်တိုင်ယာရောက် ပို့ပေးခဲ့သော အာဇာနည်ပုဂ္ဂိုလ်များကို ယခုကဲ့သို့ သွေးအေးအေးနှင့် လုပ်ကြံသတ်ဖြတ်သည်ဆိုသည်မှာ ယုံကြည်စရာပင်မရှိချေ။ ကျွန်ုပ်သည် လွန်လေပြီးသော ခေါင်းဆောင်များ၏ ဆွေမျိုးညာတိများကိုလည်းကောင်း၊ မြန်မာနိုင်ငံအစိုးရကိုလည်းကောင်း ကရုဏာသက်ပါ၏။ ယခုဖြစ်ရသည်မှာ သာမညလူသတ်မှုမဟုတ်ချေ။ ဤအမှု၏နောက်တွင် နိုင်ငံရေးလောဘဇော ရှိနေလိမ့်မည်။ ယခုအခါ ကမ္ဘာအရပ်ရပ်၌ နိုင်ငံရေးပြိုင်ဆိုင်မှုတို့တွင် ဤလောဘဇောထကြွနေသော အချက်မျိုးကိုတွေ့မြင်နေရသည်။ ဤအချက်သည် လူသားတို့၏နောင်ရေးအတွက် တိတ်နိမိတ်ကောင်း မဟုတ်ချေ။ ထို့ကြောင့် ဤဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်ကို မှတည်၍ အိန္ဒိယနိုင်ငံသည် သင်ခန်းစာယူရမည်။ ဤအဖြစ်သည် မြန်မာနိုင်ငံအတွက်သာလျှင် ဝမ်းနည်းကြေကွဲစရာမဟုတ်၊ အာရှအတွက်လည်း ဝမ်းနည်းကြေကွဲစရာဖြစ်သည်။ ကမ္ဘာတစ်ခုလုံးအတွက်လည်း ဝမ်းနည်းကြေကွဲစရာဖြစ်သည်။"

မဟတ္တမဂန္ဒီသည် ဗိုလ်ချုပ်အောင်ဆန်း၏အဖြစ်အပျက်ကို ကြားရသောအခါ အိန္ဒိယနိုင်ငံ၏အရေးကိုလည်း တွေးမိသည်ဟုထင်သည်။ သူတွေးမိသည့် အတိုင်းလည်း မှန်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခြင်းခံရပြီးသည့်နောက် ခြောက်လခန့်အကြာတွင် အိန္ဒိယနိုင်ငံ၏နှလုံးသည်း



ပွင့်နှင့်တူသော ဂန္ဒီကြီးသည်လည်း လုပ်ကြံသူတို့၏ လက်ထဲတွင် ကြွေခဲ့ရလေသည်။

ထိုအချိန်က အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရှရီနေရူးသည်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ ဝမ်းနည်းကြေကွဲကြောင်း ကြေညာချက်တစ်ရပ် ထုတ်လေသည်။ "ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်ုပ်၏ မိတ်ဆွေလည်းဖြစ်၏။ ရဲဘော်ရဲဘက်လည်းဖြစ်၏။ ဗိုလ်ချုပ်သည် ငယ်ရွယ်စဉ်ကပင်လျှင် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာဖြစ်သည်။ မြန်မာတို့ကလည်း သူ့အား ခေါင်းဆောင်ဟူ၍ အသိအမှတ်ပြုကြသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သည့်အတွက် ဝမ်းနည်းကြေကွဲပါသည်။ ထို့အတူပင် ဗိုလ်ချုပ်အောင်ဆန်း၏ ရဲဘော်ရဲဘက်များအတွက်လည်း ဝမ်းနည်းကြေကွဲပါသည်။ မြန်မာနိုင်ငံအတွက်လည်း ဝမ်းနည်းကြေကွဲရပါသည်။ အာရှတိုက်သည် သတ္တိရှိ၍အမြော်အမြင်နှင့် ပြည့်စုံသောသားကောင်းရတနာတစ်ဦး ဆုံးပါးခဲ့ရသည့်အတွက်လည်း ဝမ်းနည်းကြေကွဲရပါသည်။ လွတ်လပ်ရေးကို ခြိမ်းခြောက်နေသော အကြမ်းဖက်ဝါဒကို အိန္ဒိယ မြန်မာနှင့် အာရှတို့က ကျူးလွန်နေပါလျှင် ကျွန်ုပ်တို့ မြော်မှန်းနေသောအရာများ လွင့်ပါသွားရပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စည်းမဲ့ကမ်းမဲ့ဟူသော အရာတို့ကို အပြီးတိုင် ချုပ်ငြိမ်းအောင် အဖွဲ့အစည်းနှင့်တကွ ကြိုးပမ်း၍ လူမှုရေးကို အန်တုဖက်ပြိုင်သော အင်အားစုများကို ရင်ဆိုင်၍ တိုက်ခိုက်ဖြိုဖျက်ကြရမည်"

ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်စဉ်က မစ္စတာဂျင်နားမှာ လွတ်လပ်သောပါကစ္စတန်နိုင်ငံအတွက် ဘုရင်ခံချုပ် ဖြစ်လိမ့်မည်ဟု သတ်မှတ်ထားခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်သည်။ မစ္စတာဂျင်နား

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကွယ်လွန်သူ အာဇာနည်ပုဂ္ဂိုလ်များအတွက် အလွန်တရာမှ ဝမ်းနည်းကြေကွဲကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရလာသောအခါ လွတ်လပ်သော မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ယဉ်ကျေးသော နိုင်ငံကြီးများ၏ အကျိုးတရားကို ဆန့်ကျင်သောနည်းလမ်းမှန်သမျှကို အလိုမရှိကြောင်း ပြနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ကြေညာချက်ထုတ်ခဲ့သည်။

အိန္ဒိယနိုင်ငံကွန်ဂရက် အလုပ်အမှုဆောင်အဖွဲ့ကလည်း မြန်မာနိုင်ငံလုပ်ကြံမှုကြီးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ခု ချမှတ်လေသည်။ ထိုဆုံးဖြတ်ချက်တွင် ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ရသည်မှာ မြန်မာပြည်အတွက်သာလျှင် နစ်နာသည်မဟုတ်၊ အာရှတိုက်အတွက်လည်း ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပေသည်။ ဤလုပ်ကြံသတ်ဖြတ်မှုများသည် ပြည်သူလူထု၏ ဘဝနှင့် ပြည်သူလူထုတို့၏ လူမှုရေးလုပ်ငန်းများကို အဆိပ်ကဲ့သို့ ဖျက်ဆီးလျက်ရှိသည်ဟူ၍ ဖြစ်လေသည်။

အင်ဒိုနီးရှားခေါင်းဆောင် ဒေါက်တာရှာရီယာကလည်း ဤကွန်ဂရက်ဆုံးဖြတ်ချက်နှင့် အလားတူသော သဘောတရားတို့ကို ပြောပြခဲ့လေသည်။ ဒေါက်တာရှာရီယာက "ဦးအောင်ဆန်းအား လုပ်ကြံလိုက်ခြင်းမှာ မြန်မာပြည်အတွက်သာမက အာရှအတွက်ပါ ပြင်းထန်သော လက်သီးချက်ကြီးဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် ဦးအောင်ဆန်းချမှတ်ခဲ့သော လမ်းစဉ်ကိုလိုက်၍ ရည်ရွယ်ချက်ပြီးသည်အထိ ဖြည့်စွမ်းကြပါ" ဟူ၍ကြေညာချက် ထုတ်ပြန်ခဲ့လေသည်။

ဗြိတိန်နိုင်ငံကမူကား ဆဋ္ဌမမြောက် ဂျော့ဘုရင်မင်းမြတ်ကိုယ်တိုင်က မြန်မာနိုင်ငံဘုရင်ခံသို့ စာလွှာတစ်ရပ်ပေးပို့ လိုက်သော



သည်။ ထိုစာလွှာတွင် ဘုရင်မင်းမြတ်က ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဦးအောင်ဆန်းနှင့် သခင်မြတို့ကို လူကိုယ်တိုင်တွေ့ဖူး၍ ယခုထိုပုဂ္ဂိုလ်များ ကွယ်လွန်သည်ဟု ကြားရသောအခါ အလွန်တရာမှ ဝမ်းနည်းကြောင်း၊ ထို့ကြောင့် ကွယ်လွန်သောအာဇာနည် ခေါင်းဆောင်ကြီးများ၏ ဆွေမျိုးညာတိများကို ၎င်းတို့နှင့်ထပ်တူ ဝမ်းနည်းကြောင်း" ဟူ၍ဖြစ်လေသည်။ ဗြိတိသျှဘုရင်မင်းမြတ်၏ စာလွှာတွင် ဒဏ်ရာအနာတရ ရရှိသော ပုဂ္ဂိုလ်တို့၏အခြေအနေကို မြန်မာနိုင်ငံဘုရင်ခံက အစီရင်ခံရန် ညွှန်ကြားထားသည်ကိုလည်း တွေ့ရ၏။ ထို့ပြင် ဒဏ်ရာအနာတရရရှိသော လူပုဂ္ဂိုလ်တို့ ထိုဒဏ်ရာမှ ထွက်မြောက်၍ ပျောက်ကင်းပါစေရန် ဆုတောင်းသည့် အချက်လည်းပါဝင်၏။ ဤအချက်တို့ကို ထောက်ရှုသော် ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်တို့ကို လုပ်ကြံလိုက်သောသတင်းသည် ဗြိတိသျှဘုရင်မင်းမြတ်ထံသို့ ပထမဦးစွာ ရောက်ရှိသွားဟန်တူလေသည်။ အဘယ်ကြောင့်ဆိုသော လုပ်ကြံခြင်းခံရသော သူတို့တွင် ဆရာဒီးဗုတ်ဦးဘချိုသည် ထိုနေ့မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ရောက်မှ ကွယ်လွန်သည်။ ဝန်ကြီးဦးရာဇတ်၏ကိုယ်ရံတော် ကိုထွေးမှာကား ထိုနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ရောက်မှ ကွယ်လွန်သည်။ မိုင်းပွန်စော်ဘွားကြီးမှာမူ ဇူလိုင်လ ၂၀ ရက်နေ့ မွန်းတည့်အချိန်တွင် ကွယ်လွန်ခဲ့လေသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သုံးဦး မကွယ်လွန်မီ ဘုရင်ဖြစ်သူက သတင်းရ၍ မြန်မာနိုင်ငံဘုရင်ခံထံသို့ အမှာစကား မိန့်ကြားခြင်း ဖြစ်ဟန်တူလေသည်။

ဗြိတိသျှဝန်ကြီးချုပ် အက်တလီကမူကား မြန်မာနိုင်ငံအစိုးရအဖွဲ့သို့ အကြောင်းကြားသောအခါ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြနှင့် အခြားသုံးဦးတို့ ကွယ်လွန်ကြောင်းကြားသိရ၍ ဝမ်းနည်းကြေ

www.burmeseclassic.com

www.burmeseclassic.com



တွဲသည် ဟုဆိုသည်။ ဤအဆိုကိုထောက်ရှုလျှင်လည်း ထိုအချိန်က ဆရာဒီးဒုတ်ဦးဘချိုနှင့် မိုင်းပွန်စော်ဘွားနှစ်ဦးတို့ မကွယ်လွန်မီ မြန်မာနိုင်ငံအစိုးရအဖွဲ့ထံ ဝမ်းနည်းကြောင်းစာလွှာ ပေးပို့သည်ဟု ယူဆရန်ရှိသည်။ ဝန်ကြီးချုပ်အက်တလီက ဒဏ်ရာရသူများသက်သာပါစေဟုလည်း ဆုတောင်းလိုက်သေး၏။ ထို့ပြင် ဝန်ကြီးချုပ်သည် ဗိုလ်ချုပ်အောင်ဆန်း၏ဇနီးဒေါ်ခင်ကြည်အား ဝမ်းနည်းကြေကွဲကြောင်း သံကြိုးပေးပို့သည်။ ၎င်းသံကြိုးစာတွင် ဗိုလ်ချုပ်နှင့် မိတ်ဆွေဖြစ်ခဲ့ရသည်ကို အလွန်မြတ်နိုးကြောင်း၊ ဗိုလ်ချုပ်၏ခေါင်းဆောင်မှုကိုလည်း ချီးကျူးကြောင်း ဖော်ပြပါရှိသည်။ အိန္ဒိယနိုင်ငံဘုရင်ခံဖြစ်သူ လော့ဒ်လူဝီ မောင့်ဘက်တန်ကမူကား တိုတိုတုတ်တုတ်ပင် "ကျွန်ုပ်သည် ဆိုးရွားလှသောအဖြစ်ကိုကြားမိ၍ အလွန်တုန်လှုပ်မိပါသည်" ဟု မြန်မာနိုင်ငံအစိုးရအဖွဲ့သို့ စာလွှာပေးပို့လေသည်။

လုပ်ကြံမှုကြီးဖြစ်ပွားသောအချိန်က မိုးအုံ့နေသည်။ ရန်ကုန်မိုးသည် တညီတညွတ်တည်းရွာသော မိုးမဟုတ်ချေ။ ထို့ကြောင့်အချို့သော နေရာတို့တွင် မိုးသက်တဖွဲဖွဲရှိသည်ဟုလည်း သိရသည်။ လူသတ်သမားတို့ အတွင်းဝန်ရုံးသို့ ဝင်ထွက်သွားလာသည့်အချိန်မှာ မိုးရိပ်လေရိပ် ကင်းရှင်းသော အချိန်ဖြစ်သည်ဟု ကျွန်တော် မှတ်မိသည်။ သို့ရာတွင် အတွင်းဝန်ရုံးသားများ မိုးပြိုသံကို ကြားပြီးသည့်နောက် အချိန်အနည်းငယ်အတွင်း မိုးမင်းသည် တကယ်ပင် ပြိုလေသည်။

(ငွေတာရီမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၇၀။)

# အာရှနှင့်အောင်ဆန်း

အနောက်ဥရောပနိုင်ငံသားတို့သည် နယ်သစ်ရှာဖွေရေးအတွက် အာရှတိုက်နိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံအရပ်ရပ်တို့သို့ ရောက်ရှိလာကြသည်။ ထို့နောက် နယ်ချဲ့လောဘဇောထကြွလာပြီးလျှင် နယ်သစ်ရှာဖွေသူတို့အချင်းချင်း ဗိုလ်လုပွဲများကို ဆင်နွှဲကြလေသည်။ ထိုဗိုလ်လုပွဲတွင် နှစ်ဖက်သော အပြိုင်အဆိုင် နယ်ချဲ့နိုင်ငံတို့သည် နယ်ချဲ့ခံရသော တိုင်းရင်းသားအချင်းချင်း၊ နိုင်ငံအချင်းချင်းကို ရန်တိုက်ပေးသော ဗေဒဥပါယ်ကို သုံးကြသည်။ နောက်ဆုံးတွင် နယ်ချဲ့သူများ အသီးသီး အသက အသက နယ်မြေများကို ရကြသောအခါ သူ့ဩဇာနယ်ပယ်၊ ငါ့ဩဇာနယ်ပယ်ဟု ပိုင်းခြားပြီးလျှင် အနိုင်နှင့်ပိုင်း၍ သူတို့ချင်းသင့်မြတ်ကြလေသည်။ အာရှဒေသတို့၏ သမိုင်းကားနယ်ချဲ့သမားတို့ ဝေစားမျှစားလုပ်ကြသော သမိုင်းဖြစ်သတည်း။

အာရှတိုက်သားမှန်လျှင် ဤနယ်ချဲ့တို့၏ ဗေဒဥပါယ်ထဲသို့ ကျရောက်ဖူးခဲ့သူချည်း ဖြစ်သည်။ ကျွန်တော်သည် အာရှအ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတို့ ပြောချင်၍အာရှဟုသာ ဆိုပါသည်။ စင်စစ် နယ်ချဲ့ခံရသော နိုင်ငံများမှာ အာရှနိုင်ငံများအပြင် အာဖရိက၊ တောင်အမေရိကစသော နိုင်ငံများလည်း ပါဝင်၏။

ပေါ်တူဂီ၊ ဒတ်ချ်၊ ပြင်သစ်၊ အင်္ဂလိပ်တို့ မြန်မာနိုင်ငံသို့ မရောက်မီ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသည် အာရှတိုက်၏ သဘာဝအတိုင်းတည်ခဲ့သော နိုင်ငံဖြစ်သည်။ ထိုခေတ်က အာရှတိုက်သည် အလယ်ခေတ်ဥရောပတိုက်ကဲ့သို့ ပဒေသရာဇ်စံနစ်မှ မကင်းလွတ်သေးသော ဒေသဖြစ်သည်။ ရှေးခေတ်က အိန္ဒိယနိုင်ငံသည် သောဠသတိုင်း (ဝါ) တိုင်းကြီး ၁၆ တိုင်းတည်ရာ မဇ္ဈိမဒေသဟု ကျွန်တော်တို့ အသိအမှတ်ပြုခဲ့ကြ၏။ တိုင်းကြီး ၁၆ တိုင်းကို အုပ်စိုးကြသော သင်းတို့သည် အချင်းချင်းစစ်ထိုးခဲ့ကြ၏။ မြန်မာနိုင်ငံတွင်လည်း ဤသဘာဝရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဘိုးဘွားအစဉ်အဆက်တို့သည်လည်း အမျိုးမျိုးသော မင်းနေပြည်များကို တည်ထောင်ကာ ပြည်ထောင်ချင်းချင်း စစ်ထိုးခဲ့ကြ၏။

အလားတူပင် ယနေ့ ထိုင်းနိုင်ငံဟု ဖွဲ့စည်းထားသော နေရာဒေသ၌လည်း ယိုးဒယားပြည်၊ ဇင်းမယ်ပြည်၊ ယွန်းပြည် စသည်ဖြင့် ပြည်ထောင်ချင်းချင်းအကွဲကွဲရှိ၍ ကျွန်ုပ်တို့ကဲ့သို့ပင် စစ်ထိုးခဲ့ကြ၏။ ယခုမလေးရှားပြည်ထောင်စု တည်ရာ၌လည်း မာလာယုဒေသ လူမျိုးပေါင်းများစွာတို့သည် မိမိတို့၏ ပဒေသရာဇ်နယ်ပယ်များ တည်တံ့ရေးအတွက် စစ်ထိုးခဲ့ကြ၏။

ဤကဲ့သို့ မိမိဒေသအတွင်း မိမိတို့ အချင်းချင်းစစ်ထိုးခဲ့ကြသည်မှာ ဤမျှနှင့် မပြီးခဲ့ချေ။ အိန္ဒိယတောင်ပိုင်းသည် သီဟိုဠ်ကျွန်းနှင့် မကြာခဏ စစ်ထိုး၏။ အိန္ဒိယအနောက်မြောက်တွင် အိန္ဒိယဖက်၌ရှိသော မဟာရာဇာတို့သည် အာသံ၊ မဏိပူ၊ ဂျိန်းအာ



တောင်တန်း၊ ဆိလဟပျက် တောင်တန်းဒေသရှိ မဟာရာဇာတို့နှင့် စစ်ထိုးခဲ့ကြ၏။ မလေးကျွန်းဆွယ်သမိုင်းကို ကျွန်တော်နားမလည်၍မည်သည့် လူမျိုးများ မည်သူနှင့် စစ်ထိုးမည်ကို မပြောတတ်ပါ။ သို့သော် ထိုဒေသမှာလည်း ပဒေသရာဇ်၏ သဘာဝအတိုင်း စစ်ပွဲအမျိုးမျိုးရှိခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် ထိုကဲ့သို့ တိုက်ခဲ့ကြသော စစ်ပွဲများသည် နယ်ချဲ့စစ်ပွဲများ မဟုတ်ချေ။ အာရှတိုက်သားတို့၏ အတွေးအခေါ်အတိုင်း မိမိတို့၏ ဘုန်းတန်ခိုးအာဏာကို အသိအမှတ်ပြုစေခြင်းငှာ 'အကြောင်းပြု' ကြသော စစ်ပွဲများ ဖြစ်သည်ဟု ဆိုနိုင်သည်။ တစ်ခါတရံ ဆင်ဖြူတော်ကိုအကြောင်းပြု၍ စစ်တိုက်ကြသည်လည်း ရှိ၏။ သို့သော် ဆင်ဖြူတော်ဆိုသော အမည်နာမတွင် ကပ်လျက်ပါနေသော တန်ခိုးတေဇော် အာနုဘော်သည် စစ်ဖြစ်ခြင်း အကြောင်း၏ အရင်းခံဖြစ်သည်။

တစ်ခါတရံ သမီးရည်းစားကိစ္စ၊ လင်ခန်းမယားခန်းကိစ္စ ဟူသည်တို့ကို အကြောင်းပြု၍လည်း စစ်တိုက်ခဲ့ကြ၏။ တစ်ခါတရံ အိမ်တော်ပါကျွန်တို့အချင်းချင်း မသင့်မတင့်ဖြစ်ရာမှ ရှင်ဘုရင်က ...ရန်ပွဲထဲဝင်၍ စစ်တိုက်ကြသည်လည်းရှိ၏။ သို့သော် မည်သို့ ...ိုက်တိုက် နယ်ချဲ့တည်းဟူသော လောဘအရင်းခံမရှိသောကြောင့် ...ဖြစ်ပြီးလျှင် ပြန်၍သင့်ကြ၏။ အချင်းချင်း သမီးကညာ အလဲအလှယ်ပေးကြ၏။ ဥရောပတိုက်၏ မလေ့ဖြစ်သော ဩဇာနယ်ပယ် ...တ်မှတ်ခြင်း ကိစ္စမျိုးသည် အာရှနိုင်ငံရေးတွင် တွေ့ရခဲဘိခြင်း။

ထိုခေတ် သမယက အာရှတိုင်းနိုင်ငံတို့သည် တစ်ဦးကတစ်ဦးကို နယ်မြေကျူးကျော်စရာအကြောင်း အလွန်နည်းပါးသည်။ ...ရှတိုက်ကြီးသည် အလွန်ကျယ်ဝန်းသည်။ လူနေအိမ်ခြေကျပ်

www.burmeseclassic.com

www.burmeseclassic.com



တည်း တချဉ်းမြောင်းမှုမရှိခြင်းကြောင့် သူတပါးတိုင်းပြည်များတွင် ဝင်ရောက်ကျူးကျော်နေထိုင်ရန် အကြောင်းမရှိချေ။ အာရှတိုင်း နိုင်ငံတို့တွင် လူဝင်လူထွက် ဥပဒေတို့ဖြင့် ဟန့်တားထားသော အကြောင်းကိစ္စများလည်း မရှိချေ။ အာရှတိုင်းနိုင်ငံတို့တွင် သယံဇာတပစ္စည်းများလည်း ပေါများလှသည်။ အာရှတိုင်းနိုင်ငံတို့တွင် မှီတင်းနေထိုင်ကြသူတို့သည် ရုပ်ဝတ္ထု၌ တပ်ငြိသော စိတ်ဆန္ဒ အနောက်တိုင်းနိုင်ငံသားတို့ကဲ့သို့ ပြင်းပြခြင်းမရှိချေ။

ဤအခြေအနေတွင် အာရှတိုက်နိုင်ငံသားတို့သည် မိမိတို့ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်သော အဆင့်သို့ မရောက်ခဲ့ကြ ချေ။ ဤအတွင်း အနောက်တိုင်းသားတို့ ဝင်ရောက်ချင်းနင်း၍ တစ်မြေရပ်ခြားအင်ပိုင်ယာများ ထူထောင်ခဲ့ကြသည်။ ထိုအင်ပိုင် ယာနိုင်ငံသားတို့သည် မိမိအား လာရောက်စိုးမိုးသူတို့ကို အဖေဟူ၍ လည်း မခေါ်နိုင်။ မိမိ၌လည်း အဖေအရင်းဟူ၍ မရှိတော့ပြီး မိသားစုချင်းမှာလည်း အဆက်အစပ်မရှိခြင်းကြောင့် အင်္ဂလိပ်စိုးမိုး ရာ၌ အင်္ဂလိပ်စနစ် တစ်ဝက်တပျက်ကိုလည်းကောင်း၊ ပြင်သစ်စိုး မိုးရာ၌ ပြင်သစ်စနစ်တစ်ဝက်တပျက်ကိုလည်းကောင်း၊ ဒတ်ချ်တို့ စိုးမိုးရာ၌ ဒပ်ချ်စနစ်တစ်ဝက်ပျက်ကိုလည်းကောင်း ခံယူပြီးလျှင် မိမိတို့၏ ပင်ရင်းဇာတိ ယဉ်ကျေးမှု အတွေးအခေါ် အမြော်အမြင် တို့၌မူကား ခိုင်ခိုင်မာမာ မရှိဖြစ်ကြရလေသည်။

ဤအချက်သည် နယ်ချဲ့တို့အတွက် ရောမအကွက်တောင် ကြီးဖြစ်ခဲ့သည်။ ယနေ့တိုင် နယ်ချဲ့စံနစ်ကို တွန်းလှန်ဖြိုဖျက်လိုက်ပြီ ဟု ဆိုရငြားသော်လည်း အာရှတိုင်းနိုင်ငံတို့တွင် နယ်ချဲ့ခေတ်၏ အမှုအကျင့်တို့ မပျောက်သေးချေ။ ထို့ကြောင့် ယခုအခါကျွန်ုပ်တို့ နယ်ချဲ့ဗေဒဥပါယ်ကို နောက်ကြောင်းပြန်၍ မကြာမကြာ သတိ



နိုးဆော်နေကြသော်လည်း ထိုဗေဒဥပါယ်ကို များစွာသော နိုင်ငံတို့ သည် ရှောင်ကွင်း၍မရနိုင် ဖြစ်၍နေလေသည်။

ဤအကြောင်းကြောင့် ယနေ့ အရှေ့တောင်အာရှနိုင်ငံ ငယ်များတွင် လူသတ်ပွဲကြီး ဆင်နွှဲနေသည်ကို ကျွန်ုပ်တို့ မချိတင်ကဲ မြင်နေကြရခြင်းဖြစ်သည်။ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံ တို့မှ နေ့စဉ်သတင်းများကို နားထောင်လိုက်လျှင် လူသတ်စာရင်းကို ချည်း ကြားရသည်။ သို့ရာတွင် ကျွန်ုပ်တို့နိုင်ငံကား သူတစ်ပါး၏ အကုသိုလ်ထဲတွင် အဆစ်ပါလိုကြမည်မဟုတ်။

၁၇ ရာစုနှစ်ကစ၍ မွေးနှောက်ခဲ့သော နယ်ချဲ့၏ ဗေဒ ဥပါယ်သည် ယနေ့တိုင် လွတ်မြောက်စ အမျိုးသားနိုင်ငံများကို ဒုက္ခပေးနေသည်။ ဤသို့ ဒုက္ခပေးနေသည်ကို မသိကြသည်လည်း မဟုတ်။ သိလျက်နှင့်ပင် ခံနေကြရသည်။ အဘယ်ကြောင့်ပါနည်း။

အတိုချုံး၍ ပြောရလျှင် ကျွန်ုပ်တို့ အာရှအစရှိသော နယ်ချဲ့ခြင်းခံရသည့် နိုင်ငံများတွင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အရ ပေါင်းစည်းထားသော ဝါဒဟူ၍ မရှိခြင်းကြောင့်ဖြစ်သည်။ ယခု လွတ်မြောက်သောအခြေသို့ ရောက်သည့်တိုင်အောင် အာရှ တိုက်သားတို့အတွက် လူမှုရေး စီးပွားရေး၊ နိုင်ငံရေးဝါဒဟူ၍ အခိုင် အမာမရှိကြချေ။ ဥရောပတိုက်၌ ဥရောပလူမျိုးများ၏ အခြေခံအရ ကြီးပွမ်းခဲ့သော ဝါဒကိုသာ ကျွန်ုပ်တို့ခံယူ၍နေကြရ၏။ ဝါဒ ကောင်း ဝါဒမြတ်မှန်လျှင်ကမ္ဘာသူကမ္ဘာသားတို့ ပိုင်အပ်ဆိုင်အပ် သည် ဖြစ်ခြင်းကြောင့် ဒုက္ခအပေါင်းမှ လွတ်မြောက်ရာ လွတ် မြောက်ကြောင်းဝါဒကို ကျွန်ုပ်တို့ခံယူရခြင်းသည် မသင့်လျော်ဟု ဆိုလို။ သို့ရာတွင် ကျွန်ုပ်တို့၌ အာရှတည်းဟူသော အစည်း အပေါင်းသဘောတရားဓာတ်ခံမရှိ ဖြစ်သောအခါ ကျွန်ုပ်တို့မှာ

www.burmeseclassic.com

www.burmeseclassic.com



မူလဝါဒရှင် တို့၏ ကြိုးဆွဲရာကိုသာ ခံကြရန်ရှိလေသည်။

ဤသဘောတရားတို့ကြောင့် ဝါဒကိုလက်ခံကျင့်သုံးသည့် နေရာ၌ မိမိတို့၏ ရေမြေဇာတိကို လိုက်၍ ကျင့်သုံးကြရန် ယနေ့ ကျွန်ုပ်တို့ ကြိုးပမ်းနေကြခြင်း ဖြစ်၏။ ဤကြိုးပမ်းခြင်း၌လည်း ကျွန်ုပ်တို့နိုင်ငံအဖို့ဆိုလျှင် သမိုင်းအထောက်အထားရှိနေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအခေါ်အမြော်အမြင် တို့ကို ပြန်ကြည့်လျှင် တို့ဗမာအစည်းအရုံးခေတ်ကစ၍ လေ့လာ စဉ်းစားတွေးတောကြဆလာသော ဆိုရှယ်လစ် သဘောတရားတို့ကို မြန်မာ့ဇာတိနှင့် ကိုက်ညီအောင် ဖန်တီးမည်ဆိုသောအချက်တို့ကို တွေ့ကြရပေလိမ့်မည်။

ဤအကြောင်းကြောင့် မျက်မှောက်ခေတ်အကြောင်းကို ပြောကြသောအခါ ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းကို သတိရ ကြခြင်းပင်ဖြစ်၏။ ဗိုလ်ချုပ်သည် လွတ်လပ်ရေးဖခင်လည်းဖြစ်၏။ လွတ်လပ်ပြီးသော ကာလအတွက် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအ တွေးအခေါ်တို့ကိုလည်း အုတ်မြစ်ချခဲ့သူလည်းဖြစ်၏။ ဤအ ကြောင်းခြင်းရာတို့ကို မြန်မာတိုင်းရင်းသားအပေါင်းတို့ နှစ်စဉ်နှစ် စဉ် ဟောကြပြောကြရေးသားကြသဖြင့် ကျွန်တော်က အထူးအ ကျယ်တဝင့် ပြောရန်ပင်လျှင် မရှိချေ။

သို့သော် ဗိုလ်ချုပ်မကွယ်လွန်မီက ရှေ့သို့မြော်၍ကြည့် ထားသော အချက်တစ်ရပ်ကို ကျွန်တော်ပြန်၍ သတိရမိသည်။ ထို့ကြောင့် ဤအချက်ကို စဉ်းစားရန်တင်ပြလိုပါသည်။

၁၉၄၇-ခုနှစ်က လွတ်လပ်ရေး တစ်နှစ်အတွင်းရရမည်ဟူ သော ကြွေးကြော်သံဖြင့် ဗိုလ်ချုပ်အမှူးပြုသော ခေတ်လူငယ်ထို့ ကြိုးပမ်းကြရာတွင် လွတ်လပ်ရေးလမ်းစကို မြင်လာသည်၊ ထိုအ



ချိန်တွင် ဗြိတိသျှနှင့် မြန်မာတို့ နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုရန် အရေးလည်း ပေါ်လာခဲ့ပြီ။ ထို့ကြောင့် ဗိုလ်ချုပ်သည် လန်ဒန်မြို့သို့ ထိုးထွက်ရန် စီစဉ်လေသည်။

ဤအခိုက်အတန့်တွင် ဗိုလ်ချုပ်သည် အာရှကွန်ဖရင့်ခေါ် ခန် အလို့ငှာ အိန္ဒိယ အမျိုးသားခေါင်းဆောင်ရှုရီနေရူးနှင့် တိုင်ပင် လေသည်။ ဤသို့ တိုင်ပင်ရာမှာ အာရှယဉ်ကျေးမှုနီးနှောဖလှယ်ပွဲ ကြီးကို နယူးဒေလီမြို့၌ ကျင်းပသောအခြေသို့ ဆိုက်ရောက်ခဲ့သည်။

ထိုစဉ်က ဗိုလ်ချုပ်သည် ဒီးဒုတ်ဦးဘချိုနှင့်တကွသော အပေါင်းအသင်း ရောင်းရင်းများကို ခေါ်၍တိုင်ပင်သည်၊ ဤသို့ တိုင်ပင်ရာ၌ ယဉ်ကျေးမှုတည်းဟူသော အဆောက်အအုံကြီးကို အမှီပြု၍ အာရှတိုက်သားတို့ အချင်းချင်း အတွေးအခေါ်အမြော် အမြင်တို့ကို ညှိနှိုင်းပြီးလျှင် ညီညွတ်ရေးတည်ဆောက်ရန် ဟူသော ရည်ရွယ်ချက်ကို ပြောပြခဲ့လေသည်။

ဗိုလ်ချုပ်၏အမြင်မှာ အာရှတိုက်သား အားလုံးတို့၏ ယဉ် ကျေးမှုအခြေခံကို ကြည့်လျှင် အဆင်အမျိုးမျိုးရှိမည်ဖြစ်သော်လည်း အသားမှာ တစ်သားတည်းဟုမြင်သည်၊ ဘန်ကောက်လုံချည်ဆို သည်မှာ ရွှေဖလားရောင်၊ နှံ့သာရောင်၊ ရေနံရောင် အမျိုးမျိုးရှိမည်။ ချိတ်စိတ်၊ ကွက်ကျဲဟူ၍လည်း အမျိုးမျိုးရှိမည်။ သို့သော် အသားမှာ အသား ဘန်ကောက်ပိုးပင်ဖြစ်သည်။

ဤသဘောကြောင့် ဤယဉ်ကျေးမှုအခြေခံမှအစပြု၍ ကြိုးပမ်းလျှင် အာရှညီညွတ်ရေးဟူ၍ ဖြစ်ပေါ်လာနိုင်စရာ အ ကြောင်းရှိသည်။ ထိုခေတ်ထိုအခါက အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာစသည် တို့၏ လွတ်လပ်ရေးသည်ပင်လျှင် တိုင်းရင်းသားတို့၏ လက်ထဲ ရောက်သေး။ လွတ်လပ်ရေးရလျှင် မည်သည့် အုပ်ချုပ်ရေးပုံစံဖြင့်

www.burmeseclassic.com



ဝခန်းသွားရမည်ဆိုသည်ကိုပင်လျှင် မပိုင်းဖြတ်နိုင်ကြသေး။ မြန်မာ အိန္ဒိယလွတ်လပ်သော်လည်း ဗီယက်နမ်၊ မလေး၊ အင်ဒိုနီးရှား စသည့် နိုင်ငံတို့မှာ တိုက်ပွဲဝင်ဆဲပင်ဖြစ်နေသေးသည်။ ဤကဲ့သို့ သော အချိန်အခါမျိုးတွင် အာရှညီညွတ်ရေးကို လှမ်း၍ကြည့်သည် မှာ နိုင်ငံရေးအမြော်အမြင်ကြီးမား၍သာလျှင် လှမ်း၍ကြည့်ခြင်းပင် ဖြစ်သည်။

သို့ရာတွင် ဗိုလ်ချုပ်သည် များမကြာမီ မသမာသူတို့လက် ချက်ကြောင့် သူချစ်သော မြန်မာနိုင်ငံကြီးကို မျက်နှာလွှဲခဲ့ရ သည်။ ဗိုလ်ချုပ်ကွယ်လွန်ပြီး မကြာမီ အိန္ဒိယတွင် မဟတ္တမဂန္ဒီ လည်း လုပ်ကြံခံလိုက်ရလေသည်။ ဤသည်တွင် မြန်မာနိုင်ငံ၌ အရေးအခင်းများ ရှုပ်ထွေးပွေလီလာဘိသကဲ့သို့ အိန္ဒိယနိုင်ငံ၌ လည်း အရေးအခင်းများ ရှုပ်ထွေးပွေလီလာသည်။ ဤကြားထဲမှာ ပင် တစ်ခါတစ်ခါရှရီနေရူးက အာရှညီညွတ်ရေးဟု လေသံပေးခဲ့ ၏။ သို့သော် မလေးကျွန်းဆွယ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်စသော နိုင်ငံများရှိ ခေါင်းဆောင်များသည် သူတို့၏ အရေးအခင်းနှင့် သူတို့ ချာချာလည်လျက်ရှိနေကြလေသည်။

ကျွန်တော်တို့မှာ မျက်မှောက်သမိုင်းကို ကိုယ်တွေ့မြင်ကြ သော အခါကျမှပင်လျှင် ဗိုလ်ချုပ်အောင်ဆန်း၏ အမြော်အမြင်ကြီး သဘောပေါက်မိကြသည်။ အကယ်၍သာ လွတ်မြောက်စအာရှ နိုင်ငံတို့ လွတ်မြောက်ပြီးလျှင် လွတ်မြောက်ချင်း အာရှညီညွတ်ရေး ကို မမျှော်မှန်းနိုင်သေးသည့်တိုင်အောင် အရှေ့တောင်အာရှ ညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ကြပါလျှင် တည်ဆောက်နိုင်ခဲ့ ပါလျှင် အရှေ့တောင်အာရှဒေသထဲ၌ မဆိုင်သူဝင်သည်တို့ကို ညီ တညွတ်တည်း ခုခံကာကွယ်တိုက်ခိုက်နိုင်ကြမည်ဖြစ်သည်။



ယခုမှာမူ အာရှတိုက်သားတို့သည် ရာဇဝင်ကပေးခဲ့သော သင်ခန်းစာဟုဆို၍ ပေဒဥပါယ်ကိုမကြာခဏ ရွတ်ချပြောဆိုနေ ကြသော်လည်း ယင်းသို့ ရွတ်ချပြောဆိုသူတို့ကပင်လျှင် နိုင်ငံခြား စစ်တပ်များကို ဝင်တော်မူပါဟုချည်း ဖိတ်ခေါ်နေဘိသကဲ့သို့ ဖြစ်ကျင့်နေကြသည်။ တစ်ခါသေဖူးလျှင် ပျဉ်ဖိုးနားလည်ဖို့ ကောင်း ပါ၏။ သို့သော် အာရှတိုက်သားအများစုသည် ပေဒဥပါယ်ကို မမှတ်ကြသေး။ ပါးစပ်က အနုလုံပဋိလုံ မြည်တမ်းရင်းနှင့်ပင် ထိုပေဒဥပါယ်ကြီးကို ငှက်ပျောပွဲအုန်းပွဲနှင့် ဖိတ်ခေါ်နေကြသည်။

ပြောမယုံ ကြုံဖူးမှသိဟူသော စကားရှိ၏။ ထို့ကြောင့် ကျွန်ုပ်တို့မှာ ခံဖူးမှသိကြလိမ့်မည်။ ရာဇဝင်ပြန်ကြည့်လျှင် ကျွန်ုပ် တို့ အာရှတိုက်သားများသည် ခံရပေါင်း များလှပါပြီ။ သို့သော် မေ့လွယ်လွန်းသည် ထင်၏။

သို့ရာတွင် ကျွန်ုပ်တို့သည် မျှော်လင့်ချက်ကို ဆက်လက် ထားကြရပေဦးမည်။ တစ်နေ့သောအခါ အာရှတိုက်သည် ဗိုလ်ချုပ် ပြောဆိုစားခဲ့သော အာရှညီညွတ်ရေးသဘောတရားသို့ ပြန်၍ စိတ် ဝင်စားလာစရာအကြောင်းရှိသည်။ အာရှညီညွတ်ရေးဆိုရာမှာလည်း အာရှတိုက်သားတို့၏ နှလုံးသည်းပွတ်ထဲမှ ထွက်လာသော ညီညွတ် ရေးမှသာ မှုမှန်မည်။ မိမိတစ်နိုင်ငံတည်းက ချယ်လှယ်ဖို့ရာ နိုင်ငံ များကို ညီညွတ်ပါဟု တိုက်တွန်းနေလျှင်မူကား ဘာမျှအရာ ရောက်လိမ့်မည်မဟုတ်။ အများသဘောတူရာ အခြေခံကိုရှာကြ ရင်း ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သည့်အတိုင်း အာရှယဉ်ကျေးမှုကို အခြေခံ၍ ညီညွတ်ရေးကိုတည်ဆောက်ရန်သာရှိသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ အာရှညီညွတ်ရေး သဘောတရားကို ကျွန်ုပ်တို့အစဉ်မျက်မှန်းတန်းကြရလိမ့်မည်။

မြဝတီ (အတွဲ ၁၈၊ အမှတ် ၉၊ ဇူလိုင်လ ၁၉၇၀။)

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်၏ စိတ်ကူးနှင့်လက်တွေ့

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဖြစ်သည်။ လွတ်လပ်ရေး ဗိမာန်ကို တည်ဆောက်ပေးသူဟု ဆိုလိုသည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးဗိမာန်ကို တည်ဆောက်ပေးရုံမျှသာ ပေးခဲ့သည်မဟုတ်။ ထိုဗိမာန်ကြီး အဓွန့်ရှည်စွာ တည်မြဲစေရန်အလို့ငှာ အနာဂတ်ကိုမြော်၍ လူမှုရေး စီးပွားရေးစနစ်တို့ကိုပါ ချမှတ်ပေးခဲ့သူ ဖြစ်သည်။

တရံရောအခါက ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ ဆိုရှယ်လစ်စီမံကိန်းဟု မကြာခဏ ပြောခဲ့ကြ ဆိုခဲ့ကြသည်။ ထိုစီမံကိန်း၏ အစဉ်ကို လိုက်၍ လေးနှစ်စီမံကိန်း၊ ငါးနှစ်စီမံကိန်း စသည်တို့ကိုလည်း ချမှတ်ခဲ့ကြပါ၏။ သို့ရာတွင် ကိုယ်ထိလက် ရောက်ဆောင်ရွက်ကြသောအခါ စီမံကိန်း၏ ရည်ရွယ်ချက်က တစ်ခြား၊ မိမိတို့လုပ်ချင်ရာကတစ်ခြားနှင့်မို့ ငါးသိုင်းများဟင်း ဖြစ်ကုန်ကြရသည်သာမက နောက်ဆုံး၌ ဝိဝါဒအမျိုးမျိုးပေါ်ပေါက် ၍ ပြည်ထောင်စုတည်းဟူသော အစုအပေါင်းကြီးမှာ အစိတ်စိတ်



အမွှာမွှာဖြစ်ရတော့မည်သို့ ရှိခဲ့လေသည်။

ယင်းအဖြစ်အပျက်ကို ကောင်းစွာဆင်ခြင်၍ ယခုအခါ ရည်မှန်းချက်တို့ကို အခိုင်အမာ ချမှတ်ပြီးလျှင် စီးပွားရေး၊ လူမှုရေး တို့ကို ပြန်လည်ထူထောင်လျက်ရှိနေပေရာ ဗိုလ်ချုပ်၏အမြော်အမြင်တို့သည် ကျွန်ုပ်တို့၏လုပ်ပုံလုပ်နည်းများ စနစ်ကျအောင် လမ်းညွှန်လိမ့်မည်ဟု ယုံကြည်ပါသည်။

၁၉၄၇ နှစ် ဇွန်လ ၆ ရက်နေ့တွင် ယခုပြည်လမ်းစာပေဗိမာန်တည်ရာ ဆိုရှယ်လစ်တိုက်အဆောက်အဦ၌ ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရ အရာရှိများနှင့် အရာရှိမဟုတ်သူ လူထုခေါင်းဆောင်များကို ဖိတ်ကြား၍ မြန်မာနိုင်ငံပြန်လည်ထူထောင်ရေးအတွက် အစည်းအဝေးကြီးတခုကို ဦးဆောင်ပြီးလျှင် ကျင်းပခဲ့လေသည်။ ထိုအစည်းအဝေးကြီးကို ခေါ်ရခြင်းအကြောင်းမှာ လွတ်လပ်စ မြန်မာနိုင်ငံကို နှစ်နှစ်တာကာလအတွင်း မူလအခြေအနေသို့ ပြန်ရောက်လေအောင် နိမ့်ကျသောစီးပွားရေးအခြေအနေကို မည်သို့မြှင့်တင်ရမည်ဆိုသော ပြဿနာကို စဉ်းစားကြဖို့ ဖြစ်သည်။ ယင်းပြဿနာကို စဉ်းစားရာ၌ ရှေးဦးစွာ (၁) မြန်မာနိုင်ငံ စီးပွားရေးအခြေအနေကို တိတိကျကျသိရှိရလေအောင် စာရင်းအင်းအချက်အလက်များ ရှာဖွေရန်။ (၂) ထိုအချက်အလက်များကို မှီ၍ အကြံဉာဏ်ပေးသော စီးပွားရေးစီမံကိန်းများကို ရေးဆွဲရန်။ (၃) စီမံကိန်းများတွင်သုံးစွဲဖို့ရာ ဘဏ္ဍာငွေကြေးရှာဖွေရန်။ (၄) စီမံကိန်းဖြစ်မြောက်စေဖို့ရာ နည်းလမ်းများကို ရှာဖွေရန်။ (၅) ထိုထိုသောစီမံကိန်းများကို စုပေါင်းစစ်ဆေးညှိနှိုင်း၍ အတည်ပြုဆုံးဖြတ်ရန် ဆိုင်ရာဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းကြမည်ဟု သဘောတူကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အား သူ၏ကျောင်းနေဘက် သူငယ်ချင်းများက အတွေးသမား အငေးသမားဟုသာ ယူဆခဲ့ကြသည်။ သို့ရာတွင် ဗိုလ်ချုပ်သည် ၁၉၄၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံ လွတ်လပ်ရေးကို ရည်စူး၍ တော်လှန်ရေးလုပ်ငန်းကြီးကို ကိုယ်ထိလက်ရောက် တီထွင်ဆောင်ရွက်လာခဲ့လေရာ ဗိုလ်ချုပ်၏ အတွေ့အကြုံတို့သည် ဗိုလ်ချုပ်အား လက်တွေ့သမားကြီးဖြစ်အောင် ဖန်တီးခဲ့လေပြီ။ ထို့ကြောင့် ထိုနေ့ထိုရက်က နှစ်နှစ်စီမံကိန်းကြီးအတွက် စိတ်အား ထက်သန်စွာဖြင့် စကားအချီးများကို ပြောဆိုနေသော ဗိုလ်ချုပ်သည် လက်တွေ့သမားကြီး ဖြစ်၍နေချေပြီ။

ကျွန်တော် ယခုသတိရသမျှ ပြန်၍တွေးကြည့်လိုက်သော အခါ အစည်းအဝေးစရန် လူစုံပြီဟုဆိုသည်နှင့် တပြိုင်နက် ဂျပန်ခေတ်အတွင်းက အခက်အခဲမျိုးစုံကို ကြုံတွေ့ခဲ့ရဖူးသော အရာရှိကြီးငယ် အပေါင်းတို့မှာ ခံမှန်ဖူးသော စာသူငယ်ကဲ့သို့ ရှိကြလေရာ နောက်ထပ် တွေ့ကြုံရမည့် အခက်အခဲများကို မည်သို့ခုန်ပျံကျော်လွှား နိုင်ပါမည်နည်းဟု တွေးတောနေကြပုံရပါသည်။ ခါချဉ်ကောင် မာန်ကြီး၍ တောင်ကြီးဖြိုမည့်ကြံ ခါးကမသန်ဟူသော စကားကို လက်သုံးစကားပြု၍ ပြောဆိုနေကြသည်။

ဂျပန်ခေတ်အတွင်း ဗိုလ်ချုပ်နှင့်အတူ ဆက်ဆံ၍အလုပ်လုပ်ခဲ့ကြသူ အရာရှိကြီးများသည် ဗိုလ်ချုပ်၏လုပ်ရည်ကိုင်ရည်တို့ များစွာလေးစားကြသည်။ သို့သော် အချို့အချို့မှာမူကား ဂျပန်ခေတ် အတွင်းက ဗိုလ်ချုပ်လုပ်ပုံကိုင်ပုံကို ကိုယ်တွေ့တွေ့ရသူများ မဟုတ်ချေ။ အချို့ကား ဂျပန်ခေတ်အတွင်း ဆင်းမလားမြို့၌သာ နေထိုင်ခဲ့ကြသည်ဖြစ်ရာ မြန်မာ့ဒုက္ခဟူသည်ကို တစ်ဆင့်စကားသာ ကြားဖူးကြသည်။ ဂျပန်ခေတ်၌ ကျွန်တော်တို့ ဆင်းဆင်းရဲရဲ



တေ်ငတ်ပြတ်ပြတ်နှင့် အန္တရာယ်အသွယ်သွယ် အကြားတွင် စွန့်စွန့်စားစားလုပ်ခဲ့ရပုံကို သူတို့သည် ဒန္တာရီစကားကဲ့သို့သာ အောက်မေ့နေကြပါလိမ့်မည်။ အချို့ကလည်း ဗိုလ်ချုပ်သည် သူတို့မျက်စိအောက်၌သာ ကြီးပြင်းလာသူဖြစ်၍ ရုတ်တရက်အားဖြင့် အထင်မကြီးနိုင်ကြပါ၊ ဤအခြင်းအရာများကို ထောင့်ကြားမှနေ၍ အကဲခတ်နေရသူ ကျွန်တော့်အဖို့မှာ သဲထိတ်ဖိုလှိုက် ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်လမ်းတစ်ခုကို ကြည့်နေရသူကဲ့သို့ ဤတစ်ခန်းပြီးလျှင် နောက်တစ်ခန်း မည်သို့လာလိမ့်မည်ကို တထင့်ထင့်နှင့် စောင့်မျှော်နေရပါသည်။ သို့သော် ယေဘုယျပရိသတ်မှာကား ဗိုလ်ချုပ်အပေါ် မျှော်လင့်အား ကိုးလျက်ရှိကြသည်မှာ အမှန်ပင်။

ဗိုလ်ချုပ်က ရှေးဦးမိန့်ခွန်းကို ပြောကြားလိုက်သောအခါ ၌မူကား အရာရှိကြီးငယ် မရွေးတို့သည် လှုပ်လှုပ်ရှရှနှင့် စိတ်အားတက်ကြွလာသောအမူအရာကို ပြလာကြပါသည်။ စောစောပိုင်းက သို့လော သို့လောဖြစ်နေသောစိတ်တို့သည် လွင့်ပါးသွားခဲ့ဟန်တူပါသည်၊ ကျွန်တော်လည်း ခင်မင်သူ အရာရှိကြီးငယ်တို့အား ချဉ်းကပ်၍ သူတို့၏ သဘောထားကို မေးမြန်းမိသည်။ လောကွတ်ကားပင် မပြောတတ်သူတစ်ဦးက သူ၏ပကတိ တည်ငြိမ်သော အမူအရာဖြင့် "ကျုပ်တို့ဟာ ဗိုလ်ချုပ်ရဲ့ အမြော်အမြင်တွေကို အထင်သေးစရာလို့ သဘောမထားနိုင်ပါဘူး၊ ဗိုလ်ချုပ်ဟာ ငယ်ပင်ငယ်သော်လည်း အတွေ့အကြုံက ကျုပ်တို့ထက် စုံတယ်၊ ဒါကြောင့် သူ့ကို လက်တွေ့သမားတစ်ဦးရယ်လို့ဆိုပြီး လေးစားပါတယ်။ သူလို ပုဂ္ဂိုလ်မျိုးကို ရှေ့ကထားပြီး လုပ်ရရင် ကျုပ်တို့ လုပ်အားရှိပါတယ်" ဟု ပြောပါသည်။ အစပထမက စိတ်အားလျှော့တော့မည့်ကဲ့သို့ ဖြစ်နေကြသော အမှုဆောင်တာဝန်ရှိသူ ပုဂ္ဂိုလ်များသည် စိတ်အား

www.burmeseclassic.com



ထက်သန်သောအမူအရာဖြင့် လန်းဆန်းလာကြပါသည်။ ဖျတ်ဖျတ်လတ်လတ် ရှိလာကြပါသည်။

သို့သော် ဗိုလ်ချုပ်ပြောစကားထဲတွင် ထိုသို့သောအရာရှိကြီးငယ်တို့အား မြှောက်ထိုးပင့်ကော်နှင့် ပြောသွားသည့်စကားမျိုး မပါပါ၊ မည်သူ့အား မည်သို့ချီးမြှင့်မည်ဆိုသော ဘဝင်လေဟပ်စေမည့် စကားများလည်းမပါပါ၊ ဗိုလ်ချုပ် နိဒါန်းချီသော စကားမှာ လွတ်လပ်ရေးရပြီးလျှင် ခေတ္တအနားယူဦးမည်ဟု စိတ်ကူးထားသူများကိုပင်လျှင် အနားမယူကြပါနှင့်ဦး၊ လုပ်စရာရှိသည်တို့ကို လုပ်ကြပါဦး၊ ခွင့်စာတင်ထားမိသော် ထိုခွင့်စာများကို နုတ်သိမ်းပေးကြပါဦး၊ ယခုအချိန်ဟာ သေရေးရှင်ရေးကဲ့သို့ အရေးကြီးနေပါသည်ဟူသော ဖုတ်ပူမီးတိုက် စကားမျိုးသာဖြစ်ပါသည်။

သို့သော် သူတို့အထူးသဘောကျမိသော စကားများစွာပါပါသည်။ ဗိုလ်ချုပ်က ပါရဂူတို့နှင့်စပ်လျဉ်း၍ "ပါရဂူဆိုတိုင်း ဘယ်တော့မှ မမှားနိုင်ဘူးလို့လဲ မထင်ပါနဲ့၊ ပါရဂူဆိုတာလဲ ကျုပ်တို့လိုလူတွေပါဘဲ၊ ကျုပ်တို့ကြည့်ရမှာက သာမန်လူတွေရဲ့ အခြေအနေကို ကြည့်ရမှာဖြစ်ပါတယ်၊ ပါရဂူတို့ရဲ့ ထင်မြင်ချက်ကို လေးစားရပါတယ်၊ သာမန်လူတွေဆိုတာကလဲ သူတို့ရဲ့ ထင်မြင်ချက်ကို အများကြီးအထင်ကြီးကြပါတယ်။ ဒါပေမယ့် လက်တွေ့က အရေးကြီးတယ်၊ သာမန်လူတွေရဲ့ အကျိုးတရားနဲ့ ကိုက်ညီတဲ့လက်တွေ့လုပ်ငန်းကိုသာ 'ကျုပ်တို့ဦးစားပေးရဖို့ရှိပါတယ်' စသဖြင့် အဓိပ္ပာယ်ရှိသော စကားတို့ကို ပြောကြားပါသည်။ ထို့နောက်စာရင်းအင်းများ ကောက်ရန်ကိစ္စ၌လည်း စာရင်းအင်း၌ တွေ့ရှိချက်တိုင်းသည် လက်တွေ့နှင့် ညီညွတ်ချင်မှ ညီညွတ်ပါသည်၊ စာရင်းအင်းဆိုသည်မှာ များသောအားဖြင့် ပျမ်းမျှကြေးကို ရှာလေ့ရှိသည်။ ပျမ်းမျှကြေးအား



ဖြင့် စာရင်းမှန်ပင် မှန်မည်ဖြစ်သော်လည်း လက်တွေ့၌မူကား ပျမ်းမျှကြေးထဲ၌ ပါနေသည့်အတိုင်း ဖြစ်ချင်မှဖြစ်တတ်သည် ဆိုသော အချက်ကိုလည်း ပြောဆိုသွားလေသည်။

ကျွန်တော်၏ အတွေ့အကြုံမှာ ဗြိတိသျှခေတ်၌ စိုက်ပျိုးရေးပါရဂူတို့သည် ခရစ်နှစ် ၁၈၉၀ လောက်မှစ၍ တောင်သူလယ်သမားဘဝအခြေအနေတိုးတက်စေဖို့ရာ ကြံဆကြသည့် သဘောတရားအမျိုးမျိုးတို့ကို စာရင်းအင်း ဇယားများ၌၎င်း၊ အစီရင်ခံစာများ၌လည်းကောင်း၊ စာရွက်စာတမ်းများ၌လည်းကောင်း၊ ကျမ်းကြီးကျမ်းခိုင်များ၌လည်းကောင်း ရေးသားတင်ပြခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်တို့၏ စေတနာအရင်းခံကို ကျွန်တော်ယုံမှားသံသယ မဖြစ်မိပါ။ သို့သော် ထိုသို့သော ပါရဂူတို့ ပေးသွားကြသည့် အကြံအစည်တို့မှာ အင်္ဂလိပ်ပြေးသော ၁၉၄၂ ခုနှစ်အထိ လက်တွေ့အားဖြင့် အကောင်အထည်မပေါ်ခဲ့ပါ။ ထိုခေတ်က နိုင်ငံခြားအရင်းရှင်မြေရှင်တို့၏ အတိုက်အခံအင်အားကြောင့် ပါရဂူတို့၏ အကြံမအောင်သည်လည်း ရှိပေမည်။ သို့သော် တောင်သူလယ်သမားတို့ သက်သာချောင်ချိရေးအတွက် ပါရဂူတို့ စီစဉ်ခဲ့သော အမတော်ကြေးအက်ဥပဒေ၏ သဘောသွားတို့မှာ ကျွန်တော်တို့ကဲ့သို့ လက်တွေ့ဆောင်ရွက်ပေးနေရသော မှုထမ်းရာထမ်းတို့အဖို့ ရည်ရွယ်ရင်း ရောက်အောင် ဘာမျှလုပ်၍မရသည်ကို ကိုယ်တွေ့ တွေ့ခဲ့ရပါသည်၊ ထို့ကြောင့် ပါရဂူတို့ ကြံဆတိုင်း လုပ်၍ကိုင်၍ရပြီဟု မဆိုနိုင်သည်ကို ကျွန်တော်ကောင်းစွာ နားလည်ခဲ့ရပါသည်။ အရာရှိပိုင်းတွင် မိမိလုပ်ငန်းကို မိမိနားလည်ကြသော ပုဂ္ဂိုလ်တို့များစွာရှိသည်။ ထိုပုဂ္ဂိုလ်တို့သည်လည်း ပါရဂူတို့၏ အကြံဉာဏ်ဆိုသည်မှာ တုတ်ပြီးဆေး၊ ခါးပြီးဆေးများကဲ့သို့ အရေးကျ

www.burmeseclassic.com

www.burmeseclassic.com



လျှင် ထိပ်ကွဲခေါင်းပြတတ်သောသဘောကို ကောင်းစွာ ရိပ်စားမိကြပါသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့က ဗိုလ်ချုပ်၏အဆိုကို အလွန်သဘောကျကြပါသည်။

သို့သော် ဗိုလ်ချုပ်သည် ပါရဂူတို့ကိုပြက်ရယ်ပြုနေသည်လည်း မဟုတ်ပါ။ ရှုတ်ချနေသည်လည်း မဟုတ်ပါ။ ဖယ်ထုတ်နေသည်လည်း မဟုတ်ပါ။ တကယ့်အခြေအနေကို ပြဆိုသော စာရင်းအင်းနှင့်တကွ အကြောင်းခြင်းရာများကို ဗိုလ်ချုပ်သည် မထီလေးစား မပြုတတ်ပါ။ တတ်သိနားလည်သော ပုဂ္ဂိုလ်တို့၏ အကြံဉာဏ်ကို ဗိုလ်ချုပ်သည် ဖယ်ရှားလေ့မရှိပါ။ ဗိုလ်ချုပ်ပြောဆိုနေသော အဓိပ္ပာယ်မှာ သဘောတရားနှင့် လက်တွေ့ကိုက်ပါစေဟူသော သဘောအဓိပ္ပာယ်ဖြစ်ပါသည်။ အစိုးရအရာရှိဆိုသည်မှာ အောက်သက်ကျေသူလည်းရှိပါသည်။ မကျေသူလည်းရှိပါသည်။ အချို့အောက်သက်ကျေသူတို့သည် သဘောတရားရေးရာကို ခြုံ၍မကြည့်တတ်ပါ။ သစ်တောကို ကျွမ်းကျင်သည်ဆိုသော်လည်း သစ်ပင်တစ်ပင်စီကိုသာလျှင် မြင်တတ်ကြသည်။ သစ်ပင်အပေါင်းအစုတည်းဟူသော အဖြစ်သနစ်ကို မမြင်တတ်ကြချေ။ အချို့အောက်သက်မကျေသူကိုကား ကံအားလျော်စွာ ရာထူးကြီးတို့ကို ရရှိနေကြပါသော်လည်း အုပ်ချုပ်ရေးသဘောတရား အဆီအနှစ်တို့ကို နားလည်ကြသူများ မဟုတ်ပါ။

ဤကဲ့သို့ အထွေထွေ အထူးထူးသော သဘောရှိသည့် အရာရှိလောကတွင် ရုံးတွင်းစာအမှတ်ဖြင့်သာ စက္ကူပေါ်တွင် အမိန့်ချ၍ စီမံကိန်းထုတ်တတ်ကြသော သူတို့လည်း ရှိသည်။ ထိုပုဂ္ဂိုလ်တို့သည် သူ့ထံတက်လာသော အစီရင်ခံစာများကို ကြည့်၍ အားလုံးလုပ်ငန်းချောမောစွာ အောင်မြင်နေပြီဟုသာ ယူဆ



တတ်ပါသည်။ ဤကား သဘောတရားနှင့် လက်တွေ့ကို ဟပ်၍ မကြည့်တတ်ခြင်း သာဓကတစ်ရပ်ပင်ဖြစ်သည်။ ယင်းသဘာဝတို့ကို ဗိုလ်ချုပ်သည် ကောင်းစွာရိပ်စားနားလည်ပါသည်။ ထို့ကြောင့် အချို့က ဗိုလ်ချုပ်အား ကပ်၍မရဘူးဟု ပြောကြသည်။ ဗိုလ်ချုပ်သည် ပုဂ္ဂလဓိဋ္ဌာန်ကိုမကြည့်ဘဲ၊ ဓမ္မာဓိဋ္ဌာန်ကိုသာ ကြည့်တတ်သည်။ လုပ်ငန်းနေရာမကျလျှင် ဗိုလ်ချုပ်အား မည်သို့မျှ ကျေလောက်အောင် ချော့သော်လည်း မရနိုင်ချေ။ ဤသည်ကို ရည်၍ ထိုသို့ဆိုကြခြင်း ဖြစ်သည်။ အလုပ်ကို မှန်မှန်ကန်ကန် ရိုးရိုးတန်းတန်းလုပ်တတ်သူတို့ကား ထိုအကြောင်းကြောင့်ပင် ဗိုလ်ချုပ်ကို ကြည်ညိုကြလေသည်။

ဂျပန်ခေတ်၌ အတွင်းဝန်ရုံးတွင် အလုပ်လုပ်ခဲ့ဖူးသူတို့က မကြာခဏ အတွင်းဝန်ရုံးလုပ်ထုံး (Secretariat Procedure) ဆိုသည်ကို ပြောလေ့ပြောထရှိကြသည်။ ထိုသူတို့တွင် အချို့သည် လုပ်ထုံးလုပ်နည်း ရုံးထုံးစံတို့ကို သူတပါးအား ရစ်ပတ်ချည်နှောင်၍ လှုပ်မလှုပ်နိုင်အောင် ခြေမန်းကွင်းစွပ်သလို စွပ်ပေးတတ်ကြသည်။ လူက မလှုပ်နိုင်သောအခါ အလုပ်လည်း ဘာမျှမဖြစ်ပါ။ ထို့ကြောင့် လုပ်သမျှမှာ ရေဖြစ်ရသည်သာ များပေသည်။ ဤသဘောတရားတို့ကို ဗိုလ်ချုပ်နားလည်သည်။ ထို့ကြောင့် ရုံးလုပ်ထုံးလုပ်နည်းဆိုသည်မှာ လုပ်ငန်းတွင်အောင် တီထွင်ခြင်းဖြစ်ပါသည်။ သို့သော် ၎င်းရုံးထုံးစံများသည် လုပ်ငန်းတွင်ကျယ်မှုကို နှောင့်ရှက်နေပါလျှင် ပယ်ရပါမည်ဟု ပြောဆိုခဲ့လေသည်။ ထိုအချိန်ကစ၍ ကြိုးနီစနစ်ဆိုသော စကားကို အရာရှိအရာခံလောကထဲတွင် အတော်များများ ပြောလာကြသည်။

ဗိုလ်ချုပ်က လုပ်ငန်းလောဘမကြီးဖို့ရာလည်း ပြောဆိုခဲ့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်ုပ်တို့အလုပ်လုပ်ရာ၌ တစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားကြရပေလိမ့်မည်။ စိတ်အားထက်သန်ပါသည်ဆို၍ လောဘတကြီးလုပ်လျှင် တွင်ကျယ်နိုင်မည်မဟုတ်ချေ။ ကျွန်ုပ်တို့စီမံသော ကိစ္စမှန်သမျှသည် လက်တွေ့နှင့်ညီ၍ အလုပ်လုပ်ရာ၌လည်း လွယ်ကူရပေလိမ့်မည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ရှေ့သို့တစ်လှမ်းမကနှစ်လှမ်းသုံးလှမ်းတိုး၍ ချီတက်ရပေမည်။ သို့သော် ယင်းသို့ ခြေလှမ်းများများ လှမ်းတိုင်းလှမ်းတိုင်း ခြေလှမ်းတစ်လှမ်းမှ လဲမကျရလေအောင် မြေပေါ်၌ အခိုင်အမာစိုက်ထူထားသော ခြေလှမ်းမျိုး ဖြစ်ရပေလိမ့်မည်။ ဤကဲ့သို့သော စကားကိုလည်း ဗိုလ်ချုပ်ပြောခဲ့သည်။ ဗိုလ်ချုပ်ပြောစကားကို မှီး၍ နှစ်နှစ်စီမံကိန်းနိဒါန်းတွင် ဤသို့ဆိုထားသည်။

"ဤစီမံကိန်းသည် ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြံ၊ ခါးကမသန် ဆိုသလို လောဘကြီးစိတ်ကူးယဉ်ပြီး ရေးဆွဲထားသော စီမံကိန်းမဟုတ်၊ မြန်မာပြည်၌ရှိသော လူအင်အား၊ မြေ၊ လယ်ယာ၊ သတ္တုပစ္စည်းအင်အားတို့ကို သူ့အိုးနှင့်သူ့ဆန် တန်ရုံနှိုင်းချိန်ပြီး ရေးဆွဲထားသည်။ လွတ်လပ်ရေးရပြီးနောက် ၂ နှစ်အတွင်းတွင် အကျိုးဖြစ်ထွန်းနိုင်သမျှ ဖြစ်ထွန်းစေမည့်အပြင် နောင်အရှည်လူမွဲများတောင်းစားဖို့ မြန်မာပြည်၏စီးပွားရေးအခြေအနေကို အမြန်ဆုံးပြောင်းလဲပစ်ရန်လည်း ကြံရွယ်ထားသည်။ ထို့ပြင် မြန်မာပြည်စီးပွားရေးအတွက် စီမံကိန်းများကို တစ်ခုမကျန် အားလုံးထည့်သွင်းပြီး စေ့စေ့စပ်စပ် အပြီးသတ်ထားသည်ဟုလည်း မဆိုသာပေ။ ကြွင်းကျန်ချက်များ အများပင် ရှိပါသေးသည်။ ဤကြွင်းကျန်



ချက်များမှာ ပြဆိုခဲ့သော လူအင်အား၊ ပစ္စည်းအင်အားချို့တဲ့ခြင်းနှင့် မြန်မာနိုင်ငံစီးပွားရေးနှင့် ပတ်သက်သော အကြောင်းအရာများ၊ အချက်အလက်များကို ဂယနဏရှာဖွေစုံစမ်းသော သုတေသနလုပ်ငန်းများကို ယခုမှစ၍ လုပ်ကိုင်ရသောကြောင့် ဖြစ်သည်။ ဤသုတေသနလုပ်ငန်းများ ကျကျနန ပြီးဆုံးနိုင်ရန်လုပ်ဖို့ အချိန်အတော်ကြာပေဦးမည်။ သို့သော် လွတ်လပ်သော မြန်မာနိုင်ငံကြီးသည် အားကြိုးမာန်တက်နှင့် လက်ထိလက်ရောက်လုပ်ဖို့ အားခဲနေစဉ် ဤမျှလောက် အချိန်ကြာကြာကြီး မစောင့်နိုင်။ လက်ရှိလူ၊ ပစ္စည်း၊ ပညာအင်အားများနှင့် ဖြစ်နိုင်သမျှ ဖြစ်အောင် လောလောဆယ်လုပ်မည်။"

(မူအတိုင်း)

ထိုကဲ့သို့ နိဒါန်းတွင် သန္နိဋ္ဌာန်ချမှတ်ခဲ့သည့်အတိုင်း ဗိုလ်ချုပ်ကွယ်လွန်ခဲ့သည့်တိုင်အောင် ကျန်ခေါင်းဆောင်ပုဂ္ဂိုလ်တို့က အဖွဲ့ပေါင်းငါးဖွဲ့ဖွဲ့၍ ၁၉၄၇ ခု နိုဝင်ဘာလတွင် စီးပွားတိုးတက်ရေးစီမံကိန်းကို စတင်ရေးဆွဲလေသည်။ အချောရေးဆွဲပြီးသော စီမံကိန်းကို အစိုးရအဖွဲ့က ဒီဇင်ဘာလအတွင်းတွင် သဘောတူညီခဲ့လေသည်။

အဆိုပါ ၂ နှစ်စီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထား၍ စက်မှုလက်မှုထူထောင်ရေးကို ရှေ့ရှုခဲ့သည်။ ယနေ့ကျွန်တော်တို့ တောင်သူလယ်သမားအလုပ်သမား အခြေခံလူထုကြီးကို ဦးတည်၍ စီမံကိန်းထုတ်ကာ လုပ်ဆောင်နေကြသည်မှာ ဗိုလ်ချုပ်၏ အမြော်အမြင်အတိုင်း လိုက်နာလုပ်ဆောင်နေခြင်းဖြစ်သည်။ ယနေ့အဖို့၌ ကျွန်ုပ်တို့သည် လက်တွေ့ဗဟုသုတများ

www.burmeseclassic.com

www.burmeseclassic.com



တိုးပွားလျက်ရှိပြီ။ ဗိုလ်ချုပ် ကြိုတင်တွက်ဆထားသော အခက်အခဲဟူသမျှတို့ကို ကျွန်ုပ်တို့က မြင်အောင်ရှု၍ မြန်မာတို့၏ ဒိဋ္ဌဓမ္မအခြေအနေတို့ကို သိရှိနားလည်အောင် ကြိုးစားဆောင်ရွက်ကာ 'လက် တွေ့' အတိုင်း လုပ်ဆောင်သွားကြမည်ဆိုလျှင် ရက်တိုတိုနှင့် လိုရာခရီးသို့ ရောက်ဖို့သာ ရှိပေလိမ့်မည်။ အကယ်၍ အထစ်အငေါ့များ ရှိနေသည်ဆိုပါလျှင် ဗိုလ်ချုပ်၏ အတွေးအခေါ်တို့နှင့် ညှိနှိုင်း၍ ထိုထစ်ငေါ့နေသော အကြောင်းအရာတို့ကို ဖယ်ရှားကြရဖို့ ရှိသည်။

ထို့ကြောင့် ဗိုလ်ချုပ်တို့ ကျဆုံးသောအထိမ်းအမှတ်ဖြစ်သည့် ဤအာဇာနည်နေ့တွင် ဗိုလ်ချုပ်၏စိတ်ဓာတ်သည် ပြည်ထောင်စုမြန်မာနိုင်ငံကြီး၏ ကြီးပွားတိုးတက်ကြောင်းကို ရည်စူး၍ လုပ်ဆောင်နေကြသော တောင်သူလယ်သမားအလုပ်သမားလူထုကြီးနှင့်တကွ မကွဲမပြား တစ်သားတည်းရှိသော အမျိုးကောင်းသားတို့အပေါ်၌ ပြန့်နှံ့၍တည်ပါစေသတည်းဟု ဆုတောင်းလိုက်ပါသတည်း။

(မြဝတီမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၆၇ ခုနှစ်။)

BURMESE CLASSIC .com

www.burmeseclassic.com